
www.burmeseclassic.com

NEW IDEA
စိတ်ကူးသစ်စာပေ

# နေဝိုးဇော်

## ရှေ့နေမလေးမေစံရှား နှင့် သေရွာပြန်တို့၏ကြွေးရှင်းပွဲ



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

တမူခွင့်ပြုချက်အမှတ် – ၅၀၀၁၁၀၀၆၀၁
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၁၁၃၆၀၆၀၉

စီစဉ်သူ ။ ကိုတင်ထွန်း

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၀၆၊ နိုဝင်ဘာ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ နိုးအောင်
ကွန်ပျူတာစာစီ ။ *Welfare*
အတွင်းဖလင် ။ *Quality*

ပုံနှိပ်သူ

ဦးမန်းနော်တင် (မိုးကရင်ပုံနှိပ်တိုက်) (၀၂၈၀၁)
အမှတ်(၁၂၀)၊ မင်းရဲကျော်စွာလမ်း။
အလုံမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ

ဦးတင်ထွန်း ( မြ )(၀၄၂၀၉)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
ဝမ်းကျောင်းမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး – ၇၀၀ကျပ်

[၁]

ကျွန်တော့်မြင်းကြီးမှာ ကြီးမားထွားကျိုင်းလှပြီး ကြားရှားဝင့်ထယ် လွန်းလှသည်။ မြင်းပေါ်တွင် အသားအကျ နေရာယူလိုက်ပြီးသော ကျွန်တော်သည် ဝင့်ကြွားစွာဖြင့် ရှားအား လှမ်းကြည့်လိုက်သည်။

အိမ်တွင်ရပ်လျက် ကျွန်တော့်ကို ကြည့်နေသော ရှားမျက်နှာမှာ စိုးထိတ်ပူပန်မှုတွေကို သိသိသာသာ မြင်နေရသည်။ ကျွန်တော်က ရှားအား လက်မထောင်ပြလိုက်သော်လည်း ရှားနှုတ်ခမ်းများ၌ အပြုံးချိုမူမူကလေးကို မမြင်ရ၊

''ကိုကိုရယ်၊ 'မြင်းတကယ် စီးတတ်ရဲ့လား။ လိမ့်ကျနေပါဦးမယ်''

ရပ်နေရာမှ ရှေ့သို့ တိုးထွက်လာရင်း ရှား လှမ်းပြောသည်။ ရှား အသံတွေ လှုပ်ရှားနေသည်၊ ရှားနှလုံးသားမှ မေတ္တာတရားတို့ကို ကျွန်တော် လှမ်းမြင်လိုက်ရ၏။ ကျွန်တော်က ပြုံး၍ ရင်ကော့လိုက်သည်။

''ရှားက ကိုကို့ကို အထင်သေးလိုက်တာ၊ ရှင်ပြုတုန်းက မြင်းစီး ခဲ့ဖူးတဲ့ ကောင်ပါ ရှားရဲ့''



www.burmeseclassic.com

www.burmeseclassic.com



အပျော်အပျက်စကားဖြင့် ရှား စိတ်ပူပြေစေရန် ကျွန်တော် ပြောလိုက်ခြင်း ဖြစ်သော်လည်း မျက်နှာအိုအိုကလေးမှာ လန်းရွှင်မသွားပေ။

"နသန့်မြင်းနဲ့ နှစ်ယောက်စီးသွားရင် ပြီးရော။ ကိုယ့်ကိုယ်ကို ကောင်းဘွိုင်မင်းသား အောက်မေ့နေလို့လား ကိုကို"

"မမလေးကလည်းဗျာ စိတ်ပူရန်ကော။ ကျုပ်တစ်ယောက်လုံး ပါပါတယ်ဗျ။ ပြီးတော့ ဒီမြင်းကြီးတွေက သိပ်လိမ္မာတဲ့ ကောင်ကြီးတွေပါ"

နသန်က၊ သူ့မြင်းပေါ် တက်လိုက်ရင်း ရှားကို လှမ်းပြောသည်။

"အေး.. နင်ပဲ မြှောက်ပေးပြီး ခေါ်သွားတာနော်။ ကိုကို တစ်ခုခု ဖြစ်လို့ကတော့ နင်အသေပဲ"

ရှားက နသန့်ကို ကြိမ်းသည်။ နသန်က တဟားဟားရယ်လိုက်ပြီး

"စိတ်ချ မမလေးရဲ့ကိုကို ဘာမှ မဖြစ်စေရဘူး။ အဲ . . . တစ်ခုတော့ ရှိတယ်နော်။ ဥစ္စာစောင့် ချောချောကလေးတွေနဲ့တွေ့လို့ လိုက်သွားတာဆိုရင်တော့ ကျုပ်နဲ့ မဆိုင်ဘူး"ဟု ပြန်နောက်သည်။

"ကဲ . . . သွားစို့ အစ်ကိုလေး"

"မမလေးရေ သွားပြီဗျို့။ ညနေစောင်းမှ ပြန်ရောက်မှာနော်။ စိတ်လည်း သိပ်ပူမနေနဲ့ဦး"

"ကိုကို သတိထား စီးနော်"

ကျွန်တော်က လက်မြှောက်ပြီး ရှားကို နှုတ်ဆက်လိုက်သည်။

နသန်က သူ့မြင်းကို စီး၍ ခြံဝိုင်းထဲမှ ထွက်သွားပြီမို့ ကျွန်တော်သည်လည်း မြင်းကို ဖနောင့်ဖြင့်ဆတ်ကာ နသန် နောက်သို့ လိုက်ခဲ့ရသည်။ အလွန်ပါးနပ်၍ သခင့်အထာကို သိလှသော မြင်းကြီးက ကျွန်တော့်ကို ကျောပိုး၍ အထွက်ခရီး နှင်ပါလေတော့သည်။

ကျွန်တော်တို့လည်း ရွာလမ်းအတိုင်း ခပ်သော့သော့လေး စီးလာရာမှ ရွာပြင်သို့ ရောက်လာပြီး လှည်းလမ်းကြောင်းတစ်လျှောက် နှစ်စီးယှဉ်၍ သွားရင်း . –

"အခုနေ သွက်သွက်ကလေး ခရီး နှင်ရောက်ကြရအောင်။ နေ သိပ်မမြင့်ခင် တောင်ခြေရောက်သွားအောင်ပေါ့"ဟု နသန်က ပြောသည်။





"ကောင်းတယ်။ မင်းက လမ်းကျွမ်းတဲ့သူပဲ။ မင်း ကောင်းသလို သာလုပ်"

ကျွန်တော်က ထောက်ခံလိုက်သည်။

နသန်ဘာမျှ မပြောတော့။ သူ့မြင်းကို ဖနောင့်ဖြင့် ထပ်တို့ပြီး အရှိန်ကို မြှင့်လိုက်လေရာ ကျွန်တော်လည်း ကျွန်တော့်မြင်းကို သူ့မြင်းအမီ လိုက်ရန် မောင်းလိုက်ရပါတော့၏။

စင်စစ် ကျွန်တော်သည် မြင်းစီး ကျွမ်းကျင်သူ မဟုတ်ပါ။ ဝါသနာပါသဖြင့် မြင်းစီးအသင်းဝင်ခဲ့သော်လည်း စွဲစွဲမြဲမြဲ အချိန်ပေး၍ မလေ့ကျင့်ဖြစ်ခဲ့ပါ။ ထို့ကြောင့် မြင်းသဘောကို နားလည်ရုံ၊ အပျော်စီးတတ်ရုံမျှသာ ရှိပါသည်။ သို့သော် နသန် ယူလာသော မြင်းကြီးများမှာ သူ့စိတ်ကြိုက် မွေးမြူလေ့ကျင့်ထားသော မြင်းလိမ္မာကြီးများမို့ ကျွန်တော့်အဖို့ ပြဿနာ မရှိနိုင်ပါ။

မြေလတ်ဒေသ၏ လယ်ကွင်းပြင်များမှာ စပါးရိတ်သိမ်းပြီးစ ရိုးပြတ်များဖြင့် နေရောင်အောက်တွင် ငြိမ်သက်နေကြ၏။ မနက်ပိုင်းနေက ထွက်လာပြီဆိုကတည်းက သူ့အရှိန်ကို ပြသနေပြီဖြစ်သည်။ ဦးထုပ်ဆောင်းလာခဲ့၍သာ တော်ပသေးသည်။ မြင်းစီးလာသော အရှိန်ဖြင့် ရင်ကို လာတိုးသော လေများက လေပူများ ဖြစ်သည်။

ဟိုအဝေးတွင် တောင်တန်းပြာမှိုင်းမှိုင်း၊ တောအုပ် စိမ်းညို့ညို့၊ တောင်ထိပ်ပေါ်မှ ထုံးဖြူဖြူ စေတီဝယ်။

ယင်းကား ကျွန်တော်တို့ ဦးတည်ရာဖြစ်သည်။

ကျွန်တော့်အဖို့ ဝန်းကျင်သစ်၊ အတွေ့အကြုံသစ်များမို့ ပျော်စရာဖြစ်နေသည်။ မြင်းစီးရင်း ရင်တွေ ခုန်နေသည်။

မရောက်သည်မှာ ကြာပြီဖြစ်သော မိဘများထံသို့ ရှားပြန်ချင်သည် ဆို၍ ကျွန်တော် လိုက်ပို့သော ခရီးဖြစ်ပါသည်။ သဘောတူ ဓမ္မစဉ်ပြီးသားမို့ ရှား၏ ရှားမိဘများထံသို့ ကျွန်တော် လိုက်ပါလာရသည်မှာ အဆင်ပြေပါသည်။ ရှားမိဘများကလည်း သမီးဖြစ်သူ ရှားကိုရော၊ ကျွန်တော့်ကိုပါ လိုလေသေးမရှိ ပြုစုစောင့်ရှောက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဘမှူးကို ကန်တော့ပြီးနောက် အချိန်ရခိုက်၊ မြို့နှင့်ဝန်းကျင်ကို ရှားနှင့် ကျွန်တော် လိုက်လံ လည်ပတ်ခဲ့ကြသည်။ ဘုရားတွေ ဖူးကြသည်။

"သမီးရောက်တုန်း၊ သမီးဦးကြီးတွေဆီ အလည်ဝင်သွားပါလား။ သူတို့ကလည်း ဒီကိုလာရင် သမီးကို တွေ့ချင်ကြောင်း ပြောကြတယ်။ မောင်သော်လည်း ရောက်ဖူးတာပေါ့" ဟု ရှားမိခင်က စကားစရာမှ ရှား၏ ဦးကြီးများရှိရာ 'မြိုင်သာ' ရွာသို့ ကျွန်တော်တို့ ရောက်လာခြင်း ဖြစ်၏။

မြိုင်သာက မြို့ကလေးနှင့် ခြောက်မိုင်မျှ ဝေးပြီး အိမ်ခြေတစ်ရာ ကျော်ရှိသည့် ရွာကလေးဖြစ်သည်။ ရွာတွင် အိမ်ကြီးအိမ်ကောင်းများကို အများစုတွေ့ရပြီး ခြံဝိုင်းကြီးများနှင့် ပျော်စရာကောင်းလှသည်။ မန်ကျည်း၊ သရက် ဘာညာအပင်ကြီးများဖြင့် ရွာက အုပ်အုပ်ဆိုင်းဆိုင်း ရှိသည်။ ရွာ၏ အဓိက စီးပွားရေးမှာ လယ်ယာဖြစ်ပြီး မကြာခင်က ဖွင့်လှစ်ခဲ့သော ရေလှောင်တမံကြောင့် စိုက်ပျိုးရေးရပြီး အဆင်ပြေမှုရှိသည်ဟု သိရှိရသည်။ မြို့၌ ပြောရလျှင် ရွာ၏ စီးပွားရေးက ကောင်းသည်ဟု ဆိုရမည်။

ရှားမိခင်၏ အစ်ကိုကြီးဖြစ်သူ ဦးကြီး ရွှေလှက –

"မောင်သော်က စာရေးဆရာဆိုတော့ မြိုင်သာကို ရောက်စိုက် တောင်ခြေဘက်ကို သွားကြည့်စေချင်တယ်။ တောင်ကတော့ ရိုးမရဲ့ အစွယ်လေးပါ။ တောင်ပေါ်မှာ ဆုတောင်းပြည့်ဘုရားရှိတယ်၊ တောင်ခြေမှာကတော့ ချောင်းရယ်၊ သဘာဝလိုဏ်ဂူကြီးရယ်၊ ဘုရားတစ်ဆူရယ်ရှိတယ်၊ အဲဒီနေရာက ထွက်ရပ်ပေါက် ပုဂ္ဂိုလ်တွေ တရားလာကျင့်ကြတယ်လို့ အဆိုရှိတယ်။ နောက်တစ်ခုက အဲဒီလိုဏ်ဂူနဲ့ မလှမ်းမကမ်းမှာ မြို့ဟောင်းတစ်ခုရှိတယ်။ ပျူမြို့ဟောင်းတစ်ခု ဖြစ်ဖွယ်ရှိတယ်လို့ ဆိုကြတယ်၊ ဦးကြီးကတော့ တိတိကျကျ မပြောတတ်ဘူး။ မောင်သော်အဖို့ စာရေးစရာတွေ ရနိုင်တယ်" ဟု ပြောပြသဖြင့် ကျွန်တော် စိတ်ဝင်စားသွားသည်။

"ဒီကနေ တောင်ခြေကို ဘယ်လောက်ဝေးလဲ"

"လေးငါးမိုင်တော့ ရှိမယ်"

"ဘယ်လိုသွားရင် ရလဲ"





"လှည်းနဲ့သွားရင်ရတယ်။ တောင်ပေါ် တက်ချင်ရင်တော့ ကုန်းကြောင်း တက်ရမှာပေါ့"

"အစ်ကိုလေးတို့ သွားချင်ရင် ကျွန်တော် မြင်းနဲ့ လိုက်ပို့မယ်"

ဦးကြီးရွှေလှ၏ စကားအဆုံးတွင် ဦးကြီး၏ တူတော်သူ၊ ရှား၏ မောင်ဝမ်းကွဲ နသန်က ဝင်ပြောသည်။ နသန်မှာ အသက် နှစ်ဆယ်ကျော် ကျော် ရှိလိမ့်မည်။

"ရှား ဘယ်လိုလဲ။ ကိုကိုတို့ သွားရအောင်"

ကျွန်တော်က ရှားကို အဖော်စပ်သောအခါ ရှား ခေါင်းခါသည်။

"ခရီးပန်းလာလို့ ထင်တယ်။ ရှား ကိုယ်တွေ လက်တွေ နာပြီး ဖျား ချင်ချင် ဖြစ်နေတယ်"

နသန်က ကြားဖြတ်၍ –

"မမလေး မလိုက်ချင်ရင်လည်း အစ်ကိုလေးနဲ့ ကျွန်တော် သွားမယ်။ ကျွန်တော့်မြင်းကြီးတွေအကြောင်းလည်း ပြချင်လို့" ဟု ပြောသည်။

"အေး . . . အဲဒါကောင်းတယ်။ မြင်းနဲ့ သွားရင် ပိုအဆင်ပြေတယ်၊ မနက်ဘက်သွား။ ညနေစောင်း နေချိုမှပြန်လာခဲ့။ နေ့လယ်ဘက် အဲဒီမှာ လျှောက်လေ့လာပေါ့။ ဦးကြီးတို့ကြားတာ အဲဒီလိုဏ်ဂူမှာ တရားလာအား ထုတ်နေတဲ့ သံဃာတစ်ပါး ရှိတယ်။ တပွဲယလို ယောဂီတစ်ဦးလည်း ရှိတယ်"

ကျွန်တော်က မဆုံးဖြတ်သေးဘဲ ရှားကို လှည့်ကြည့်ပြီး သဘောထား တောင်းလိုက်သည်။ မျက်လုံးဖြင့်ပါ။

"ကိုကိုသဘောပဲလေ။ ကိုကိုသွားချင်ရင် သွားပေါ့။ နသန် လိုက်ပို့မှာပေါ့။ ရှားတော့ လိုက်နိုင်မှာ မဟုတ်ဘူး"

သို့ဖြင့် –

နသန်နှင့် ကျွန်တော် ယခုလို ထွက်လာကြခြင်းပင် ဖြစ်၏။

လူငယ်ပီပီ ဖျတ်လတ်တက်ကြွပြီး စိတ်မြန်လက်မြန်ရှိသော နသန်က သူ၏ မြင်းကို ဇာဆုန်ချစီးလျက် အသွက်ပြေးနေသောကြောင့် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



သည်းသည်း နသန်ကို မီအောင် မနည်းလိုက်နေရသည်။ နသန်ကတော့ ကျွန်တော့်ကို လှည့်ကြည့်လိုက်၊ ရယ်မောလိုက်ပြန်ပြီး အသော့နှင်လိုက်နှင့်။

လယ်ကွင်းများ လွန်လာပြီးနောက်တွင် တောအုပ်အစပ်သို့ ရောက်လာ၏။ တောက သစ်ပင်ကြီးတွေ မရှိသေးဘဲ ပင်ပြတ်၊ ပင်ပုများ၊ ဆူးချုံ ချုံနွယ်များသာ ဖြစ်သည်။

"သိပ်မဝေးတော့ဘူး အစ်ကိုလေးရေ၊ ဒီတောတန်းလေး ကျော်ပြီးရင် တောင်ခြေ ရောက်တော့မှာ။ တောင်ခြေရောက်ပြီး နည်းနည်းလောက် တက်လိုက်ရင် လိုဏ်ဂူကို ရောက်မယ်"

နသန်က နောက်ပြန် လှည့်ပြောသည်။

"မြို့ဟောင်းဆိုတာကရော"

"မြို့ဟောင်းက လိုဏ်ဂူကနေ ပြန်ဆင်းရင် တွေ့ရမယ်။ အဲဒီမှာ ချောင်လည်းရှိတယ်"

ကျွန်တော်တို့ မြင်းနှစ်စီးက ရှေ့ဆင့်နောက်ဆင့်ဖြစ်သည်။ နသန်က ရှေ့က၊ ကျွန်တော်က နောက်မှာက ...။

တဖြည်းဖြည်းနှင့် တောင်ခြေနှင့် နီးလာသည်။ သစ်ပင်ကြီးတွေ ဆိုင်းဆိုင်းအုပ်အုပ် တွေ့လာရသည်။ နေရိပ်လည်း ရလာသည်။ အပူလည်း သက်သာလာသည်။ ပင်မြင့်မြင့်ကြီးများကြားမှာ နေခြည်တွေ သွယ်တန်းကျလျက်။ အမျိုးအမည်မသိ ငှက်အော်သံတွေ ကြားရ၏။ အဝေးမှ မျောက်အော်သံလိုလိုလည်း ကြားရသည်။

သစ်ပင်ကြီးများ၏ အောက်ခြေ ချုံနွယ်များကြားမှ လမ်းကလေးအတိုင်း ကျွန်တော်တို့ မြင်းကို စီးလာကြသည်။ ကျွန်တော်က ဟိုငေးသည် ငေး။

အငေးကောင်းသဖြင့် နသန်နှင့် ကျွန်တော် အတန်ငယ် လှမ်းသွားသည်ကို သတိမမူမိလိုက်သဖြင့် ကျွန်တော့် မြင်းကို အရှိန်မြှင့်ရန် ဝဲ့ထားလိုက်စဉ် မမျှော်လင့်သော အရာတစ်ခုက ပေါ်လာသည်။

လမ်းကလေးပေါ် ကိုင်းကျနေသော သစ်ကိုင်းပေါ်မှ မြွေကြီးတစ်ကောင် လျှောခနဲ တွဲလောင်းကျလာခြင်းပင်။





မြွေကြီးက လက်မောင်းလုံးခန့်ရှိပြီး အဝါနှင့် အမည်းကွက်ဖြစ်သည်။ တစ်ပေကျော်ကျော်လောက် ရှည်မည်ထင်သည်။ မြွေကြီးက အကိုင်းပေါ်မှ အောက်သို့ ကြိုးတစ်ချောင်းလို ကျလာသဖြင့် မြင်းက လန့်သွားသည်။ မြင်းသွားမည့်လမ်းတည့်တည့်မှာ မြွေက ဆီးနေသည်လေ။

မြင်းက အရှိန်ကို ရုတ်တရက် ထိန်းရပ်လိုက်ကာ ဟီးသံပေးပြီး [illegible]သည်။ မြွေကြီးနှင့် သုံးလေးပေအကွာမှာ ရပ်သွားခြင်းဖြစ်၏။ ကျွန်တော်ကလည်း မြွေကြီးကို ရုတ်တရက် မြင်လိုက်ရသဖြင့် ကြောက်လန့်စိတ်[illegible] ဘာလုပ်ရမှန်း မသိဖြစ်သွားခိုက်၊ မြင်းက ပထွတ်ရပ်လိုက်ပြန်သဖြင့် မြင်းကျောပေါ်မှ မြုတ်မကျရန် ကြိုးစားလိုက်ရသည်။

နသန်ကတော့ ကျွန်တော်တို့အဖြစ်ကို မသိသဖြင့် အဝေးကို ရောက်သွားပြီ ဖြစ်၏။

မြွေကြီးက အောက်သို့ ခေါင်းစိုက် ကျလာရာမှ ကော့ပျံကာခေါင်း ထောင်လိုက်သည်ကို တွေ့ရ၏။ ကျွန်တော်က ထိတ်လန့်တကြားဖြင့် မြင်း၏ ဇက်ကြိုးကို တင်းတင်းဆွဲမိရာ မြင်းကတဲ့ပြီး ရှေ့ဆက်မသွားတော့ဘဲ ဘေးဘက်သို့ ဖဲ့ပြေးသည်။ မြင်းကလည်း လန့်ပြေးခြင်း ဖြစ်ရာ လမ်းအတိုင်း မဟုတ်တော့။ သစ်ပင်များကြား ချုံနွယ်များကြားမှ ဖြစ်သည်။

မြွေနှင့်ကား ဝေးသွားခဲ့ပြီ။ ထို့အတူ နသန်နှင့်လည်း ဝေးသွားပြီဖြစ်၏။ နသန် သွားနေရာ လမ်းကြောင်းနှင့်လည်း ဝေးသွားခဲ့ပြီတည်း။

ကျွန်တော် မိုက်မိုက်သွားသည်။ ကျွန်တော် နသန်နှင့် လူချင်းကွဲသွားပြီ။ ဘယ်ရောက်သွားပြီနည်း။ "နသန်ရေ"ဟု လှမ်းအော်လိုက်မိသော်လည်း နသန် ကြားဟန် မတူ။

တုံ့ပြန်သံ ဘာမှ မကြားရ။ မြင်းကလည်း အလန့်တကြား ပြေး၏။ ကျွန်တော်ကလည်း မြင်းကို နိုင်နိုင်နင်းနင်း မထိန်းနိုင်တော့။

တစ်ခဏအတွင်းမှာပင် ကျွန်တော်သည် မူလ နသန်နှင့် သွားနေရာ လမ်းကြောင်းမှ အတော်ဝေးဝေးသို့ ရောက်သွားခဲ့ပြီဖြစ်သည်။ ကျွန်တော့်[illegible] အကြောက်ပြေဖို့ ကျွန်တော်ကလည်း ကြိုးစားပြီး စိတ်တည်ငြိမ်



www.burmeseclassic.com

www.burmeseclassic.com



ဆောင် လှပ်လိုက်နိုင်ချိန်တွင် တောင်ခြေလမ်းကလေးတစ်ခုသို့ ရောက်လာခဲ့သည်။

လမ်းကလေးတွေ့၍ ကျွန်တော် ပျော်သွားသည်။ လမ်းရှိသဖြင့် ကျွန်တော်တို့သွားနေသော လိုဏ်ဂူနှင့် အဆက်အစပ်ရှိလာနိုင်သည်။ နသန်နှင့်လည်း ပြန်ဆုံနိုင်သည်။ လူချင်းကွဲသွားမှန်းသိလျှင် နသန်ကလည်း ပြန်လှည့်ပြီး လိုက်ရှာမည်ဖြစ်သည်။

လမ်းကလေးက တောင်ခြေဘက်သို့ ဦးတည်နေ၏။ အနီနှင့်အဖြူ မညီညာသော ကုန်းကမူများကို ကျော်လာရ၏။ တစ်ဘက်တွင် သစ်ပင်ကြီးများ ပေါက်ရောက်ရာ တောအုပ်။ တစ်ဘက်တွင် ပင်ပြတ်များ၊ ပင်ပုများ၊ ဆူးချုံများ ရှိသည့် အနီမှိုင်း။ လျှိုကလေးများကိုလည်း ဖြတ်ရသည်။ တောင်ပေါ်သို့ တပြည်းပြည်း မော့တက်လာရသည်။ တောင်ပတ်လမ်း ဖြစ်လာသည်။

နသန်၏ အစအနကား မမြင်ရတော့။ နသန်၏ အသံကိုလည်း မကြားရ။ ကျွန်တော် ဘာဆက်လုပ်ရမည်နည်း။ ဆက်သွားရမည်လား။ ပြန်လှည့်ရမလား။ ဆက်သွားလျှင် ဘယ်ရောက်မည် မသိသလို ပြန်လှည့်လျှင်လည်း ရွာပြန်ရောက်မည် မရောက်မည် မသေချာ။

ထိုသို့ သစ်ပင်အုပ်များကြားမှ နေ၍ အဝေးမှ ထုံးဖြူဖြူစေတီလေးကို လှမ်းမြင်လိုက်ရ၏။ စေတီ၏ ဆည်းလည်းသံကလေးကိုလည်း ကြားလိုက်မိသည်ကဲ့သို့ ရှိ၏။ ကျွန်တော် အားတက်သွားသည်။ ကျွန်တော်သွားနေရာ တောင်ပတ်လမ်းသည် စေတီငယ်သို့ ရောက်နိုင်သည်ဟု တွေးမိ၏။ စေတီကို ရောက်လျှင် နသန်နှင့် ပြန်ဆုံနိုင်သည်။ နသန်နှင့် မဆုံလျှင်သော်မှ ဦးကြီးရွှေလှပြောသော တရားအားထုတ်နေသည့် သံယာတော်နှင့် ကပ္ပိယ ယောဂီကို တွေ့နိုင်သည်။

သူတို့ကိုတွေ့လျှင် ကျွန်တော့်အဖို့ အားလုံး အဆင်ပြေသွားပြီ ဖြစ်သည်။

ကျွန်တော်သည် ကျနေသော စိတ်များ ပြန်တက်လာပြီး တောင်ပတ်လမ်းကလေးအတိုင်း မြင်းကို အရှိန်မြှင့်၍ ခပ်သုတ်သုတ်ကလေး စီး





လိုက်သည်။ တောအုပ်မှ လွန်၍ စေတီငယ်သို့ ရောက်ချင်စိတ်က စောနေသည်လေ။

ဒီမှာပင် ...။

ကံတရားက မျက်လှည့်ပြလာပြန်တော့သည်။ ပြန်ကောင်းလာသည်ဟု ထင်ရသော ကံကြမ္မာသည် နောက်တစ်ကြိမ် မမျှော်လင့်ဘဲ အဆိုးဘက်ကို ပြန်ရောက်သွားပြန်၏ အဆိုးမှ အဆိုးဆုံး အဆင့်သို့ ရောက်သွားခြင်းပါ။

ကျွန်တော့် စီးလာသော မြင်း၏ ညာဘက်က ကမူစွန်းတစ်ခုကို နင်းလိုက်ရာတွင် မြေသားက ပဲ့ကျပြီး မြင်းက ရှေ့သို့ ချော်၍ ဝပ်ကျသွားသည်။ မြင်းချော်ကျသွားရာဘက်မှာ တောင်ဆောက်ဆောက်၊ အနိမ့်ပိုင်းဖြစ်ရာ၊ မြင်းပေါ်မှ သတိမဲ့လိုက်ပါလာသော ကျွန်တော်သည် မြင်းပေါ်မှ အရှိန်ဖြင့် လွင့်ပြီး တောင်တန်းဘက်သို့ ပြုတ်ကျသွားခဲ့သည်။

မြင်းပေါ်မှ ကျသောအရှိန်မှာ မပြင်းလှသော်လည်း တောင်စောင်းဖြစ်သဖြင့် အမြင့်မှ အနိမ့်သို့ ပစ်ချလိုက်သကဲ့သို့ ဖြစ်သွားသည်။

ကျွန်တော့် မျက်လုံးများထဲတွင် အဝေးမှ ထုံးဖြူဖြူစေတီငယ်လေးကို မှုံခနဲ မြင်လိုက်ရပြီးနောက် စိမ်းစိမ်းညိုညိုများကို အရှိန်ဖြင့် တွေ့လိုက်ရသည်။ သစ်ပင်ကြီးများကို ဖျတ်ခနဲ မြင်သည်။ မြေပြင်ညိုညိုများက ကျွန်တော့်ဆီသို့ ပြေးလာသည်။ ဒူးကိုယ်ယက ဦးခေါင်းပြောင်းပြန် အရှိန်ဖြင့် ကျသဖြင့် ပခုံးနှင့် နဖူးတွင် နာကျင်မှုဝေဒနာ ခံစားလိုက်ရသည်။ ပြီး တောင်စောင်းအတိုင်း လူက လိမ့်ကျသွားပြီးနောက် သစ်ပင်ကြီးတစ်ပင်နှင့် ကျွန်တော့်ခေါင်း ပြင်းစွာ ရိုက်မိရာ

နာကျင်မှု ...။

မျက်လုံးထဲတွင် မီးပွင့်များ ...။

ထို့နောက်တွင်တော့

အမှောင် ... မိန်းမိတ်သော အမှောင် ...။

www.burmeseclassic.com

www.burmeseclassic.com

(၂)

"ယော့ကောင် ထ ထ၊ ငါတို့နဲ့ လိုက်ခဲ့"

အသံထိုးထိုးကြီးတစ်ခု နားထဲ ဝင်လာသည်။ မျက်စိဖွင့်ကြည့်လိုက်သည်။ ကျွန်တော် လဲကျနေရာဘေးတွင် ရပ်နေသူ လူကြီးနှစ်ဦး၊ အသားနီနီကြီးတွေနှင့် ဖြစ်သည်။ ဂျပန်နပန်းသမားကြီးတွေလို ရောမကိုယ်ခန္ဓာကြီးနှင့် ဖြစ်သည်၊ မျက်လုံးကြီးများက မီးခဲတွေလို ရဲနေသည်။ အရှုပ်ဆိုးလိုက်သည့် မှာ တာတေလန်နေသည်။ ခေါင်းတွင် အချွန်အတက်ကလေးပါသော ဦးထုပ် တိုကလေးကို ဆောင်းထားသည်။ အမွေးအမျှင်များ ထူထပ်သော ကိုယ်လုံးကြီးကို မြင်ရ၏။ အဝတ်တွေ ရှိပုံမရ၊ ပုဆိုးကို ခါးတောင်းကျိုက်သလို လုပ်ထားသည်။ သူတို့လက်တွင် ခက်ရင်းခွချွန်ကြီးများနှင့်။

သူတို့သည် မည်သူနည်း။ ကျွန်တော် မသိ။

ကျွန်တော် လဲနေရာမှ လူးလဲထလိုက်သည်။

"ကျွန်တော်က ဘယ်လိုက်ရမှာလဲ"

"စကားမရှည်နဲ့ လိုက်မှာသာ လိုက်ခဲ့"





"ခင်ဗျားတို့က ဘယ်သူလဲ"

"တယ် . . . စကားရှည်လိုက်တာ"

တစ်ယောက်က ခက်ရင်းခွချွန်ကြီးကို မြှောက်၍ ကြိမ်းလိုက်သဖြင့် ကျွန်တော် ထပ်မမေးရဲတော့ပါ။

နောက်တစ်ယောက်က -

"လာ. . . "ဟု ကျွန်တော့် လက်မောင်းကို ဆွဲခေါ်သည်။ သူတို့ နှစ်ယောက် ဆွဲညှပ်ခေါ်ရာသို့ ကျွန်တော်ပါသွားသည်။ သူတို့လက်မှ လွတ်ရန် ကျွန်တော့် အားကုန်သုံးကာ ရုန်းကြည့်သည်။ မရ။

ကျွန်တော့်ခြေဖျားတွေ မြေနှင့်မထိ၊ လေထဲတွင် လွင့်မျောပါသွားသလို ဖြစ်သည်၊ အတန်ငယ်သွားပြီးလျှင် ယာဉ်လိုလို ဘာလိုလိုနှင့် အရာတစ်ခုကို တွေ့ရသည်။

"ကဲ . . . အဲဒီမှာ ဝင်ထိုင်"

တစ်ယောက်က အမိန့်ပေးသည်၊ အမိန့်ပေးပုံက ပြတ်သည်။ ကျွန်တော် သူတို့အမိန့်အတိုင်း ဝင်ထိုင်လိုက်ရ၏။ ယာဉ်က စက်မပါ ဘာမပါ ဖြစ်သော်လည်း ကျွန်တော် ထိုင်ပြီးသည်နှင့် လေထဲတွင် မြောက်ကြွပြီး ပါသွားသည်။ ကျွန်တော့်ကို လာခေါ်သူ လူကြီးနှစ်ဦးက ဘေးတစ်ဘက် တစ်ချက်ဆီမှာ ရပ်၍ ပါလာသည်။

ဘယ်ကို သွားနေသည် မသိ။

ဘေးမှာ ဘာမှ မမြင်ရ၊ ဟင်းလင်းပြင်ကြီးထဲမှာ လွင့်မျောနေခြင်း ဖြစ်သည်။ ကျွန်တော် ထိုင်နေသောယာဉ်က သွားနှုန်းပိုမြန်လာသည်၊ အသည်းတအေးအေးရှိလှသည်။

အချိန်အတန်ကြာသောအခါ အပြည်းရောင်ရှိသော ကျောက်ဝင်းထရံကြီးတစ်ခုကို တွေ့ရသည်။ ကျွန်တော်တို့ အနားကို ရောက်သောအခါ ကျောက်ဝင်းထရံကြီးမှ ကျောက်ပြားကြီးနှစ်ချပ်က ဟသွားသည်။ အထဲမှ အပူရှိန်များ ကျွန်တော့်ကိုယ်ကို လာဟပ်သည်။ အော်ဟစ်သံများက တိုးခနဲ နားတွင်း ဝင်လာသည်။

"ဒါ ဘယ်နေရာလဲ ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က သေးမှ လူနီကြီးများကို လှည့်၍ မေးလိုက်သည်။

"ငရဲပြည်ကွ" ဟု တစ်ဦးက ဖြေသည်။ ကျွန်တော် တုန်သွားသည်။

"ကျွန်တော့်ကို ဘာလို့ ခေါ်လာတာလဲ"

ကြောက်ကြောက်လန့်လန့်နှင့် မေးလိုက်တော့။

"ယမမင်းကြီးက ခေါ်ခိုင်းလို့ကွ" ဟု ဖြေသည်။

"ဘာလုပ်ဖို့ ခေါ်ခိုင်းတာလဲ"

"မသိဘူး"

ကျွန်တော် ကြောက်လွန်းသဖြင့် ဒူးများ တုန်လာသည်။

"အဲဒီမှာ ကြည့်ထား"

တစ်ယောက်က သံပြတ်ဖြင့် ပြောသည်။ ကျွန်တော် မြင်ရသည့် မြင်ကွင်းများကား သည်းထိတ်ရင်ဖို မဟုတ်ပါ။ သည်းခြေပျက်ဖွယ်ရာ၊ ထိတ်လန့်တုန်လှုပ်ဖွယ်ရာ အနိဋ္ဌာရုံမြင်ကွင်းများဖြစ်သည်။

"အဲဒါ ကြိမ်ပိုက်ချောင်း ငရဲပဲ"

ကြောက်မက်ဖွယ်ရာကောင်းသည့် ပုံပန်းသဏ္ဌာန်တို့ရှိသော ငရဲသားများက မီးလျှံတောက်နေသည့် သန်လျက်၊ ခက်ရင်း၊ ဆောက်ပုတ်စသော လက်နက်များဖြင့် ငရဲကောင်တို့ကို ထိုးခုတ်ရိုက်နှက် နှိပ်စက်ညှဉ်းပန်းနေကြသည်။ ငရဲခံနေရသူများသည် ညှဉ်းဆဲမှုကို မခံနိုင်ကြသောကြောင့် အလွန်ထက်သော သံဆူးကြီးများ အပြည့်ရှိသော မီးလျှံတောက်နေသည့် သံကြိမ်နွယ်တို့ဖြင့် ဖုံးအုပ်နေသော မြစ်ထဲသို့ ဆင်းပြေးကြသည်။ ထိုမြစ်ကလည်း သင်ဓုန်းဓားလို ထက်လှသော မီးလျှံတောက် ကြိမ်ဆူးများအပြည့်ဖြစ်၏။ ထိုကြိမ်ဆူးများက ငရဲကောင်များကို အပိုင်းပိုင်းပြတ်စေကာ အစုန်အဆန် မျောနေစေပြန်သည်။ ငရဲသားများက ကမ်းပေါ်မှနေ၍ သန်လျက်ဓားတို့ဖြင့် ထိုးခုတ်လျက်ရှိပြန်၏။

"အဲဒီလူတွေဟာ လက်ရုံးအားကိုး၊ ပစ္စည်းအားကိုးနဲ့ နိမ့်ပါးသူတွေကို နိုင်ထက်ကလူပြုခဲ့လို့ ခုလို ငရဲမှာ ခံနေရတာပဲ"

"ဟော ... ဟိုဟာက ခွေးစားငရဲလို့ ခေါ်တယ်"





ငရဲခွေးကြီးများမှာ ဆင်ပမာဏမျှ ရှိသည်။ ထိုခွေးကြီးများက ငရဲကောင်များကို လိုက်၍ ကိုက်သည်။ ကိုက်မိခံရသော ငရဲကောင်တို့သည် သံမြေပြင်၌ ပက်လက်လဲကျန်ကြပြီး ငရဲခွေးများက အသားများကို ကိုက်စားကြသည်။ လင်းတများ၊ ကျီးများကလည်း ဝိုင်းဝန်းထိုးဆိတ်လျက် ရှိကြသည်။

"ကိုယ်ကိုယ်တိုင်လည်း လှူဒါန်းရမှာကို နှမြောဝန်တိုပြီး သူတစ်ပါးလှူဒါန်းတာကို ပိတ်ပင်တားမြစ်တဲ့သူတွေဟာ အဲဒီငရဲမှာ ကျခံရမယ်"

"ဟိုမှာက မီးလျှံငရဲ"

ငရဲခံနေရသူများသည် တစ်ကိုယ် လုံးမီးလျှံ မီးညွန့်များ ဝေလောင်ကျွမ်းလျက် အလျှံပြောင်တောက်သော သံမြေပြင်၌ ပြေးလွှားနေကြရသည်။ ငရဲကောင်တို့ကို ညှဉ်းပန်းနှိပ်စက်နေသော ငရဲသားများက ထန်းပင်လုံးခန့်ရှိသော သံတုတ်ကြီးများဖြင့် လိုက်၍ ရိုက်ပုတ်နေကြသည်။

"အပြစ်မဲ့တဲ့သူတွေကို နှိပ်စက်ညှဉ်းဆဲခဲ့တဲ့သူတွေလေ၊ အခုသူတို့က တစ်ပြန် ငရဲခံနေရတာပေါ့"

လူနီကြီးက ပြောပြသည်။

"မီးကျိုးငရဲကိုလည်း ကြည့်လိုက်ပါဦး"

ငရဲခံနေရသူများကို ငရဲသားများက မီးလျှံတောက်နေသော သံချောင်းများဖြင့် ရိုက်နှက်ကာ မီးကျိုးတွင်းထဲသို့ ဆင်းခိုင်းနေကြသည်။ မီးကျိုးတွင်းထဲသို့ ဆင်းလိုက်သောအခါ ငရဲသားများသည် မီးကျိုးတွင်း၌ ခါးထိ မြုပ်သွားကြသည်။ ငရဲသားများက နောက်ထပ် မီးကျိုးများကို အပေါ်က ဆလောင်းချနေကြပြန်၏။

"အသင်းအဖွဲ့တွေ ဖွဲ့၊ ကုသိုလ် ကောင်းမှုလုပ်မယ်ဆိုပြီး ကိုယ်ကျိုးအတွက် လိမ်လည်သုံးစွဲပစ်ကြတဲ့ လူယုတ်မာတွေဟာ ဒီမီးကျိုးငရဲမှာ ခံနေရတာပေါ့"

"ကြေးနီအိုး ငရဲလည်း ရှိတယ်၊ ရှေ့မှာ"

တောင်ကဲ့သို့ ကြီးမားလှသော ကြေးနီအိုးကြီးထဲ၌ ကြေးရည်တို့ ဆူပွက်လျက်နေကြပြီး ထိုကြေးနီအိုးထဲသို့ ငရဲသားတို့ ငရဲကောင်တို့ကို ထောက်ချ ပစ်ချလျက် ရှိကြသည်။ အော်ဟစ်သံတွေက နားမခံနိုင်ဖွယ်ရာ။



www.burmeseclassic.com

www.burmeseclassic.com



"တွေ့တယ် မဟုတ်လား။ အကျင့် သိက္ခာရှိတဲ့ ရဟန်းတွေကို ဆဲရေး ပုတ်ခတ်သူတွေ ဘယ်လိုခံစားနေရတယ်ဆိုတာ"

"ဟော ဒုတိယကြေးနီအိုးငရဲကျတော့ ကြက်၊ ငှက် သတ္တဝါတွေကို သတ်ဖြတ်ပြီး စားကြ၊ ရောင်းကြသူတွေ၊ ငရဲခံကြရတာကွ"

ဒုတိယ ကြေးနီအိုးငရဲတွင် ငရဲကောင်တို့သည် လည်ပင်းတွင် သံကြိုး စွပ်လျက် ပွက်ပွက်ဆူနေသော ဖွဲကြမ်းပြာတို့သည် ရေကဲ့သို့ စီး ဆင်းနေ၏။ အလျှံတောက်နေသော သံမြေပြင်တွင် သွားနေရသော ငရဲ ကောင်တို့သည် ပုလွှန်းသဖြင့် မြစ်ထဲမှ မီးလျှံတောက်နေသော ဖွဲပြာတို့ကို ရေထင်မှတ်သဖြင့် သောက်ကြသည်။

"စပါး၊ နှမ်း၊ ပဲတို့ကို အဖျင်း၊ အဖျော့၊ သဲ၊ ကျောက်ခဲတွေ ရောပြီး ရောင်းခဲ့တဲ့သူတွေ အဲဒီငရဲမှာ ခံစားရတယ်"

"ဟောဟိုက ဘာငရဲခေါ်လဲ"

"မြားလုံ ငရဲပေါ့ကွ"

ငရဲခံနေရသူများကို ငရဲသားများက မီးလျှံတောက်နေသော မြား လုံတို့ဖြင့် ဝိုင်း၍ ပစ်ကြထိုးကြလျက်ရှိသည်။ ငရဲကောင်တို့မှာ စကာပေါက် ဖြစ်နေသော သစ်ရွက်များကဲ့သို့ တစ်ကိုယ်လုံး အပေါက်တွေချည်း ဖြစ်နေကြ လေ၏။

"အဲဒါ သူခိုး၊ ဓားပြအလုပ်နဲ့ အသက်မွေးခဲ့တဲ့သူတွေ ခံရတဲ့ ငရဲပေါ့"

"ဟာ... ကြည့်စမ်းပါဦး၊ ငရဲခံနေရတဲ့ သူတွေကို မီးတောက် နေတဲ့ သံကြိုးတွေနဲ့ လည်ပင်းကို ချည်ပြီး ခွဲလှဲလို့ ဓားကြီးတွေနဲ့ အမဲဖျက် သလို အပိုင်းပိုင်း ခုတ်ထစ်နေကြပါလား၊ အသားတုံးတွေကို မီးတောက်နေတဲ့ သံပြားပေါ်မှာ အမဲသား ဆိုင်ခင်းသလို ဖြန့်ခင်းနေကြပါလား"

"သားတစ်ငရဲခေါ်တယ်ကွ။ နွား၊ ဆိတ်၊ ကြက်၊ ဝက်၊ ငါးတို့ကို သတ်ဖြတ်ရောင်းချတဲ့ သားစိမ်း၊ ငါးစိမ်းသည်တွေ ခုလို ခံရတာပေါ့၊ နောဦး မင်းကို ထပ်ပြဦးမယ်။ လာခဲ့ ... ရှေ့ကို"

"ဟာ ... နံလိုက်တာဗျာ"





"နံမှာပေါ့။ အဲဒါက မစင်တွင်း ငရဲလေ"

ဆိုးဝါးလှသော အနံ့တို့ဖြင့် မခံမရပ်နိုင်အောင် နံလှသည့် ကျင်ကြီး ကျင်ငယ်တို့ဖြင့် ပြည့်သော မစင်တွင်းကြီးထဲ၌ ငရဲကောင်တို့သည် ဆာလောင် မွတ်သိပ်စွာ မစင်ပုပ်များကို စားနေကြသည်။ နလုံး နာ့ဖွယ်ရာ ပို့တက်လာ သည်ကို ကျွန်တော် ခံစားလိုက်ရသည်။

"အရိပ်နေနေ အခက်ချိုးချိုး ကျေးဇူးရှင်ကို ပျက်စီးရာ ပျက်စီး ကြောင်း မကောင်းကြံဖြစ်များသူတွေဟာ မစင်တွင်း ငရဲကို ခံရတာပေါ့"

ပြည့်ပုပ်တွင်းငရဲကိုလည်း တွေ့ရပြန်၏။ သွေးပုပ်၊ ပြည့်ပုပ်တို့ဖြင့် ပြည့်နေသော တွင်းထဲတွင် ငရဲကောင်တို့က သွေးပုပ်၊ ပြည့်ပုပ်တို့ကို တော်မွတ်စွာ သောက်နေကြသည်။

"မိအိုဖအိုတို့ကို ညှဉ်းဆဲသတ်ပုတ်သူတွေ၊ ရဟန်းသံဃာတွေကို ညှဉ်းဆဲ သတ်ဖြတ်သူတွေ ကျတဲ့ ငရဲပေါ့"

"ဟာ ... နည်းတဲ့ သံမြားကောက်ကြီးတွေ မဟုတ်ဘူး"

"အဲဒါက သံမြားကောက်ငရဲခေါ်တယ်။ အပြောချို အမှန်မလုပ်တဲ့ ပွဲစားတွေ၊ အလေးခိုး၊ မရိုးသားတဲ့ ဈေးသည်တွေအတွက်ပေါ့ကွာ"

ထန်းပင်လုံးခန့်ရှိသော မီးလျှံတည်း၊ ညီးတောက်နေသည့် သံမြား ကောက် (ငါးမျှားချိတ်)ကြီးများဖြင့် ငရဲခံရသူတို့၏လျှာကို ချိတ်ဆွဲပြီးလျှင် [illegible] တောက်ပနေသော သံမြေပြင်တွင် ဖြန့်လျက် သံငုတ်များတွင် နှင်ကာ ဖြန့်ကြက်ကြသည်။ ငရဲကောင်တို့ ဖျတ်ဖျတ်လူးနေသည်မှာ ကုန်း ပေါ်တင်ထားသော ငါးများ ပမာ။

ထိုနောက်တွင် လူနီကြီးများက ကျွန်တော့်အား သံတောင်ကြိတ် ငရဲကို ပြပြန်သည်။ သံတောင်ကြိတ်ငရဲဆိုသည်မှာ မီးလျှံတောက်နေသော သံမြေပြင်၌ ဓါးတစ်ဝက်ခန့် ငရဲကောင်များ မြှုပ်လျက် အရပ်လေးမျက်နှာမှ မီးလျှံတောက်နေသော သံလုံးကြီးများက လိမ့်လာပြီး ကြိတ်သွားကြခြင်း ဖြစ်သည်။

"ငရဲကောင်တွေက မိန်းမတွေချည်းပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်။ လူ့ဘဝတုန်းက ကိုယ့်လင်နဲ့ မရောင့်ရဲဘဲ ဖောက်ပြန်ကြတဲ့ မိန်းမတွေလေ"

"ဒါဖြင့် ယောကျ်ားတွေ ဖောက်ပြန်ရင်ကော"

"ယောကျ်ားတွေ သူတစ်ပါးသား မယားနိုးယူတာတို့၊ ဖောက်ပြန်တာတို့ ဆိုရင် ဦးတောက်ကျ ငရဲကို ရောက်တာပေါ့ ဟိုမှာကြည့်"

ဦးတောက်ကျ ငရဲတွင် ငရဲခံနေရသော ယောကျ်ားများသည် မီးလျှံများ တောက်နေသော မီးကျီးတွင်းသို့ ဇောက်ထိုးပစ်ချခံနေရသည်။

"မိစ္ဆာဒိဋ္ဌိ အယူမှားသူတွေက ဘယ်လို ငရဲတွေကျလဲ"

ကျွန်တော်က မေးခွန်းထုတ်လိုက်သည်။

"သူတို့ကို အမျိုးမျိုးနှိပ်စက်တဲ့ မိစ္ဆာဒိဋ္ဌိငရဲဆိုတာ ရှိတယ်။ ဒါတွေက အရန်ငရဲတွေပဲ ရှိသေးတာကွ။ တကယ်က ငရဲကြီးရှစ်ထပ်ဆိုတာ ရှိသေးတယ်"

"ဒီအရန်ငရဲတွေတောင် ဒီလောက် ကြောက်စရာကောင်းနေရင် ငရဲကြီး၊ ရှစ်ထပ်ဆိုရင်တော့ ဘုရား ဘုရား"

ကျွန်တော် ဘုရားတလိုက်သဖြင့် လူနီကြီးနှစ်ဦးက ရယ်သည်။

"ငရဲပြည်ရောက်မှ ဘုရားတလို့တော့ အပိုပဲ ရခဲတဲ့လူ့ဘဝမှာကတည်းက ဘုရားတရားကို မမေ့မလျော့ရှိရမှာ"

"ဟုတ်ပါတယ်ဗျာ။ ဒါနဲ့ ကျွန်တော်က ဘယ်သွားရမှာလဲ"

"မင်းက ယမမင်းကြီးနဲ့ တွေ့ရမှာ။ ရှေ့မှာရောက်ပြီ။ ဆင်းတော့၊ အခန်းထဲ ဝင်ရမယ်"

အခန်းကြီးကတော့ ကြီးကျယ်ခန့်ညားသည်။ နန်းတော်ကဲ့သို့ အချွန်အတက်တွေနှင့် ဖြစ်သည်။ ဘုရင်တွေ ထိုင်သော ပလ္လင်လို ခုံပေါ်မှာ နတ်ဝတ်တန်ဆာတွေ ဘယက်ရွှေဒါရာတွေ တပြောင်ပြောင် ထလက်လက်နှင့် ခံ့ခံ့ညားညား ပုဂ္ဂိုလ်တစ်ဦးကို တွေ့ရသည်။ သူ့ရှေ့မှာ ယောကျ်ားမိန်းမ လူကြီး ကလေးများစွာ ငုတ်တုတ်ကလေးတွေ ထိုင်နေကြသည်။

"အဲဒါ ယမမင်းကြီးပဲ"





ယမမင်းကြီးက သူ၏ လက်ထဲမှ ပုရပိုက်ကြီးကို လှန်လှောကြည့်နေပြီး၊ သူ့ရှေ့မှ လူများကို တရားစီရင်နေသည်။ ဘယ်သူက လူ့ပြည်မှာ ဘာလုပ်ခဲ့တယ်။ ဘယ်ငရဲကို သွားစေ၊ ဘယ်သူက ဘာတွေ ကျူးလွန်ခဲ့တယ်။ ဘယ်ငရဲမှာ ကျခံစေ၊ စသည်ဖြင့် ပြစ်ဒဏ်စီရင်ခံရပြီးသော သူတွေကို လူ့ဘီလူးကြီးတွေလို ငရဲသားတွေက အခန်းထဲမှ ဆွဲခေါ်သွားကြသည်။

"မင်းက ဘာလာလုပ်တာလဲ"

ယမမင်းကြီးက ကျွန်တော့်ကို ကြည့်ပြီး မေးလိုက်သည်။ သူ့အကြည့်မှာ ထူးထူးဆန်းဆန်းနိုင်လှသည်။

"ကျွန်တော့်ကို ဟိုလူကြီးတွေ ခေါ်လာလို့ပါ"

ယမမင်းက လူနီကြီးနှစ်ယောက်ဘက် လှည့်ပြီး –

"ဟေ့ကောင်တွေ၊ မင်းတို့ လူမှား ခေါ်လာပြီ၊ မင်းတို့ ခေါ်လာရမှာက မြင့်သာက သောမှ၊ ဒီလူက ကံ မကုန်သေးဘူး၊ အသက် အများကြီး နေဦး သာသနာပြုရဦးမှာ။ မင်းတို့ ချက်ချင်း သွားပြန်ပို့ချေ" ဟု အမိန့်ပေးသည်။

တစ်ဖန် ကျွန်တော့်ကို ကြည့်ပြီး –

"မောင်မင်း ငရဲတွေ မြင်ခဲ့ပြီလား" ဟု မေးမြန်းသည်။

"မြင်ခဲ့ပါတယ်"

"ကြောက်စရာ မကောင်းဘူးလား"

"ကောင်းပါတယ်"

"အင်း ... မောင်မင်းကတော့ ဒီရောက် လာရမယ့်သူ မဟုတ်ဘူး။ ကျန်သူတွေကို ပြောပြလိုက်ပါ။ ဘုရားတရား မမေ့နဲ့လို့၊ ဒါန၊ သီလ၊ ဘာဝနာ ပြုကြပါလို့၊ အမျှဝေရင် ငါ့ကိုပါ ထည့်ပေနော်"

"ကောင်းပါပြီ"

"သူ့ကို ဒီလမ်းက ပြန်ခေါ်မသွားနဲ့၊ ဟိုဘက်က ပြန်ခေါ်သွား"

လူနီကြီးနှစ်ယောက်က ယမမင်း၏ အမိန့်အတိုင်း ကျွန်တော့်ကို ခေါ်ရင်း အလာတုန်းက ယာဉ်ပေါ် တက်စေသည်။ ထိုနောက်တွင် ယာဉ်က



www.burmeseclassic.com

www.burmeseclassic.com



လေထဲတွင် မြောက်ကြွတက်သွားပြီး ခရီးနှင်တော့သည်။ ဒီတစ်ခါ စက်သုတ်ကြောက်လန့်ဖွယ် ငရဲခန်းများကို မမြင်ရတော့။

ထို့ပြင် အဝေး၌ စုလစ်မွန်းချွန်များနှင့် အရောင်အဝါ တဖျပ်ဖျပ် ထွန်းလင်းနေသော ထူးခြားဆန်းပြားလှသည့် ဘုံဗိမာန်များ၊ ဉယျာဉ်နန်းများကို လှမ်းမြင်ရသည်။ နတ်ဘုံနတ်နန်းများ ဖြစ်ပေလိမ့်မည်။

မကြာမီမှာပင် ကျွန်တော် စီးလာသော ယာဉ်သည် တောအုပ်ကလေးတစ်ခုသို့ ရောက်လာသည်။ တောင်ခြေတစ်ခုမှာ ဖြစ်သည်။ အခြားမဟုတ်။ ကျွန်တော် လဲကျနေခဲ့ပြီး လူနီကြီးများက ကျွန်တော့်ကို ခေါ်သွားခဲ့ရာ နေရာပင် ဖြစ်သည်။

ယာဉ်က အရှိန်နေပြီး၊ ရပ်သွားသည်။

''ဆင်း။ မင်းခန္ဓာကိုယ်ထဲကို မြန်မြန် ပြန်ဝင်လေ ...ဟ''

လူနီကြီးတစ်ဦးက ပြောလိုက်သည်။

ကျွန်တော့်မြင်ကွင်းထဲ၌ ကျွန်တော်၏ ခန္ဓာကိုယ်သည် သစ်ပင်ခြေရင်းမှာ ဖြစ်ပြီး၊ ရွာက ကျွန်တော့်ကို ပွေ့ထားကာ ငိုရှိုက်နေသည်။ ရွာဘေးတွင် နသန်၊ ဦးကြီးရွှေလှနှင့် ဖနီ၊ ရဟန်းတော်တစ်ပါးတို့ ရပ်၍နေကြသည်။

''မနေ့မနက်ကတည်းက ကျွန်တော်နဲ့ ကွဲသွားပြီး ရလိုဖြစ်တာနေမှာပဲ။ ကျွန်တော်လည်း လိုက်ရှာပါတယ်။ မတွေ့ဘူး။ မြင်းကိုက တောင်ခြေမှာ တွေ့တာ။ အစ်ကိုလေးက ဒီမှာ ပြုတ်ကျကျန်နေခဲ့တာ နေမှာပေါ့''

နသန်က ဝမ်းနည်းသံဖြင့် စိတ်မကောင်းစွာ ပြောသည်။

ရွာက ... ။

''မင်းတို့မနက်က ဖြစ်တာကို ခုမှ ပြန်တွေ့ရတာ။ ဘယ်လိုလုပ် ကိုကိုကို အသက်ကယ်နိုင်တော့မှာလဲ။ စဖြစ်ဖြစ်ချင်းတုန်းက တွေ့ခဲ့ရင် ကိုကို ခုလိုဖြစ်မှာ မဟုတ်ဘူး'' ဟု ဦးကြီး ရွှေလှနှင့် နသန်ကို မောပြောပြီးနောက် ကျွန်တော့်ကို တင်းတင်းဖက်လိုက်ကာ အရူးတစ်ယောက်ပမာ –

''ကိုကို ရွာကို ခွင့်လွှတ်ပါ။ ဒီခရီးကို ရွာ မခေါ်လာသင့်ဘူး။ ပြီးတော့ နသန်နဲ့လည်း ကိုကိုကို မထည့်လိုက်သင့်ဘူး။ ရွာ အံ့ပြစ်တွေပါပဲ ကိုကို၊ ကိုကို့ မိဘတွေကိုရော ရွာဘယ်လို ပြောရမလဲ'' ဟု ရှိုက်ကြီးတငင်





ငို၍ ပြောနေလေသည်။ မျက်ရည်တွေ အလူးလူးအလိမ့်လိမ့်၊ ဆံပင်တွေ ဖွာရရာနှင့်။

ကျွန်တော်သည် ရွာ ငိုနေသည်ကို ရပ်ကြည့်နေစဉ်၊ မချိတင်ကဲ ဝမ်းနည်း ပူပန်နေသည့် ရွာ၏ ရင်တွင်းမှ မေတ္တာ အတိုင်းအဆကို မှန်းဆသိ မြင်လိုက်သည်။

''ကိုကို ရွာကို သိပ်ချစ်တယ်ဆို၊ ရွာကို လက်ထပ်ချင်တယ်ဆို။ ခုတော့ ရွာကို ခွဲသွားပြီလား ကိုကိုရဲ''

ငိုရင်း အသတိမဲ့ဝင်သွားသည့် ရွာကို ဦးကြီးရွှေလှက အနားမှာ ထိုင်ချကာ ပခုံးကို ဆုပ်ကိုင်၍ နှစ်သိမ့်သည်။

''တူမရယ်၊ ဦးကြီးလည်း ကြေကွဲရမယ်။ ဒီလိုအဖြစ်မျိုး ကြုံမယ် မှန်းသိရင် ဦးကြီးလည်း ဒီကိုလာဖို့ မတိုက်တွန်းခဲ့ပါဘူး''

''မဟုတ်ဘူး၊ ကျွန်တော့်အပြစ်ပါ မမလေးရယ်၊ ကျွန်တော်က အစ်ကိုလေးကို စောင့်ရှောက်သင့်တာပါ။ ကျွန်တော် အသုံးမကျလို့''

နသန်က ငို၍ ဘော်ရင်း အနီးရှိ သစ်ပင်ကို လက်သီးနှင့် ထိုးနေသည်။ နသန်ကို သူ့ဦးကြီး ရွှေလှ၏ ဖနီက ဆွဲ၍ နှစ်သိမ့်နေရ၏။

''ကဲ... ကဲ တရားနဲ့ ဖြေကြပါကွယ်၊ သတ္တဝါမှန်ရင် အနိစ္စချည်းပါပဲ၊ ဘယ်သူ လွန်ဆန်လို့ရမှာလဲ၊ ဒီမှာ ငိုနေကြရုံနဲ့ ကိစ္စက မပြီးသေးဘူးကွယ့်။ သူ့ခန္ဓာကို ရွာပြန်ယူရမယ်။ အဲဒါကို စီစဉ်ကြပါ''

ရဟန်းတော်က တရားဖြင့်ဝင်၍ ဖြေသိမ့်ဆုံးမတော်သည်။

အဖြစ်အပျက်ကို ငေး၍ ရပ်နေသော ကျွန်တော့်အား လူနီကြီးက–

''မင်း ဘာလုပ်နေတာလဲ။ မင်း ကိုယ်ထဲ ပြန်ဝင်တော့လေ''

ဟု သတိပေးသည်။

''ကျွန်တော် ဘယ်လိုဝင်ရမှာလဲ''

လူနီကြီးက ဘာမှ ပြန်မပြောဘဲ ကျွန်တော့်ကို တွန်းလိုက်ရာ ရွာ ပွေ့ထားသော ကျွန်တော့် ခန္ဓာကိုယ်ပေါ်သို့ လဲကျသွားသည်။ ခန္ဓာကိုယ်ပေါ်သို့ ကျွန်တော် လဲကျသွားသည့် အချိန်မှာပင် ကျွန်တော့် စိတ်ထဲတွင် ...ခနဲ ဖြစ်သွားသည်။ ရွာ ပွေ့ထားသော ကျွန်တော့် ခန္ဓာကိုယ် ဆတ်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



လှုပ်သွားသည်။ ကျွန်တော့်မျက်နှာတွေကို လေးပင်စွာ အားယူဖွင့်လိုက်သည်။ ကျွန်တော့်အမြင်တွင် မှုံဝါးဝါး၊ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေပြီး ရင်တွေ ပူနေသည်။ နှုံးချိနေသည်။ ရေအလွန်ဆာနေသည်။ ကျွန်တော့် နှုတ်ခမ်းတွေကို အားယူပြီး လှုပ်ရှားလိုက်သည်။

"ရေ ရေ ပေးပါ"

"ဟင်"

ကျွန်တော့်ကို တအားပွေ့ပိုက်ထားသော ရှား နှုတ်မှ အလွန်တရာ အံ့ဩတုန်လှုပ်သွားဟန်ဖြင့် အာမေဋိတ်တစ်လုံး ခုန်ထွက်လာသည်။ ရင်ခွင်ထဲရှိ ကျွန်တော့်ကို ငုံ့ကြည့်ကာ –

"ကိုကို ကိုကို မသေဘူး။ ကိုကို"

ဝမ်းသာအားရ အလန့်တကြား အော်လိုက်သည်။ ရှား အော်သံကြောင့် ဘေးနားရှိ ရဟန်းတော်၊ ဦးကြီးရွှေလှ ဖိုးမောင်နှင့် နသန်တို့ လှုပ်ရှားသွား ကြသည်။

"ရေ ရေပေးပါ"

"ကိုကို မသေဘူး။ သတိရလာပြီ။ ကိုကို ကိုကိုရယ်။ ရှား ရှား ဝမ်း သာ လိုက်တာ"

"ရေ"

"ရေတဲ့ ရေတောင်းနေတယ်"

"ဒီလို လုပ်ကြပါလား။ ဘုန်းကြီးရဲ့ ကျောင်းကို သူ့ကို ပွေ့ယူခဲ့ကြပါလား။ သူ့ကို ပြုစုရအောင်။ သူ့ရင်တွေ ပူနေပုံရတယ်။ ဆာလည်း ဆာနေလိမ့်မယ်။ အနားယူပြီး သူ့ကို ကျွေးမွေးပြုစုပြီးမှ ရွာကို ပြန်ကြပေါ့။ ဘုန်းကြီးမှာ ဆေးဝါးတချို့လည်း ရှိတယ်။ ခေါင်းက အနာကိုလည်း ဆေး ထည့်ရတာပေါ့။ အင်း . . . သိပ်ကို ထူးခြားဆန်းကြယ်လှပါကလား။ ဒါဟာ တစ်နေ့နဲ့တစ်ည မှောနေတာပဲ ဖြစ်မှာ။ သူ စကားပြောနိုင်လာရင် သူ့ဆီက ထူးခြားတဲ့အတွေ့အကြုံတွေ ဘုန်းကြီးတို့ ကြားရမှာပဲ။ ဒကာကြီးကံက သိပ်နိုင်လို့ပဲကွယ်။ သေရွာပြန်လို့ ဆိုရမှာပဲပေါ့"

"မမလေး ဖယ်၊ အစ်ကိုလေးကို ကျွန်တော် ပွေ့မယ်"



"ဖြည်းဖြည်းနော်၊ နသန်။ ဖြည်း ဖြည်း"

"အင်းပါ၊ မမလေးကလည်း၊ ကျွန်တော် သိပါတယ်"

"ဘာသိတာလဲ။ နင့်ကြောင့် ကိုကို မသေကောင်း မပျောက် ကောင်း"

"ကဲ . . . မောင်နှမတွေ ရန်မဖြစ်ကြနဲ့တော့။ တောင်ကျော်သွားတာကို ဝမ်းသာကြပေတော့"

www.burmeseclassic.com

www.burmeseclassic.com

[၃]

ရဟန်းတော် တိုက်သောရေ ရဟန်းတော် ချကျွေးသော အစာ၊ အစာနှင့် ရဟန်းတော် ဆေးထည့်ကုသပေးမှုတို့ကြောင့် အချိန်အနည်းငယ် အတွင်း၊ ကျွန်တော် ပြန်လည် အားပြည့်လာသည်။

ဆရာတော်က ကျွန်တော့်ကို ကြည့်၍ တရားဓမ္မကို ဆင်ခြင်နေစဉ် ရွှာက ဝမ်းသာမျက်ရည်များဖြင့် ကျွန်တော့်ကို စိုက်ကြည့်နေသည်၊ ဦးကြီး ရွှေလှတို့ ဖိုးမောင်နံ့နှင့် နသန့်တို့ကတော့ မနေ့က အဖြစ်အပျက်ကို ပြန်ပြောင်းပြောနေ ကြ၏။

''ကိုကိုရယ်၊ မနေ့က ကိုကို လမ်းကွဲပြီး ပျောက်သွားတယ် ဆိုတာကို နသန့် လာပြန်ပြောကတည်းက ရွှာတို့ ရှာကြတာ။ မနေ့ကတစ်နေ့လုံးနဲ့ ညက တစ်ညလုံးပေါ့။ ဒီမနက်ကျမှ တွေ့ရတာ။ ဆရာတော် တွက်ဆချက်ကောင်းလို့လည်း တွေ့ရတာပေါ့။ ရွှာတို့ ရှာတဲ့ဘက်က လွဲနေတာလေ။ တွေ့ပြန်တော့ ကိုကိုက အသက်မရှူ နှလုံးမခုန် သွေးလည်း မတိုးတော့ဘူး ဆိုတော့ ကိုကို သေပြီ ထင်တာပဲပေါ့။ ရွှာ ရင်ထဲမှာ ပူလိုက်ရတာ ကိုကိုရယ်၊ ဒီလို ပြင်းထန်တဲ့ ဝေဒနာမျိုး ရွှာတစ်ခါမှ မခံစားဖူးပါဘူး။ ခုမှပဲ ရွှာ ဆိုနေတဲ့ အပူလုံးကြီး ကျသွားတယ်''





ရွှာက ပြောရင်း ကျွန်တော့်ပခုံးပေါ်သို့ မျက်နှာအပ်လိုက်ကာ တရှုံ့ရှုံ့ ငိုနေပြန်သည်။ ကျွန်တော်က ရွှာလက်များကို ဆုပ်ကိုင်ပြီး ရွှာကို ပြန်လည် အားပေးရပြန်ပါသည်။

''ကဲပါ ရွှာရယ်။ စိတ်တွေ လျှော့ချလိုက်ပါတော့။ ကိုကိုမှ ဘာမှ မဖြစ်တော့တာ။ ကျွန်တော့်ကြောင့် အားလုံး စိတ်ပူသွားကြရတာ စိတ်မကောင်းပါဘူး''

ရွှာကို ပြောရင်း တစ်ဆက်တည်း ဦးကြီးရွှေလှတို့ဘက်ပါ လှည့်၍ တောင်းပန်စကား ဆိုလိုက်မိသည်။

''ဦးကြီးတို့က မင်းအတွက် စိုးရိမ်ကြတာပါကွယ်''

''အစ်ကိုလေး ကျွန်တော့်ကို ခွင့်လွှတ်ပါ''

နသန့်က ကျွန်တော့်ကို တောင်းပန်နေပြန်သည်။ အပြုံးဖြင့် နသန့်ကို တုံ့ပြန်လိုက်ရသည်။

တစ်ချိန်လုံး ငြိမ်၍နေသော ဆရာတော်က -

''ကဲ . . . ဒကာကြီး ဒကာကြီး ပျောနေတဲ့ အချိန်မှာ ဒကာကြီးရဲ့ ဝိညာဉ်ဟာ ပျောပါပြီး တခြားတစ်နေရာရာကို ရောက်သွားတယ် မဟုတ်လား။ အဲ့ မကြီးဘူးဆိုရင် ဘုန်းကြီးတို့ကို ပြောပြပါလား'' ဟု မိန့်လေသည်။

''ဆရာတော် အမိန့်ရှိတာ မှန်ပါတယ် ဘုရား။ တပည့်တော် ယမမင်းကြီးဆီကို ရောက်သွားပါတယ် ဘုရား'' ဟု လျှောက်လိုက်သည်။

ကျွန်တော့်စကားကြောင့် ရွှာနှင့် တကွသော ဦးကြီးရွှေလှ ဖိုးမောင်နံ့နှင့် နသန့်တို့ မျက်လုံးများ ပြူးသွားကြသည်။ ရွှာက တုန်တုန်လှုပ်လှုပ်ဖြင့် မေးသည်။

''ဘယ်လို ကိုကို ယမမင်းကြီးဆီကို ဟုတ်လား''

ဆရာတော်ကမူ တည်ငြိမ်စွာဖြင့် -

''အသေးစိတ် ပြောပြပါလား ဒကာကြီး'' ဟု ဆိုသည်။

''မှန်ပါဘုရား။ တပည့်တော် အသေးစိတ် ပြောပါမယ် ဘုရား''

ကျွန်တော်သည် မြင်းပေါ်မှကျပြီး သတိမေ့နှင့် ခေါင်းဆောင်မိပြီးနောက် ငရဲကြီးနယ်ယောက် လာရောက်ခေါ်ငင်သည်မှ ယမမင်းနှင့် တွေ့ဆုံခြင်း၊

www.burmeseclassic.com



အပါအဝင် လူနီကြီးများ ပြန်ပို့သည်ထိ ပြည့်ပြည့်စုံစုံ ဇာတ်ခုံခင်း ပြောပြလိုက်ပါသည်။ ကျွန်တော် ပြောပြသမျှကို တအံ့တဩ နားထောင်နေကြသူများ၏ မျက်နှာများမှာ ခံစားချက်များ ရိပ်ခနဲ ရိပ်ခနဲ ပြောင်းလဲသွားကြသည်ကို တွေ့ရ၏။ ထိတ်လန့်မှု၊ ကြောက်ရွံ့မှု၊ မယုံကြည်နိုင်မှု၊ မိမိကိုယ်ကို ဆင်ခြင်မှု။

''ဒကာကြီးရဲ့ ကိုယ်တွေ့ သေရွာပြန် အဖြစ်မှန်ကတော့ သံဝေဂ ယူစရာတွေပါပဲ။ အင်း … ဒကာကြီးလိုပဲ သေရွာပြန်တွေ အများကြီး ရှိမှာပါကွယ်။ ဘုန်းကြီးရဲ့ အရိပ်မှာ လာခိုပြီး တရားရှာနေတဲ့ ယောဂီ မောင်ထွန်းစ ဆိုရင်လည်း ဒကာကြီးလိုပဲ သေရွာပြန်ပေါ့ကွယ်။ အခု သူ ရွာဘော ပြန်သွားလို့။ မဟုတ်ရင် သူ့ကိုယ်တွေ့ကိုပါ ဒကာကြီး ဒကာမကြီးတို့ ကြားရမှာပဲ''

ဆရာတော်က ကျွန်တော့်ဇာတ်လမ်းအဆုံးမှာ မှတ်ချက်ပေးတော်မူသည်။

''ဆရာတော့်ဆီမှာနေတဲ့ ကပ္ပိယကြီးလည်း ဒီလိုကြုံဖူးတယ် ဟုတ်လား''

ဦးကြီးရွှေလှက အံ့သြမှုတွေ ဆက်ကာ မေးမြန်းထုတ်လာသည်။ ဆရာတော်က ခေါင်းညိတ်သည်။

''အမှန်ပဲ ဒကာကြီး။ ဒါကြောင့် သူလည်း မိုက်ပြစ်တွေ ခဝါချပြီး တရားဖက်လာတာပေါ့။ နောက် သိပ်မကြာခင်မှာ သူလည်း ရဟန်းပြုတော့မယ် ထင်တယ်''

''အဲဒီ မောင်ထွန်းစ အတွေ့အကြုံကို ဆရာတော်က ပြောပြပါလား ဘုရား''

ဦးကြီးရွှေလှ၏ စနီးက ဝင်၍ လျှောက်တင်သည်။

ထိုစဉ် တစ်စုံတစ်ခုကို တွေးမိသလို နသန်က လှုပ်ရှားလာပြီး ကျွန်တော့်ကို လှမ်းကြည့်ကာ –

''စောစောက အစ်ကိုလေး ပြောသလိုဆိုရင် ကျွန်တော်တို့ ရွာထဲက ကိုသောနနဲ့ အစ်ကိုလေးကို မှားခေါ်သွားတာပေါ့နော်။ ဒါဆိုရင် အစ်ကိုလေးကို ခုလို ပြန်ပို့ပြီးပြီဆိုတော့ ကိုသောနများ …''





ကျွန်တော်တို့ အမှုမဲ့အမှတ်မဲ့ဖြစ်နေသော 'သောန' ကိစ္စမှာ နသန် ပြောလိုက်မှပင် အားလုံး၏ ခေါင်းတွင်းသို့ တွေးတောစရာများ ပြေးဝင်လာလေသည်။ ကျွန်တော် ရှားနှင့် ဦးကြီး ရွှေလှတို့ဇနီးမောင်နှံ ခေါင်းများထောင်သွားပြီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိကြသော်လည်း ဆရာတော်ကမူ တုံ့ဆိုဘာမဝ ခပ်မဆိတ်နေတော်မူ၏။

''အရှင်ဘုရား ကိုသောန တစ်ခုခုများ ဖြစ်နိုင်မလား။ ကိုသောနကို မေးပြီး သတိပေးရရင် ကောင်းမလား''

နသန်က အလောတကြီး ထပ်မံ လျှောက်တင်လိုက်ပြန်သည်။

''သတ္တဝါတစ်ခု ကံတစ်ခုဆိုတဲ့စကား ရှိတယ် ဒကာ။ မဖြစ်မှာကို ဖြစ်ပါလို့ အတင်းလုပ်ယူလို့ မရသလို ဖြစ်မှာကို မဖြစ်နဲ့လို့ တားလို့လည်း မရနိုင်သေးဘူး။ ဒါပေမယ့် လူ့ရဲ့ ဒါန၊ သီလ၊ ဘာဝနာတွေက အတိုင်းအတောင်းတွေကိုတော့ တည့်မတ်ပေးနိုင်သရွေ့ တည့်မတ်ပေးတယ်။ ဖြစ်ဖျှန်တန်ဖြစ်သလို ပျက်ဖျှန်တန် ပျက်ရမယ့် သဘောကတော့ ဘုရားရှင်သော်မှ မလွှန်ဆန်နိုင်ဘူး ဒကာ။ ဘာပဲဖြစ်ဖြစ်ဒကာ ထန်နေစေတာနာဘာ၊ ရှိနေရင်တော့ ဒကာ သောနဆီကို သွားပါ။ ဒါပေမယ့် ဒီက ဒကာလေး ပြောတာကိုတော့ တိုက်ရိုက်ကြီး မပြောသင့်ပေဘူး။ ဖြစ်နိုင် မဖြစ်နိုင် တပ်အပ်သေချာ မပြောနိုင်သလို မဖြစ်နိုင်ဘူးလို့လည်း တယူသန် ကောက်ချက်ဆွဲလို့ မရနိုင်ဘူး''

''ဒါဆို တပည့်တော် ရွာအရင် ပြန်ပါရစေ ဘုရား''

''ဟဲ့… နသန်၊ နင် မြင်းနဲ့ပြန်မှာ မဟုတ်လား။ ရွာရောက်ရင် နင့်ကိစ္စပြီးတာနဲ့ အိမ်က လှည်းယူပြီး ပြန်လာခဲ့၊ မောင်သော်တို့ကို လှည်းနဲ့ ပြန်ခေါ်ရအောင်''

ဦးကြီးရွှေလှ၏ ဇနီးက ဝင်ပြောသည်။

''အဲဒါ ကောင်းတယ်''

ဟု ဦးကြီးရွှေလှကလည်း ထောက်ခံသည်။

''မြန်မြန်သွား၊ မြန်မြန် ပြန်လာခဲ့''

ဟုလည်း ထပ်မံမှာကြားသည်။

နသန် ကျောင်းပေါ်မှ ပြေးဆင်းသွားသောအခါ ဆရာတော်က



www.burmeseclassic.com

www.burmeseclassic.com



"ယောဂီ မောင်ထွန်းစဟာ မြစ်ဝကျွန်းပေါ်ဒေသ ရွာတစ်ရွာကပေါ့ ကွယ်" ဟု ယောဂီကိုထွန်းစ၏ သေရွာပြန်ဇာတ်လမ်းကို ပဏာမ ပျိုး၍ ဇာတ်ခင်းလိုက်သည်။

"အမိန့်ရှိပါ ဘုရား"

"သူ့ ပြောပြချက်အရ သူဟာ ရွာမှာ တော်တော် ဆိုးခဲ့ ပေခဲ့ တေခဲ့တယ်လို့ ပြောတယ်။ သူ့မိဘတွေက ရွာမှာတော့ ရွာမျက်နှာဖုံးတွေပေါ့ကွယ်။ ပိုက်ဆံချမ်းသာလို့ ဩဇာတိက္ကမလည်း ရှိပေါ့။ မောင်ထွန်းစကလည်း မိဘအရှိန်အဝါနဲ့ ရမ်းကားတာပေါ့။ ခက်တာက သူဟာ ပညာကိုလည်း ကြိုးကြိုးစားစား လေ့လာဆည်းပူးသူ မဟုတ်လေတော့ အမှားအမှန် အဆိုးအကောင်းကို မဝေဖန် မခွဲခြားနိုင်ပေဘူးပေါ့ကွယ်"

"မိဘက အလိုလိုက်ပြန်တော့ ပညာကို တတ်မြောက်အောင် မလုပ်ဘဲ ထန်းရည်သောက်၊ ကြက်တိုက် ရန်ဖြစ် စတာတွေနဲ့ပဲ အချိန်ကုန်သတဲ့။ ငွေကြေး ကြွယ်ဝချမ်းသာလေတော့ မောင်ထွန်းစရဲ့အနားမှာ အလိုလိုက် အကြိုက်ဆောင်ပြီး နေကြတဲ့ နောက်လိုက်တွေလည်း ရှိတာပေါ့။ အဲဒီအထဲမှာ မှုန်ကြီးနဲ့ ဘညွန့်တို့က မောင်ထွန်းစနဲ့ အရင်းဆုံး ဆိုးဖော်ဆိုးဖက် လက်ရုံးတွေပေါ့"

"တစ်ရွာလုံးက သူတို့သုံးယောက် အတွဲကို အော့နှလုံးနာကြပေမယ့် မောင်ထွန်းစရဲ့ မိဘများကို မလွန်ဆန်နိုင်ကြလေတော့ ကွယ်ရာမှာသာ ပြောခဲ့ဆိုခဲ့ကြတယ်။ ဘယ်သူမှတော့ မောင်ထွန်းစကို တည့်တည့် ရင်မဆိုင်ရဲကြဘူးပေါ့။ မောင်ထွန်းစတို့နဲ့ ရန်ဖြစ်လို့ ထိခိုက်ဒဏ်ရာရကြရင်လည်း မောင်ထွန်းစရဲ့ မိဘတွေက ငွေကြေးနဲ့လိုက်ပြီး ဖြေရှင်းလေ့ရှိကြတယ်။ ဒီလိုနဲ့ မောင်ထွန်းစတို့ဟာ ရွာမှ ယှဉ်ရဲသူမရှိတဲ့ လူမိုက်တွေ ဖြစ်နေကြတယ်"

"မောင်ထွန်းစတို့ရဲ့ ရွာဟာ မြို့နဲ့လည်း အလှမ်းဝေးပြီး ခရီးလမ်းပန်းကလည်း မသာလှဘူးတဲ့ကွယ်။ ဒီတော့ မြို့ရဲ့ ဥပဒေလက်တံဟာ ရွာအပေါ်မှာ မမိုးတမိ ရှိနေတာပေါ့။ မောင်ထွန်းစတို့ ဆိုးကောင်းတဲ့ အနေအထား ဖြစ်နေတယ်။ ရွာသူရွာသားတွေကလည်း ကိုယ့်လယ်ကိုယ့်ယာ လုပ်၊ ငါးရှာဖားရှာ ဦးသူကရှာနဲ့ မောင်ထွန်းစတို့နဲ့ ခပ်ခွာခွာ ရှောင်နေကြတယ်။





ဒါကို မောင်ထွန်းစတို့ကလည်း သူတို့ကို ဘယ်သူမှ မလှန်နိုင်ဘူးဆိုပြီး ရင်ကော့နေကြတယ်"

"ရွာမှာရှိတဲ့ ကွမ်းတောင်ကိုင် အလှအပ မိန်းမချောလေးတွေထဲမှာ မစံပယ်လေးက ထူးထူးခြားခြား ချောမောလှပသူ ဖြစ်တယ်တဲ့၊ တစ်ရွာလုံးက ကာလသားတွေက မစံပယ်လေးကို သဘောကျကြသလို မောင်ထွန်းစကလည်း မျက်စိကျသတဲ့။ ဒါပေမယ့် မစံပယ်ကတော့ မောင်ထွန်းစကို သဘောမကျဘူး။ သဘောမကျဆို မောင်ထွန်းစက ရွာမှာ နာမည်ဆိုးနဲ့ နေတဲ့သူ၊ ရမ်းကားတဲ့သူ၊ အရက်သမား လူမိုက်ပေကိုး။ ရွံကြောက်ကြီး နေမှာပေါ့ကွယ်၊ မောင်ထွန်းစက မစံပယ်ကို လိုက်လံချဉ်းကပ်ပေမယ့် မစံပယ်က ရှောင်ပုန်းပြေးလွှားလို့ပေါ့"

"နောက်တစ်ကြောင်းကတော့ မစံပယ်မှာ ချစ်သူရှိနေခြင်းပါပဲ။ မစံပယ်က သူမနဲ့ရွယ်တူ တစ်ရွာတည်းနေ မောင်ညိုကို ချစ်သူအဖြစ် ရွေးထားပြီးသားကွယ့်။ ဒါပေမယ့် မောင်ညိုက မောင်ထွန်းစလို အခြေအနေ မကောင်းဘူး။ မိဘမရှိဘူး။ မရှိဆို မောင်ညိုဟာ မိဘတွေကိုတောင် မမြင်လိုက်ရရှာဘူး။ မိဘတွေကိုလည်း ဘယ်သူ ဘယ်ဝါဆိုတာ မသိဘူးတဲ့၊ အများအပြောအရတော့ မိဘတွေက မွေးပြီး ပြီးချင်း စွန့်ပစ်ခံရတဲ့ ကလေးတဲ့"

"ဒီနေရာမှာ ဘုန်းကြီး စဉ်းစားမိတာကတော့ မောင်ညိုကို မိဘနှစ်ပါးစလုံးက မွေးပြီးပြီးချင်း စွန့်ပစ်တာတော့ မဖြစ်နိုင်ဘူး။ ဘယ်မိဘက ကိုယ့်သားသမီးကို စွန့်ပစ်မှာလဲ၊ ဖခင်နာမည်မဖော်နိုင်တဲ့ မွေးခဲ့ရတဲ့ ကလေးမို့ မိခင်ကပဲ စွန့်ပစ်တာလား၊ မိခင် မသိဘဲ တခြားသူတွေက စွန့်ပစ်တာလား တစ်ခုခု ဖြစ်လိမ့်မယ် ထင်တယ်။ ကဲ ... ဒါ ထားပါလေ"

"မောင်ညိုဆိုတာက သူ့ကို မွေးထားတဲ့ ဘုန်းတော်ကြီးက ပေးထားတဲ့ နာမည်ပဲ။ မောင်ညိုကလေးကို ချုံပုတ်ထဲမှာ တွေ့လို့ ကောက်ယူပြီး ဘုန်းတော်ကြီးက မွေးခဲ့တာ။ ဒါပေမယ့် ဘုန်းတော်ကြီးက သံယောဇဉ်တွေ ဖယ်ခွာပြီး မွေ့အလုပ်ကို လုပ်နေတဲ့သူမှလေ။ ကလေးကို ဘယ်လို ပြုစုစောင့်ရှောက်နိုင်မှာလဲ၊ ဘုန်းတော်ကြီးရဲ့ ဒကာတစ်ဦးက တာဝန်ယူပြီး ကြည့်ရှုမွေး မြူပေးတယ်။ တစ်ခါ အဲဒီလို ကြည့်ရှုစောင့်ရှောက်ပေးတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတော်ကြီးရဲ့ ဒတာတွေကလည်း မောင်ညိုလေးငါးနှစ်သားမှာ ကွယ်လွန်သွားကြပြီမို့တော့ ဘုန်းတော်ကြီးကပဲ ပြန်ခေါ်ယူပြီး ကျောင်းမှာ ထော်လော်မွေးထားရပြီမို့တယ်လေ။ ပညာလည်းသင် ကျောင်းအလုပ်တွေလည်း လုပ်ပေါ့ကွယ်''

''ဒီလိုနဲ့ မောင်ညို အရွယ်ရောက်လာတယ်။ မောင်ညိုဟာ နိုးဝင်းပြောင်မတ်ပေမယ့် ခေတ်ပညာတော့ မတတ်ဘူး။ ဆယ်တန်း၊ အကြိမ်ကြိမ်ကျပြီး နောက်ဆုံးမှာ ဘုန်းကြီးကျောင်းသားပဲ ပြန်ဖြစ်နေတဲ့သူ။ ဉာဏ်ရည်ဉာဏ်သွေး မထက်မြက်ဘူးပေါ့။ မောင်ညိုနဲ့ မဝံပယ် အဲဒီမှာ ဆုံတွေ့ကြတာပဲ။ မဝံပယ်က မိဘတွေနဲ့အတူ ဘုန်းကြီးကျောင်းလာရင်း ဆုံတွေ့ကြတာပေါ့။ ဒီတော့ လူငယ်သဘာဝအတိုင်း ရည်ငံသွားကြတယ်ပေါ့ကွယ်''

''မဝံပယ်ခမျာလည်း ရုပ်ရည်ကလေးကသာ ချောမောလှပတာ ဘဝက မလှရှာဘူး။ မဝံပယ်မိဘတွေက လယ်သူရင်း၊ ငှားတွေ။ မဝံပယ်ရဲ့ ဖခင် ဦးထွန်းကြာဆိုရင် မောင်ထွန်းစတို့အိမ်မှာ သူရင်းငှား လုပ်ရတာ။ မဝံပယ် အမေကလည်း ကောက်စိုက်ပျိုးနုတ် လုပ်ရတာပေါ့။ ဒီတော့ မဝံပယ်မှာလည်း ကိုးတန်းတောင် မအောင်ရှာဘူးတဲ့''

''မောင်ညိုနဲ့ မဝံပယ် ချစ်နေကြတာကို မောင်ထွန်းစက သိတယ်။ မဝံပယ်မှာ ချစ်သူရှိနေတာ သိပေမယ့် မောင်ထွန်းစက လက်မလျှော့ဘူး။ လက်မလျှော့တဲ့အပြင် အရယူဖို့ ကြိုးစားတယ်။ မဝံပယ်ကို ပထမဆုံး ချဉ်းကပ်တာ မဝံပယ်က လက်မခံလေတော့ မောင်ညိုကို ရန်ရှာပြီး မဝံပယ်ကို လက်လျှော့အောင် လုပ်သတဲ့။ မောင်ထွန်းစမှာက မှန်ကြီးတို့ ဘညွန့်တို့ ဆိုတဲ့ တပည့်အပေါင်းအပါတွေကလည်း ကောင်းတယ် မဟုတ်လား။ မောင်ညိုကလည်း သတ္တိမခေဘူး။ အလျှော့မပေးဘူးတဲ့''

''ဒါပေမယ့် တစ်နေ့မှာတော့ မောင်ညို ပျောက်သွားတယ်။ ရွာက အဖြိုးအပိုင်ကို ပျောက်သွားတာ။ ဘယ်သွားတယ် ဘယ်လာတယ်ဆိုတာ ဘယ်သူမှ မသိကြဘူး။ မဝံပယ်လည်း မသိဘူး။ ရွာကတော့ အမျိုးမျိုး ထင်ကြေးပေးပြီး ပြောကြတာပေါ့ကွယ်။ တချို့က မောင်ညိုက မောင်ထွန်းစတို့ရန်ကို ကြောက်လို့ ရွာက ထွက်သွားတယ်ပေါ့။ တချို့လည်း မောင်ညိုဟာ





မဝံပယ်ကို တင့်တနှင့်တယ်တယ် လက်ထပ်ယူနိုင်ဖို့ မြို့တက်ပြီး စီးပွားရှာတယ်ပေါ့''

''မောင်ညိုရဲ့ မွေးစားဖခင်လို့ ဆိုနိုင်တဲ့ ဘုန်းတော်ကြီးခမျာလည်း မောင်ညို သတင်းကို စုံစမ်းကာ နေရက်တွေက ကြာလာတယ်။ ဘာမှ သတင်းအစအန မရလေတော့ စိတ်လျှော့နေလိုက်ရတယ်။ သင်္ဂါဝါတစ်ခု တစ်ခုပဲလို့ ပြောလိုက်ရရှာတယ်ပေါ့။ မဝံပယ်ကတော့ ကြိတ်ပြီး ပူဆွေးရတယ်။ မောင်ညို ပြန်လာနိုး ပြန်လာနိုးနဲ့ စောင့်လိုက်တာ လကနေ နှစ်ချီ ကြာသွားတယ်။ ကြာတော့လည်း မဝံပယ်လည်း မောင်ညိုကို မမျှော်လင့်ရဲ တော့ဘူးပေါ့''

''အဲဒီမှာ မောင်ထွန်းစက ကြားဝင်တော့တာပါပဲ။ သူ့မိဘတွေ ဆီကတစ်ဆင့် မဝံပယ်ရဲ့ မိဘတွေဆီကို မဝံပယ်နဲ့ ပေးစားဖို့ တောင်းဆိုတယ်။ မဝံပယ်ရဲ့ မိဘတွေကတော့ မောင်ထွန်းစရဲ့ မိဘတွေ ဩဇာကို မငြင်းပယ်နိုင်တာကတစ်ကြောင်း။ မောင်ထွန်းစကလည်း ဆိုးပေမယ့် မဝံပယ်ကို တကယ် ချစ်မြတ်နိုးပုံရတာကတစ်ကြောင်း။ မောင်ထွန်းစနဲ့ယူရင် မဝံပယ်တဝ ကောင်းစားမယ်လို့ ယုံကြည်တာတစ်ကြောင်းမို့ သမီးဖြစ်တဲ့ မဝံပယ်ကို နားချပြီး မောင်ထွန်းစနဲ့ ပေးစားဖို့ ကြိုးစားကြတယ်၊ မဝံပယ်ဘက်က ကြည့်ပြန်တော့ သူ့မိဘတွေနဲ့ အလိုဆန္ဒကို မငြင်းပယ်ရက်တာရယ်၊ သူ့မရဲ့ချစ်သူ မောင်ညိုကလည်း ပြန်မလာတော့တာရယ်ကြောင့် နောက်ဆုံး လက်လျှော့ပြီး မောင်ထွန်းစကို လက်ခံလိုက်တယ်''

''မောင်ထွန်းစနဲ့မဝံပယ်နဲ့ မင်္ဂလာပွဲက အတော်ကို စည်ကားတယ် ဆိုပဲ။ တချို့ ဒီမင်္ဂလာပွဲ သတင်းကြားရင် မောင်ညိုဟာ မနေနိုင်ဘဲ ရွာကို ဘွားခနဲ ပြန်ရောက်လာလိမ့်မယ်လို့ ထင်ကြတယ်၊ ဒါပေမယ့် မောင်ညိုက တော့ လုံးဝ ပြန်ပေါ်မလာဘူးတဲ့။ ဒီလိုနဲ့ မောင်ထွန်းစနဲ့ မဝံပယ် အကြင် လင်မယား ဖြစ်သွားတယ်။ မောင်ထွန်းစကလည်း စချင်းမှာ သူချစ်တဲ့ မဝံပယ်ကိုရတော့ အလိုလိုက် အကြိုက်ဆောင်တယ်ပေါ့။ မဝံပယ်ကလည်း မောင်ထွန်းစအပေါ်မှာ မယားဝတ္တရားမပျက် ပြုရတဲ့အပြင် ချစ်ချစ်ခင်ခင် လေးလေးစားစား ရှိသတဲ့။ အားကိုးတာလည်း ပါတာပေါ့ကွယ်''

www.burmeseclassic.com



"ဒါပေမယ့် လုံခြုံဆိုတာ အခက်သားကလား။ မောင်ထွန်းစဟာ မစံပယ်ကို ရယူထားပေမယ့် အရက်သောက်၊ ကြက်တိုက်၊ ဆိုးမိုက်တဲ့ အလုပ်တွေ လုပ်နေမြဲပဲတဲ့။ အိမ်ထောင်ကျသွားပေမယ့် အိမ်ထောင် ရှင်ပီပီ ဘာတစ်ခုမှ တာဝန်ယူခြင်း မရှိဘူးတဲ့။ မောင်ထွန်းစမိဘတွေကလည်း သားကိုကျတော့ မဆုံးမနိုင်၊ ချွေးမကိုကျပြန်တော့လည်း နှိမ်နှိမ်ချချ ဆက်ဆံ၊ ဒီတော့ မစံပယ်ခမျာ စိတ်ဆင်းရဲနေရှာတာပေါ့။ စီးပွားရေးကို မယူရပေမယ့် မစံပယ်ဟာ ချမ်းသာသူခကို မရရှာဘူး။ ဒီကြားထဲ အနေကြာတော့ မစံပယ် အပေါ် မောင်ထွန်းဟာ အရက်မူးပြီး ရမ်းတာ နှိပ်စက်တာတွေပါ ရှိလာပြန် တယ်။ မစံပယ်ခမျာ ချစ်သူနဲ့ ကွေကွင်းရ မချစ်မနှစ်သက်သူနဲ့ ပေါင်းဖက်ရတဲ့ ဒုက္ခတွေ ရင်ဆည်းပြီး ခံနေရတာပေါ့"

"မစံပယ်ဟာ လင်ဖြစ်သူ မောင်ထွန်းစအပေါ်မှာ သစ္စာမဖျက် သည်းခံပြီးနေခဲ့ပေမယ့် စိတ်ဆင်းရဲဒဏ်နဲ့ ပိန်ချုံးချိနဲ့လာပြီး ရောဂါဝင်လာ ရာက သိပ်မကြာပါဘူး၊ လူ့လောကကို စွန့်ခွာသွားရတော့တာပါပဲ။ မစံပယ် သေဆုံးသွားတဲ့အတွက် မောင်ထွန်းစဟာ ဝမ်းနည်းကြေကွဲမှုတော့ ရလိုက် တယ်။ သူ့ကြောင့် မစံပယ် သေဆုံးရတယ်လို့လည်း အသိကလေး ရလိုက် တယ်။ သူက မစံပယ်ကို ယုယုယယနဲ့ ဂရုစိုက်ခဲ့ရင် မစံပယ် ဒီလို ဖြစ်မှာ မဟုတ်ဘူးလို့လည်း နောင်တရလာတယ်။ သူ့ကိုယ်သူ ပြုပြင်ဖို့လည်း စဉ်းစား ပြီး တွေးမိလာတယ်။ အသိကလေး စပြီး ဝင်လာတာ မှန်ပေမယ့် မစံပယ်ရဲ့ စိတ်နဲ့လေပြီး အရက်ကို ဆက်သောက်ပြန်တော့ အဆိုးသံသရာက မောင် ထွန်းစ မလွတ်မြောက်နိုင်ပြန်ပါဘူး။"

"အဲ... မောင်ထွန်းစ လူမိုက်ဘဝကနေ ကျွတ်လွတ်ဖို့ မှန်လာ တာကတော့ အကြောင်းထူး ပေါ်လာခြင်းပါပဲ။ အဲဒါကတော့ မောင်ထွန်းစ အရက်တွေ အမူးလွန်ပြီး လမ်းမှာ လဲနေရာကနေ အအေးပတ်ပြီး အဖျားမျှား အပျင်းဖျားရာကနေ အသက်ပါ ပါသွားခြင်းပဲပေါ့ကွယ်"

"မောင်ထွန်းစရဲ့ မိဘတွေလည်း မောင်ထွန်းစရဲ့ အလောင်းကို ပြင်ဆင်၊ ခြေမတွေ ကြိုးနဲ့ချည်၊ လက်မတွေ ပူးပြီး ကြိုးချည်၊ အပေါ်က အဝတ်တွေ လွှမ်း ခေါင်းမှာယူပြင်ဆင် အသုဘအတွက် ဘုန်းကြီးပင့်တဲ့





အလုပ်တွေ လုပ်ရတာပေါ့ကွယ်။ မောင်ထွန်းစရဲ့ အပေါင်းတွေဖြစ်တဲ့ ပွဲကြီးတို့ အညွှန့်တို့တစ်တွေလည်း အရက်တွေ မူး ဖဲရိုက်နဲ့ မောင်ထွန်းစရဲ့ အသုဘမှာ ထုံးစံအတိုင်း ဖြစ်နေကြတာပေါ့။ ရွာထဲက လူတွေကတော့ မောင်ထွန်းစကို မသနားကြဘူး။ လူမိုက်တစ်ယောက် လျော့သွားလို့ ကြိတ်ပြီးတောင် ဝမ်း သာနေကြပုံပဲ။ အင်းပေါ့လေ... လူ့လောကကို အကျိုးပြုတဲ့လူလိမ္မာ၊ အဖိုးတန်သူတစ်ယောက်ဆိုရင်တော့ ကျန်ရစ်သူတွေက နှမြောတသ ပူဆွေး နေကြမှာပေါ့။ အများကို ဒုက္ခပေးသူဆိုရင်တော့ ဝမ်းမနည်းတဲ့အပြင် ပျော် တောင် နေကြဦးမှာပေါ့၊ ဒါဟာ သဘာဝပါပဲ"

"ဒီလိုနဲ့ မောင်ထွန်းစရဲ့ အသုဘချမယ့်နေ့ သုံးရက်မြောက်နေ့ ရောက်လာတယ်။ အသုဘပို့ဖို့ လူတွေလည်း ရောက်လာပြီ၊ သရဏဂုံတင် ပေးဖို့ ပင့်ထားတဲ့ ရဟန်းသံဃာတွေလည်း ကြွလာပြီ၊ ကြေးစည်တွေလည်း ထုလို့ပေါ့။ အဲဒီအချိန်မှာမှ မောင်ထွန်းစဟာ ရုတ်တရက် လှုပ်လာပြီး 'ရေ ရေငတ်ပါ' လို့ အသံထွက်လာတယ်။ မောင်ထွန်းစရဲ့ အလောင်းဘေးမှာ ရှိနေတဲ့သူတွေ မောင်ထွန်းစရဲ့ အလောင်းကို ခေါင်းထဲသွင်းဖို့ စီမံနေကြတဲ့ သူတွေဟာ လန့်ပြီး ထွက်ပြေးကုန်ကြတယ်။ အသုဘတစ်အိမ်လုံး အိုးနင်း ခွက်နင်းနဲ့ ဖြစ်ကုန်ကြတာပဲ။ ခေါင်းရင်းခန်းမှာ ရှိနေတဲ့ သံဃာတော်တွေ တောင် လန့်သွားတယ်။ သံဃာတော်တွေထဲက ဆရာတော်ကြီးကတော့ အတွေ့အကြုံကလည်းရှိ သေခြင်းတရား သဘောကိုလည်း နားလည်သူပီပီ မောင်ထွန်းစကို လှမ်းကြည့်ပြီး 'မောင်ထွန်းစ မသေသေးဘူး၊ သေရွာက ပြန်လာ တာပဲ' ဆိုတာ သဘောပေါက်လိုက်သတဲ့၊ ဒါနဲ့ပဲ 'မကြောက်ကြနဲ့ မကြောက် ကြနဲ့ မောင်ထွန်းစ မသေဘူး၊ မေ့နေရာက သတိပြန်ရလာတာ' လို့ မိန့် တော်မူတယ်။ မောင်ထွန်းစရဲ့ မိဘတွေလည်း အရမ်းဝမ်းသာသွားကြတာပေါ့။ ဆရာတော်ကြီးက 'ဟဲ ခြေတွေ လက်တွေက ကြိုးတွေ ဖြုတ်၊ မောင်ထွန်းစ ကို ရေတိုက်ကြ' လို့ ဆက်ပြီး မိန့်တယ်။ အဲဒီမှာ လက်မ ခြေမတွေ ကြိုး ချည်ထားတာကို ဖြုတ်သူက ဖြုတ်၊ ရေတိုက်သူက ရေတိုက်နဲ့ ရှုပ်ယှက်ခတ် သွားတော့တာပဲ၊ မောင်ထွန်းစဟာ အဲဒီလို သေရွာက ပြန်လာခဲ့တာပေါ့ကွယ်"

www.burmeseclassic.com



"မောင်ထွန်းစ နေကောင်းပြီး နာလန် ထလာတဲ့အခါ သူမေ့မျောနေစဉ်က ဖြစ်ပျက်ခဲ့တာတွေကို ပြန်ပြောပြတယ်။ သူ အိပ်ရာထဲမှာ လဲနေတဲ့အချိန် အိမ်ဝကို ကိုယ်လုံးကိုယ်ထည်ကြီးမားတုတ်ခိုင်ပြီး အရုပ်ဆိုးဆိုးနဲ့ ခါးတောင်းမြှောင်အောင် ကျိုက်ထားတဲ့ လူကြီးနှစ်ယောက် ရောက်လာပြီး 'ဟောကောင် လာခဲ့' လို့ ခေါ်သတဲ့၊ မောင်ထွန်းစလည်း ကြောက်သွားတယ်။ အဲဒီလူကြီးတွေရဲ့ မျက်နှာက ခက်ထန်သလောက် အသံတွေကလည်း မာကျောသတဲ့။ 'အင်း.. သူတို့ကို ငါ ခုခံပြီး ထွက်ပြေးလို့တော့ ရနိုင်မှာ မဟုတ်ဘူး။ အေးအေးဆေးဆေး လိုက်သွားတာပဲ ကောင်းတယ်လို့ တွေးမိပြီး အဲဒီလူကြီးတွေ ခေါ်ရာ နောက်ကို ထလိုက်သွားတယ်တဲ့"

"မောင်ထွန်းစ အဲဒီလူကြီးတွေနဲ့ ထလိုက်သွားတာကို သူ့အိမ်က လူတွေက သိပုံ မပေါ်ကြဘူးတဲ့။ သူ့အပြောအရတော့ သူဟာ အိပ်မက်မက်နေသလိုလို ရုပ်ရှင် ကြည့်နေရသလိုလိုနဲ့ ဝေဝေဝါးဝါး ဖြစ်နေတယ်လို့ ဆိုတယ်။ အိမ်အပြင်ဘက်ကို ရောက်တော့ လူကြီးနှစ်ယောက်က သူ့လက်တွေကို တစ်ဘက်တစ်ချက်က ဆွဲကိုင်ပြီး ထွက်သွားတယ်။ သူလည်း လေထဲမှာ မျောလွင့်သွားသလိုပဲ ပါသွားတယ်။ မြေကြီးနဲ့ ခြေထောက် မထိတော့ဘူးလို့ ထင်တယ်။ ပတ်ဝန်းကျင်ကိုလည်း သဲသဲကွဲကွဲ မမြင်ရတော့ဘူး။ သွားနှုန်းကလည်း မြန်လာတယ်။ 'ကျွန်တော့်ကို ဘယ်ခေါ်သွားမှာလဲ' လို့ မောင်ထွန်းစက မေးတာကို လူကြီးနှစ်ယောက်က ပြန်မဖြေဘူး။ တဖြည်းဖြည်းနဲ့ သစ်ပင်တွေ ဘာတွေ မမြင်ရတော့ဘဲ ဟင်းလင်းပြင်ကြီးထဲမှာ မျောပါနေတယ်လို့ သူ တွေးလိုက်မိတယ်"

"အတော်ကြီး ကြာတဲ့အခါ ဆူညံအော်ဟစ်နေတဲ့ ကယ်ပါ ယူပါ အသံတွေ ပွက်လောရိုက်နေတာကို သူကြားလာရတယ်။ မောင်ထွန်းစဟာ ကြောက်လွန်းလို့ ကြက်သီးမွေးညင်းတွေတောင် ထလာသတဲ့။ နောက်မကြာခင် ကျောက်တောင်ကြီးလို မြင့်မြင့်မားမားကြီးကို ဘွားခနဲ တွေ့လိုက်ရတယ်။ မောင်ထွန်းစ ကြည့်နေတုန်းမှာပဲ တံခါးကြီးနှစ်ချပ်က ဂွန်းခနဲ ပွင့်သွားပြီး လူဝကြီးနှစ်ယောက်က သူ့ကို အဲဒီထဲကိုဆွဲခေါ်သွားတယ်။ အထဲကို ဝင်လိုက်တယ်ဆိုရင်ပဲ သူ့ကိုယ်ကို အပူရှိန် ပြင်းပြင်းတွေ လာဟပ်တာ ခံစား





လိုက်ရတယ်။ ဒါပေမယ့် အထဲကို ရောက်တဲ့အခါကျတော့ အသံဗလံတွေ အော်ဟစ်ညည်း ညူသံတွေ မကြားရတော့ဘူးတဲ့"

"အဲဒီမှာ ငရဲမျိုးစုံကို မောင်ထွန်းစ တွေ့ရတော့တာပဲ။ စဉ့်ရောင်ရှိတဲ့ အိုးကြီးဟာ ဘယ်လောက်ကျယ်သလဲဆိုရင် ဟိုဘက်နှုတ်ခမ်းကို လှမ်းမမြင်ရဘူး။ မီးတွေ ဖိုပြီး ထည့်ထားတာ မဟုတ်ပေမယ့် ရေတွေက ပွက်ပွက်ဆူနေတယ်။ နီကြန်ကြန် ပျစ်ချွဲချွဲ အရည်တွေလို့ဆိုတယ်။ အဲဒီမှာ ယောကျ်ားမိန်းမတွေ အလူးလူး အလိမ့်လိမ့် ခံနေရတယ်။ နောက်တစ်နေရာ ရောက်တော့ အချွန်အတက်တွေပါပြီး အလင်းရောင်တွေ ထွက်နေတဲ့ တုတ်ကြီးများကတော့ ငရဲခံနေရသူတွေကို ရိုက်နေတာ တွေ့ရပြန်တယ်။ တစ်နေရာမှာကျတော့ ငရဲခံနေရသူတွေဟာ ပါးစပ်တွေကို သံချိတ်နဲ့ ဆွဲဟထားတာတွေ့ပြီး သူတို့ကို သံရည်ပူတွေနဲ့ လောင်းချခံနေရတာကို တွေ့ရတယ်။ နောက်ထပ် တစ်နေရာကို ရောက်သွားပြန်တဲ့အခါ စဉ့်ရောင်ခရားအိုးကြီးတွေကို ကိုင်ပြီး ငရဲသားတွေက ငရဲခံနေရသူတွေရဲ့ ပါးစပ်တွေထဲကို လောင်းထည့်ရပြန်တယ်။ တချို့က အရှင်လတ်လတ် ဓားနဲ့ အမွှန်းခံရတာ အရေခွံကို ဓားနဲ့ အခွာခံရတာကို ခံနေရတယ်။ ထိုး ခုတ်၊ ရိုက်နှက်ခံနေရသူတွေလည်း ရှိပုံပဲ။ မစင်တွင်းကြီးထဲမှာ ကူးခတ်ရင်း မစင်ပုတ်တွေကို စားနေရသူတွေလည်းပါရဲ့။ မီးလျှံတောက်နေတဲ့ ဖွဲပြာမြစ်ကြီးထဲမှာ ကူးခတ်ပြီး ဖွဲပြာတွေကို ရေလို သောက်နေကြတာတွေလည်းပါရဲ့။ မီးကျီးတွင်းထဲမှာ အပေါ်က မီးကျီးတွေနဲ့ လောင်းချခံရပြီး မသိမသန့် ခံစားနေကြသူတွေ၊ မီးလျှံတောက်နေတဲ့ မြေပြင်မှာ တွားသွားနေရပြီး နောက်ကနေ ငရဲသားတွေက လိုက်ရိုက်တာ ခံနေရသူတွေ မြားလုံတွေနဲ့ ငရဲသားတွေက ဝိုင်းဝန်းပစ်ခတ် ထိုးနှက်တာခံနေရသူတွေ စတဲ့ ငရဲမျိုးစုံကို မောင်ထွန်းစ တွေ့ရတယ်။ ငါလည်း ဒါမျိုးခံရမှာပါလား ဆိုပြီး ကြောက်လည်း အရမ်းကို ကြောက်နေမိတယ်တဲ့"

"လူဝကြီးနှစ်ယောက်က အဲဒီငရဲတွေကို ပြပြီး မောင်ထွန်းစကို ခေါ်သွားတာ အခန်းကြီးတစ်ခန်းထဲကို ရောက်သွားတယ်။ အခန်းထဲက ရွှေလိုလို ခုံမြင့်တစ်ခုပေါ်မှာ အရောင်ဝါတောက်နေတဲ့ သူတစ်ဦးရှိတယ်။ ရွှေအတက် အဆောင်အယောင်တွေ ဝတ်ဆင်ထားတယ်။ သူ့ဟာ လက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ မှရိုက်လို့ အရာကြီးတစ်ခုကို ကိုင်ပြီး သူ့ရှေ့မှာ ရှိနေတဲ့ ယောကျ်ား မိန်းမ ကလေးတွေကို အမိန့်ချနေတယ်။ အမိန့်ချပြီးသူတွေကို ရဲသားတွေက ဆွဲခေါ်သွားကြတယ်။ လူကြီးနှစ်ဦးက မောင်ထွန်းဝေကို အဲဒီရှေ့မှာ ဒူးထောက် ထိုင်ခိုင်းလိုက်တယ်။ 'မောင်ထွန်းဝေ ပါလာပြီ'လို့ ပလ္လင်ပေါ်က သူ့ကို လူကြီးတွေက ရှိရှိသေသေ ပြောလိုက်တယ်။ ပလ္လင်ပေါ်က သူက 'သူ့မှာ အပြစ်တွေ အများကြီးပဲ ဆီပူအိုးထဲကို ပစ်ချလိုက်'လို့ အမိန့်ပေးတယ်။ မောင်ထွန်းဝေမှာ ကြောက်လိုက်တာ တစ်ကိုယ်လုံး တုန်နေတာပဲ"

"လူကြီးနှစ်ယောက်က မောင်ထွန်းဝေကို အခန်းထဲကနေ ခပ်ကြမ်းကြမ်း ပြန်ပြီး ဆွဲခေါ်သွားကြတယ်။ မကြာခင်မှာပဲ ဆီပူအိုးကြီးဆီ ရောက်လာတယ်။ ဆီပူတွေဟာ အငွေ့တွေ တလူလူနဲ့ ကြီးလိုက်တဲ့ အိုးကြီးဆိုတာ ဟိုဘက်ကိုတောင် မမြင်ရဘူး။ အဲဒီအိုးထဲမှာ ရဲခံနေရသူ-- ဟာ ဆီပူတွေထဲမှာ မြုပ်သွားလိုက်၊ ပြန်ပေါ်လာလိုက်နဲ့ အော်ဟစ်နေပေမယ့် အသံမထွက်ဘူး။ ဆီပူအိုးထဲမှာ မြုပ်ရာက ပြန်ပေါ်လာရင် ရဲသားတွေက တုတ်ကြီးတွေနဲ့ ရိုက်ပြီး ပြန်ထိုးချကြတယ်။ လူကြီးနှစ်ယောက်က မောင်ထွန်းဝေကို လက်နှစ်ဖက်က ကိုင်ပြီး ဆီပူအိုးကြီးထဲ ပစ်ချလိုက်ကြတယ်"

"ဒါပေမယ့် အံ့ဩစရာ ကောင်းလောက်တဲ့ အဖြစ်အပျက်တစ်ခု ဖြစ်လာတယ်။ မောင်ထွန်းဝေဟာ လူကြီးတွေ ပစ်ချလိုက်ပေမယ့် ဆီအိုးကြီးထဲကို မကျဘဲ တစ်ခုခုနဲ့ ခံနေသလို လေထဲမှာ ဝဲနေတယ်။ ဘာခံနေသလဲတော့ မောင်ထွန်းဝေလည်း မသိဘူးတဲ့။ အဲဒါနဲ့ လူကြီးနှစ်ဦးက မောင်ထွန်းဝေကို စောစောက အမိန့်ချတဲ့ အခန်းထဲကို ပြန်ခေါ်ပလ္လင်ပေါ်က သူက မှရိုက်ကို အပြန်ပြန် အလှန်လှန် ပြန်ကြည့်ပြီး 'အင်း ဒီကောင့်မှာ ကံမကုန်သေးဘူးကွ။ သူ့နဂိုကံက ကုန်ပေမယ့် ကောင်းမှုလေးတစ်ခုက လာပြီး အသက်ဆက်ပေးနေတယ်။ သံဃာတော်တွေကို လမ်းခင်းပေးခဲ့တဲ့ ကောင်းမှုလေးက သူ့ကို ကယ်နေတယ်။ ကဲ... နေပါစေဦးကွာ၊ သူ့ကို ပြန်ပို့လိုက်ပါဦး။ မကြာခင် ငါတို့ သူ့ကို ပြန်ခေါ်တာပေါ့။ ဒီကောင်က သူတစ်ပါးသတ်လို့ သေရမယ့် ကောင်ပါ' လို့ ပြောလိုက်တယ်"





"လူကြီးနှစ်ယောက်က မောင်ထွန်းဝေကို ပြန်ခေါ်လာခဲ့ကြတယ်။ မောင်ထွန်းဝေလည်း 'ငါ ကံကောင်းတာပဲဟ' လို့ ဝမ်းသာအားရနဲ့ ရဲမင်းကြီး ပြောတဲ့ ကုသိုလ်ကို ပြန်စဉ်းစားကြည့်တယ်။ အဲဒါက ဒီလိုကွယ့်၊ မောင်ထွန်းဝေနဲ့မယားတို့ မင်္ဂလာဆောင်ပြီးတဲ့အခါ သူ့မိဘတွေက မင်္ဂလာဆွမ်းကပ်ဖို့ ပင့်ထားတဲ့ သံဃာက ငါးပါး။ ဖြစ်ချင်တော့ အဲဒီမနက်မှာ မိုးတွေက ရွာတော့ အိမ်အဝင်လမ်းဟာ ရေတင်ပြီး ဗွက်ထသွားတယ်။ သံဃာတွေကလည်း ကြွလာခါနီးဆိုတော့ မောင်ထွန်းဝေလည်း ကမန်းကတန်းနဲ့ ခဲတွေ သွားရှာပြီး လမ်းခင်းလိုက်တယ်။ ကုသိုလ်ကောင်းမှုရယ်လို့ သိလို့မဟုတ်ဘဲ အလိုချင်တဲ့ မယားကို ပျော်ရွှင်နေတဲ့ စိတ်နဲ့ လုပ်ခဲ့တာပါပဲ။ ဒါပေမယ့် အဲဒီကုသိုလ်လေးက မောင်ထွန်းဝေကို အသက်ဆက်ပေးလိုက်နိုင်တယ်ပေါ့"

"မောင်ထွန်းဝေ အိမ်ကို ပြန်ရောက်လာတော့ သူ့ကို အသုဘချမယ့် [illegible] ရောက်နေပြီ၊ လူကြီးနှစ်ဦးက 'မင်းကိုယ်ထဲ ပြန်ဝင်'လို့ ပြောပြီး သူ့ [illegible] တွန်းပစ်လိုက်တော့ သူ့အလောင်းကောင်ကြီးပေါ် လဲကျပြီး သူလည်း [illegible]ခဲ့ သတိပြန်ရလာတာပဲ ဖြစ်တယ်။ တကယ်တော့ မောင်ထွန်းဝေဟာ [illegible]က ပြန်လာတာ။ ဒီလိုနဲ့ အသက်ပြန်ရှင်လာတဲ့ မောင်ထွန်းဝေဟာ [illegible] တွေ့ကြုံခဲ့ရတဲ့ အတွေ့အကြုံတွေကြောင့် သူ လုပ်ခဲ့တဲ့ မကောင်းမှုတွေ [illegible] အလွန်ပဲ ကြောက်ရွံ့နေခဲ့တယ်။ သူ တကယ်သာ သေဆုံးသွားရင် [illegible]ပြည်ကို ရောက်ရလိမ့်မယ်၊ ရဲခံရလိမ့်မယ်၊ ရဲခံရပုံတွေကို သူတွေ့ပြီး [illegible] ဒါကြောင့် သူလန့်ပြီး အရက်သောက်၊ ဖဲရိုက်၊ ကြက်တိုက် အလုပ် [illegible]ပြီး ကုသိုလ်ကောင်းမှု တတ်နိုင်သမျှ လုပ်ဖို့ ဆုံးဖြတ်လိုက်တယ်။ [illegible]ဖြတ်ချက်နဲ့ ဘုန်းကြီးဆီ ရောက်လာပြီး တရားအားထုတ်နေတာပါပဲ [illegible]"

ဆရာတော်က ယောဂီကိုထွန်းဝေ၏ ဘဝဇာတ်လမ်းနှင့် သေရွာပြန် [illegible]ကို အဆုံးသတ်လိုက်သည်။ ခေါင်းတညိတ်ညိတ်ဖြင့် စိတ်ဝင် [illegible] နားထောင်နေခဲ့ကြသော ကျွန်တော်တို့လည်း ဆရာတော်၏ စကား [illegible]ကြောင့် အတွေးကိုယ်စီဖြင့် ငြိမ်သက်နေမိကြ၏။

"သတိတရားရစရာ ကောင်းလှပါတယ် ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



အတန်ငယ်ကြာမှ ဦးကြီးရွှေလှက လျှောက်တင်လိုက်သည်။

ထိုအခိုက်မှာပင် ဘုန်းတော်ကြီး ကျောင်းဝင်းထဲကို လှည်းတစ်စီး မောင်းဝင်လာသည်။ ကျွန်တော်တို့က ကျောင်းပေါ်မှနေ၍ လှည်းကို လှမ်းကြည့်မိကြ၏။ လှည်းမောင်းလာသူမှာ နသန်ပင် ဖြစ်၏။

လှည်းကို ရပ်ပြီးပြီးချင်း နွားများကိုပင် မဖြုတ်ဘဲ နသန်သည် လှည်းပေါ်မှ ခုန်ချကာ ကျောင်းပေါ်သို့ ပြေးတက်လာသည်။

"ဘုန်းဘုရား ဘုန်းဘုရား"

အမောတကော ရောက်လာသော နသန်၏ မျက်နှာမှာ ချွေးတို့ဖြင့် နစ်နေသည်။ ကျွန်တော်တို့အားလုံး၏ အာရုံမှာ နသန်ထံ၌ စုပြုကျရောက်နေကြ၏။

"ဘာများလဲ ဒကာ"

ဆရာတော်ရှေ့တွင် နသန် ဒူးတုပ် ထိုင်ချလိုက်ရင်း ကျွန်တော်တို့အားလည်း မျက်လုံးဝေ့ကြည့်ပြီး

"ကိုသောန စောစောကပဲ ဆုံးသွားပါ ဘုရား။ မနက်က ကိုသောန ဟာ အကောင်းကြီးပါပဲတဲ့။ ရွာထဲမှာတောင် ကြက်တိုက်ဖို့ အဖော်လိုက်စပ် နေသေးတယ်တဲ့၊ အဲဒါ အိမ်ပြန်လာပြီး သူ့တိုက်ကြက်ကြီးကို အစာကျွေးခံ တုန်း မူးတယ်၊ မူးတယ်ဆိုပြီး လဲကျသွားတာ အသက်ပါ ပါသွားတာပါပဲတဲ့။ ရွာမှာတော့ ကိုသောနအတွက် ဝိုင်းကြ ဝန်းကြပြီး လုပ်ကိုင်နေကြပါတယ် ဘုရား" ဟု လျှောက်တင်လေသည်။

ကျွန်တော် အလွန်အံ့သြတုန်လှုပ် သွားသည်။ တိုက်ဆိုင်လိုက်တာ ကျွန်တော်တွေကြုံခဲ့ရသည်နှင့် ကိုသောန၏ အဖြစ်က မယုံနိုင်စရာ။

"အင်း ... အနိစ္စ အနိစ္စ အနိစ္စ တရားနဲ့ ဖြေကြပါ၊ သတိတရား ကို မမေ့မလျော့ မပေါ့ကြပါနဲ့"

ဆရာတော်ထံမှ သံဝေဂ စကားသံ ထွက်လာသည်။ ဦးကြီးရွှေလှ တို့ စိန်မောင်နဲ့ တစ်ယောက်ကိုတစ်ယောက် တအံ့တသြ မျက်လုံးများဖြင့် ကြည့်နေကြသလို ရှားကလည်း ကျွန်တော့်ကို မှတ်ခနဲ လှမ်းကြည့်သည်။ ရှားအကြည့်မှာ အဓိပ္ပာယ်များ စွာပါသည်။ ထူးခြားဆန်းကြယ်သော စလာက



၏ လျှို့ဝှက်နက်နဲမှုများနှင့် ဓမ္မတာ၏ သဘောများကို ဆင်ခြင်မိသော အရိပ်အ ယောင်များသာမက ကံကောင်းခဲ့သော ကျွန်တော့်အတွက် ပြေသိမ့်နေရဟန် များ။

"ကဲ ... ရွာပြန်ကြရအောင်၊ မောင်သော် ကို အနားပေးဦးမယ်"

ဦးကြီး ရွှေလှက ကျွန်တော်တို့ဘက်သို့ လှည့်ပြောပြီး ဆရာတော် ကို ဦးညွှတ်ကာ "တပည့်တော်တို့ကို ခွင့်ပြုပါဦးဘုရား" ဟု လျှောက်တင်လိုက် သည်။

"ကောင်းပြီ ဒကာ၊ ပြန်ကြပေတော့"

ဆရာတော်က ခွင့်ပြုသည်နှင့် ကျွန်တော်တို့အားလုံး ဆရာတော် အား ရှိခိုးဝတ်ပြုလိုက်ကြသည်။ ကျောင်းပေါ်မှ ဆင်းသောအခါ ရှားက ကျွန်တော့်လက်ကို လာတွဲသည်။

"ကိုကိုရယ်၊ အဖြစ်တွေက ဆန်းကြယ်လိုက်တာနော်"

ခုထိ ရှားအသံတွေ အဖျားခတ် တုန်ယင်နေဆဲ။ ရှား မျက်လုံးတွေ ထဲမှာ မျက်ရည်ကြည်တွေ ဝေ့ဝဲနေဆဲပါတကား။

www.burmeseclassic.com

www.burmeseclassic.com



(၄)

ဆန်းလဲက ကျေးကျေးကလေးသာ ရှိနေသည်၊ ပြည့်ပြည့်ဝန်းဝန်း မသာနိုင်ရှာသေး။ ကြီးမားလှသော သရက်ပင်ကြီးများ၊ ခရေပင်များ၊ ဘုန်းပင်များဖြင့် အုပ်ဆိုင်းနေသော ဘုန်းကြီးကျောင်းကြီးမှာ လရောင်မှုန်မှုန် အောက်တွင် ငြိမ်သက်နေ၏။ ပတ်ဝန်းကျင်မှ ကားသံ၊ လူသံများလည်း ဆိတ်ငြိမ်ခဲ့ပြီ ဖြစ်သည်။ ရံဖန်ရံခါ ခွေးဟောင်သံ တစ်ချက်တစ်ချက်က ပေါ်ထွက်လာသည်။

"ဒေါင် ဒေါင်"

လမ်းထိပ်ကင်းတဲမှ သံချောင်းခေါက်သံက ဆယ့်နှစ်ချက်။ သန်းခေါင်ယံ ရောက်ခဲ့ပါပကော။

ဘုန်းတော်ကြီးကျောင်းမှာ ဘုရားနှင့် နီးသည်။ ဘူတာနှင့် ဝေးသည်။ လူနေရပ်ကွက်နှင့် လှမ်းသည်။ ကျောင်းဝန်းကလည်း ကျယ်သည်။ နှစ်ထပ်ကျောင်းဆောင်၏ အပေါ်ထပ်မှာ ဆရာတော် ကျိန်းသည်။ အောက်ထပ်မှာ ဦးဇင်းများ၊ ကိုရင်များ ကျိန်းသည်။ ညဉ့်လယ်ပင် ကျော်ခဲ့ပြီမို့ တစ်ကျောင်းလုံး အိပ်မောကျနေသည်။





သို့သော်

နှစ်ထပ်ကျောင်းကြီး၏ နောက်တွင် သီးခြားတည်ရှိနေသော မီးဖိုဆောင်နှင့် ကပ်လျက် ဝတိုခန်းသဖွယ် အခန်းကျဉ်းကလေးနှင့် မီးရောင်ကလေး ရှိနေသေးသည်။ ဖယောင်းတိုင်မီးကလေးသာ ဖြစ်သည်။

အခန်းထောင့်ရှိ ဖျာပေါ်တွင် လူတစ်ယောက် အိပ်နေသည်။ ဝင်စ အိပ်နေခြင်း မဟုတ်ပါ။ လှဲနေခြင်းသာ ဖြစ်သည်။ အိပ်မပျော်သေးပါ။ အိပ်မပျော်နိုင်သေးခြင်း၊ ဖြစ်ကောင်း၊ ဖြစ်နိုင်ပါသည်။

ထိုသူသည် အသက်သုံးဆယ်ကျော်ကျော်ပဲ ရှိပါဦးမည်။ ရုပ်ရည်ကြမ်းတမ်းသော ယောကျာ်းတာရှိသည်။ အရပ်အမောင်း၊ ကောင်းကောင်း။ ဗလ ကောင်းကောင်း ဖြစ်၏။ နှုတ်ခမ်းမွေးကျိုးတို့ ကျဲတဲ၊ မုတ်ဆိတ်မွေး၊ ဝလယ်မှုန် နှင့်ဖြစ်သည်။ ဝတ်ဆင်ထားသည်မှာလည်း နွမ်းနွမ်းပတ်ပတ် စုတ်စုတ်ပြတ်ပြတ် ဖြစ်သည်။

သူသည် နဖူးပေါ်လက်တင်၍ မျက်လုံးများက ခေါင်းမိုးဆီမှာ ရောက်နေသည်။ တစ်စုံတစ်ခုကို တွေးနေပုံရှိသည်။ သူ့ဘေးမှာ စောင်ပိုင်းစလေးတစ်ခု၊ ခေါင်းအုံးနှင့် ယှဉ်လျက်မှာတော့ အိတ်တစ်လုံး ရှိသည်။ အိတ်က ဟောင်းနွမ်းနေသလို အထဲတွင်လည်း တန်ဖိုးရှိသည့်ပစ္စည်းများ ရှိတန် မဟုတ်ပါ။ ဖော်ကာ ဖွင့်လျက်သား သော့လည်း မရှိ။

အခန်းက ကျဉ်းရုံမက ရှုပ်ထွေးပွယောင်းနေသည်။ ဘုန်းကြီးကျောင်းမှ အမိုးတန်နေသော ပစ္စည်းဟောင်းများနှင့် ထင်းများ ထားသိုရာ အခန်းငယ်သာ ဖြစ်သည်။ ကြွပ်နီးများ၊ အမှိုက်များ၊ ပိုးမျှင်များဖြင့် အခန်းကို ညှည်းထားသည်။ အောက်သိုး သိုးနံ့က အခန်းတွင်းမှ လှိုင်နေ၏။

ထိုအချိန်တွင် မည်းမည်း သဏ္ဌာန်တစ်ခုသည် ကျောင်းဝင်း သရက်ပင်များ အောက်မှောင်ရိပ်မကျရာဆီမှ အိပ်မပျော် သေးသူရှိရာ အခန်းငယ်ဆီသို့ တဖြည်းဖြည်း ချဉ်းကပ်လာနေသည်။ ထိုသဏ္ဌာန်မှာ အရပ်အမောင်း ကောင်းသော ယောကျာ်းတစ်ယောက်၊ ကုတ်အကျႌမည်းမည်းကြီးကို ဝတ်ထားသည်။ ခေါင်းတွင်ရှိသည်မှာလည်း မှောင်ထဲ၌ မည်းနေသည်။ မူလ ဆံပင်က နက်ပြာလား၊ အပြာလား၊ အညိုလား မသိ။ ခေါင်းမှာ ဦးထုပ်



www.burmeseclassic.com

www.burmeseclassic.com



တစ်လုံး ဆောင်းထားသည်။ တောဆောင်းဦးထုပ် ဖြစ်ပုံရ၏။ ခပ်ငိုက်ငိုက် ဆောင်းထားခြင်းဖြစ်၍ လအရောင်က သူ၏ မျက်နှာပေါ်သို့ မကျ။ မျက်နှာပေါ်မှာ အရိပ်ကျနေသဖြင့် သူ့ကို သဲသဲကွဲကွဲ မမြင်နိုင်။

ထိုသူ၏ ခြေလှမ်းများက တစ်လှမ်းချင်း လှမ်းလာခြင်းဖြစ်၍ တိတ်ဆိတ်ငြိမ်သက်နေသော ညပင်ဖြစ်သော်လည်း ခြေသံ မထွက်။ သစ်ရွက်ခြောက်များကို ရံခါ နင်းမိသည့်တိုင် ခြေသံဟူ၍ မသိသာလောက်အောင် သူက သတိထားလျှောက်လာခြင်း ဖြစ်သည်။

အခန်းငယ်ကလေး ရှေ့သို့ ရောက်လျှင် ထိုမည်းမည်းသဏ္ဍာန်နှင့် လူက အသာရပ်လိုက်သည်။ အခန်းတွင်းကို အကဲခတ် နားစွင့်နေပုံမျိုး ဖြစ်သည်။ တစ်ခဏမျှ ကြာသည်။ သူ နှုတ်ခမ်းများဆီမှ ရဲခနဲ တစ်ချက် မြင်လိုက်ရ၏။ ဆေးလိပ်ဖွာလိုက်ခြင်း ဖြစ်ပေလိမ့်မည်။ ပြီး ဆေးလိပ်ကို မြေပြင်တွင် ပစ်ချလိုက်သည်။

အခန်းငယ်၏ တံခါးကို ထိုသူက တွန်းဖွင့်လိုက်သည်။ တံခါးက ကျွီခနဲ အလွယ်တကူ ပွင့်သွားသည်။ မူလကပင် တံခါးကို သော့ခတ်ထားပုံ၊ ချက်ချထားပုံ မရ။ ထို့ကြောင့် အလွယ်တကူ ပွင့်သွားခြင်း ဖြစ်နိုင်၏။

တံခါးပွင့်သွားသဖြင့် အိပ်ရာတွင် လှဲနေသူ ငေါက်ခနဲ ထထိုင်သည်။ ထိုအချိန်တွင် အပြင်မှ လူက တံခါးပေါက်မှ အတွင်းသို့ ဝင်လာပြီး ဖြစ်သည်။ သူ၏ ညာလက်တွင် ဓားမြှောင်တစ်ချောင်း ကိုင်လျက် သား။ ဓားအသွားက ဖယောင်းတိုင်မီးရောင်ဖြင့် လက်ခနဲ ဖြစ်သွားသည်။

"မင်း ဘယ်သူလဲ ဘာလာလုပ်တာလဲ"

အိပ်ရာပေါ်မှ လူ၏ အမေး။ သူ၏ အမေးမှာ အံ့ဩဟန်ပါသည်။ လန့်ဖျတ် သွားဟန်ပါသည်။

အပြင်မှ ဝင်လာသူ ညစည်းသည်က ရယ်လိုက်သည်။ ရယ်သံမှာ ခပ်တိုးတိုး ဖြစ်၏။

"မင်းကွာ ငါ့ကိုတောင် မမှတ်မိဘူးလား"

အသံကြောင့်ပဲလား၊ မျက်နှာကို အသေအချာ ကြည့်လိုက်မိ၍ပဲ လား မသိ။ အိပ်ရာပေါ်မှ လူသည် မှတ်မိသွားပုံရ၏။ အပြင်မှ ဝင်လာသူကို





သိသွားပုံရ၏။ မှတ်မိသိရှိသွားသည်နှင့် သူ့မျက်လုံးတွေ ပြူးကျယ်သွားကာ နှုတ်ခမ်းတွေ ဟသွားသည်။

"ဟင် မင်း၊ မင်း"

အံ့ဩတကြီး ရေရွတ်လိုက်သံ။

တစ်ပြိုင်တည်း လိုလိုမှာပင် သူသည် အိပ်ရာထဲမှ လူးလဲထလိုက်သည်။ သူ ဖြုန်းခနဲ ထလိုက်သည်ကို ရန်ပြုမည်ဟု ယူဆလေ၊ မသိ။ ဓားကိုင်ထားသော ညစည်းသည်က အလျှင်ဦးစွာ လှုပ်ရှားလိုက်သည်။ ရှေ့ကို ခြေတစ်လှမ်း တိုးသွားသည်။ ဓားရောင် လက်ခနဲ ဖြစ်သွားသည်။ [illegible]ထက်အပေါ်သို့ မြှောက်သွားသည်။ ထို့နောက် သူ၏လက်မှ ဓားက အိပ်ရာမှ ထလာသူ၏ ဝမ်းဗိုက်ဆီသို့ ဝင်သွားသည်။ တစ်ချက်။

"အင့်"

အော်ညည်းသံနှင့် ဓားစိုက်ဝင်သွားရာ ဗိုက်ကို လက်နှင့် ဖိလိုက် [illegible]မှာပင် ဓားသမားက ဓားကို ပြန်ဆွဲနှုတ်ကာ နောက်တစ်ချက် ထပ်မံ [illegible]စိုက်ချလိုက်ပြန်သည်။

"အီး" ဟူသော မချိမဆန့်သံနှင့်အတူ အိပ်ရာမှ ထလာသူသည် [illegible]ကျသွားသည်။ ထို့နောက် ကြမ်းပြင်ပေါ်သို့ လဲကျကာ ဓားနှင့် ထိုး[illegible]ကို မျက်လုံးကြီးပြူး ကြည့်နေရင်းမှ ငြိမ်သွားသည်။

ဓားသမားက လဲကျငြိမ်သက်သွားသူ ၏ ရင်မှာ စိုက်ဝင်နေသော [illegible]ဓား ပြန်ဆွဲနှုတ်ယူလိုက်သည်။ ဓားတွင် ပေနေသော သွေးများကို [illegible]သေဆုံးသွားသူ၏ အင်္ကျီနှင့် ပွတ်သုတ်ပြီး သူ၏ ဓားကို ကုတ်အင်္ကျီအိတ် [illegible]ထဲသို့ ပြန်ထည့်သည်။

လဲကျ သေဆုံးသွားသူ၏ ဗိုက်နှင့် ရင်မှ သွေးများ စီးကျလာရာ [illegible]ပိုင်း တစ်ခုလုံးလိုလို ရွှဲရွှဲစိုသွားသည်။ ရဲရဲနီသွားသည်။

ဓားသမားသည် သေဆုံးသူကို အတန်ကြာ ငုံ့ကြည့်နေပြီးနောက် [illegible]တ်မှ ထွက်လာသော သွေးများကို သူ၏ ညာဘက်လက်ညှိုးဖြင့် တို့ယူလိုက် [illegible]ည်။ ထို့နောက် အနီးရှိ နံရံတွင် လက်ညှိုးဖြင့် တစ်စုံတစ်ခုကို ရေးလိုက် [illegible]



www.burmeseclassic.com

မည်းညစ်ညစ် ထုံးသုတ်ထားသော နံရံတွင် သွေးဖြင့် စာလုံးတစ်လုံး ပေါ်လာသည်။ စာလုံးမှာ အောက်ပါအတိုင်း ဖြစ်သည်။

မြို

ဓားသမားသည် အထက်ပါ စာလုံးကို ရေးရာ၌ လက်ညှိုးမှ သွေးများ မလုံလောက်တဲ့ ပြတ်ပြတ်သွားသဖြင့် သေဆုံးသူ၏ ရင်မှ သွေးတို့ကို ထပ်မံ၍ နှစ်ကြိမ်တို့ယူပြီး ရေးခြင်း ဖြစ်သည်။ ထို့ကြောင့် စာလုံးလေးမှာ ပုံနှိပ်စာလုံးလို ပီသမှု မရှိ၊ ပီသည့် နေရာရှိ၍ မပီသည့် နေရာတွင် မပီ။

ဓားသမားသည် သူ ရေးပြီးသွားသော စာကို ကျေနပ်စွာ ကြည့်နေရာမှ ဓားချက်ရာဖြင့် လဲကျသေဆုံးသွားသူကို တံတွေးဖြင့် ထွီခနဲ တစ်ချက်ထွေးကာ နေရာမှာ ချာခနဲ လှည့်ထွက်သွားသည်။

တံခါးဝမှာ ထွက်ပြီးလျှင် တံခါးကို အသာအယာ ပြန်၍ တွန်းပိတ်သွားသည်။ ပြီးနောက် အလာတုန်းကလိုပင် မှောင်ရိပ်ကျနေသော သစ်ပင်များ အောက်ဆီသို့ ခပ်အေးအေး ပြန်လည်ထွက်ခွာသွားသည်။

အဖြစ်အပျက်တစ်ခုလုံးမှာ လျှင်မြန်စွာ ဖြစ်ပျက်ပြီးစီးသွားခဲ့လေပြီ။ စုစုပေါင်း အချိန် ဆယ့်ငါးမိနစ်ခန့်မျှပင် ကြာပါလိမ့်မည်။ ယင်းအဖြစ်အပျက်ကို မည်သူမျှ မမြင်လိုက်၊ မသိလိုက်။

သို့သော်

ဦးထုပ်ဆောင်းထားပြီး ကုတ်အင်္ကျီ မည်းမည်းကို ဝတ်ဆင်ထားသည့် ဓားသမား ဘုန်းကြီးကျောင်းဝင်းမှ အထွက်တွင် နောက်ကျောမှ အလုပ်သိမ်း၍ ပြန်လာသော ဈေးသည်တစ်ဦးက လှမ်း၍မြင်လိုက်သည်။ မသင်္ကာ၍ သူက အသေအချာ စောင့်၍ ကြည့်နေလိုက်ခြင်း ဖြစ်သည်။ ဒါကို ဓားသမား သတိမမူမိ။

[၇]

''တရားခံ အကျိုးဆောင်ကြီးက ဘာမေးချင်ပါသေးသလဲ''

ထိုင်ခုံတွင် ဣန္ဒြေရရစွာ ထိုင်နေသော ရှားသည် မတ်တတ်ရပ်လိုက်ပြီး တရားသူကြီးအား အရိုအသေ ပေးလိုက်သည်။ ထို့နောက် သက်သေထိုင်သော ခုံရှိရာသို့ ညင်သာစွာ ချဉ်းကပ်လာသည်။ သက်သေမှာ လူလတ်ပိုင်း လူရွယ်တစ်ဦး ဖြစ်သည်။

''ကိုမောင်မောင်လတ်က တရားခံလို့ စွဲချက်တင်ခံရသူ ဦးမြင့်သူက သူ မနီလာကို ဓားနဲ့ ထိုးတာကို မျက်စိနဲ့ မြင်ခဲ့ရတယ်လို့ ဆိုတယ်နော်''

''ဟုတ်ပါတယ်''

''အဲဒီအချိန်ဟာ ညနေ ခြောက်နာရီ ထိုးပြီးလို့ ဆယ်မိနစ်လောက်သည်၊ ထွက်ဆိုခဲ့တယ်နော်''

''ဟုတ်ပါတယ်''

''ဒီရာသီအနေနဲ့ ညနေ ခြောက်နာရီ ထိုးပြီးလို့ ဆယ်မိနစ်ဆိုတာ ကာလေး မှောင်နေပြီဆိုရင် လက်ခံမယ် မဟုတ်လား''

''လက်ခံပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



"ကိုမောင်မောင်လတ် ရပ်နေတဲ့ နေရာနဲ့ အချင်းဖြစ်တဲ့နေရာက ပေသုံးဆယ်ကျော်ကျော် ကွာတယ်ဆိုတော့ မျက်မှန် တပ်ထားရတဲ့ ကိုမောင်မောင်လတ်အနေနဲ့ တနဲ့တိုးသူဟာ ဦးမြင့်သူပါလို့ ဘယ်လို ပြောနိုင်ပါသလဲ"

"ဒါက ဒီလိုပါ၊ တနဲ့ မနီလာကို ထိုးပြီး လှည့်လိုက်တဲ့အခါ ကျွန်တော်နဲ့ မျက်နှာချင်းဆိုင် ဖြစ်သွားလို့ပါ"

"ပြန်စဉ်းစားပါဦးရှင်၊ ကိုမောင်မောင်လတ်က အချင်းဖြစ်နေရာရဲ့ အရှေ့ဘက်မှာ ရပ်နေတာပါ။ အဲဒီအချိန်မှာ မှောင်စပြုနေပြီး ကျန်နေသေးတဲ့ အလင်းရောင်ကလေးက အနောက်ဘက်က လာနေတာဆိုတော့ ကိုမောင်မောင်လတ်ဘက်ကို လှည့်လိုက်တဲ့သူရဲ့ မျက်နှာဟာ အမှောင် ဖြစ်နေမှာမို့ ဦးမြင့်သူပါလို့ အတိအကျ မပြောနိုင်ဘူးလို့ဆိုရင် ကိုမောင်မောင်လတ် ဘာပြောမလဲ"

"ဦးမြင့်သူကို အရင်က မြင်ဖူးတွေ့ဖူးနေလို့ ဦးမြင့်သူ အရပ်အမောင်း ပုံပန်းသဏ္ဌာန်ကို ကျွန်တော် မှတ်မိနေတာပါ"

"အရင်က မြင်ဖူးတွေ့ဖူးလို့ ဦးမြင့်သူရဲ့ အရပ်အမောင်း၊ ပုံပန်းသဏ္ဌာန်နဲ့ တူတယ်ဆိုပြီး ဦးမြင့်သူလို့ ဆိုတာပေါ့နော်။ အလင်းရောင်ကို ကျောပေးထားတဲ့ သူတစ်ယောက်ရဲ့ မျက်နှာဟာ ဘယ်သူဘယ်ဝါဆိုတာ အဲဒီအချိန်မှာ အသေအချာ မပြောနိုင်တာမို့ ကိုမောင်မောင်လတ်ဟာ မျက်နှာကို မြင်လို့ ဦးမြင့်သူပါပဲဆိုပြီး ထွက်ဆိုတာ မဟုတ်ဘဲ အရင်က တွေ့ဖူးမြင်ဖူးတဲ့ အသိနဲ့ ခန့်မှန်းထွက်ဆိုတာပေါ့နော်"

"ဒါက"

"ကျွန်မ ဆက်မေးစရာ မရှိတော့ပါဘူး ဒီလောက်ပါပဲ"

သက်သေ လူရွယ် သက်သေခုံမှ ထသွားသည်။ ရှားက သူမ၏ နေရာမှာ ပြန်ထိုင်သည်။ တရားသူကြီးက နောက်တစ်ပတ်သို့ ရုံးချိန်းပေးပြီး ရုံးတော်ကို ရွှေ့ဆိုင်းလိုက်သည်။

ကျွန်တော်သည် တရားခွင် အပြင်မှနေ၍ ရှားကို စောင့်နေခြင်း ဖြစ်ရာ တရားခွင်ပြီးဆုံး၍ အထဲမှ ထွက်လာသော ရှားကို လက်ပြ၍ ဆီးကြိုလိုက်သည်။





"ကိုကို ဘယ်တုန်းက ရောက်နေလဲ"

ရှားက အပြုံးတစ်ပွင့်နှင့် ခွန်းဆက်သည်။

"စောစောကလေးတင်ပဲ၊ ဟိုသက်သေကို ရှား မေးနေတုန်းက"

"ကဲ . . . လာ၊ ရှား တို့ တစ်ခုခု သောက်ရအောင်"

ရှားနှင့် ကျွန်တော် လက်ဖက်ရည်ဆိုင်ဘက်သို့ ထွက်လာခဲ့ကြသည်။ လက်ဖက်ရည်ဆိုင်တွင် နေရာယူကြပြီး လက်ဖက်ရည်နှင့် မုန့်များ မှာသည်။ ရှားက သူမ အနက်ရောင်အပေါ်အင်္ကျီကို ချွတ်၍ ခေါက်ရင်း—

"ကိုကိုရော ကိုထွန်းကို တရားအားထုတ်ဖို့ ဆုံးဖြတ်ပြီးသွားပြီလား" ဟု မေးသည်။ မေးဟန်မှာ ပြုံးတုံ့တုံ့ဖြစ်၍ မေးသံမှာ ရယ်သံအနည်းငယ်နှောနေသည်။

"ရှားက ကိုကိုကို ဘုန်းကြီးဝတ်စေချင်လို့လား"

ကျွန်တော်က မေးခွန်းတစ်ခု ပြန်ထုတ်လိုက်သည်။ မျက်ခုံးကလေး ပင့်၍ မျက်လုံးဝိုင်းကလေးဖြင့် ရှား ကြည့်သည်။

"ကိုကိုစိတ်နဲ့ ကိုကိုခန္ဓာပဲလေ၊ ရှား ပြောလို့ ဖြစ်မလား"

"ရှားက ဝတ်စေချင်ရင်တော့ ကိုကို ဝတ်မယ်၊ ရှားက မဝတ်ပါနဲ့ ကိုကိုရယ် ဆိုရင်တော့ မဝတ်ဘူးပေါ့"

"အဲဒါကတော့ ကိုကို တရားခံရှာတာပဲ"

ကျွန်တော် ဟက်ခနဲ ရယ်လိုက်ပြီး —

"မြို့သာက ပြန်လာပြီးကတည်းက ကိုကို အရင်ကထက်ပိုပြီး စာရေးဆိုင် ပတ်းစိပ်လုပ်ပါတယ်၊ ကြောက်စရာတွေ ပိုကြောက်ပြီး လုပ်သင့်တာတွေ ပိုလုပ်လာမိပေမယ့် ရင်ထဲက သံယောဇဉ်ကြိုးကတော့ ဖြည်လို့ မပြီးသေးဘူး၊ ဒီတော့ ဘုန်းကြီးဝတ်ဖို့ လောလောဆယ်မှာ စိတ်ကူး မရှိသေးဘူး။ ဒီတို တောထွက်ရင် ရှားဟာ ရေမှုရေချမ်း ကမ်းပြီး လုပ်ကျွေးပြုစုဖို့ အသင့်ပါတည်း လိုက်ခဲ့မယ်ဆိုရင်တော့ တစ်မျိုးပေါ့"

ရှားသည်လည်း သဘောကျစွာ ရယ်လေသည်။

"ကိုကိုလူလည်၊ ကိုယ့်ဘာသာတရား မဖက်နိုင်သေးဘူးဆိုတာ အခံဘဲနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကလည်း အားကျမခံ ပြန်၍ချေပသည်။

"မယားမှ မဖက်ရသေးတာကို၊ ရှားရယ်"

ရှား အရယ်ဆက်သွားပြီး ကျွန်တော့် ပခုံးကို လှမ်းထုသည်။ "သေရွာက ပြန်လာတာတောင် ဓေနာကို ကြွေကြာလို့ မပြီးသေးဘူး" ဟုလည်း ခပ်တိုးတိုး ပြောသည်။

စားပွဲထိုးလေးက လက်ဖက်ရည်နှင့် မုန့်များလာချသည်။ ရှားရှေ့သို့ လက်ဖက်ရည်ပန်းကန်ကို ထိုးပေးရင်း "ရှား ထမင်းရော စားပြီးပြီလား" ဟု မေးလိုက်ရာ၏။ "စားပြီးပြီ ကိုကို၊ ဒီရုံကို မလာခင်ကလေး စားလာတာ" ဟု ရှားက ပြန်ဖြေသည်။

"ခု လိုက်နေတဲ့ အမှုက လူသတ်မှုပဲလား"

"ဟုတ်တယ်"

"စောစောက သက်သေကို ရှား မေးလိုက်တဲ့ မေးခွန်းကို ကိုကို သဘောကျတယ်။ မောင်စပျိုးချိန် အလင်းရောင်ကို ကျောပေးထားတဲ့ လူရဲ့ မျက်နှာကို မည်းမည်းပဲ မြင်ရမှာပေါ့။ အသေအချာ ဘယ်ပြောနိုင်မလဲ"

"ရှားလည်း အဲဒါကို 'ထောက်' ထားတာပဲ။ နောက်ပိုင်း လျှောက်လဲတဲ့အခါကျရင် ဒီအချက်က အရေးပါလာနိုင်တယ်"

စကားအဆုံးတွင် ရှားက လက်ဖက်ရည် တစ်ငုံသောက်သည်။

"ကိုကိုတို့ ကိုထွန်းစကို မတွေ့ခဲ့ရဘူးနော်။ သူနဲ့တွေ့ခဲ့ရရင် ကောင်းမှာ။ ဆရာတော်ပြောတဲ့ သူ့အကြောင်းက စိတ်ဝင်စားစရာပဲ။ ဝတ္ထု တစ်ပုဒ် ရနိုင်တယ်"

"ကိုထွန်းစအကြောင်း မရေးသေးဘဲ ကိုကိုကိုယ်တွေ့ကို အရင်ရေးပေါ့"

"ရေးမှာပါ၊ ကိုယ်တွေ့လေးကို စိတ်ကူးနဲ့ ဆက်ပြီး ကိုကိုက ကိုထွန်းစလို တောထဲမှာ တရားသွားအားထုတ်၊ ရှားက ကိုကို့ကို မခွဲနိုင်လို့ မထူးဘူးဆိုပြီး သီလရှင်ဝတ်"

"ဟာ ... မမရှား ရှာလိုက်ရတာဗျာ"





ကျွန်တော်တို့ စကားကောင်းနေနိုက်မှာပင် လက်ဖက်ရည်ဆိုင်တွင်းသို့ ဝင်လာသော ဆယ့်သုံးနှစ် ဆယ့်လေးနှစ်ခန့်ရှိမည့် အဝတ်အစား ခပ်နွမ်းနွမ်းနှင့် လူငယ်ကလေးက ကျွန်တော်တို့ စားပွဲရှိရာသို့ တန်းတန်းမတ်မတ် ဝင်လာရင်းပြောလိုက်ခြင်း ဖြစ်သည်။ တစ်ဆက်တည်းမှာပင် ဆိုင်အပြင်သို့ လှည့်ပြီး လက်လှမ်းပြလိုက်ရာ သူနှင့် ရွယ်တူကောင်လေးတစ်ယောက်၏ ဆိုက်ဝင်လာပြန်လေသည်။ ထိုကောင်လေးမှာလည်း ပထမ ကောင်လေး ထိုပင် ရှပ်အင်္ကျီနွမ်းနွမ်းနှင့် ဘောင်းဘီတိုကလေးနှင့်။

"ဟဲ့ ... ဖိုးသက္ကပါလား လာ လာ"

ရှားကလည်း သူတို့ကို တရင်းတနှီး ဖိတ်ခေါ်သည်။

ဖိုးသက္ကဟူသော အမည်ကိုကြားမှ ကျွန်တော် သတိရလိုက်သည်။ ဖိုးသက္ကမှာ ရှား မကြာခဏ ပြောတတ်သော လူငယ်ကလေး ဖြစ်သည်။ ကျောင်းတက်ရင်း တရားရုံးဝန်းကျင်မှာ စေ့ရောင်းသူ လူငယ်လေးဖြစ်သည်။ ရှား အမှုလိုက်နေသည်များကို သဘောကျပြီး သူကြီးလာလျှင် ရှေ့နေလုပ်မည်ဟု ပြောတတ်သူလေး ဖြစ်သည်။ ထို့မှမက ရှားလိုပင် စုံထောက် [illegible]ပါ၌ ရှား သိချင်သော ကိစ္စလေးများကိုလည်း သူက စုံစမ်းပေးတတ်သည်ဟု ဆိုသည်။ ရိုးသား၍ စိတ်ထားကောင်းသော လူငယ်လေး ဖြစ်သည်ဟုလည်း ရှား ပြောဖူး၏။ ရှားက သူ့ကို မောင်လေးတစ်ယောက်လို ချစ် [illegible] ကျောင်းစရိတ်များ ထောက်ပံ့သည်။ အဝတ်အစားလေးများ [illegible]ပေးသည်ကိုလည်း ကျွန်တော် သိထားသည်။

"ကိုကို ရှား ပြောပြောနေတဲ့ ဖိုးသက္ကလေ"

ရှားက ကျွန်တော့်ဘက်လှည့်၍ မိတ်ဆက်ဟန် ပြောသဖြင့် ခေါင်းညိတ်ပြလိုက်ရသည်။

ဖိုးသက္ကနှင့် သူ့သူငယ်ချင်းဖြစ်ဟန် တူသော ကောင်ကလေးတို့ [illegible] ရောက်လာသည်။

"ထိုင်ကြ မင်းတို့ ဘာသောက်မလဲ"

"မသောက်တော့ဘူး မမရှား အရေးကြီးလို့ မမရှားကို လိုက်ရှာနေတာ"

"ပြော ဘာတွေ အရေးကြီးလာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဖိုးသက္ကက ခုံတစ်လုံးတွင် ဝင်ထိုင်ပြီး သူ့သူငယ်ချင်းကိုပါ ဘေးခုံတွင်ထိုင်ရန် ညွှန်ပြလိုက်သည်။ မျက်ခုံး မျက်လုံးကောင်းကောင်း နှာတံပေါ်ပေါ် နှုတ်ခမ်းပါးပါးဖြင့် လှချောကလေး ဖြစ်သော်လည်း ဆင်းရဲနွမ်းပါးမှုကြောင့် ညှိုးညစ်ညစ်ကလေး ဖြစ်နေသော ဖိုးသက္ကအား ကျွန်တော်က အကဲခတ်နေမိသည်။

ဖိုးသက္ကက သွက်လက်ချက်ချာစွာဖြင့် –

“မမရှားက သဘောကောင်းပြီး လူတွေကို ကူညီတတ်တာမို့ ကျွန်တော် ပြေးပြီးလာခဲ့တာပဲ။ ကျွန်တော့် ကိစ္စတော့ မဟုတ်ဘူး။ ကျွန်တော့် သူငယ်ချင်းကိစ္စပါ။ သူ့နာမည်က မောင်မြင့်အောင်ပါ။ ကူညီပါဦး မမရှားရယ်” ဟု အားကိုးတကြီး ပြောလေသည်။

“ပြောလေ မမရှား၊ ဘာကူညီရမလဲ”

မောင်မြင့်အောင်ဆိုသူ ကောင်ကလေးက မဲ့မဲ့ရဲရဲ ရှိနေပြီး မျက်ရည်ကလေး ကလယ်ကလယ်နှင့် ဖြစ်နေသည်။ ဖိုးသက္ကကပင် –

“သူ့အဖေ လူသတ်မှုနဲ့ အဖမ်းခံနေရတယ် မမရှား။ အဲဒါ”

“ဘယ်လို သူ့အဖေ လူသတ်မှုနဲ့ အဖမ်းခံနေရတယ် ဟုတ်လား”

ရှား မျက်ခုံးထူထူကလေး မြင့်တက်သွားပြီး မျက်လုံးဝိုင်းဝိုင်းကလေးဖြင့် ပြန်မေးသည်။ ဖိုးသက္ကက ခေါင်းညိတ်အဖြေပေးလိုက်စဉ်မှာ ဖိုးသက္ကဘေးမှ ကောင်ကလေးဟာ ဟင်းခနဲ ရှိုက်လိုက်သည်။ မျက်လုံးအိမ်မှ ယိုစီးလာသော မျက်ရည်ပေါက်များ ပါးပြင်ပေါ်ကျလာသည်ကို လက်ခုံဖြင့် ပွတ်သုတ်လိုက်သည်။

“ဘယ်လို ဖြစ်ရတာလဲ၊ သူ့အဖေကရော တကယ် လူသတ်လို့လား”

ရှား၏ ထပ်ဆင့်အမေး။

တောက်နေသော လက်ဖက်ရည်ကိုပင် ရှား မေ့သွားသည်။ ဖိုးသက္က ပြောသော ဖိုးသက္က၏ သူငယ်ချင်း မောင်မြင့်အောင်၏ ဖခင် အဖမ်းခံနေရသော ကိစ္စက ရှား အာရုံကို ဖမ်းစားသွားလေ၏။





“ကျွန်တော် မေးကြည့်တော့ ဦးဒေဝက သူ မသတ်ဘူး ပြောတာပဲ မမရှား”

“ဦးဒေဝဆိုတာ မောင်မြင့်အောင် အဖေကို ပြောတာလား”

“ဟုတ်ကဲ့”

“ဦးဒေဝက မသတ်ဘဲ ရဲတွေက ဘာကြောင့် ဖမ်းမှာလဲကွယ်။ အကြောင်းမရှိဘဲတော့ ရဲတွေက အပြစ်မဲ့တဲ့သူတွေကို မဖမ်းပါဘူး”

“အဖေ တကယ် မသတ်တာပါ ခင်ဗျာ”

ငိုနေရင်းမှ မောင်မြင့်အောင် ပထမဆုံး ဝင်ပြောသော စကားဖြစ်သည်။

“မင်းအဖေ မသတ်ဘူးလို့ မင်း ဘာကြောင့် ပြောနိုင်လဲ”

ရှားအမေး။

“အဲဒီလူသတ်မှုဖြစ်တဲ့ ညက အဖေ ဘယ်မှ မသွားဘူး။ အိမ်မှာ ရှိပါတယ်”

“သေချာလား”

“သေချာပါတယ်၊ အဖေ ဖျားနေလို့ ကျွန်တော် လမ်းထိပ်က ဆေးဆိုင်မှာ ဆေးသွားဝယ်တာ ကျွန်တော်နဲ့ လမ်းမှာ တွေ့တယ်။ ကျွန်တော်တောင် သူ့အိမ် လိုက်သွားခဲ့သေးတယ်”

“မင်းတို့က အဲဒါတွေကို ရဲတွေ စစ်တော့ မပြောပြဘူးလား”

“ကျွန်တော်တို့ ပြောတာကိုမှ ရဲတွေက မယုံတာ”

“ကလေးတွေရဲ့ စကားမို့ ထင်တယ်” ဟု ကျွန်တော်က ဝင်၍ ထင်မြင်ချက် ပေးလိုက်သည်။

“မင်းအဖေက ဘာလုပ်လဲ”

“ရုပ်ရှင်ထဲမှာ လူကြမ်းလုပ်ပါတယ်”

“ဪ … အဲဒီ ဦးဒေဝက မင်းအဖေကိုး၊ ဟုတ်ပြီ ဟုတ်ပြီ၊ ဒါတော့ ဒီလိုလုပ်ရအောင် မင်းတို့က မမရှားကို ဒီထက်ပိုပြီး ရှင်းပြနိုင်မှာလည်း မဟုတ်ဘူး။ မင်းတို့ မရှင်းပြနိုင်တော့ မမရှားလည်း အမှုသွား အမှုလာကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ တွေးမရဘူး မမရှား ရဲစခန်းကို သွားမယ်။ ရဲအရာရှိနဲ့ တွေ့ပြီး မေးကြည့်မယ်၊ ပြီးမှ မင်းတို့နဲ့ ပြန် ဆွေးနွေးတာပေါ့''

''ဟုတ်ကဲ့''

''ကဲ ... ကိုကို ရှားနဲ့ အဖော်လိုက်ပေးပါ ဦး''

''သွားမယ်လေ ကြာသလားလို့''

သို့ဖြင့် လက်ဖက်ရည်ဆိုင်မှ မိုးသက္ကတို့နှင့် လမ်းခွဲကာ ရှားနှင့် ကျွန်တော် ရဲစခန်းသို့ ခြေဦးတည်လိုက်ကြရတော့သည်။

[၆]

''ဟော ... မေခံ့ရှ ာတို့ပါလား။ လာ ... လာ ဘာကိစ္စများ ပေါ်လာလို့လဲ''

ရဲအုပ်သီဟက ကျွန်တော်တို့ကို မြင်သည်နှင့် လိုက်လှဲစွာ ဆီးကြို ညသည်။ သူ့ စားပွဲရှေ့တွင် ကျွန်တော်တို့ ဝင်ထိုင်လိုက်ကြသည်။

''နင့်ဆီကိုပဲ အကူအညီတောင်းရ အောင်လာတာ''

ရှားက အဖြေပေးလိုက်သည်။

''ပြောလေ ငါ ဘာကူညီရမလဲ''

ရဲအုပ်သီဟမှာ ရှား၏ ကျောင်းနေဖက် သူငယ်ချင်း ဖြစ်သည်။ [illegible] ယ်တာဝပြင် နယ်တကာ လှည့်ခဲ့ပြီးမှ ရန်ကုန်သို့ ပြန်ရောက်လာခြင်း [illegible] ခန့်မျှတော့ မဖြစ်သေး။ စကားပြော ပွင့်လင်းပြီး မနောရိုးသူ ... ကာ သူ့မှုအတိုင်း ပွင့်ပွင့်လင်းလင်း ပြောသည်။

''နင်တို့ဆီမှာ လူသတ်မှုနဲ့ အဖမ်းခံနေရတဲ့ ဦးဒေဝဆိုတာ ရှိလား''

''ရှိတယ်၊ အရင်အပတ်ကပဲ ဖြစ်တာ''

''ဦးဒေဝက သတ်တယ်လို့ နင်တို့ ယူဆတယ်ပေါ့''



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . လောလောဆယ်ဆယ်မှာ တွေ့ရှိထားတဲ့ သက်သေတွေနဲ့ ဖြစ်စဉ်တွေကတော့ ဦးဒေဝကို လူသတ်သမားလို့ ညွှန်းနေတာပဲ မဟုတ်လား။ ဘာလဲ နင့်ကို အမှုလာအပ်လို့လား"

"ဆိုပါတော့ဟာ။ ဒါပေမယ့် အမှုလာအပ်တဲ့ လူကြီးလူကောင်းကတော့"

ရှားက ပြောရင်း ရယ်သည်။ ရယ်ရင်း ကျွန်တော့်ကို လှည့်ကြည့်သည်။

"ဦးဒေဝရဲ့သားနဲ့ သူ့သူငယ်ချင်းလေး ကိုသီဟရဲ့။ ကလေးတွေ အမှုလိုက်ခကလည်း သေချာတယ်။ ကိုယ့်စားရိတ်နဲ့ကိုယ် လိုက်ခဲ့ရမှာ"

ကျွန်တော်က ရယ်၍ ဝင်ပြောသည်ကို ရှားက "ကလေးတွေကို သနားလို့ပါ သီဟရယ်။ သူတို့က ဖအေတစ်ခု သားတစ်ခုနေကြတာ။ ဦးဒေဝ အဖမ်းခံရတော့ ဟိုလူမမယ် ကောင်လေးတစ်ယောက်တည်း ဖြစ်ကျန်နေခဲ့တာ" ဟု ဖြည့်စွက်သည်။

"နင်လိုက်လို့ ထူးမှာ မဟုတ်ပါဘူး။ မေခံရှားရယ်။ သူ ကျူးလွန်တာ သူ ပြစ်ဒဏ်ခံရမှာ သေချာတယ်"

"အမှုကို ငါတို့ သေသေချာချာ ရှင်းပြပါဦး သီဟရယ်"

"ဒီလိုဟ"

ရဲအုပ်သီဟက "ဒီလိုဟ" ဟု ဆိုကာ နံဒါန်းပျိုးရင်း စားပွဲပေါ်တွင် တင်ထားသော ဖိုင်တစ်ခုကို ဆွဲယူပြီး ဖွင့်သည်။ ကျွန်တော်နှင့် ရှား၏ အာရုံက ရဲအုပ်သီဟထံ၌ စုပြုံကျရောက်သွားသည်။

"ပြီးခဲ့တဲ့ စနေနေ့ညက ဖြစ်သွားတာ၊ ရတနာသုခ ဘုန်းကြီးကျောင်းဝင်းထဲမှာ ဖြစ်သွားတဲ့ ကိစ္စတဲ့။ ငါတို့ဆီ သတင်းရောက် မိုးလင်းမှ ဖြစ်ပေမယ့် လူသတ်မှုက ညပိုင်းမှာ ဖြစ်ပွားခဲ့တာ၊ အသတ်ခံရတဲ့သူက သာရင် ဆိုတဲ့လူပဲ၊ အသက်က သုံးဆယ်ကျော်ပဲ ရှိဦးမယ်။ အဲဒီဘုန်းကြီးကျောင်းကိုရောက်တာ မကြာသေးဘူး။ နယ်ကလာတာ ရန်ကုန်မှာ ဆွေမရှိ မျိုးမရှိနဲ့ အလုပ်ကလည်း မရှိသေးလို့ ဆရာတော်ထံမှာ ခေတ္တတည်းခိုခွင့် ခွင့်ပန်ပြီးနေတာလို့ ဆိုတယ်။ ဆရာတော်ကလည်း သနားတာနဲ့ လက်ခံထား





လိုက်တာတဲ့။ သူ့ရဲ့ ဇစ်မြစ်တွေ၊ သူ့ရဲ့အကြောင်းတွေကို ဆရာတော်ကလည်း မမေးဘူး။ ဘုန်းကြီးကျောင်းက ဦးဇင်းတွေ၊ ကိုရင်တွေကလည်း စားမစပ်မိလို့ မမေးမိကြဘူး။ သူကလည်း နေ့လယ်ဘက် အလုပ်ရှာထွက် နေတာများတယ်၊ ညကျမှ ပြန်လာ တတ်တယ်တဲ့၊ ဆရာတော်က သူ့ကို ကျောင်းဆောက်ထပ်မှာ ထားပေမယ့် သူက အားနာလို့ ထင်ပါရဲ့။ ကျောင်းရဲ့ အွန်ချက်မီးဖိုဆောင်ဘေးက လွတ်နေတဲ့ အခန်းမှာပဲ နေတယ်တဲ့၊ အခု အသတ်ခံရတာလည်း အဲဒီအခန်းထဲမှာပဲ"

"နင်တို့ဆီကို အကြောင်းကြားလို့ နင်တို့ သွားကြည့်တော့ ဘာတွေ တွေ့ရလဲ"

"ညက ဖြစ်ပွားသွားတာကို ကျောင်းမှာ ရှိတဲ့ ဦးဇင်းတွေ၊ ကိုရင်တွေနဲ့ ကပ္ပိယ အရက်ချွမ်းချက်ဖို့ထတော့ ဝတ္ထုခန်းထဲက အီးကို ဝင်ယူရာမှာ ကိုသာရင်ရဲ့ အလောင်းကို တွေ့လိုက်ရတာပဲ။ သွေးတွေက ခြောက်နေပြီ ကြည့်လိုက်တာနဲ့ ညက ဆယ့်နှစ်နာရီ မတိုင်ခင်လောက်က ဖြစ်မယ်ဆိုတာ ခန့်မှန်းမိတယ်။ အလောင်းကို ဆေးရုံပို့ပြီး မှုခင်းဆရာဝန်ကြီးက စစ်ဆေးလိုက်တော့ ညဆယ့်တစ်နာရီနဲ့ ဆယ့်နှစ်နာရီကြားမှာ သေဆုံးတာဖြစ်တယ်လို့ ထုတ်ပြန်ပေးခဲ့တယ်။ ဒဏ်ရာက နှစ်ချက်၊ အသွားထက်တဲ့ ဓားလိုအရာနဲ့ ထိုးသွင်း ဒဏ်ရာနှစ်ခုပေါ့ဟာ သရက်ရွက်စုတ်ပြတ်သွားတယ်။ နောက်တစ်ချက်က နှလုံးကို ထိတယ်။ အဲဒါကြောင့် သေဆုံးတာပဲ"

"သဲလွန်စတွေ ဘာရလဲ"

"အမှန်ပြောရရင် အဲဒီအလောင်း၊ ဘေးနားမှာ ပတ်ဝန်းကျင်မှာ သဲလွန်စမှ ငါတို့မရဘူး။ ဓားလည်း မကျန်ဘူး။ ခြေရာလက်ရာ လက်ဗွေ ဘာမှ မတွေ့ရဘူး။ တစ်ခုပဲ"

"ဘာတစ်ခုလဲ သီဟရဲ့"

"နံရံမှာ သွေးနဲ့ ရေးသွားတာ"

"ဘာရေးသွားလဲ"

"ဘာရေးသွားလဲဆိုတာ ငါလည်း အတိအကျ မပြောနိုင်ဘူး။ လူရဲ့ သွေးနဲ့ ရေးသွားတာ၊ နံရံပေါ်မှာဆိုတော့ မပီမသ ဖြစ်နေတယ်၊



www.burmeseclassic.com

www.burmeseclassic.com



လူနာမည်လိုလို ဘာလိုလိုပဲ၊ အခု နောက်ကျမှ သိရတာက ကိုဒေဝရဲ့ လက်မှတ်နဲ့ ဆင်တူနေတာပဲ"

"အဲဒါကြောင့် ကိုဒေဝကို ဖမ်းတာလား"

"အဲဒါ တစ်ခုတည်းကြောင့် မဟုတ်ဘူး၊ တခြားအချက်တွေ ဆက်စပ်ယူရတာတွေကြောင့်"

"ပြောပါဦး"

ရှားနှင့် ရဲအုပ်သီဟက အမေးအဖြေ ကွင်းဆက်တွေးမိနေသည်။ ကျွန်တော်ကမူ ဝင်လည်း မမေး ဝင်လည်း မပြော။ ထင်မြင်ယူဆချက်လည်း မတင်ပြ၊ ပွဲကြည့်ပရိသတ်ပမာသာ။

ရဲအုပ်သီဟက လည်ချောင်းတစ်ချက် ရှင်းပြီး စကားဆက်သည်။

"ပထမဆုံး သတင်းရတာက ဆိုက်ကားသမားတစ်ယောက်ဆီက ပဲ သူက ညဘက် ဆိုက်ကားနင်းတယ်။ အဲဒီညက ဆိုက်ကားသိမ်းပြီး ပြန်လာတော့ ဆယ့်တစ်နာရီခွဲလောက် ရှိတယ်တဲ့။ ဘုန်းကြီးကျောင်းနား အရောက်မှာ ဘုန်းကြီးကျောင်းဝင်းထဲကနေ ထွက်လာတဲ့ လူတစ်ယောက်ကို တွေ့လိုက်ရတယ်တဲ့။ ဦးထုပ်ကို ခပ်ငိုက်ငိုက် ဆောင်းထားတယ်။ ကုတ်အင်္ကျီအမည်းကြီးကို ဝတ်ထားတယ်။ ဘောင်းဘီကလည်း အမည်းပဲတဲ့။ အရပ်အမောင်း နည်းနည်းကောင်းတယ်လို့ ဆိုတယ်။ အဲဒီလူကို မသင်္ကာ ပေမယ့် သူကလည်း အိမ်ပြန်ရောက်ချင်နေတာမို့ ဆက်လိုက်ပြီး မကြည့်တော့ ဘဲ အိမ်ဘက်ပြန်လာခဲ့တယ်တဲ့။ မနက်ဘက်ကျမှ ဘုန်းကြီးကျောင်းဝင်းထဲမှာ လူသတ်မှု ဖြစ်တယ်။ သတင်းကြားပြီး သူ တွေ့လိုက်တဲ့သူနဲ့ ဆက်စပ်မှုရှိနိုင်တယ် ဆိုပြီး သတင်းလာပေးတာလို့ ဆိုတယ်"

"အဲဒါနဲ့ ဦးဒေဝနဲ့ ဘယ်လိုပတ်သက်မှု ရှိနေလို့လဲ"

"ဒါက ဒီလိုဗျ မေစံရှားရဲ့၊ ဘုန်းကြီးကျောင်းထဲက ကျောင်းသား တွေ၊ ကိုရင်တွေနဲ့ ကပ္ပိယကြီးကို မေးကြည့်တဲ့အခါ ဟိုညက အဖြစ်အပျက်ကို သူတို့ ဘာမှ မသိကြဘူး။ ဒါပေမယ့် သေဆုံးသူ ကိုသာရင်နဲ့ ဆက်သွယ်မှုရှိ တဲ့ သူတွေကို မေးကြည့်တဲ့အခါကျတော့ သူတို့အားလုံးက ဦးဒေဝလို့ အဖြေပေးကြတယ်၊ ဦးဒေဝက ကိုသာရင်အခန်းကို လာမှုတယ်တဲ့၊ ဦးဒေဝနဲ့





အတူလည်း ကိုသာရင် လိုက်ပါသွားဖူးတယ်တဲ့။ ဒီထက်ပိုနိုင်မှာတဲ့ အချက် တစ်ခုက ကိုသာရင် မသေဆုံးမီ တစ်ရက် ဦးဒေဝက ကိုသာရင့်အခန်းဆီ လာပြီး ပိုက် ဆံအကြွေးတောင်းရာက စကားများကြတယ်တဲ့။ စကားများ သံမှ တော်တော်ကို ပြင်းပြင်းထန်ထန်ပဲလို့ ဆိုတယ်။ ပိုက်ဆံကြွေးမရရင် ဦးဒေဝက ကိုသာရင်ကို 'သိမယ်' လို့ ကြိမ်းသွားသတဲ့"

"ဒါ သတ်ရတဲ့ အကြောင်းရင်း၊ Motive လို့ ယူဆတယ်ပေါ့ ဟုတ်လား"

"ဟုတ်တယ်၊ ပထမဆုံးရတဲ့ သဲလွန်စဟာ အဲဒါပဲ၊ ဒါပေမယ့် ဦးဒေဝကို ငါတို့ မယိုးစွပ်သေးဘူး။ ဦးဒေဝအိမ်ကိုတော့ ငါတို့ လိုက်သွား ကြတယ်။ ဦးဒေဝကို အိမ်မှာ အဆင်သင့် တွေ့ရတယ်။ သူ့ကို ညက ဆိုများ ဘယ်သွားလဲမေးတော့ ညက သူ ဘယ်မှ မသွားဘူး။ အိမ်မှာပဲ နေတယ်လို့ ပြောတယ်၊ ဖျားနေလို့ပါလို့ သူက ပြောတယ်၊ သူ့သားလေးက လည်း သူ့အဖေညက ဖျားနေလို့ ဘယ်မှ မသွားပါဘူးလို့ ဝင်ပြောတယ်။ အဲဒါနဲ့ ငါတို့ သူ့အိမ်မှာ ရှာကြည့်တဲ့အခါ ကုတ်အင်္ကျီအမည်း အဟောင်းတစ် ထည်ရယ်၊ ဘောင်းဘီအမည်းရှည်ကို တွေ့ရတယ်။ ပြီးတော့ ကုတ်အင်္ကျီမှာ … ရင်ဘတ်မှာ သွေးစက်တွေ ပေနေတာ တွေ့ရတယ်။ ဓားတစ်ချောင်း လည်း တွေ့ရတယ်။ ဓားကလည်း ကိုသာရင်ရဲ့ ဒဏ်ရာ အရွယ်အစားနဲ့ ကိုက်ညီနေတယ်။ ဓားမှာတော့ ဘာသွေးမှ မတွေ့ရဘူး။ ဦးဒေဝကို မေးတော့ ကုတ်အင်္ကျီက သွေးဟာ သူ့သွေးပါတဲ့၊ တစ်နေ့က ရွာတင်တစ်ခုမှာ ဖိုက် … နှာခေါင်းကို ခိုက်မိလို့ သွေးထွက်ပြီး ကုတ်အင်္ကျီ ပေသွားတာပါလို့ ပြောတယ်။ ဒါ ယုတ္တိသိပ် မတန်လှဘူး။ ကိုသာရင်နဲ့ စကားများတဲ့အကြောင်း မေးတဲ့အခါကျတော့ ဟုတ်ပါတယ်တဲ့။ သူ့ဆီက ကြွေးယူပြီး ပြန်မပေးလို့ တောင်းရာက စကားများကြတာပါတဲ့။ ဒီတော့ မပြောသော် ကန်ရာရှိ ဒီ အချက်တွေက ဦးဒေဝကို လူသတ်သမား ဖြစ်နိုင်တယ်လို့ ညွှန်ပြနေတယ်"

"သူ့လက်မှတ်ဆိုတာက"



www.burmeseclassic.com

www.burmeseclassic.com



"အဲ... ပုတ်တယ်၊ အဲဒါနဲ့ ငါက ဦးဒေဝကို လက်မှတ်ထိုးနိုင်းကြည့်တော့ ဟိုနံရံပေါ်က စာနဲ့ ခပ်ဆင်ဆင်တူနေတာ တွေ့ရတယ်။ နံရံပေါ်မှာက သွေးကို လက်ညှိုးနဲ့ တို့ပြီး ရေးရတာဆိုတော့ စာရွက်ပေါ်မှာ ဘောပင်နဲ့ ရေးတာနဲ့ နည်းနည်းတော့ ကွာနိုင်တာပေါ့ဟာ"

"အဲဒါနဲ့ ဦးဒေဝ သေချာသွားရောလား"

"မဟုတ်သေးဘူး၊ ဦးဒေဝရဲ့ ကုတ်အင်္ကျီမှာ စွန်းနေတဲ့ သွေးတွေဟာ လူ့သွေး ဖြစ်ကြောင်း၊ အလောင်းက သွေးနဲ့ အမျိုးအစားတူကြောင်း ပြန်ကြားချက်ရတယ်။ အဲဒါက ငြင်းမရတဲ့ အချက်ပဲ"

"ဦးဒေဝ သွေးနဲ့ရော မတူဘူးလား"

"အဲဒါတော့ မစစ်ကြည့်မိဘူးဟ"

"ငါက တရားခံရှေ့နေဆိုတော့ တရားရုံးကျရင် အဲဒီအချက်ကို ထောက်ရမှာပဲ"

"ဟာ ... နင်က ဟားကွက်ပဲ လိုက်ကြည့်နေတာကို၊"

"ကြည့်ရမယ်လေဟာ၊ ဒါမှ ငါ့ အမှုသည်က လွတ်မှာကို၊ ငါက တရားခံရဲ့ အကျိုးဆောင်လေ"

"ဘာလဲ နင်က ဦးဒေဝဟာ လူသတ်တရားခံ မဖြစ်နိုင်ဘူးလို့ ယူဆလို့လား"ရဲအုပ်သီဟက ပြန်၍ မေးခွန်းထုတ်သည်။ ရှား ပြုံးသည်။

"အခု နင်ပြောတာပဲ၊ ငါ ကြားရသေးတာ၊ အမှုအကြောင်း ဇယနတာ မသိဘဲနဲ့ ငါ ဘယ်လိုပြောလို့ရမလဲ။ ပြီးတော့ နင်တို့က သေသေချာချာ စစ်ဆေးထားတာပဲ။ တစ်ခုတော့ရှိတယ်ဟာ၊ သူ့သားကလေး ပြောတဲ့ ဟိုညက ဦးဒေဝ မူးနေပြီး ဘယ်မှ မသွားဘူးဆိုတာ သေချာ မသေချာ ထည့်စဉ်းစားဖို့တော့လိုမယ်၊ ဦးဒေဝ ဘယ်မှ မသွားရင်တော့ တခြားလူတစ်ယောက်ယောက်ကို စဉ်းစားဖို့ လိုလာပြီ"

"ကလေး စကားကို ဘယ်လိုယုံမှာလဲ၊ ပြီးတော့ အဲဒီကောင်လေး အိပ်မှ ဦးဒေဝက အိမ်က ထွက်လာရင်ကော၊ နင် စဉ်းစားကြည့်လေ၊ အချိန်က ညဆယ့်တစ်နာရီကျော်"

"ဒါလည်း စဉ်းစားရမှာပါပဲ"





"ငါတို့ တွေ့ထားတဲ့ ကွင်းဆက်တွေက ချိတ်ဆက်မိနေတာလည်း နင်တွေ့တယ် မဟုတ်လား"

"မှန်ပါတယ်၊ ဒါနဲ့ ဦးဒေဝက ဝန်ခံသလား"

"ငါတို့ သူ့ကို စစ်ပြီးပြီ သူက ဝန်မခံဘူး။ ဒါကလည်း သဘာဝပါပဲလေ။ ဘယ်တရားခံမှ လွယ်လွယ်နဲ့ ဝန်မခံတတ်ပါဘူး"

"မဟုတ်လို့ ဝန်မခံတာလည်း ဖြစ်နိုင်တာပေါ့ သီဟရယ်"

"ဟာ... နင်က လုပ်ပြန်ပြီ ရှေ့နေလို့ မပြောရဘူး။ စကားကတ်ကြွတယ်"

ရှားက ဟက်ခနဲ တစ်ချက်ရယ်လိုက်သည်။

"နင်တို့ ဘာဆက်လုပ်မလဲ"

"သေချာအောင် ထပ်စစ်၊ သက်သေတွေနဲ့ သက်သေခံတွေ ပြည့်စုံရင် ဥပဒေ အကြံပေးနဲ့ တိုင်ပင်ပြီး ရုံးတင်ရမှာပေါ့"

"ပြောရရင် ဦးဒေဝမှာ သံသယ အကျိုး ခံစားခွင့်တွေ ထွက်ပေါက်တွေ အများကြီး ရှိတယ်ဟာ။ ဦးဒေဝသတ်တာ မျက်မြင်သက်သေ မရှိဘူး။ ပြီးတော့ သက်သေတွေဆိုတာကလည်း ဦးဒေဝ သတ်တာပါလို့ ဘယ်သူကမှ အတိအကျ မပြနိုင်ဘူး"

ရဲအုပ်ဆီက ခေါင်းယမ်းသည်။

"မျက်မြင်သက်သေဆိုတာ လူသတ်မှုမှာ ရဖို့ ရှားမှရှားပဲ။ ဒါ နင်အသိပဲ၊ မျက်မြင်လူသက်သေ မရှိပေမယ့် သက်မဲ့သက်သေတွေ ရှိတယ်၊ ကုတ်အင်္ကျီရယ်၊ ဓားရယ်"

ရှားကလည်း ခေါင်းကို ယမ်းသည်။

"ကုတ်အင်္ကျီက သွေးဟာ ဦးဒေဝရဲ့ သွေးလည်း ဖြစ်နိုင်တယ်၊ ဓားမှာ ဘာသွေးမှ မတွေ့ဘူး။ အဲဒီဓားကို လူသတ်တဲ့ ဓားပါလို့ နင် ဘယ်လို သက်သေပြမလဲ။ ဓား အရွယ်အစား တူတွေ အများကြီး ရှိနိုင်တယ်"

"မေစံရှား နင်လုပ်တာနဲ့ ငါ ခေါင်း ခြောက်သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



''မောင်နိုးပဲဟာ ငါဟာ အနှောင့်အယှက် ပေးတာ မဟုတ်ပါဘူး။ နင်ပြမယ့် သက်သေတွေနဲ့ဆိုရင် တရားရုံးမှာ ဦးဒေဝ လွတ်သွားအောင် ငါ ရှုန်းထွက်ပြနိုင်တယ်။ ကဲပါလေ ... နင်လည်း အတွေ့အကြုံများတဲ့သူပဲ။ သေချာသထက် သေချာအောင် စစ်ဆေးလိုက်ပါဦး။ လိုအပ်တာ ငါလည်း ကူညီပါ့မယ်။ အခုတော့ ငါ့ကို ဦးဒေဝနဲ့ တွေ့ခွင့်ပေးပါဦး''

''ရပါတယ်၊ နင် သွားတွေ့လိုက်လေ''

ရဲအုပ်ဒေါ်ဂျင် ခွင့် ချက်ဖြင့် ဦးဒေဝကို ကျွန်တော်တို့ တွေ့ရန် အချုပ်ခန်း ရှိရာသို့ ထွက်ခဲ့ကြသည်။

[၇]

စင်စစ် ဦးဒေဝဟုသာ ကျွန်တော်တို့က ခေါ်ပြောနေကြခြင်း ဖြစ်သည်။ အသက်အရွယ်က လူကြီးပိုင်း မရောက်သေးပါ။ အလွန်ဆုံးရှိလှလျှင် ...ဆယ်သာ။

ရုပ်ရည်ကတော့ သူ့သာ၊ မောင်မြင့်အောင်နှင့် တစ်ထရာတည်းဖြစ်၏။ အသားညိုမှောင်၏။ အသားရည်ကြမ်း၏။ မျက်လုံးကောင်း၍ နှာတံ ...ပြား၏။ ကျောက်ပေါက်အနည်းငယ်ရှိ၏။ ဆံပင် ခပ်ရှည်ရှည်နှင့် ညှင်း...သိုးသဖျောက်ရှိ၏။ အရပ်အမောင်း အနည်းငယ် ကောင်း၏။ ပုပ်ရှင်တွေ ...ယိုတွေမှာ ကျွန်တော်တို့ တွေ့မြင်နေရသလို ဆိုးသွမ်းယုတ်မာ ရက်စက်ကြမ်းကြုတ်ဟန်တော့ မရှိ။

စကားပြောတော့လည်း ညင်ညင်သာသာ ပျော့ပျော့ပျောင်းပျောင်း။

''ကျွန်တော့်ကို ဒုလို လာတွေ့တာ ကျေးဇူးတင်ပါတယ် ခင်ဗျာ''

မျက်ရည်တွေ လည်လျက် လှိုက်လှဲအားရ ပြောသည်။

ကျွန်တော်တို့က ကျွန်တော်တို့ ကိုယ်ကို မိတ်ဆက်ပြီး မိုးသက်ကနှင့် ...ခင်မြင့်အောင်သို့ အကူ ...ကြားသိရန် ရောက်လာကြောင်းများကို ...ှာ ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က သားလေးအတွက် စိတ်ပူတာပါဗျာ။ ကျွန်တော် ခုလို အချုပ်ထဲ ရောက်နေတော့ သားလေး တစ်ယောက်တည်း ဒုက္ခရောက် နေတာပေါ့"

"အဲဒီအတွက် မပူပါနဲ့၊ ကျွန်မ စီစဉ် ပေးပါ့မယ်၊ ကူညီပေးပါ့မယ်၊ လောလောဆယ်မှာ ဗိုလ်သက္ကရဲ့ အိမ်မှာ မောင်မြင့်အောင်ကို ခေါ်ထားပေးဖို့ ကျွန်မ ပြောခဲ့ပါတယ်။ သူ့အတွက် ကျွန်မ တာဝန်ယူပါတယ်"

"ကျေးဇူးကြီးလှပါတယ်ဗျာ"

"ကိုဒေဝက သေဆုံးသူ ကိုသာရင်နဲ့ ဘယ်လိုပတ်သက်မှု ရှိခဲ့ တာလဲ။ ဒါကို တော့ အမှန်အတိုင်း ပြောပြပါ။ ကျွန်မ ရဲ မဟုတ်ဘူးနော်။ ကျွန်မက အမှန်အတိုင်းသိမှ ကူညီလို့ ရမှာပါ။ ကိုဒေဝ ဖုံးကွယ်လိမ်ညာထား တာ ရှိနေရင် ကျွန်မ ဘာမှ အောင်မြင်အောင်လုပ်နိုင်မှာ မဟုတ်ဘူး။ ဒီ တော့ အမှန်အတိုင်း၊ မခြွင်းမချန် ပြောစေချင်တယ်"

ကိုဒေဝ သက်ပြင်းချသည်။

"ကျွန်တော့်မှာ ဖုံးကွယ်စရာ လိမ်ညာစရာ ဘာမှ မရှိပါဘူး ခင် ဗျာ။ တကယ်ဆို ကိုသာရင်နဲ့ ကျွန်တော်ဟာလည်း သတ်စရာ ဖြတ်စရာ ကောင်းလောက်အောင် အငြိုးအာဃာတ မရှိပါဘူး။ သူ့ကို ကျွန်တော် သတ်လည်း မသတ်ရပါဘူး"

"ကိုသာရင် အသတ်ခံရတဲ့ညက ကိုဒေဝ ဘယ်မှာရှိလဲ"

မောင်မြင့်အောင်က ဦးဒေဝသည် အဖျားတက်နေသဖြင့် ဘယ်မှ မသွားဟု ပြောခဲ့သည်ကို ကျွန်တော်တို့ သိပြီးဖြစ်၏။ သူတို့ သားအဖ၏ စကား၊ ကိုက်ညီမှု ရှိမရှိကို ကျွန်တော်တို့ မေးစမ်းကြည့်ခြင်း ဖြစ်သည်။

"ကျွန်တော် ဖျားနေတာပါ။ အဲဒီနေ့ မတိုင်ခင်က နေပူထဲမှာ တစ်နေကုန် ကားရိုက်ခဲ့ပြီး ညနေ ရေချိုးလိုက်တော့ အပူရှပ်ပြီး အဖျားဝင် သွားတာ ထင်ပါတယ်။ တစ်ညလုံး အဖျားတက်ပြီး ကိုယ်လက်တွေ ကိုက် ခဲနေလို့ သားက ဆေးဆိုင်မှာ ဆေးသွားဝယ်ပြီး တိုက်ပါတယ်။ အဲဒီညက ဗိုလ်သက္ကတောင် ပါလာပါသေးတယ်"





ရှာက ခေါင်းညိတ်ရင်း ကျွန်တော့်ကို လှည့်ကြည့်သည်။ ဦးဒေဝ စကားနှင့် မောင်မြင့်အောင်တို့ စကား တူညီမှုကို တွေ့ရသည့် သဘော။ ကျွန်တော်က ခေါင်းညိတ်ပြလိုက်သည်။

"တစ်ညလုံး ဖျားနေတာလား"

"ဟုတ်ပါတယ်၊ နောက်တစ်နေ့ ရဲတွေ ရောက်လာတဲ့အထိ ကျွန်တော် အဖျား မပျောက်သေးပါဘူး"

"ကိုသာရင်နဲ့က ဘယ်လို တွေ့ပြီး ခင်မင်တာလဲ။ ကျွန်မတို့ သိရတာက ကိုသာရင်က ဘုန်းကြီးကျောင်းကို ရောက်တာ မကြာသေးဘူးဆို ပဲ"

"ဟုတ်ပါတယ်၊ သူ့ဘုန်းကြီးကျောင်းကို ရောက်တာ မကြာသေး ပါဘူး။ သူ အရင်က ဘယ်မှာ နေတယ်ဆိုတာ မသိပါဘူး။ မြစ်ဝကျွန်းပေါ် ဘက်က လိုလိုတော့ ပြောတယ် ထင်မိတယ်။ ကျွန်တော်နဲ့က ငယ်သူငယ် ချင်းလည်း မဟုတ်ပါဘူး။ သိကျွမ်းခင်မင်သွားတာလည်း မကြာသေးပါဘူး။ လက်ဖက်ရည်ဆိုင်မှာ ထိုင်ရင်း သိသွားတာပါ။ သူက အလုပ်မရှိကြောင်း ပြောပြီး အလုပ်ရှိရင် ပြောပါဆိုလို့ ကျွန်တော်က ရိုက်ကွင်းကို ခေါ်သွားပြီး ရိုက်တာတွေ၊ မိတ်ဆွေတွေနဲ့ မိတ်ဆက်ပေးပါတယ်။ သူက ကျွန်တော် တို့လို လူကြမ်းဝင်လုပ်ချင်ပါတယ်။ ဒါပေမယ့် အိုက်တင်မှ သူ မရတာ ဖြစ်ပါဘူး။ အဲဒါနဲ့ မီး၊ဖိုး၊မှန်တိုး အဖွဲ့ထဲကို ထည့်ပေးပါတယ်။ အဲဒါလည်း အဆင်မပြေဘူး။ သူ မလုပ်တတ်ဘူး။ သူ့ကိုအဖွဲ့က မကြိုက်ကြလို့ သူ့ကို ဆက်မခေါ်ကြတော့ဘူး"

"သူ့စရိုက် သူ့သဘာဝက ဘယ်လိုရှိလဲ"

"သူက ပညာတတ် မဟုတ်ဘူး။ ဟောသုတလည်း နည်းတယ်။ ကြည့်ရတာ နည်းနည်းတော့ မိုက်တိမိုက်ကန်းပုံ ပေါက်တယ်"

"ကိုသာရင်နဲ့ ကိုဒေဝနဲ့ စကားများကြတယ်လို့ သိရတယ်၊ အဲဒါ ဟုတ်သလား"

"ကျွန်တော်ကလည်း သူ့ကို သနားလို့ ရှုတင်က ရိုက်ထုတ်တဲ့ ထဲက ငွေနှစ်ထောင်ချေးလိုက်ပါတယ်။ ဟိုတစ်ရက်ကတော့ သားက စာအုပ်



www.burmeseclassic.com

www.burmeseclassic.com



ဖိုးတောင်းတယ်။ ကျွန်တော်ကလည်း အဲဒီရက်မှာ ရှုတင်မရှိလို့ ပိုက်ဆံမရှိပါဘူး။ ဒါကြောင့် သာရင်ဆီမှာ ကျွန်တော်ရစရာ ရှိတာကို သွားတောင်းပါတယ်။ သူက မပေးတဲ့အပြင် ဘုကျကျပြောလို့ ကျွန်တော်နဲ့ စကားများကြပါတယ်။ ထိုးတာ ကြိတ်တာတော့ မဖြစ်ပါဘူး"

"ကိုဒေဝက ကြိမ်းဝါးခဲ့တယ်လို့"

"အဲဒီနေ့ကတော့ အဆင်မပြေရတဲ့ကြားက ကျွန်တော် ကူညီခဲ့တဲ့ သူက ကျွန်တော့်ကို ပြန်ပြီး ထော်လော်ကန့်လန့် ပြောတာမို့ ဒေါသထွက်ပြီး မင်းသိမယ်လို့ ကြိမ်းခဲ့မိပါတယ်။ ကြိမ်းတာကတော့ တခြားမဟုတ်ပါဘူး။ လောလောဆယ်မှာ ကျွန်တော်သာ သူ့ကို အကူအညီပေးတာပါ။ သူ့မှာ တခြား အပေါင်းအသင်း မိတ်ဆွေမှ မရှိသေးတာ၊ ကျွန်တော့်ကို စိတ်ပျက်အောင် လုပ်ရင် သူ နောင်တရမယ့် သဘောပါ"

"ကိုဒေဝအိပ်ကို ရဲတွေ ရောက်လာပြီး ရှာဖွေတဲ့အခါမှာ ကုတ်အင်္ကျီ တွေ့တယ်လို့ ပြောတယ်။ အဲဒီကုတ်အင်္ကျီက"

"ဟုတ်ပါတယ်။ အဲဒီကုတ်အင်္ကျီက ကျွန်တော် လူဆိုးခန်းတွေမှာ ဝတ်တတ်တဲ့ ကုတ်အင်္ကျီမည်းကြီးပါ။ အဲဒီတစ်ထည်ပဲ ရှိပါတယ်"

"အဲဒီအင်္ကျီမှာ သွေးစွန်းနေတာ ရှိတယ်ဆို"

"မှန်ပါတယ်၊ အဲဒါက ကျွန်တော် မဖျားခင်နေ့က ရှုတင်မှာ ဖိုက်တင်ခန်း ရိုက်တော့ နှာခေါင်းထိပြီး သွေးထွက်လို့ ကုတ်အင်္ကျီမှာ ပေသွားတာပါ။ နောက်နေ့ လျှော်မယ်ဆိုပြီး ဖျားနေတာနဲ့ မလျှော် ဖြစ်သေးတာပါ"

"ဘယ်ကားရိုက်တာလဲ၊ ဒါရိုက်တာ ဘယ်သူလဲ"

"တစ်ခါက မကြည်ပြာ ပါ၊ ဒါရိုက်တာက နီကိုရဲပါ"

"ဓားတစ်ချောင်းလည်း ရဲတွေ တွေ့တယ် ပြောတယ်"

"အဲဒီဓားက ရှုတင်မှာ လိုရင် သုံးတဲ့ ဓားပါ"

"ဒါဆို ကိုဒေဝက ကိုသာရင်ကို မသတ်တာ အမှန်ပဲပေါ့"

"အမှန်ပါပဲ၊ ငွေလေး နှစ်ထောင်အတွက်နဲ့ ကျွန်တော် လူတစ်ယောက်ကို သတ်ပါ့မလား။ ပြီးတော့ သူ့ကို သတ်ရင် ကျွန်တော် အဖမ်းခံရ





မယ်။ ထောင်ကျမယ်၊ ကျွန်တော်လည်း ဘဝပျက်၊ ကျွန်တော့်သားလေးလည်း ဒုက္ခရောက်မယ့်လုပ် ရပ်မျိုး ကျွန်တော် ဘယ်လုပ်ပါ့မလဲ။ ကျွန်တော် လူကြမ်းလုပ်စားပေမယ့် ဒီလောက်တော့ မမိုက်မဲပါဘူးဗျာ"

"ဟုတ်ပြီလေ၊ ကိုဒေဝ ပြောတာတွေက သဘာဝကျပါတယ်။ ကိုဒေဝရဲ့ စကားတွေ မှန်နေရင်တော့ ကိုသာရင်ကို သတ်တာ တခြားတစ်ယောက်ပဲ ဖြစ်မှာပေါ့။ လူသတ်သမားဟာ တခြားမှာ ရှိနေမှာပေါ့။ အဲဒါကို ကျွန်မတို့ တွေ့အောင် ရှာရမှာပဲ၊ ကိုဒေဝ လွတ်ဖို့ဆိုတာ ကိုဒေဝ အပြစ်မရှိကြောင်း သက်သေခိုင်ခိုင်လုံလုံ ပြဖို့ လိုတယ်။ ခက်နေတာက အခုဖြစ်ရပ်မှာ ကိုဒေဝက မပြေးသော် ကန်ရာရှိ ဆိုသလို ဖြစ်နေတယ်။ သက်သေတွေက ကိုဒေဝကို လူသတ်သမားလို့ ညွှန်ပြနေတယ်"

"ကြိုးစားပေးပါဦးဗျာ၊ ကျွန်တော် မဟုတ်တဲ့ဟာနဲ့တော့ ပြစ်ဒဏ်မခံပါရစေနဲ့၊ ပြီးတော့ သားလေးအတွက်က ပိုအရေးကြီးပါတယ်။ ရုပ်ရှင်ထဲက လူကြမ်းရဲ့ သားဆိုတာ ဂုဏ်ငယ်ရုံငယ်ပေမယ့် ထောင်ကျလူ သတ်သမားရဲ့ သားဆိုရင် သားဘဝဟာ လူ့တကာရဲ့ ခြေဖဝါးအောက် ရောက်သွားမှာပေါ့။ အညွန့်ကျိုးသွားမှာပါ။ အဲဒါကိုတော့ ကျွန်တော် အကြောက်ဆုံးပါပဲဗျာ"

ဦးဒေဝ၏ နောက်ဆုံးစကားက ရှုံ့နှင့် ကျွန်တော့်ရင်ထဲသို့ လှံသွားတစ်ခုလို စူးဝင်လာသည်။ ဖခင်၏ မေတ္တာတရားကို မြင်သိလိုက်ရသလို မောင်မြင့်အောင်၏ အနာဂတ်ကိုလည်း တွေးမိပြီး ရင်မောသွားသည်။

"စိတ်ချပါ ကိုဒေဝ၊ အပြစ်မရှိဘူး။ ပြစ်ဒဏ်မကျဖို့ ကျွန်မက ကြိုးစားမှာပါ။ အပြစ်မဲ့တဲ့ မောင်မြင့်အောင်အတွက်လည်း ကျွန်မက စောင့်ရှောက်ပေးဖို့ တာဝန်ယူပါတယ်။ ကဲ ... ကျွန်မတို့ကို ခွင့်ပြုပါဦး"

"ကျေးဇူးတင်ပါတယ်ဗျာ ကျွန်တော် တစ်နေ့ကျရင် ကျေးဇူးပြန်ဆပ်နိုင်မှာပါ"

ဦးဒေဝရှိရာ အချုပ်ခန်းကို ကျွန်တော်တို့ ကျောခိုင်းထွက်ခွာခဲ့ကြသော်လည်း ကြေကွဲနေသည့် ဦးဒေဝ၏အသံ၊ [illegible]သည့် ဦးဒေဝ၏နှလုံးသားတို့က ကျွန်တော်တို့ ရင်တွင် ကပ်ငြိပါလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကံကြမ္မာဆိုတာ အဲဒါပဲ ကိုကိုရေ့ လှည့်ဖြားတဲ့နေရာမှာတော့ ကံကြမ္မာဆိုတာ အလွန်တော်တဲ့ ပဥ္စလက်ဆရာကြီးပဲ။ တခြား မကြည့်နဲ့၊ ကိုကိုတောင် ရေပြည်ကို အလည်ရောက်ခဲ့ဖူးသေးတာပဲ ကြည့်တော့"

"အမှန်ပဲ ရှားရေ"

"ဒီတော့ ရှားတို့က အဲဒီကံကြမ္မာ လှည့်ကွက်မှာ မိပြီး နိမ့်ပါးနေတဲ့ ဦးဒေဝနော်ကို လိုက်လံ ခြေရာခံရတော့မှာပဲ။ အလှည့်ကျလာပြန်ပြီဆိုတော့ မနွဲ့ကြစတမ်းပဲပေါ့နော်"

"ဒါဆို ရှား ဘာလုပ်မလဲ။ ဘယ်သွားမလဲ"

'နီကိုရဲဆီ သွားချင်တယ်"

"ဟာ သိပ်ရတာပေါ့၊ နီကိုရဲက ကိုကို့ ဘော်ဒါပဲ"

"သူ အိမ်မှာ ရှိနိုင်မလား မသိဘူး။ ကိုကို ဖုန်းဆရင်ဆက်ကြည့်ပါလား။ ရှိတယ်ဆိုရင် ခုပဲ သွားကြရအောင်"

"အိုကေ ရှား၊"

[၈]

နီကိုရဲက အိမ်မှာ အဆင်သင့် စောင့်နေသည်။ အပြင်ထွက်ရန် ကိစ္စရှိသည်ကို "နေပါဦး၊ အရေးကြီးလို့ပါ၊ အခုလာခဲ့မယ်" ဟု ဖုန်းထဲမှာ ကျွန်တော် ပြောသဖြင့် သူ စောင့်နေခြင်း ဖြစ်၏။ သူ့အိမ်ပေါ် တက်လိုက်သည်နှင့် –

"လာဗျို့ ... လာ ကိုနေသော်၊ မမေရှားလည်း ပါလာတာကိုး" ဟု ဆီးကြိုသည်။ သူ့မျက် မိတ်ဝရား သူ့ဇနီးပါ ကျွန်တော်နှင့်က ကျွမ်းဝင်ပြီး သား။

ကျွန်တော်တို့ နှစ်ယောက် ဧည့်ခန်း ဆက်တီမှာ ဝင်ထိုင်ကြသည်။

"မင်းဆီကို လာရတာ အရေးကြီးတဲ့ ကိစ္စတစ်ခုရှိလို့ ကိုရဲရဲ"

ကျွန်တော်က စကားစသောအခါ –

"ကျွန်တော် ဘာကူညီရမလဲ" ဟု သူ၏ ပြောင်သော နဖူးကို မှတ်ရင်း ရိုးစင်းလိုက်လှဲ့စွာ ပြန်ပြောသည်။ သူ့ဇနီးသည်က ကျွန်တော်နှင့် ရှားအတွက် ကော်ဖီဖျော်၍ ယူလာပေးသည်။

"သိချင်တာလေး ရှိလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



ရှားက ဝင်ပြောသည်။ နီကိုရဲက ရှားကို ကြည့်ပြီး –

"ဘာသိချင်တာလဲ ရပါတယ်"

"ကိုနီကိုရဲ ခုတလော ဘာကား ရိုက်နေလဲ"

"ကျွန်တော့်ဝတ္ထု၊ ကျွန်တော့်ဇာတ်ညွှန်း၊ ကျွန်တော်ကိုယ်တိုင် ဒါရိုက်တာ လုပ်ပြီး 'တစ်ခါက မကြည့်ပြာ' ရိုက်နေပါတယ်။ ပြီးပြီဆိုပါတော့"

"ကိုနီကိုရဲရဲ့ကားမှာ ဖိုက်တင်ခန်းတွေပါလား"

"ပါတာပေါ့။ မကြည့်ပြာကို နှောင့်ယှက်တဲ့ကောင်တွေနဲ့ မင်းသား ရဲဝင်းနဲ့ ဖိုက်တဲ့ အခန်းပေါ့ဗျာ။ အပြင်မှာ ကျွန်တော် မနိုင်တဲ့ အကောင်တွေကို ကျွန်တော့်ကားမှာ လူကြမ်းတွေ အဖြစ်ထားပြီး မင်းသားကို အပြတ်နှာနိုင်တာပေါ့။ ဟဲ ဟဲ ဟဲ"

"အဲဒီလူကြမ်းသရုပ်ဆောင်ထဲမှာ ကိုဒေဝပါ . . ."

"ပါတယ်ဗျ ပါတယ်၊ သူ့ကို နှစ်ရက် သုံးထားတယ်။ သုံးလေးခန်း ပါတယ်"

"ကိုနီကိုရဲတို့ ဖိုက်တင်ခန်း ရိုက်ရင်း ကိုဒေဝကို ခိုက်မိသေးလား"

နီကိုရဲက သူ၏ ပြောင်သော မဟာနဖူးနှင့် ဆံပင်ကျဲသော ခေါင်းကို ပွတ်သပ်ပြန်ကာ တစ်ခဏ စဉ်းစားသည်။ ကျွန်တော်နှင့် ရှားက သူ့ထံမှ အဖြေကို စိတ်စောစွာ စောင့်နေမိကြ၏။ ဦးဒေဝ ပြောခဲ့သည့် စကားနှင့် နီကိုရဲ၏ အဖြေ တူညီ မတူညီ။

"အင်း . . . ကျွန်တော် မှတ်မိပြီ မင်းသားနဲ့ သူနဲ့ ချတဲ့အခန်းမှာ မင်းသားက အရှိန်လွန်သွားတာလား၊ သူတို့နှစ်ယောက် တိုင်ပင်လွဲသွားလို့လား မသိဘူး၊ ကိုဒေဝရဲ့ နှာခေါင်းကို ထိမိပြီး သွေးတွေ ထွက်လာတယ်။ သူ ဝတ်ထားတဲ့ ကုတ်အကျႌမှာတောင် သွေးတွေ ပေသွားတယ်"

နီကိုရဲ အဖြေကြောင့် ရှားနှင့် ကျွန်တော် အပြန်အလှန် ကြည့်လိုက်မိကြ၏။ ဦးဒေဝ၏ အပြောစကားသည် မုသား မဟုတ်။ ရှား ရင်ပေါ့သွားသလို မျက်နှာကလေး ကြည်လင်သွားသည်။

"အဲဒါ ဘာအကြောင်းရှိလို့လဲ မမေရှား"

နီကိုရဲက ပြန်မေးသည်။





"လူသတ်မှုတစ်ခုခုနဲ့ ပတ်သက်ပြီး ကိုဒေဝ အဖမ်းခံနေရတယ်။ ကိုဒေဝရဲ့ ကုတ်အကျႌက သွေးကို သေသူရဲ့ သွေးလို့ ရဲတွေက ယူဆနေကြတယ်။ ကိုဒေဝမှာ ဓားမြှောင်တစ်ချောင်းလည်း ရှိတယ် မဟုတ်လား။ အဲဒါကိုလည်း သေသူကို ထိုးသတ်ခဲ့တဲ့ ဓားလို့ ယူဆနေကြတယ်။ အဲဒါကြောင့် ကိုဒေဝကို မေးကြည့်တော့ ကိုဒေဝက ရုပ်ရှင်မှာ ဖိုက်တင်ရိုက်ရင်း နှာခေါင်းကို ထိလို့ သွေးထွက်တာ ကုတ်အကျႌမှာ သွေးစွန်းသွားပါလို့ ပြောတယ်လေ။ အဲဒါ မှန်မမှန်သိချင်လို့ ကိုနီကိုရဲကို လာမေးတာ"

"ဟာ ဖြစ်မှ ဖြစ်ရလေဗျာ၊ ဘယ်လိုလုပ် ဒီလူက လူသတ်တရားခံ ဖြစ်ရမှာလဲ။ ဒီလူက လူကြမ်းသာ လုပ်နေတာ၊ ရုပ်ကသာ ကြမ်းတာ၊ စိတ်က အင်မတန် ပျော့တဲ့ လူ၊ သဘောလည်း ကောင်းတယ်။ ဘယ်သူနဲ့မှ စကားများ ရန်ဖြစ်တာ မရှိဖူးဘူး။ အဖွဲ့သားတွေက သူ့ကို ခင်ကြတယ်"

"အဲဒါပါ ကိုနီကိုရဲ၊ ကျွန်တော်ဟာ သူ့ရဲ့ အကျိုးဆောင်အနေနဲ့ သူ မသတ်ရင် အပြစ်က လွတ်အောင် ကြိုးစားပေးရမှာမို့ သူ့ကို ကာကွယ်နိုင်မယ့် အချက်တွေ လိုက်ရှာနေတာပါ၊ တကယ်လို့ လိုအပ်ရင် ကိုနီကိုရဲက စောစောက ပြောခဲ့တဲ့ နှာခေါင်း သွေးထွက်တဲ့ကိစ္စကို သက်သေ လိုက်ပေးနိုင်မလား"

"ရတာပေါ့ဗျာ၊ ကျွန်တော်သာမကဘူး။ အဲဒီနေ့က ရိုက်ကွင်းမှာ ရှိတဲ့သူတွေကိုပါ လိုရင် ကျွန်တော် ခေါ်ပေးမယ်"

"ဒါဆို ကျေးဇူးပဲ ကိုနီကိုရဲ"

"ကျွန်တော်လည်း သူ့ဆီ သွားလိုက်ပါဦးမယ်ဗျာ၊ သူ့ကိုလည်း အားပေးရင်း လိုအပ်တာလည်း ကူညီရတာပေါ့။ သူ့မိတ်ဆွေတွေကိုလည်း အသိပေးလိုက်မယ်"

"နီကိုရဲရေ ကျေးဇူးအများကြီးတင်တယ်ကွာ။ မင်းဆီက ရတဲ့ စကားဟာ ကိုဒေဝကို ကယ်တင်နိုင်မယ့် အဓိက အချက်တစ်ချက်ပဲ။ ကဲ . . . ကဲ ခင်လည်း သွားစရာရှိနေတာ ငါတို့ ပြန်မယ်"

"ကော်ဖီသောက်ကြဦးလေဗျာ၊ အချိန်ရတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



စကားကောင်းနေသည့်အတွက် မသိမသိရှိသေးသော ကော်ဖီပန်းကန်များကို ကျွန်တော်တို့ ရှေ့သို့ အတင်းတိုးပေးရင်း နီကိုရဲက ပြောသည်။ တစ်ဘက်တည်းမှာပင် ခပ်လှမ်းလှမ်းရှိ ပက်လက်ကုလားထိုင်တွင် ထိုင်နေသော သူ့ဖခင်နှင့် သူ့သားကလေးကို ထိန်းနေသည့် သူ့မိခင်ဘက်သို့ လှည့်ကာ –

''အဖေနဲ့အမေတို့ မှတ်ထား၊ ဆရာ ကိုနေသော်ကိုတော့ အဖေနဲ့အမေက သိပြီးသား၊ အဖေနဲ့ အမေ မသိတာက ဆရာ ချစ်သူ မမေစံရှားပဲ၊ ငယ်ရွယ်ပေမယ့် ရှေ့နေလောကမှာတော့ နာမည်တစ်လုံးနဲ့ နေတာ၊ အမှန်တရားအတွက်ဆိုရင် သူ ရင်မဆိုင်ရဲတဲ့အရာ ဘာမှ မရှိဘူး၊ သူ ရင်မဆိုင်ရဲတဲ့သူ ဘာမှမရှိဘူး။ ကျွန်တော်တောင် သူ့အကြောင်း ဝတ္ထုရေးမလို့ စဉ်းစားနေတာ၊ ဆရာကိုနေသော်က သူ့အညီ ရေးနေတာနဲ့'' ဟု အားပါးတရ မိတ်ဆက်ပြောပြောသည်။

သူမကို ချီးမွမ်းစကားဆိုသဖြင့် ရှား၊ အနေရခက်ဟန်ပေါ်သည်။ ရှက်ဟန်ဖြင့် မျက်နှာကို ခပ်ငုံ့ငုံ့ထားရင်း –

''ကိုနီကိုရဲက ဟာသအရေးကောင်းရုံ မကဘူး။ ဟာသ အပြောလည်း ကောင်းတယ်။ ဘာမှမဟုတ်တဲ့ ကျွန်မကိုလှ အထင်ကြီးအောင် လျှောက် ပြောတတ်တယ်'' ဟု ခပ်တိုးတိုး ပြောသည်။ နီကိုရဲက တဟားဟား အားပါးတရ ရယ်သည်။

''အဲဒီလို ကိုယ့်ကိုယ်ကို နှိမ့်ချတတ်တာကိုပဲ ကျွန်တော် လေးစားမဆုံးတာ၊ ဆရာကိုနေသော် အရွှေတော်တယ်ဗျာ။ အဲဒီလို ချစ်သူမျိုး ရအောင် ရှာတတ်တာ''

''ဟာ မင်းက ငါ့ဘက်လှည့်လာပြန်ပြီ''

နီကိုရဲ ထပ်၍ ရယ်သည်။

''ကဲ ... ကျွန်မတို့ကို ခွင့်ပြုပါဦး၊ ကျွန်မတို့ ဆက်လိုက်စရာလေးတွေ ရှိသေးလို့ပါ''

ရှားက စကားဖြတ်လိုက်သည်။

(၉)

''အင်း ... ဒုက္ခ ဒုက္ခ ဖြစ်ချင်တာ မဖြစ်ရတာလည်း ဒုက္ခ၊ မဖြစ်ချင်တာ ဖြစ်ရတာလည်း ဒုက္ခပဲကွယ်''

ဆရာတော်က သံဝေဖြင့် ညည်းညူတော်မူပြီးမှ –

''ဒကာလေးတို့ ဒကာမလေးတို့သိချင်တဲ့ ဒကာသာရင်အကြောင်းက ဘုန်းကြီးလည်း သိပ်မသိဘူးကွယ်။ ဘုန်းဘုန်းဆီ ရောက်လာပြီး လာလာထယ် နေစရာ မရှိလို့ ခေတ္တနေခွင့်ပေးဖို့ လျှောက်တာနဲ့ ဘုန်းကြီးလည်း ခွင့်ပြုလိုက်တာ။ သူ့ဇာတိ၊ သူ့ဆွေမျိုး၊ ဘာကိုမှ ဘုန်းကြီးက မေးမိဘူးကွယ်။ သူကလည်း ဘာမှ ပြည့်ပြည့်စုံစုံ မလျှောက်ထားခဲ့ဘူး။ ကျောင်းပေါ်မှာ ကျောင်းသားတွေနဲ့အတူ နေဆိုတာကိုတော့ သူက လက်ခံဘဲ မီးဖိုလေးက ခန်းလေးမှာ သွားနေတာကွယ့်'' ဟု မိန့်တော်မူသည်။

''ကိုသာရင် အသတ်ခံရတဲ့ညက ဆရာတော် ဘာများ သတိပြုမိခဲ့တာ ရှိပါသလဲ ဘုရား''

ရှားက လက်အုပ်ကလေးချီရင်း လျှောက်သည်။

''ဘာမှ သတိမပြုမိတာ အမှန်ပါပဲ ဒကာမလေး၊ အဲဒီညက ဘုန်းကြီး နေလို့ သိပ်မကောင်းတာနဲ့ ဆေးသောက်ပြီး ဆယ်နာရီခွဲလောက်မှာ

www.burmeseclassic.com



ကျိန်းလိုက်တယ်။ အရုဏ်ဆော်တက်မှ နိုးတော့တာပဲ။ ဘုန်းကြီးလည်း နိုးရော ဆွမ်းချက်တဲ့ ကပ္ပိယကြီး ရောက်လာပြီး ဒကာသာရင် သေဆုံးနေကြောင်း လာလျှောက်တယ်။ ဘုန်းကြီး သွားကြည့်တော့လည်း ဟုတ်နေတယ်။ အဲဒါနဲ့ ဒကာတစ်ယောက်ကို ရဲစခန်းလွှတ်ပြီး အကြောင်းကြားခိုင်းရတာပဲကွယ်"

ဆရာတော်က စိတ်ရှည်လက်ရှည် ရှင်းပြသည်။

ဆရာတော်နှင့် ကျွန်တော်တို့ စကားပြောနေစဉ် အသက်ခြောက်ဆယ်ခန့် ဆံပင်တိုတို တစ်ခေါင်းလုံးဖြူနေသော ခပ်ဝဝလူကြီးတစ်ဦး ရောက်လာသည်။ ဆရာတော်ကို သူက ဦးချလိုက်၏။

"ဒကာကြီးက ဒီက ဒကာလေးနဲ့ ဒကာမလေးကို ဒကာသာရင် သေဆုံးရပုံတွေကို ပြောပြလိုက်ပါဦး။ သူတို့လည်း ဒကာသာရင် သေဆုံးမှုနဲ့ ပတ်သက်ပြီး အာမခံနေရတဲ့ သူတစ်ယောက်အတွက် မဖြစ်သင့်တာ မဖြစ်ရအောင် အပြစ်မှန်ကို လေ့လာစုံစမ်းနေကြတာ"

ဆရာတော်က ထိုလူကြီးကို ပြောပြီး ကျွန်တော်တို့ဘက်သို့ ပြန်လှည့်ကာ "သူက ဘုန်းကြီးတို့ကျောင်းက ကပ္ပိယကြီး ဦးထော်ပဲ။ ဟို နေ့က ဒကာသာရင် သေဆုံးနေတာကို ပထမဆုံးတွေ့တာ သူပဲကွယ်။ သူ သိတာတွေ ပြောပြပါလိမ့်မယ်၊ ဒကာလေး ဒကာမလေးတို့ သိချင်တာ သူ့ကို မေးနိုင်ပါတယ်" ဟု မိန့်သည်။

ကျွန်တော်တို့နှင့် ဦးထော် အကြည့်ချင်း ဆုံသွားသည်။

"ဒါဆို လာကြလေ၊ အခင်းဖြစ်တဲ့ နေရာကို ကျုပ် လိုက်ပြမယ်။ တူ တူမတို့ သိချင်တာတွေလည်း မေးပေါ့"

ကပ္ပိယကြီး ဦးထော်၏ စကားအဆုံးတွင် ကျွန်တော်တို့က ဆရာတော်ကို ဦးချဝတ်ပြုလိုက်ကြသည်။

"တပည့်တော်တို့ကို ခွင့်ပြုပါဦး ဘုရား"

"ကောင်းပြီကွယ်၊ သေသူကလည်း သေပြီ အနိစ္စပေါ့၊ ကျန်နေတဲ့ သူတွေမှာလည်း ပြဿနာတွေနဲ့ ဒုက္ခရောက်ရတယ်။ လောကကြီးရဲ့ ဖြစ်ပျက်ကိုသာ ဝိပဿနာရှုမှတ်ကြပေတော့ကွယ်။ ဒကာတို့ ကြိုးစားနေတာလည်း အောင်မြင်ပါစေ"





ဆရာတော်ထံပါးမှ ကျွန်တော်တို့ ထွက်လာကြပြီး ကပ္ပိယကြီး ဦးထော် ခေါ်ဆောင်ရာ ကျောင်း၏ နောက်ဘက်ရှိ ဆွမ်းချက်မီးဖိုဆောင်သို့ လိုက်ခဲ့ကြသည်။ ဆရာတော်၏ ကျောင်းမှာ နှစ်ထပ်တိုက် ကျောင်းဖြစ်ပြီး ကျောင်းဝင်းကြီးကလည်း ကျယ်လှသည်။ ကျောင်း၏ အောက်ထပ်တွင် ဦးဇင်းများ၊ ကိုရင်များ စာအံနေကြ၏။

မီးဖိုဆောင်မှာ ကျောင်းနောက်ဘက် အနည်းငယ် ကွာလှမ်းသည်။ ကြွေလေးဖြင့် ဆက်ထားသည်။ တစ်ထပ်ဆောင် ရှည်ရှည်လေးဖြစ်သည်။ မီးဖိုခန်း ထင်းသိုလှောင်ခန်း၊ တိုလီမိုလီသိုလှောင်ရာ စတိုခန်း ဟူ၍ အခန်း သုံးခန်း ရှိသည်။ အစွန်ဆုံးခန်းမှာ စတိုခန်း ဖြစ်၍ ထိုအခန်းမှာ သေဆုံးသူ ကိုသာရင် နေထိုင်ကြောင်း ဦးထော်က ပြောပြ၏။

"ဆရာတော်က ကျောင်းအောက်ထပ်မှာ နေခွင့်ပေးတာပါ၊ သူက မနေချင်လို့ ဒီအခန်းလေးမှာ ပေးနေရတာ၊ ကျုပ်ပဲ သူနေလို့ရအောင် အခန်းရှင်းပေးခဲ့ရတယ်"

"သူတစ်ယောက်တည်း နေတာပေါ့"

ရှားက ဖြတ်မေးသည်။

"ဟုတ်ပါတယ်"

"နေ့လယ်နေ့ခင်းဆိုရင် သူ အပြင် ထွက်တတ်လား"

"ထွက်တယ်၊ နေ့စဉ်လို အပြင် ထွက်တယ်"

"သူ စားတော့ကော"

"ကျောင်းမှာက ဆွမ်းကွမ်းပေါပါတယ်။ သူ့အတွက် ကျုပ်က ချန်ချင့်ပေးထားတယ်၊ သူ ပြန်လာရင် စားလို့ရအောင် ကျုပ်က ကိုယ်ချင်း စာလို့ပါ၊ ကျုပ်ကလည်း တစ်ကောင်ကြွက်ပဲလေ"

"သူနဲ့ ကပ္ပိယကြီးနဲ့ တော်တော် ရင်းနှီးမှာပေါ့"

ကပ္ပိယကြီးဦးထော် အနည်းငယ် တုံ့ဆိုင်းသွားသည်။

"အင်း ... ဒီလိုလည်း မဟုတ်ဘူးကွယ့်။ မရင်းနှီးဘူး၊ ကျုပ်က ကျောင်းဝေယျာဝစ္စတွေက အများသားကလား။ တစ်နေကုန် အလုပ်ရှုပ်နေသော သူကလည်း အပြင်ထွက်နေတာများတော့ အေးအေးဆေးဆေး တွေ့

www.burmeseclassic.com



ကြည့်ကြ စကားပြောကြရတာ သိပ်မရှိဘူး။ မေးထူးခေါ်ပြောလောက်ပါပဲ။ ပြီးတော့လည်း သူက တစ်မျိုးကြီးဗျ သိပ်ပြီး ဖော်ဖော်ရွေရွေ ရှိလှတာ မဟုတ်ဘူး။ သူ့ဘာသာပဲ နေတတ်တဲ့ သဘာဝရှိတယ်''

''သူ့ဆီကို ဝင်ထွက်သွားလာတဲ့သူတွေကို ကပ္ပိယကြီး မှတ်မိလား''

''ကျွန်ုပ် သတိထားမိတာတော့ တစ်ယောက်ပဲ ရှိတယ်။ ရပ်ရွာထဲမှာ လူကြမ်းလုပ်တဲ့ ကိုဒေဝပါ၊ နှစ်ခါ သုံးခါ လာဖူးတယ်''

''ကိုဒေဝနဲ့ ကိုသာရင် စကားများကြတယ်လို့ ကြားတယ်၊ ဟုတ်သလား၊ ကပ္ပိယကြီး''

''ဟုတ်တယ်၊ ကိုသာရင် မသေဆုံးခင် တစ်ရက်ပဲ။ ကျွန်ုပ် ကြားလိုက်တာကတော့ ကိုဒေဝက ကြွေးလာတောင်းတာပဲ။ ကိုသာရင် မပေးနိုင်ဘူး။ မပေးနိုင်တာကို ကြေကြေလည်လည် မပြောဘဲ မရှိလို့ မပေးသေးတာပေါ့ဗျာ။ ရှိရင်ပေးမှာပေါ့ ဆိုတာမျိုး ဘုပြောရာက စကားများကြတာပဲ။ စကားများရင်းကနေ ကိုသာရင်က ထိုးမယ် ကြိတ်မယ်တောင် လုပ်ပုံရတယ်။ ကိုဒေဝကလည်း ဒေါပွပြီး သိမယ် ဘာညာ ကြိမ်းပြီး ပြန်သွားတာပဲ''

''တစ်ခုတော့ မေးချင်တယ် ကပ္ပိယကြီး''

ကပ္ပိယကြီး ဦးထော်က ရှားကို စူးစူးစိုက်စိုက် ကြည့်သည်။

''မေးပါ တူမ''

''ကိုဒေဝက ကိုသာရင်ကို မကျေနပ်လို့ လာသတ်တာ ဖြစ်နိုင်တယ်လို့ ထင်လား''

ဦးထော် သူ၏ ခေါင်းကို ပွတ်ကာ စဉ်းစားနေပြီးမှ –

''ဒါမျိုးက အပြောရခက်တယ်ဗျ။ ရဲတွေ မေးတုန်းကလည်း ကျွန်ုပ် မပြောတတ်ခဲ့ဘူး။ ကျွန်ုပ် အထင်တွေ ပြောလို့ တစ်ဘက်မှာ ထိခိုက်သွားမှာကို စိုးတယ်'' ဟု ဖြည်းလေးစွာ ပြောသည်။

''ကျွန်မတို့က ရဲ မဟုတ်ပါဘူး။ အမှန်ကို အနီးစပ်ဆုံး တွေးယူနိုင်ဖို့ပါ''





ရှားက ဦးထော် ပြောချင်အောင် လမ်းထပ်၍ ကြောင်းသည်။ တစ်ခဏ ကြာသွားသည်။

''မထင်ဘူး။ ကိုဒေဝ ကြည့်ရတာ လုပ်မယ့်သူ မဟုတ်ဘူး။ ပြီးတော့ အမှန်ကိုပြောရရင် ကိုသာရင်ကသာ လူမိုက်ရုပ်ဗျ။ ဒီကို မရောက်လာခင် သူ ဘယ်မှာနေခဲ့တယ်၊ ဘာလုပ်ခဲ့တယ်၊ ကျွန်ုပ်တို့ကို သူ မပြောပြတာ အကြောင်းရှိချင် ရှိနိုင်တယ်။ အဲဒီနောက်ကြောင်းတွေကြောင့် သူ အသတ်ခံရတာလည်း ဖြစ်ချင် ဖြစ်နိုင်တယ်''

ဦးထော်၏ ပြောဟန်မှာ လက်လွတ်စပယ် မဟုတ်။ တွေးတွေးဆဆ ပြောခြင်းမျိုး ဖြစ်သည်။ ရိုးသား၍ ပွင့်လင်းဟန်ရှိသော ဦးထော်၏ ပြောချက်မှာ စဉ်းစားဖွယ်ရာ။

''အဲဒီအခန်းပဲ သူနေတာ''

ဦးထော်က အခန်းတံခါးကို ဖွင့်၍ ပြသည်။ အခန်းထဲ၌ ကျောင်းပိုင်အသုံးဆောင် ပစ္စည်းများသာ ရှိ၏။ ကိုသာရင်၏ အိပ်ရာ ပစ္စည်းများ ဘာမျှ မရှိ။ ရဲက သက်သေခံအဖြစ် သိမ်းသွားခြင်း ဖြစ်လိမ့်မည်။

''သူ အိပ်တာ အဲဒီနေရာပဲ''

ဦးထော်က ကိုသာရင် အိပ်ခဲ့ရာ နေရာကိုပါ ပြသည်။ နေရာက ရှင်းရှင်းနေ၏။ ရှားနှင့် ကျွန်တော် အနားကပ်သွားပြီး ကြည့်အောင်လည်း ဘာတစ်ခုမျှ စိတ်ဝင်စားဖွယ်ရာ သဲလွန်စမတွေ့။ တစ်ခုပဲ ရှိ၏။ နံရံမှ သွေးဖြင့် ရေးထားသော စာ။

သွေးကို လက်ညှိုးဖြင့် တို့၍ရေးခြင်း ဖြစ်သောကြောင့် အစီအသ ကြီးမဟုတ်။ ဖြုန်းခနဲ ကြည့်လျှင် ဤသို့ မြင်ရ၏။

မြို

''စာအနေနဲ့ ဖတ်ရင်တော့ မြို့လို့ပဲ ဖတ်ရမှာပဲ။ ဒါကို ရဲက ကိုဒေဝရဲ့ လက်မှတ်နဲ့ ဆင်တယ်လို့ ပြောတယ်။ ဒီအချက်ကတော့ လုံးဝ လက်ခံနိုင်စရာ မရှိဘူးလို့ ရှား ထင်တယ်၊ လူသတ်သမားက ဘာကြောင့် သူ့လက်မှတ်ကို သွေးနဲ့ ထိုးခဲ့ရမှာလဲ မဖြစ်နိုင်ဘူး။ ပြီးတော့ နာမည်တစ်ခုခု



www.burmeseclassic.com

www.burmeseclassic.com



လည်း မဖြစ်နိုင်ဘူး။ သေဆုံးသူ ကိုသာရင်နဲ့ ပတ်သက်တဲ့ အကြောင်းတစ်ချက်ချက်ပဲ ဖြစ်နိုင်တယ်''

''ကျွပ် အထင်တော့ မြို့လို့ ရေးတာ ဖြစ်နိုင်တယ်''

ဦးထော်က ဝင်ပြောသည်။

''မြို့ ဆိုတာ ဘာလဲ၊ နာမည်လား၊ ဘာအမှတ်သားလဲ။ ဦးမြို့မောင်မြို့လို့တော့ မရှိနိုင်ဘူး။ မိုးဆိုရင်တော့ နာမည်တစ်ခုခု ဖြစ်ချင်ဖြစ်မှာပါပေမယ့် ရှား တစ်ခု စဉ်းစားကြည့်မိတယ် ကိုကို''

ရှား၊ ကျွန်တော့်ဘက် လှည့်လာ၍ ပြောသည်။

''ဘာလဲ ရှား''

''မြို့ဆိုတာ ပါဠိကလာတဲ့ စကားပဲ၊ ကြေးလို့ အဓိပ္ပာယ်ရတယ်''

''ဘာလဲ ကိုဒေဝရဲ့ ကြေးနဲ့ ဆက်စပ်ပြီး တွေးတာလား''

ရှား၊ ခေါင်းယမ်းသည်။

'ဒီငွေနစ်ထောင် ကြွေးလောက်နဲ့ ဒီလို လူသတ်မှု မဖြစ်နိုင်ဘူး ကိုကို။ ဒီထက် နာကျည်းခံပြင်းစရာရှိလို့ ကိုသာရင်ကို သတ်တာပဲ။ အဲဒါဟာ ကြွေး။ ဘာကြွေးလဲ၊ တခြားက ငွေတွေ ဘာတွေ လိမ်ခဲ့လို့လား။ ငွေတွေ လိမ်ယူလာခဲ့ရင်လည်း ကိုသာရင် ခုလို ဘုန်းကြီးကျောင်း ကပ်နေရတဲ့အဆင့် မရောက်နိုင်ဘူး။ တခြားအကြောင်း ဖြစ်ရမယ်။ ပြီးတော့ သွေးနဲ့ ရေးသွားတာဆိုတော့ သွေးကြွေးပေါ့။ ဒီတော့ ကိုသာရင်ကများ တခြားတစ်ယောက်ယောက်ကို သတ်ခဲ့ဖြတ်ခဲ့လို့ အဲဒီ အသတ်ခံခဲ့ရတဲ့သူရဲ့ ဆွေမျိုး အပေါင်းအသင်းတွေက ပြန်လာပြီး ကလဲ့စားချေတာ များလားလို့ ရှား စဉ်းစားမိတာ''

''ဒါ ဖြစ်နိုင်တယ်''

ကျွန်တော် ထောက်ခံချက်နှင့် ဆင့်၍ –

''ဟ … တုမပြောတာ အဓိပ္ပာယ်ရှိတယ်။ ကျုပ် ပြောခဲ့ပါပကော၊ ဒီကိုသာရင် လူမိုက်ပုံ၊ ပြီးတော့ သူ့အကြောင်းတွေ ကျုပ်တို့ ဘာမှ မသိရဘူး။ ဒါဟာ အကြောင်းတစ်ခုခုကြောင့် တစ်နေရာရာကနေ ပြေးလာပြီး ဒီမှာ ပုန်းနေတာ ဖြစ်ချင်ဖြစ်မှာ''ဟု ကဗွီယကြီး ဦးထော်ကပါ ဝင်၍ ထင်မြင်ချက်ပေးသည်။





''တစ်ထိုင်တည်းနဲ့တော့ ကောက်ချက် အပြီးချလို့ မရနိုင်သေးဘူး။ တွေးစရာတစ်ခုခုအနေနဲ့တော့ ခေါင်းထဲ ထည့်ထားရမယ့် အချက်ပဲ ကိုကို''

''ဒီတော့''

''ဒီအထဲမှာတော့ တခြားသဲလွန်စ မတွေ့ဘူး။ တွေ့ရင်လည်း သိပ်တို့ ရှာသိမ်းသွားရောပေါ့။ အပြင်ခဏ ထွက်ကြည့်ရအောင် ကိုကို''

ရှားနှင့်ကျွန်တော် အခန်းထဲအပြင်သို့ ပြန်ထွက်ခဲ့သည်။ ဦးထော်က ကျွန်တော်တို့နောက်မှ –

''ခြေရာ ဘာညာကျွန်ဖို့ဆိုတာကလည်း မလွယ်ဘူး ရှားရဲ့။ မိုးမှ မဟုတ်တာ၊ ပြီးတော့ ဒီနေရာမှာက ကွန်ကရစ် ခင်းထားတယ်လေ''

ကျွန်တော်က ထင်မြင်ချက် ဦးဗွာ မေးလိုက်သည်။

ကျောင်းမကြီးနှင့် မီးဖိုဆောင်ကို ဆက်ထားရာမှာ အမိုးနှင့် စကြံ္ကြမ်း၊ မီးဖိုဆောင်နှင့် ကျောင်းမကြီးကြားကို ကွန်ကရစ်များ အပြည့်ခင်းထားသည်ဖြစ်ရာ သစ်ရွက်ကြွေများနှင့် အမှိုက်တချို့တလေသာ ရှိနေသည်။ မြေပြင်မဟုတ်၍ ခြေရာ မထင်ကျန်။

ရှားက ကျွန်တော့်ကို ပြန်မပြောဘဲ မီးဖိုဆောင်သို့ ကျောင်းအဝင်ဝမှ ဝင်လာနိုင်သော လမ်းကြောင်းတစ်လျှောက် ဖြည်းလေးစွာ လျှောက်ရင်း လိုက်လံကြည့်ရှုလျက်ရှိသည်။ ကျောင်းဝင်းကြီးမှာ ကျယ်လျက် သရက်ပင်၊ ရေမ်းပင် စသော အပင်ကြီးများက အုပ်ဆိုင်းလျက်ရှိသည်။ မြေပြင်၌ သစ်ရွက်ကြွေများက နေရာအနှံ့ ကျောင်းဝင်းကို အုတ်နံရံဖြင့် ကာရံမထား။ သွပ်ဆူးကြိုးများက ကာရံထားသည်။ ကျောင်းသို့ အဝင် ဝင်ပေါက်မှာ သစ်သား တံခါး ရှိသည်။

''ဒီတံခါးက သော့မခတ်ဘူး။ ညဘက်ဆိုရင် ဇော့ရုံ ချိတ်နဲ့ ချိတ်ရုံလောက်ပဲရှိတာ''

ဦးထော်က ရှင်းပြသည်။

ထိုကျောင်းဝင်းအေားမှာလည်း အခြားဘုန်းကြီးကျောင်းများ ရှိနေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုညက ဆိုက်ကားဆရာ တွေ့လိုက်တာ၊ ဒီအဝင်ဝကနေ လူသတ်သမား ပြန်ထွက်သွားတာပဲ နေရမယ်။ သူ့ကိုလည်း ရှား တွေ့ကြည့်ချင်တယ်"

"ရဲအုပ်သိုက်ကို ပြောရင် တွေ့လို့ ရမှာပေါ့၊ သူ့မှာ အဲဒီ ဆိုက်ကား ဆရာရဲ့ နာမည်နဲ့ လိပ်စာ ရှိမှာပေါ့"

ကျွန်တော်တို့ အဝင်ဝမှနေ၍ မီးဖိုဆောင်ရှိရာဘက်သို့ ပြန်လာခဲ့ကြသည်။ လမ်းလျှောက်လာရင်း မြေပြင် ဘေးဘက်ညာကိုလည်း ကြည့်လာခဲ့ကြ၏။ မီးဖိုဆောင်နား ပြန်ရောက်လာသည်။ ကွန်ကရစ်အခင်းပေါ် ပြန်ရောက်လာသည်။

ကြိုးစားမှုဟူသည် အချည်းနှီး မရှိပါတကား။

ရှားက ကိုသာရင်နေခဲ့ သေခဲ့သော အခန်းတံခါး မရောက်မီ တစ်နေရာ၌ ရပ်လိုက်ပြီးနောက် ကွန်ကရစ် ကြမ်းပြင်ကို ကြည့်နေရာမှ ထိုင်ချလိုက်သည်။ ရှား မျက်နှာမှာ ရွှေအိုးကြီး တွေ့လိုက်ရသလို ဝင်းဝင်း လက်လက်နှင့်။

"ဘာလဲ ရှား ဘာတွေ့လို့လဲ"

ကျွန်တော် ရှားအနားသို့ ရောက်သွားသလို ကပ္ပိယကြီး ဦးထော်လည်း ရောက်လာသည်။ ရှားက တစ်စုံတစ်ခုကို လက်ညှိုး ထိုးပြသည်။ သစ်ရွက်ခြောက်ကြားထဲ ကျည်ကလေးနှင့် ဝိနေသည့် ဆေးပေါ့လိပ် တိုကလေး တစ်ခု။

ဆေးပေါ့လိပ်တိုကလေးမှာ အစိမ်းနားထိ တိုနေ၏။ ပါးပတ်ထားသိမ် ကလေးကိုတော့ တွေ့နိုင်သေး၏။ ရှားက ဆေးလိပ်တိုကလေးကို မထိ မကောက်သေးဘဲ။

"တံဆိပ်မှာ တွေ့ရတာကတော့ ဒေါ်မြမွှေး ဆေးပေါ့လိပ်တဲ့" ဟု တစ်ကိုယ်တည်း ပြောသလို ကျွန်တော်တို့ကို ပြောရင်း ကပ္ပိယကြီး ဦးထော်ကို မော့ကြည့်လိုက်သည်။

"ကပ္ပိယကြီးတို့ကျောင်းမှာ ဒေါ်မြမွှေး ဆေးပေါ့လိပ် သောက်သူ ရှိလား"





"မရှိပါဘူး။ ကျောင်းမှာ ဆေးလိပ်သောက်သူလည်း မရှိဘူး။ ကျုပ်လည်း မသောက်တတ်ဘူး။ ကျောင်းသားလေးတွေလည်း မသောက်ဘူး။ ဆရာတော်က ဆေးလိပ်မသောက်ရဆိုပြီး စည်းကမ်းချထားတယ်။ ဆရာတော်က စည်းကမ်း သိပ်ကြီးတာဆိုတော့ ဘယ်သူမှ မသောက်ရဲကြဘူး"

"ကိုသာရင်ကော ဆေးလိပ်သောက်တာ တွေ့မိလား"

"သူလည်း မသောက်ဘူးဗျ၊ သူ့ကို ကျုပ်က ပြောထားတယ်၊ ဆရာတော်က ဆေးလိပ်သောက်တာ မကြိုက်ဘူး။ ခင်ဗျား ဆေးလိပ် သောက်တတ်ရင် ဆရာတော် မမြင်အောင် တခြားမှာ သောက်ပါလို့ဆိုတော့ သူက သူလည်း ဆေးလိပ် မသောက်တတ်ဘူး ပြောပါတယ်။ သူသောက်တာလည်း ကျုပ် မတွေ့ဖူးပါဘူး"

"ဒီကျောင်းထဲ အဲဒီနေရာကို ခုတလော လာတဲ့သူတွေများ ရှိလား"

"မရှိဘူးဗျ၊ ဆရာတော်ကလည်း ခုတလော ဘယ်သူမှ အဝင်မခံဘူး။ ပြီးတော့ လူတွေကလည်း ကြောက်နေတော့ သေသူ ကိုသာရင့် အခန်းနားကို ဘယ်သူမှ မကပ်ကြဘူး။ ကျုပ်တစ်ယောက်ပဲ"

"ကိုသာရင် မသေခင်ကရော"

"အဲဒီတုန်းကလည်း ခုလိုပဲ၊ ကျုပ် မှတ်မိသလောက်တော့ လာတဲ့သူတစ်ယောက်စ နှစ်ယောက်စဟာလည်း ဆရာတော့် တပည့်သား မြေး တွေပါ။ သူတို့ကလည်း ဆရာတော့်အကြောင်း သိနေတော့ ဆေးလိပ်သောက်ရင်တောင် ကျောင်းထဲ ယူမလာခဲ့ကြဘူး"

"ဒီဒေါ်မြမွှေး ဆေးပေါ့လိပ်ကို ကပ္ပိယကြီး ကြားဖူးလား။ ဒီဒေသ တစ်ဝိုက်မှာ သောက်သုံးကြလား။ ကျွန်မ မကြားဖူးလို့ မေးတာပါ"

ကပ္ပိယကြီး ဦးထော် ခေါင်းယမ်းသည်။

"မကြားဖူးဘူး။ မတွေ့လည်း မတွေ့ဖူးဘူး။ ရန်ကုန်က ဆေးပေါ့လိပ် သောက်သူ နည်းသွားပါပြီ။ သောက်ရင် စီးကရက်ပါပဲ။ ပြီးတော့ ဆေးပေါ့လိပ် သောက်သူတွေလည်း ရှိနေပေမယ့် ဒီနာမည်တော့ မကြားဖူးတာ အမှန်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ရှားဟာ ကျွန်တော့်ဘက် လှည့်ကြည့်သည်။ ကျွန်တော် သဘောထားကို တောင်းပန်ခြင်းဖြစ်ကြောင်း နားလည်လိုက်၏။

''ကိုကိုလည်း မတွေ့ဖူး မကြားဖူးဘူး''

''ဒါဆိုရင်တော့ ရှားတို့အတွက် ကံကောင်းထောက်မ၍ ရလိုက်တဲ့ ရှားရှားပါးပါး သဲလွန်စပဲ၊ ရဲအုပ်သီဟာကို ပြောမှ ဖြစ်မယ်''

ရှားက သူမ၏ အိတ်ထဲမှ လက်ကိုင်ဖုန်းကို ထုတ်ယူလိုက်သည်။ ပြီး ရဲအုပ် သီဟာထံ ဆက်ရန် ဂဏန်းကွက်ကလေးများကို နှိပ်နေသည်။

ကျွန်တော်က ဆေးပေါ့လိပ်တိုကလေးကို တစ်ချက် ပြန်ကြည့်လိုက်သည်။

အစီခံတွင် ပတ်ထားသော နာမည် တံဆိပ်ကလေး။

ဘယ်မှာ မြင်ဖူးပါလိမ့်။

[၁၀]

ရဲအုပ်သီဟာက ဆေးပေါ့လိပ်တိုကလေးကို စနစ်တကျ သိမ်းဆည်းသည်။ ဓာတ်ပုံတွေလည်း ရိုက်သည်။ သက်သေလူကြီးများ လက်မှတ်ဖြင့် သက်သေခံ စာရင်းစာရွက်တွင်လည်း ဖြည့်သွင်းသည်။

''ဒီဆေးလိပ်တိုကလေး ရတာတော့ ဟုတ်ပါရဲ့။ ဒီဆေးလိပ် ဘယ်သူသောက်မလဲ၊ ရှာရမှာတော့ ခပ်ခက်ခက်ပဲ။ ကိုဒေဝ ဆေးလိပ်သောက်မသောက် ကျွန်တော် စုံစမ်းကြည့်မယ်''

ရဲအုပ်သီဟာ၏အပြော။

'နံရံပေါ်က စာကိုရော ကိုသီဟာ၊ ဘယ်လို ထပ်ပြီး တွေးမိလဲ။ ကိုဒေဝရဲ့လက်မှတ် ဒါမှမဟုတ် နာမည်ဆိုတာကတော့ သိပ်ပြီး ယုတ္တိမတန်ဘူးလို့ ကျွန်မ ထင်တယ်၊ ကျွန်မ အထင်ပြောရရင်''

''ပြောပါ ဒေါ်မေစံရှား''

''စာလုံးကတော့ 'မြ' လို့ပဲ ကျွန်မ ယူဆတယ်၊ မြ ဆိုတာ အမည်တော့ မဖြစ်နိုင်ဘူး။ နာမည် မဖြစ်နိုင်သလို အဖွဲ့တစ်ခုခုရဲ့ အမည်လည်း မဖြစ်နိုင်ဘူး။ အဖွဲ့ဆိုရင် သိန်းနက်တို့၊ နဂါးတို့ စတာမျိုးတွေပြောတာ''



www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့"

"ကျွန်မ အထင်ပြောမှာနော်၊ ကိုသိဟလည်း စဉ်းစားပေါ့။ 'မြို့' ဆိုတာ ပါဠိစကား 'ကြွေး' လို့ အဓိပ္ပာယ်ရတယ်။ သွေးနဲ့ရေးတော့ သွေးကြွေးပေါ့၊ မဟုတ်ဘူးလား"

"အင်း ဒါတော့ ဖြစ်နိုင်တယ်"

"တစ်ခါ ထပ်ပြီး စဉ်းစားကြည့်နိုင်တာက ပါဠိစကားကို ရေးတဲ့ လူသတ်သမားဟာ ပါဠိဘာသာနဲ့ နီးစပ်တဲ့လူ ဖြစ်ဖို့ ရှိတယ်။ ပါဠိမတတ်သူက မြို့ကို သုံးမှာ မဟုတ်ဘူး"

"ဒီအတွေးလည်း လက်ခံနိုင်စရာပါပဲ"

'လောလောဆယ်ဆယ်မှာ ကျွန်မ ရတဲ့ လမ်းစက အဲဒါပဲ၊ လူသတ်သမားဟာ ဒေါ်မြမြ၊ ဓားလိပ်ကို သောက်တယ်။ ပါဠိစကားကို လိတ်တတ်ကျွမ်းတယ်၊ အဲ ... နောက်တစ်ခုကတော့ အဲဒီလူဟာ အရပ် ငါးပေ ရှစ်လက်မလောက် ရှိမယ်လို့ မှန်းဆရတယ်။ ပြီးတော့ ညာသန်"

"အဲဒါတွေကို ဒေါ်မေစံရှား ဘယ်လို"

ရဲအုပ်ဆီက အံ့အားတသင့် မေးသည်။ ရဲအုပ်သိဟလိုပင် ဘေးတွင် နားထောင်နေသော ကျွန်တော်လည်း ရှား အတွေးအမြင်ကို လိုက်မမီ။

ရှားဟာ အေးမြသော အပြုံးဖြင့် –

"တရေးထားတာကို ကြည့်ပြီး မှန်းဆတာပါ၊ လူတစ်ယောက်ဟာ မတ်တတ်ရပ်ပြီး တရေးရင် သူ့မျက်လုံးနဲ့ တည့်တည့်လောက်ကို ရေးလေ့ ရှိတယ်။ ဒါကြောင့် မြို့တလုံးနဲ့ ကြမ်းပြင်အကွာအဝေးကို ကြည့်ပြီး ကျွန်မက အရပ်ကို မှန်းကြည့်တာပါ။ ညာသန်လို့ ဆိုတာကတော့ ရှင်းပါတယ်။ စာလုံးကို ရေးဟန်ဆွဲဟန်ကို ကြည့်ပြီး ပြောနိုင်သလို သေဆုံးသူ ကိုသာရင်ရဲ့ ဒိုက်က ဒဏ်ရာဟာ ဘယ်ဘက်ပိုင်းမှာရှည်း ဖြစ်တယ်။ ဒါက ဘာကိုပြသလဲ ဆိုရင် လူသတ်သမားဟာ ညာသန်ဖြစ်တယ်ဆိုတာကိုပဲ"

"အားပျာ ဒေါ်မေစံရှား မြင်တတ်တာကို ချီးကျူးပါတယ်"

"ဒါဆိုရင် အရပ် ငါးပေ လောက်ပဲရှိတဲ့ ကိုဒေဝ၊ ဘယ်သန်ကို ဒေဝ၊ ပါဠိစကား မတတ်တဲ့ ကိုဒေဝ၊ ဆေးပေါ့လိပ်သောက်တတ်တဲ့ ကိုဒေဝ





ဟာ လူသတ်သမားဖြစ်နိုင်ဖို့ အလားအလာ မရှိသလောက် ဖြစ်သွားပြီ ဆိုရမှာပေါ့နော်"

ရဲအုပ်သိဟ ချက်ချင်းစကား မပြန်။ မိနစ်အနည်းငယ်လွန်သွားမှ–

"ကျွန်တော် စခန်းမှူးနဲ့ရော မြို့နယ်မှူးနဲ့ပါ ဒေါ်မေစံရှား တင်ပြတာတွေကို တင်ပြပြီး ဆွေးနွေးပါဦးမယ်။ ကျွန်တော်လည်း ကိုဒေဝအပေါ် အမြင်ရှင်းသလောက် ရှိနေပါပြီ။ ဒါပေမယ့် တစ်ခုတော့ ရှိတယ် ဒေါ်မေစံရှား၊ ဒေါ်မေစံရှား ပြောတာတွေက ဒေါ်မေစံရှားရဲ့ အတွေးအခေါ်တွေပဲ သက်သေ ခံရမှာလို့ အတိအကျ မပြနိုင်သေးဘူး။ ဒီတော့က ကိုဒေဝ မဟုတ်ဘူးပဲထား၊ လောလောဆယ်ဆယ်မှာတော့ ကိုဒေဝကို ခဏ ခေါ်ထားရဦးမှာပဲ"

"ဘာဖြစ်လို့လဲ ကိုသိဟ"

"အမှောင်ထဲမှာ ပုန်းနေတဲ့ တရားခံကို လွတ်လွတ်လပ်လပ် စိတ်အေးလက်အေး ထွက်လာပြီး လှုပ်ရှားအောင်လို့ပါ။ ကိုဒေဝကို တရားခံ အဖြစ် ဖမ်းထားပြီဆိုရင် လူသတ်သမားက ရဲရဲတင်းတင်း ပုန်းရာက ပြန်ထွက်လာမယ်လေ"

ရှား ခေါင်းညိတ်တယ်။

"ဒါကိုတော့ ကျွန်မ လက်ခံပါတယ်၊ ကိုသိဟ အတွေး မှန်ပါတယ်"

"ကဲ ... ကျေးဇူးပဲ ဒေါ်မေစံရှား၊ ကျွန်တော်လည်း လုပ်စရာ ရှိတာတွေ ဆက်လုပ်ပြီး စုံစမ်းစရာရှိတာတွေ ဆက်ပြီး စုံစမ်းပါ့မယ်။ ကူညီ လက်စနဲ့ ဒေါ်မေစံရှားတို့ကလည်း ဆက်ပြီး စုံစမ်းပေးပါဦး။ အကြောင်းရှိ ရင်လည်း ကျွန်တော့်ဆီ ပန်းဆက်ပါ"

"ကောင်းပါပြီ"

ရဲအုပ်သိဟနှင့် အဖွဲ့တို့ ကျွန်တော်နှင့် ရှားကို နှုတ်ဆက်ပြီး ပြန်သွားကြသည်။

ရဲအုပ်သိဟတို့၏ ရဲကားကလေး ထွက်သွားမှ ရှားက တစ်စုံတစ်ခု သတိရ ဟန်ဖြင့်

"မေ့ဖို့ မေ့သွားတယ်" ဟု ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာကို မေးမှာလဲ"

ကျွန်တော်က မေးလိုက်သည်။

"ကိုသာရင် အလောင်းဘောက တွေ့ရတဲ့ သေတ္တာနဲ့ ပစ္စည်းတွေကို ကိုသိပ်ဟတ်တို့ သိမ်းရှာပဲလေ။ အဲဒီထဲမှာ သဲလွန်စ ဘာတွေ့ရလဲဆိုတာ၊ ဥပမာ မှတ်ပုံတင်တို့ မှတ်စုစာအုပ်တို့"

အနားတွင် ရှိနေသော ကပ္ပိယကြီး ဦးထော်က –

"ကိုသာရင်မှာ မှတ်ပုံတင်မရှိဘူး၊ တူမရဲ့ မှတ်ပုံတင်မရှိလို့ ရယက ရုံးမှာ ညှိစာရင်းသွားတိုင်တော့ ဆရာတော်ထောက်ခံစာနဲ့ သွားတိုင်ရတယ်။ ရယကရုံးက သူ မှတ်ပုံတင်မရှိတာကို သဘောမကျဘူး။ မသက်ဘူး။ ဒီ အရွယ်ရှိနေပြီ၊ ဘာကြောင့် မှတ်ပုံတင်မရှိရမှာလဲတဲ့" ဟု ဝင်ပြောသည်။

"ကိုသာရင်ကရော မှတ်ပုံတင် မရှိတာကို ဘာ ပြောလဲ"

ရှားက ဦးထော်အစကားကို ထောက်၍ မေးသည်။

"သူကတော့ ပျောက်သွားတယ်လို့ ပြောတာပဲ"

"ရဲတွေ သူ့ပစ္စည်းတွေကို သိမ်းတုန်းက မှတ်စုစာအုပ်တွေ ဘာ တွေရော မတွေ့ဘူးလား"

"မတွေ့ပါဘူး။ သူ့အိတ်ထဲမှာ အဝတ်အစား နည်းနည်းပဲ တွေ့ရ ပါတယ်"

"ကပ္ပိယကြီးရေ ကျွန်မတို့ကို ခုလို ကူညီတာ ကျေးဇူးပါပဲ"

ရှားနှင့် ကျွန်တော်တို့ ကပ္ပိယကြီးဦးထော်ကို နှုတ်ဆက်ပြီး ကျောင်း ပေါ်ရှိ ဆရာတော်ကို တက်၍ ကန်တော့ကြသည်။

ကျောင်းမှ အပြန်လမ်းတွင် –

"ရန်ကုန်မှာ ဒေါ်မြမွေး ဆေးလိပ် မသုံးဘူးဆိုရင် ဘယ်အရပ် တောမှာ သုံးသလဲဆိုတာ အရင်သိဖို့ လိုတယ်။ ကိုကိုနဲ့ နီးစပ်တဲ့ နယ်မှုခင်း သတင်းထောက်တွေဆီကို ဖုန်းဆက်ပြီး မေးကြည့်ပါလား" ဟု ရှားက အကြံပြုသည်။

"ရတယ်လေ ကိုကို ဆက်သွယ် ကြည့်မယ်"

[၁၁]

မြန်မာနိုင်ငံအထက်ပိုင်း၊ အလယ်ပိုင်း၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ် ဘက်ရှိ ကျွန်တော်နှင့် ရင်းနှီးသော မိတ်ဆွေ မှုခင်းသတင်းထောက်များထံသို့ ဖုန်းဆက်ပြီး ဒေါ်မြမွေး ဆေးလိပ်အကြောင်း မေးသောအခါ မည်သူမျှ မသိကြ။ အဖြေ မပေးနိုင်ကြ။

ဒီတော့ သုတေသနတိုင်းရာ နယ်မြေများကို ကျွန်တော် တားမယ်လိုက် ရသည်။

"ဆရာ တမှုပိုမလို့"

ကျွန်တော်က ကျွန်တော်၏ စားပွဲတွင် ထိုင်လျက် နောက်ဆုံး အကြိမ် ဆက်ကြည့်တော့ တယ်လီဖုန်းသည်လည်း အဆင်မပြေသောကြောင့် စိတ်ပျက်လက်ပျက် ထိုင်နေစဉ် စားပွဲရှေ့သို့ တစ်စုံတစ်ဦး ရောက်လာသည်။

"ဩော် ... ကိုဥညာဦးပါလား ပေါ့လေ တမူ"

ဥညာဦး(အိမ်မဲ) ကလောင်အမည်ဖြင့် ဝတ္ထုတိုများ ရေးနေသော ကျွန်တော့် မိတ်ဆွေတစ်ဦး ဖြစ်သည်။ မှုခင်းသတင်းဂျာနယ်၏ အိမ်မဲ သတင်း ထောက်လည်း ဖြစ်သည်။ သို့သော် သူက ယခု ရန်ကုန်တွင်ပင် မနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝညာဦးက ကျွန်တော့်ကို စာမူပေးရင်း စားပွဲပေါ်တွင် ကျွန်တော် ချထားသော ဓာတ်ပုံလေးကို ငုံ့ကြည့်သည်။

"အဲဒီဓာတ်ပုံက Cover Story အတွက်လား ဆရာ"

"မဟုတ်ဘူး ကိုဝညာဦး၊ ဟိုတလောက အသတ်ခံလိုက်ရတဲ့ လူတစ်ယောက်ကို ရိုက်ထားတဲ့ပုံပါ။ ရဲအရာရှိဆီက ခဏ တောင်းယူလာတာပါ။ သေဆုံးသူရဲ့ ရာဇဝင်ကို သေသေချာချာ မသိရလို့ စုံစမ်းနေကြတုန်းပဲ၊ ခင်ဗျားရော သူ့ကို သိလား"

ကျွန်တော် ကြုံတုန်းကြုံခိုက် မေးကြည့်သည်။

သူက ဓာတ်ပုံကိုယူ၍ ကြည့်၏။

"မသိဘူး ဆရာ၊ သူက ဘယ်ဒေသကမို့လဲ"

"အဲဒါ မသိလို့ စုံစမ်းနေတာဗျ၊ အခု သေဆုံးတာကတော့ ဘုန်းကြီးကျောင်းမှာပဲ၊ ဘုန်းကြီးကျောင်းကိုလည်း ရောက်နေပေ . , မကြာသေးဘူး။ ဘုန်းကြီးရော ကျောင်းက ဦးဇင်းတွေရော ဘယ်သူမှ သူ့အကြောင်း တိတိကျကျ မသိကြဘူး"

"လူသတ်တရားခံ မမိသေးဘူးပေါ့"

"မမိသေးဘူး၊ အဲဒါနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ မိတ်ဆွေတစ်ဦးက သံသယနဲ့ အဖမ်းခံနေရတယ်လေ၊ ဒါကြောင့် ရှားက အဲဒီအမှုကို လိုက်ပေး နေတာ"

"ဒေါ်မေစံရှား လိုက်ရင် အမှုပေါ်မှာပါ"

"ခိုင်ခိုင်မာမာ ဘာလမ်းစမှ တိတိကျကျ မသိရသေးဘူး၊ ကြည့် ... ဒါနဲ့ ကိုဝညာဦးက အိမ်မဲကဝိုင်တော့ မြစ်ဝကျွန်းပေါ်သား ပေါ့၊ တစ်ခုတော့ မေးကြည့်ရဦးမယ်၊ ကိုဝညာဦးတို့နယ်ဘက်မှာ ဒေါ်မြမွေး ဆေးပေါ့လိပ်ကိုများ သုံးကြလား၊ မသုံးမှုတောင် ကြားမူရင် ကြားဖူးမှာပေါ့"

မေးရင်း ဝညာဦးကို ကျွန်တော် မော့ကြည့်လိုက်သည်။ မျှော်လင့်ချက်ဖြင့်ပါ။ လူပုံက ပိန်ပိန်သွယ်သွယ် အရပ်က မနိမ့်မမြင့်နှင့် ရှိသောမူများ အထင်းသားပေါ်နေသည့် သူ့မျက်နှာတွင် အံ့အားအသင့် မျက်နှာကို မြင် လိုက်ရ၏။





"ဒေါ်မြမွေး ဟုတ်လား"

"ဟုတ်တယ်"

"ဟာ ... အဲဒါ ကျွန်တော်တို့ မြို့က နာမည်ကြီး ဆေးလိပ်ပဲ"

"ဗျာ"

ကျွန်တော် လှိုက်ခဲ ဝမ်းသာသွားသည်။

"တကယ်လား"

"တကယ် ဆရာရဲ့၊ ကျွန်တော်တို့ နယ်ဘက်မှာတော့ အသုံးများ တယ်"

"ဟာ ... ဟုတ်ပြီဗျို့"

ကျွန်တော် ဝမ်းသာအားရဖြင့် နေရာမှ ထမိသွားသည်။

"ဆရာ ဘာဟုတ်တာလဲ"

"ကျွန်တော်တို့ အဲဒီဆေးလိပ်လေးကို ရှာနေတာ၊ သေဆုံးသူရဲ့ အခန်းရှေ့မှာ အဲဒီဒေါ်မြမွေး ဆေးလိပ်တိုကလေးကို တွေ့ရလို့လေ"

"ဒါဆို ကျွန်တော်တို့ နယ်ဘက်က တစ်ယောက်ယောက် ဖြစ်နိုင် တာပေါ့"

"ဟုတ်တယ် ကျေးဇူးပဲဗျာ၊ ဒီမနက် အဲဒီအတွက် ကျွန်တော် နယ်သတင်းထောက်တွေဆီ ဖုန်းဆက်ကြည့်နေတာ၊ ခင်ဗျားနဲ့မှ အဆင်သင့် သာတွေ့ရတယ်၊ ကျေးဇူးပဲဗျာ"

ဝညာဦးကို ကျေးဇူးတင်ကြောင်း ပြောရင်း ရှားထံသို့ သတင်းပို့ရန် ကျွန်တော် အကြံရသည်။ ရှားထံမှတစ်ဆင့် ရဲအုပ်သီဟထံသို့လည်း သတင်း ပို့မည်။ ရဲအုပ်သီဟက အိမ်မဲ ရဲစခန်းသို့ ဆက်သွယ်ပြီး ဆောင်ရွက်စရာ ရှိသည်များ ဆက်လက် ဆောင်ရွက်နိုင်မည်။ နှောင့်နှေးနေ၍ မဖြစ်။

မှောင်းတစ်ရပ်ဆိုသည်မှာ အချိန်နှင့် တစ်ပြေးညီလိုက်နိုင်မှ တရား မိဆိုသည်က အပြေးကောင်း အပုန်းကောင်းသည်လေ။

"နေဦးဗျာ၊ ကျွန်တော် ရှားဆီကို ဒီအကြောင်း ဖုန်းဆက်လိုက်ဦး မယ်"



www.burmeseclassic.com

www.burmeseclassic.com



တယ်လီဖုန်းရှိရာသို့ ကျွန်တော် ချဉ်းကပ်လာသို့ ဖျတ်ခနဲ အမှတ်ရ မှတ်စုခု ပေါ်လာသည်။

ဆေးလိပ်တိုကလေး။

ဟိုး မြို့သာတောင်စောင်းက ဘုန်းကြီးကျောင်းသို့ ကျွန်တော်တို့ ရောက်စဉ်က၊ ကျွန်တော် မြင်းပေါ်မှ ကျပြီးသတိမေ့မျောသွားစဉ်က၊ ဆရာတော်က ကျောင်းသို့ ခေါ်ယူပြီး ကျွန်တော့်ကို ပြုစုပေးစဉ်က။

ထိုစဉ်က ကျောင်းပေါ်မှ ပြန်အဆင်း လှေကား ခြေရင်းတွင် ကျွန်တော် အမှတ်မထင် မြင်ခဲ့ရသည့် ဆေးလိပ်တိုကလေး။

ဟုတ်ပါသည်။ ဒေါ်မြမွေး ဆေးလိပ်တိုကလေးပါ။

ဆရာတော်က ကွမ်းစား ဆေးသောက် မရှိ။ သို့ဖြစ်လျှင် ကိုထွန်းစ သောက်သည့် ဆေးလိပ်ပဲ ဖြစ်ရမည်။

ကျွန်တော်တို့ ရောက်စဉ်ကလည်း ကိုထွန်းစ မရှိ၊ ရွာပြန်မည်ဟု ဆိုသည်။ ကိုထွန်းစသည် ကိုသာရင်နှင့်များ ဆက်သွယ်မှု ရှိနေမလား။

ကျွန်တော့်ခေါင်းမှာ အတွေးများ တဖျတ်ဖျတ်။

ဖုန်းဆက်ရန် ဖုန်းကို ကိုင်မည်ပြုစဉ်

'ကလင် . ကလင် ကလင်'

ဖုန်းခေါ်သံက မြည်လာ၏။

ကျွန်တော်သည်ပင် ဖုန်းကို ကောက်ယူနားထောင်လိုက်ရ၏။

''ဟဲလို ... မှုခင်းသတင်းနဲ့ စုံထောက် မဂ္ဂဇင်းတိုက်ကပါ''

''ကိုကိုလား ရွှားပါ''

'ဟာ ရွှား'

အဆင်သင့်လိုက်လေ။ ရွှားဆီ ဖုန်းဆက်မည်အပြု ရွှားဆီမှ ဖုန်းလာသည်ဆိုတော့ အတော်ပဲပဲ။

''ကိုကို ဘာလုပ်နေလဲ၊ အားလား''

''အားတော့ မအားဘူး ဖလင်ခန်းပို့ဖို့ တမူအချော့တွေ စီနေတာ ပြီးတော့သတင်းထောက်တွေဆီ ဖုန်းဆက်နေတာ''

''ဘာထူးလဲ''





''ထူးတယ် ရွှားရေ၊ ဒီမှာ ကိုညွှာဦးက တမူလာပို့ရင်း စကားစပ်မိလို့ ဒေါ်မြမွေး ဆေးလိပ်ဟာ သူတို့အိမ်မဲမြို့ကလို ပြောတယ်။ အဲဒါကို ကိုကို ခုပဲ ရွှားဆီ ဖုန်းဆက်တော့မလို့''

''ဟုတ်လား။ ဒါ သတင်းကောင်းပဲ။ ကိုသိဟာကို ပြောပြရမယ်''

''ပြီးတော့ ကိုကို မှတ်မိတာ တစ်ခု ရှိသေးတယ်''

''ဘာလဲ ကိုကို''

''ကိုကိုတို့ မြို့က တောင်ခြေက ဆရာတော်ကျောင်းကို ရောက်စဉ်ကလည်း၊ အဲဒီဆေးလိပ်တိုကလေးတစ်ခု တွေ့ခဲ့ဖူးတယ်''

''ဟုတ်လား ကိုကို၊ အဲဒါ သေချာလား''

''သေချာတယ်၊ ခုမှ ကိုကို မှတ်မိတာ၊ ဟိုနေ့က ကိုသာရင် သေဆုံးတဲ့ ကျောင်းမှာ ဆေးလိပ်တိုကလေး တွေ့စဉ်က ဘယ်မှာ တွေ့ဖူးလဲလို့ ကိုကို စဉ်းစားတာ မရဘူး။ အခုကလေးကမှ''

''အဲဒါဆို အတော်ပဲ''

''ဘာ အတော်လဲ ရွှားရဲ့၊ နေပါဦး။ ရွှား ကိုကို့ဆီ ဖုန်းဆက်တာ ကရော ဘာအကြောင်းထူးရှိလို့လဲ''

ရွှား သက်ပြင်းချသံကို ကြားလိုက်ရသည်ဟု ထင်သည်။

''ညက ရွှား အိပ်မက် မက်တယ်။ မေမေ မှုလဲလို့တဲ့၊ ဒီနေ့ နေ့လယ်လည်း၊ မေမေ့ကိုပဲ ရွှား သတိတွေ အရမ်းရနေတယ်။ အဲဒါ မေမေ့အတွက် ရွှား စိတ်ပူတယ်။ မေမေတို့ဆီက ဖုန်းဆက်လို့လည်း ရတာ မဟုတ်ဘူးလေ''

''အဲ့အလယ်း မကြီးပါနဲ့ ရွှားရယ်၊ အိပ်မက်ဆိုတာက မက်ချင်ရာ လျှောက် မက်တာမျိုးတွေ အများကြီးပါ''

''ရွှား မေမေတို့ဆီ သွားချင်တယ်''

ရွှားဆန္ဒကို ကျွန်တော် ကိုယ်ချင်းစာပါသည်။ ကျွန်တော်သည်လည်း အတူနေ မိဘများအတွက်ပင် အမြဲပူနေရသည် မဟုတ်ပါလား။

''ကောင်းပြီလေ၊ ရွှား ဘယ်တော့ သွားချင်လဲ''

''မနက်ဖြန်''

www.burmeseclassic.com



"တေးနဲ့လား ရထားနဲ့လား"

"အဆင်ပြေရှာပဲ"

"မီးရထားဆေးရုံမှာ ကိုကို စိတ်ဆွေ ကဗျာဆရာငယ်လေးမောင် ဆိုတာ ရှိတယ်။ သူက စာရေးဆရာ ကဗျာဆရာတွေ ခရီးသွားဖို့ ကြုံလာ တဲ့အခါ ရထားလက်မှတ်ဝယ်လို့ရအောင် အကူအညီ ပေးတတ်တယ်။ ကိုကို ဖုန်းဆက်ပြီး အကူအညီ တောင်းလိုက် မယ်။ အဆင်ပြေတယ်ဆိုရင် ရှားဆီ ဖုန်းဆက်ပြီး အစီအစဉ် ဆွဲတာပေါ့"

"ကိုကို လိုက်မယ် မဟုတ်လား"

"အိုး... မလိုက်လို့ ဘယ်ရမလဲ၊ ရှား သွားရာ ကိုကိုက ပဝါခြေ ထပ်လိုက်ပါနေကျပဲဟာ"

"ညနေ ရှား ရုံးအဆင်း ကိုကို လာဦးမှာလား"

"ညနေတော့ မသေချာဘူး။ ကိုကို ဇလင်ခန်း သွားရဦးမှာ"

"ဒါဆို ကိုကို ရထားလက်မှတ် အဆင်ပြေမပြေပဲ ဖုန်းဆက်လေ ရှားနဲ့ ကိုကို မနက်ဖြန်မှ ဆုံကြတာပေါ့"

"ကောင်းပြီ ရှား"

ကျွန်တော် ဖုန်းချလိုက်သည်။

ကျွန်တော် စားပွဲရှေ့ခုံတွင် ထိုင်၍ စောင့်နေသော ဗညားဦးက "ဆရာ ခရီးသွားဖို့လား" ဟု မေးသည်။

ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။

"ယောက္ခမကြီးတွေဆီကိုပေါ့ဗျာ။ ပြီးတော့ ကျွန်တော် ပြောတဲ့အမှု ကိစ္စအတွက်လည်း နည်းနည်းလေ့လာစရာ ရှိလို့ပါ"

(၁၂)

BURMESE CLASSIC

ထိုညနေက ကျွန်တော်သည် ရှား ရုံးခန်းဆီသို့ မရောက်ခဲ့တော့ပါ။ ဇလင်ခန်းမှာ အချိန်ကြာသွား၍ဖြစ်သည်။ ခရီးသွားရန်အတွက်မှု ဆရာငယ် လေးမောင် ကူညီသဖြင့် ရထားလက်မှတ် အဆင်ပြေသွားသည်။ ရထား လက်မှတ် အဆင်ပြေကြောင်းနှင့် မနက်ဖြန်တွင် ဆုံရန် ဖုန်းဖြင့် ရှားထံ ဆက်သွယ်ပြီး ချိန်းလိုက်သည်။

"ရှား အပြန်တစ်ယောက်တည်း သတိထားနော်"

"ကိုကိုက စိတ်ပူတယ်လား"

"ပူရတာပေါ့ ရှားရယ်။ ဒီနေ့ ရှား ရုံးအပြန်က နောက်ကျမှာ မဟုတ်လား"

"ရှား သတိထားပါတယ်"

"ရှားက ဥပဒေရဲ့ ဘက်တော်သားလေး၊ လူဆိုးသူဆိုးတွေက ရှားကို မမုန်းဘူးလို့ မပြောနိုင်ဘူး"

"လူကောင်းသူကောင်းတွေ ချစ်ရင် တော်ပါပြီ ကိုကိုရဲ့"

"မနောက်နေနဲ့နော်၊ ဒီနေ့ ကိုကို ရှားကို လိုက်မပို့ရတော့ စိတ်ထဲ နည်းနည်း ထင့်နေသလိုပဲ"

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ ကိုကိုရယ်၊ ရွာက တစ်ယောက်တည်း ပြန်တာ မဟုတ်ဘူး။ အဖော်ပါပါတယ်"

"ဘယ်သူလဲ"

"သံပုဒ္ဓေဂါထာတော်ကြီးလေ"

ရွာနှင့် ကျွန်တော် ဖုန်းပြောပြီး လမ်းခွဲကြသည်ဟု ဆိုရမည်။ ကျွန်တော် ဖလင်ခန်းက ပြန်တော့ မှောင်စပျိုးနေပြီ။

ရွာသည်လည်း ထိုအချိန်လောက်မှ ပြန်ဖြစ်သည်၊ ခရီးသွားမည် ဖြစ်သည်အတွက် ရွာသည်လည်း စီစဉ်စရာများ စီစဉ်ခဲ့ရသည်လေ။

ကျွန်တော့်စိတ်ထဲ ထင်နေခဲ့သည်အတိုင်း ရွာ ကြုံခဲ့ရသည်ကို နောက်နေ့ ရွာနှင့် ပြန်ဆုံမှ ကျွန်တော် သိခဲ့ရသည်။

အမှန်တော့ ရွာက အငှားကားဖြင့် အိမ်ပြန်ခြင်းဖြစ်သည်။ ကံဆိုး ချင်တော့ အငှားကားက ရပ်ကွက်ထဲ အဝင်မှာ ပျက်သွားသည်။ ကားဆရာ အမျိုးမျိုး ကြိုးစားပြီး ပြင်သည်။ မရ။

"ကဲ . . . ကျွန်တော် ဒီကနေ ဆင်းပြီး လျှောက်သွားတော့မယ်"

ရပ်ကွက်ထဲ ရောက်နေပြီး အိမ်နှင့်လည်း မဝေးတော့ပြီမို့ ရွာက ကားသမားအား ကားခပေးချေကာ ကားပေါ်မှ ဆင်းလာခဲ့သည်။

ညအမှောင်ထုက ချုပ်နှောင်ဝင်ရောက် ဝပြီး လမ်းမီးတိုင်ဝါကျင့် ကျင့် အောက်မှ ဖြတ်ကာ ကတ္တရာလမ်းကလေးအတိုင်း ရွာ အေးအေးဆေး ဆေး လျှောက်လာခဲ့၏။

ဝန်းနှင့်ခြံနှင့် သီးသီးသန့်သန့် နေကြသည့် လူကုံထံရပ်ကွက် ဖြစ်သောကြောင့် ညမိုးချုပ်ချိန်မှာ လမ်းက လူရှင်းနေသည်။ အိမ်တိုင်းလိုလို မီးဝင်းဖြိုးတံခါးများကို ပိတ်ကာ တိုက်အိမ်ထဲ၌သာ အနားယူနေကြသည့် အချိန်။

ရွာနေသော အိမ်ရာက ဤရပ်ကွက်၏ အစွန်ပိုင်းဖြစ်သည်။ လမ်းကလေးဆုံးလျှင် မြေကွက်လပ်တစ်ခု ရှိသည်။ ထိုမြေကွက်လပ်ကို ကျော်လွန်လျှင် ရွာတို့၏ အိမ်ရာ တိုက်ခန်းများ။



ကတ္တရာလမ်းကလေးဆုံးလျှင် မြေနီလမ်းကလေးကို ရောက် သည်။ ကွက်လပ်ကို ဖြတ်ရမည်။ လမ်းမီးတိုင် အလင်းရောင်က ရှိတော့၏။ လမ်းတစ်ဘက်တစ်ချက်၌ စောစောကလို အိမ်များ၊ တိုက်များ မရှိတော့။

ထိုအချိန်၌ပင် လမ်းမီးတိုင်အောက်၌ ရပ်နေသော လူတစ်ယောက် ကို ရွာ သတိပြုလိုက်မိ၏။ ဓာတ်တိုင်ကို ကျောမှီကာ ရပ်နေသော ထို သူသည် မည်သူနည်း။ လူဆိုးလား၊ လူကောင်းလား၊ ရန်သူလား၊ မိတ်ဆွေ လား။

ရွာက ထိုသူကို အာရုံစိုက်ရင်း သတိကို စုစည်းထားလိုက်သည်၊ အာရုံကြောများက နွေးထွေးသွားသည်။

ဓာတ်တိုင်အောက်က လူသည် အရပ်အမောင်းကောင်း၏၊ ကုတ် အင်္ကျီအမည်းနှင့် ဘောင်းဘီရှည်အမည်းကို ဝတ်ဆင်ထား၏။ လျှာဦးထုပ် တစ်လုံးကို ဆောင်းထားပြီး ဦးထုပ်ကြောင့် ဓာတ်မီးတိုင်၏ အလင်းရောင်က မျက်နှာပေါ်ကို မကျ။ မျက်နှာအနေအထားကို သေသေချာချာ မမြင်ရ။ အသားမည်းမည်းဟုသာ ခန့်မှန်း၍ရသည်။

ထိုသူက လက်ပိုက်ပြီး ဓာတ်တိုင်ကို ကျောမှီ၊ ခြေထောက်တစ် ဘက်ကို ကွေးကာ ဓာတ်တိုင်ကို ခြေဖဝါးဖြင့် ထောက်ထားရာက ရွာဆီသို့ မျက်နှာမူ မထားသော်လည်း မျက်လုံးထောင့်စွန်းဖြင့် ကြည့်နေသည်ဟု ရွာ မှန်းဆမိ၏။

ရွာ သူ့နားအရောက်တွင် ပို၍ သတိထားလိုက်သည်။ တစ် ယောက်တစ်ယောက်ချင်းမို့ ရွာ မကြောက်ပါ။ သို့သော် သူက ယောက်ျား သား၊ ကိုယ်က မိန်းမ။ အားချင်းက မတူ။ ပြီးတော့ သူ့မှာ လက်နက်တစ်ခုခု ပါနိုင်သည်။ သတိကား လုံးဝ လျှော့၍ မရ။

ရွာ မျှော်လင့်ထားသလိုပင်။

ရွာ ဓာတ်တိုင်မီးရောင်အောက် မရောက်မီ ထိုသူက ဓာတ်တိုင်ကို ကျောမှီ ရပ်နေရာမှ ဖြန်းခနဲ အနေအထားပြင်လိုက်သည်။ မတ်မတ်ကောင်း ကောင်း ရပ်လိုက်သည်။ လက်ပိုက်ခြင်းကို ဖြုတ်လိုက်သည်။ ညာဘက်က ကုတ်အင်္ကျီအိတ်ထဲသို့ နှိုက်လိုက်သည်ကို ရွာ သတိပြုလိုက်မိ၏။

www.burmeseclassic.com



ရှားက လွယ်လာသော သားရေအိတ်ကလေးကို ပခုံးမှ ဖြုတ်၍ လက်တွင် တင်းတင်း ဆုပ်လိုက်သည်၊ အန္တရာယ်ပြုလာလျှင် အကာအကွယ် ယူဖို့ အသင့်ပြင်လိုက်ခြင်း ဖြစ်၏။

သူကောင်းသားက ရပ်နေရာမှ ရှား လျှောက်လာရာ လမ်း၏ ရှေ့တွင် ပိတ်ဆို့ပြီး ရပ်လိုက်သည်။ ရပ်လိုက်သည်နှင့် တစ်ပြိုင်တည်းမှာပင် ကုတ်အင်္ကျီအိတ်ထဲမှ လက်အပြင်သို့ ထွက်လာ၏၊ ညာလက်၊ လက်ခုံ မီးရောင်ဖြင့် မြင်လိုက်ရသည်က ဓားမြှောင်တစ်လက်။

''သေပေတော့''

သူ၏ ဟိန်းထွက်လာသော အသံနှင့်အတူ ညာလက်က မြှောက်တက်သွားကာ ဓားမြှောင်ကို ရှား ရင်ဝဆီသို့ စိုက်ချလိုက်သည်။

ဘယ်ရမလဲ။ အန္တရာယ်ကို ကြိုပြီး အနံ့ရကတည်းက ပြင်ဆင်ထားသည့် ရှားပေပဲ။

ဘယ်ခြေကို ရှေ့ အနည်းငယ် ထုတ်၊ ညာခြေကို နောက်တစ်လှမ်းဆုတ် လက်ထဲက ကိုင်ထားသော ဆလင်းဘက်ဖြင့် ထိုသူ၏ ဓားကိုင်လက်ကို လက်ကောက် ဝတ်နေရာမှ ဆီး၍ ခံလိုက်သည်။

ဓားက လေထဲတွင်ပင် မြောက်လျက်။

နောက်တစ်လှမ်း ဆုတ်ထားသော ရှား၏ ညာခြေက ရှေ့ကို အရှိန်ဖြင့် ဆန့်ထွက်လာကာ ဓါးသမား၏ ဝမ်းဗိုက်နှင့် ဆီးခုံ ခပ်ပြင်းပြင်း ဝင်သွားသည်။ ကင်ဂါရီကစ်။

''ဘုတ်''

''အင့်''

ဓားသမား၊ မျက်နှာရှုံ့မဲ့သွားပြီး နာကျင်မှုဖြင့် ခန္ဓာကိုယ်က ကွေးညွတ်ကာ ရှေ့သို့ ငိုက်ကျလာ၏။

ပထမကန်ချက်အပြီး မြေပြင်သို့ နေသားတကျ ပြန်ကျပြီး ဖြစ်သော ရှားက ဒုတိယ တိုက်ချက်ကို ဆက်တိုက်ဆင်လိုက်သည်။

ဓားသမား၏ ဓားကိုင်ညာလက်ကို ဘယ်လက်ဖြင့် ဖမ်းဆုပ်ကာ ညာဘက် ဘေးသို့ တွန်းထုတ်လိုက်ပြီး ညာလက်က ဓားသမား၏ ညာပခုံးကို





ဆွဲယူကာ ဘယ်ဒူးဖြင့် ဓားသမား၏ ညာဘက်နံရိုးများဆီသို့ ပင့်တိုက်လိုက်သည်။ ဟီဇာဂါရီ ဒူးတိုက်ချက်။

''ဒုတ်''

''အွတ်''

ဓားသမား၏လက်မှ ဓားလွတ်ကျသွားသလို ဓားသမားကိုယ်တိုင်လည်း မြေပြင်သို့ ဟပ်ထိုးလဲကျသွားသည်။

ရှားက နေရာတွင် ပြန်ရပ်ကာ ထပ်မံ တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။ သို့သော် ဓားသမားသည် ရှားကို ရန်မူနိုင်ခြင်း မရှိကြောင်း ကောင်းကောင်း သဘောပေါက်သွားပုံရ၏။ လဲကျရာမှ ရှားထံသို့ ပြန်ပင်လှည့်မကြည့်တော့ဘဲ ကုန်းရုန်း ထကာ မြေနီလမ်းအတိုင်း ထွက်ပြေးသွားတော့သည်။

ဆက်လိုက်ရန် ကြံလိုက်မိသေးသော်လည်း ရှား ပြန်ရပ်လိုက်သည်၊ သွားပစေတော့။

မြေနီလမ်းပေါ်မှာတော့ ပိုင်ရှင်မဲ့ ဓားတစ်လက်။

ရှားက ဓားရိုးအောက်မှ ခြေမျှားဖြင့် ကော်ကာ ဓားကို လမ်းဘေးသို့ ပစ်လိုက် သည်။

ရှား စကားအဆုံးတွင် –

''အဲဒီလူက ဘောင်းဘီရှည်နဲ့ ကုတ်အင်္ကျီမည်းကြီးနဲ့ ဦးထုပ်နဲ့ ဟုတ်လား''

ကျွန်တော်က မေးလိုက်သည်။

''ဟုတ်တယ်''

''ဟိုလူများလား''

''ဘယ်သူလဲ''

''ကိုသာရင်ကို သတ်သွားတဲ့လူ''

''မဖြစ်နိုင်ပါဘူး''

''မဖြစ်ဘူး မပြောနိုင်ဘူးလေ၊ ရှားက ကိုသာရင် သေဆုံးမှုကို လိုက်နေတာ မဟုတ်လား။ ပြီးတော့ အဲဒီလူက အရပ်အမောင်းလည်း ကောင်း။ ကုတ်အင်္ကျီမည်းကြီးနဲ့လည်း ဆိုတော့''



www.burmeseclassic.com

www.burmeseclassic.com



''ဦးထုပ်မတူဘူးလေ၊ နောက်တစ်ခုကလည်း ဒီလို ကုတ်တွေ ဘောင်းဘီတွေက သူ့သူ့ကိုယ်ကိုယ် ဝတ်တတ်ကြတာပဲလေ''

''ဒါဖြင့် သူက ရှားကို ဘာဖြစ်လို့ အန္တရာယ်ပြုတာလဲ''

''အဲဒါတော့ စဉ်းစားမရသေးဘူး''

''ကိုကိုကတော့ ဟိုလူလို့ ထင်တာပဲ''

ရှား တွေနေသည်။ ဘာမှတော့ ပြန်မပြော။

''ရှား သူ့မျက်နှာကို သေသေချာချာ မမှတ်မိလိုက်ဘူးလား''

''ဦးထုပ်က မောင်းရိပ်ကျနေတာရယ်၊ သူတင်ကိုယ်တင် အသက်လုပြီး ချနေရတာရယ်ကြောင့် သူ့မျက်နှာကို သေသေချာချာတော့ မမှတ်မိလိုက်ဘူး။ ဒါပေမယ့် ပြန်တွေ့ရင်တော့ မှတ်မိမလားပဲ''

''ကဲ ... ထား။ ကိုကိုတို့ ဘူတာ ထင်းပို့ ပြင်ရအောင်''

''ဟဲ့ ... မောင်သော်နဲ့ သမီး ထမင်းစား ကြတော့လေ။ စားပြီးမှ ဘူတာ ဆင်းရမှာ၊ နောက်ကျနေဦးမယ်။ ဒေါ်လေး ထမင်း ခူးထားပြီးပြီ''

ဒေါ်လေးကြင်ကြင်က ရှားနှင့် ကျွန်တော် စကားပြောနေရာ ဧည့်ခန်းသို့ ထွက်လာပြီး ပြောသည်။

''ဟုတ်ကဲ့၊ လာမယ် ဒေါ်လေး''

ရှားနှင့် ကျွန်တော် ထိုင်ရာမှ ထ လိုက်ကြသည်။ ကျွန်တော့် ခေါင်းထဲမှာကား၊ ရှားကို အန္တရာယ် ပြုခဲ့သူအကြောင်း မပျောက်မသွား။

ထိုသူသည် မည်သူနည်း။

ထိုသူသည် ကိုသာရှင်ကို သတ်ခဲ့သူ ပေပဲလား။

သို့မဟုတ် ရှားကို အဘယ်ကြောင့် ရန်ပြုလာပါသနည်း။

(၁၃)

ရှား၏မိခင်မှာ ရှား စိုးရိမ်သကဲ့သို့ မဖြစ်ပါ။ ကျွန်တော်တို့ ရောက်သွားသောအခါ အိမ်ရှေ့ဧည့်ခန်းတွင် ထိုင်လျက် ကျန်အိမ်သားများနှင့် စကားဝိုင်းဖွဲ့နေသည်ကို တွေ့ရ၏။ ထိုအခါမှ ရှားလည်း စိတ်မောပြေသွားသည်ဟု ဆိုရမည်။

ကျွန်တော်တို့ ရှားအိမ်သို့ ရောက်သောအချိန်မှာ ည ရှစ်နာရီခွဲ ခန့်ရှိနေပြီ။ ညကြီးမိုးချုပ် ရောက်လာသော ရှားနှင့် ကျွန်တော့်ကို တွေ့သည်နှင့် သူတို့တစ်ဖွဲ့ကပင် တအံ့တသြ ဖြစ်နေကြသည်။

''ဟဲ့ ... သမီးနဲ့ မောင်သော်တို့ပါလား။ ဘယ်လို ဖြစ်လာကြတာလဲ၊ အကြောင်း မကြား ဘာမကြား ရုန်းစားကြီး''

ရှား မေမေကပင် ထိုင်ရာမှ ထလာကာ သမီးဖြစ်သူကို လက်ဆွဲနှင်း ပြောမေး မေးသည်။ ရှားက သူ့မိခင်ကို စေ့စေ့စပ်စပ် ကြည့်ပြီး –

''မေမေ ဘာမှ မဖြစ်ဘူးနော်၊ မေမေ နေကောင်းတယ်နော်''

ဟု ပြန်မေးသည်။

''မေမေ နေကောင်းပါတယ် သမီးရဲ့''

ရှား မေမေက –

www.burmeseclassic.com

www.burmeseclassic.com



"လာ ... လာထိုင်၊ မင်းတို့ ရထားနဲ့ လာကြတာ ထင်တယ်" ဟု ကျွန်တော့်ကို ဦးတည်၍ လှမ်းခေါ်သည်။ ကျွန်တော်တို့ ဆက်တိုက်များ၌ ဝင်ထိုင်လိုက်ကြသည်။ ရွာ၏ ခေါင်းကြီးဖြစ်သူက -

"သမီးတို့ ပြန်သွားကြတာတောင် မကြာသေးဘူး၊ မုတ်ဆိတ်ကြော ကိစ္စရှိလို့လား" ဟု မေးသည်။

ရွာက သူမ၏ မေမေသားတွင် ကပ်ထိုင်လျက် -

"တခြားကိစ္စ မရှိပါဘူး။ တစ်နေ့ညက သမီး အိပ်မက် မက်တာ၊ အိပ်မက်ထဲမှာ မေမေ မှုးလဲသွားတယ်လေ။ မနေ့ကလည်း၊ တစ်နေ့လုံး မေမေ့ကိုပဲ သတိရနေတာ။ အဲဒါ စိတ်ပူတာနဲ့ ကိုကို့ကို ပြောပြီး ဒီနေ့ရထားနဲ့ လိုက်လာတာ"

ရွာမေမေက ရွာဖေဖေကို လှမ်းကြည့်သည်။

ရွာဖေဖေက -

"သမီး အဲဒီလိုပဲ အိပ်မက် မက်တာလား" ဟု ထပ်မေးသည်။ အံ့အားတသင့် အမေး။

"ဟုတ်တယ် ဖေဖေ"

"အင်း ... ဒါဆိုရင်တော့ ဆန်းကြယ်တာပဲ။ ဟုတ်တယ် သမီး။ တစ်နေ့က ညက သမီးအမေ ခုလိုအချိန်လောက် မှုးလဲတယ်၊ ဘုရားရှိခိုး ပုတီးစိပ်ပြီးထထလိုက်မှာ မိုက်ခနဲ မူးပြီးလဲသွားတာ၊ ဖေဖေတို့လည်း စိတ်ပူပြီး ချက်ချင်း ဆေးခန်းပို့ကြတယ်။ ဘာမှ မဖြစ်ပါဘူး။ သွေးပေါင် နည်းနည်း တက်နေတာကြောင့်ပါ။ ဆရာဝန်က ဆေးထိုးပြီး သောက်ဆေးပေးလိုက်တာ မနေ့ကတော့ နေပြန်ကောင်းသွားပါပြီ"

"ဒါဆို မေမေ မှုးလဲတာတော့ အမှန်ပဲပေါ့"

"ဟုတ်တယ် သမီး"

"မှုးလဲတာကလည်း တစ်နေ့ညက ဆိုတော့ သမီး အိပ်မက်မက်တဲ့ ညပဲ။ ရွာ သမီးက အဲဒီနေ့က အလုပ်က ပင်ပန်းလာတာနဲ့၊ ထမင်းစားပြီး အိပ်ရာ အစောကြီးဝင်တာ၊ အိပ်ပျော်သွားသွားချင်း၊ မက်လို့ လန့်နိုးပြီး ဒါလေးကို ပြောပြတော့ ဒါလေးက ဘာမှ မဟုတ်ပါဘူး၊ သမီး ထမင်းစား





ပြီးပြီးချင်း အိပ်တာမို့ အစာမကြေဖြစ်ပြီး မက်တာဖြစ်မှာပါလို့ ပြောပြီး ပြန်ချော့သိပ်တယ်။ မေမေ မှုးလဲတာနဲ့ သမီးအိပ်မက် မက်တာ အချိန်လည်း သိပ်မကွာဘူး"

"စိတ်ချင်း ဆက်သွယ်နေလို့ နေမှာပေါ့ကွယ်"

"ဘာမှ ပူမနေနဲ့တော့၊ အခု သမီး မြင်တဲ့အတိုင်း မေမေ နေကောင်းပါတယ်"

"မေမေ ကိုယ့်ကိုယ်ကို ဂရုစိုက်မှပေါ့။ မေမေ အစားတွေ မရှောင်လို့များလားမှ မသိတာ"

ရွာမေမေက -

"ဟုတ်မယ် သမီးရေ၊ အဲဒီနေ့က ဒံပေါက် စားတယ်"

ရွာမေမေက ရွာဖေဖေကို မျက်စောင်းထိုးသည်။

"ဘာလဲ တော်က ကျုပ်ကို အစားသောင်းကျန်းတယ်လို့ ပြောချင်တာလား"

"မဟုတ်ရပါဘူးဗျာ၊ အဖြစ်ကို ပြောပြတာပါ"

"သမီးတို့ ညစာ မစားရသေးဘူးနဲ့ တူတယ်။ ခေါင်းကြီး၊ ထမင်းပွဲ ပြင်လိုက်မယ်"

ရွာ ခေါင်းကြီးက ထမင်းအကြောင်း ပြောမှ သတိရပြီး ထိုင်ရာမှ ပြောပြောဆိုဆို ထသွားသည်။

"ရေချိုးချင်ရင် ချိုးလိုက်ကြပါဦးလား၊ လန်းသွားအောင်"

ရွာမေမေ၏ ဂရုစိုက်မှု။

"ဟုတ်တယ် မေမေ၊ သမီးရေချိုးချင်တယ်။ ရေချိုးပြီးမှ ထမင်းစားမယ်"

www.burmeseclassic.com

www.burmeseclassic.com

[၁၄]

ဒီတစ်ခါတော့ နသန်က နွားလှည်းဖြင့် လိုက်ပို့သည်။ တောင်ခြေကို သွားချင်သည်။ ဆရာတော်ကို သွားကန်တော့ချင်သည်ဟု ရှား ပြောသောအခါ "မြင်းနဲ့တော့ မသွားနဲ့" ဟူသော အသံတွေ ဖြိုင်တူထွက်လာပြီး နသန်က နွားလှည်းဖြင့် လိုက်ပို့ရန် ဆုံးဖြတ်ချက်ချသွားခြင်း ဖြစ်သည်။

မနက်စောစော စာ စားပြီး ကျွန်တော်တို့ ထွက်လာခြင်း ဖြစ်၏။

လယ်ကွင်းတွေဖြတ်၊ တောအုပ်ကလေးထဲ ဝင်ပြီးမှ တောင်ခြေသို့ ရောက်လာကြသည်။ အုင်ပင်ကြီးများ ပေါက်နေရာ ကုန်းမြင့်ကို နွားလှည်းဖြင့် ဖြတ်စဉ် –

"အရင်တစ်ခါက ကျွန်တော်တို့ မြင်းနဲ့ သွားတာက ဖြတ်လမ်းလေးဟို တောတန်းထဲက ဖြတ်တာ၊ ပေါ်ဟိုက တောင်စောင်းက အစ်ကိုလေး မြင်းပေါ်က လိမ့်ကျတဲ့နေရာပေါ့" ဟု နသန်က လက်ညှိုး ညွှန်၍ ပြောသည်။

"တကယ့်ကို မသေကောင်း မပျောက်ကောင်းပဲ၊ နသန် နင်တော့ ဝလ ငါ လုံးဝ မကျေနပ်ဘူး"

ရှားက အငြိုအငြင်မပါ ကြိမ်းဝါးသည်။ နသန်က နွားမောင်းရင်း ရယ်သည်။





"မမလေးကလည်းဗျာ ကျွန်တော်ကလည်း အစ်ကိုလေးကို ဒုက္ခရောက်အောင် ရည်ရွယ်ပြီး လုပ်တာမှ မဟုတ်တာ၊ အားလုံး မရည်ရွယ်ဘဲ ဖြစ်သွားတာပါ"

"အတွေ့အကြုံကတော့ တကယ့် ထူးထူးခြားခြား အတွေ့အကြုံပဲ"

ကျွန်တော်က တောင်ပေါ်ရှိ ထုံးစေ တီဖွေးဖွေးကို လှမ်းမျှော်၍ စိတ်မြင့် မှုရင်း ပြောလိုက်သည်။

"အစ်ကိုလေး အဲဒါကို ဝတ္ထု မရေးသေးဘူးလား"

"မရေးဖြစ်သေးဘူးကွ"

"ရေးပြီးရင် ကျွန်တော်တို့ဆီ ပို့လိုက်ဗျာနော်၊ ကျွန်တော် ဖတ်ချင်တယ်"

"ကိုကို ကိုကို ဝတ္ထုရေးရင် နသန်ကို လူဆိုးလုပ်ပြီးရေး သိလား"

ရှားအပြောကြောင့် –

"ဟာဗျာ လူဆိုးတော့ မလုပ်ပါနဲ့"

နသန်က ရယ်ရင်း တားမြစ်ဟန် ပြောသည်။

ဆရာတော်ရှိရာ ကျောင်းရှေ့သို့ ကျွန်တော်တို့ လှည်းရပ်လိုက်ချိန်တွင် ကျောင်းဘေးမှ လူတစ်ဦး ရိုပ်ခနဲ နောက်ဘက်သို့ ပြေးသွားသည်ကို တွေ့လိုက်ရ၏။ ယောကျ်ားတစ်ဦး ဖြစ်မည်ဆိုရုံမှလွဲ၍ သေသေချာချာ မမြင်လိုက်ကြရပေ။

ကျွန်တော်တို့ လှည်းပေါ်မှ ဆင်းကာ ဆရာတော်၏ ကျောင်းပေါ်သို့ တက်လာခဲ့ကြသည်။ ဆရာတော်သည် ဘုရားခန်းရှေ့တွင် တစ်စုံတစ်ရာကို ရေး၍နေသည်ကို တွေ့ရ၏။

ကျွန်တော်တို့ ကျောင်းပေါ်တက်လာသည်ကို တွေ့၍ ဆရာတော်က စာရေးခြင်းကို ရပ်ကာ မော်ကြည့်သည်။

"လာကြကွယ် လာကြ၊ ဟိုတစ်ခါက ဒကာလေးတို့ ထင်တယ်"

"မှန်ပါဘုရား"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့က ဘုရားကို ဦးစွာ ရှိခိုးကန်တော့ပြီးနောက် ဆရာတော်ကို ဝတ်ပြုကြသည်။

"ဒကာလေးတို့ ရန်ကုန်က လာကြတာလား"

"မှန်ပါ့ ဘုရား။ မိဘတွေဆီလာရင်း ဘုန်းဘုန်းကို လာကန်တော့တာပါ ဘုရား"

ကျွန်တော်က လျှောက်တင်ရင်း ယူဆောင်လာသော သကြားနှင့် စားသောက်ဖွယ်များကို ဆရာတော်အား ဆက်ကပ်လိုက်သည်။ ဆရာတော်က ဆုတွေပေးသည်။

"ဒကာလေးတို့ ပြန်သွားပြီး မကြာခင် မောင်ထွန်းစ ပြန်ရောက်လာလို့ ဘုန်းကြီးက မောင်ထွန်းစကိုတောင် ဒကာလေးတို့ အဖြစ်အပျက်တွေကို ပြောပြမိသေးတယ်။ သူလည်း အဲဒီအကြောင်းကြားရတော့ အတော့်ကို အံ့သြသွားတယ်။ ဒကာလေးကို တောင် တွေ့ချင်လိုက်တာလို့ ပြောတယ်"

"ကိုထွန်းစ အခုကော ရှိလား ဘုရား"

"ရှိတယ်ကွယ့်၊ စောစောက ဘုရား ပန်းတွေ လဲနေသေးတာ။ ဘုရားပန်းလဲပြီးလို့ စေတီလေးဆီက် သွားသလား မသိဘူး"

စောစောက ကျွန်တော်တို့ လှည်းဖြင့် ရောက်လာစဉ်က ကျောင်းနောက်သို့ ဝင်ပြေးသွားသူမှာ ကိုထွန်းစ ပေလား။ ကိုထွန်းစဆိုလျှင် အဘယ်ကြောင့် ပြေးဝင်သွားရသနည်း။

"နေဦး ဘုန်းကြီး၊ ဒကာ မောင်ထွန်းစကို ခေါ်ခိုင်းလိုက်ဦးမယ်၊ မောင်တိုးရေ"

ဆရာတော်က ကျောင်းနောက်သို့ အသံပြုလိုက်သော်လည်း ဘာမျှ တုံ့ပြန်သံမကြားရ။ ယခင်တစ်ခေါက်လာစဉ်က ဆရာတော်နှင့် ကိုထွန်းစသာရှိလေရာ ယခု ဆရာတော် ခေါ်လိုက်သော မောင်တိုးလည်း လူသစ်ဖြစ်လိမ့်မည် ထင်၏။ ကျွန်တော်တို့ မြင်လိုက်သူလည်း ဖြစ်နိုင်၏။

"အင်း ... မောင်တိုး ဘယ်သွားနေလဲ မသိဘူး"

"နေပါစေဘုရား။ တပည့်တော်တို့ပဲ ဘုရားဖူးရင်း အဲဒီဘက် သွားလိုက်ပါမယ်"





"အေး ... ဒါဆိုလည်း ကောင်းပြီကွယ့်"

ဆရာတော်ကို ဦးချဝတ်ပြုပြီး ကျွန်တော်တို့ ကျောင်းပေါ်မှ ပြန်ဆင်းလာခဲ့ကြသည်။

"လာ အစ်ကိုလေးနဲ့ မမလေး ဒီဘက်က သွားမယ်"

ကျွန်တော်နှင့်ရှားသည် နှလန် လမ်းပြခေါ်ဆောင်ရာသို့ သစ်ပင်ကြီးများ၊ သစ်ပင်ငယ်များကြားမှ လူသွားလမ်းကလေးအတိုင်း လိုက်ပါခဲ့ကြ၏။ စေတီငယ်လေးမှာ ကျောင်းနှင့် အတန်ငယ် လှမ်းသည်။ တောင်စွန်းကလေးတစ်ခုပေါ်တွင် တည်ထားသည်။ ဉာဏ်တော်ကို တောင်မျှလောက်သာရှိမည့် စေတီငယ်လေး ဖြစ်၏။

ဆရာတော်က နှစ်စဉ် ထုံးသကန်း ကပ်လှူထားသည် ဖြစ်သောကြောင့် စေတီငယ်လေးမှာ သပ္ပာယ်လှသည်။ ရင်ပြင်တော်မှာ ခပ်ကျဉ်းကျဉ်း။

ကျွန်တော်တို့ ဘုရားရှိခိုးကြစဉ် စေတီငယ်လေး၏ ထီးတော်မှ ဆည်းလည်းသံများက ကြည်နူးဖွယ် ရင်တွင်းသို့ တိုးဝင်လာသည်။ ဘုရားကို အာရုံပြုကြည်ညိုကြ ပြီးနောက် ထိုင်ရာမှ ထကြသောအခါ -

"ဟိုဘက်မှာ ကျောက်ကမ်းပါးတစ်ခုနဲ့ လိုဏ်ဂူရှိတယ်။ ကျောက်ကမ်းပါးရဲ့ ဟိုဘက်မှာတော့ စမ်းချောင်းလေးရှိတယ်" ဟု နှလန်က ပြောပြသည်။

"ကိုထွန်းစလည်း မတွေ့ပါလား"

ကျွန်တော်က ဟိုကြည့် ဒီကြည့် ကြည့်ရင်း ပြောလိုက်တော့

"လိုဏ်ဂူထဲမှာ ရှိမလား မသိဘူး" ဟု ရှားက ထင်မြင်ချက်ပေးသည်။

ကျွန်တော်တို့ လိုဏ်ဂူရှိရာသို့ လာခဲ့ကြ၏။ လိုဏ်ဂူမှာ တောင်နံရံမှ ကျောက်သားများ၊ ကျောက်တုံးများဖြင့် သဘာဝအတိုင်းရှိနေသော လိုဏ်ဂူဖြစ်၏။ ဝင်ပေါက်မှာ ကြီးကြီးမားမားကြီး မဟုတ်လှ။ လူတစ်ရပ်သာသာ အမြင့်မျှရှိသည်။ အပေါ်မှ ကျောက်ဆက်ကျောက်ဖွယ်များ တွဲရရွဲ ကျနေသည်မှာ လှပလွန်းလှ၏။



www.burmeseclassic.com

www.burmeseclassic.com



"အထဲဝင်ကြည့်မလား"

နသန်က မေးသည်။

"ကောင်းသားပဲ"

ရှား အဖြေနှင့်အတူ ကျွန်တော်တို့ လိုဏ်ဂူတွင်းသို့ ဝင်ခဲ့ကြ၏။ အပြင်မှ အလင်းရောင် ဝင်လာသောကြောင့် လိုဏ်ဂူအတွင်းမှာ မှောင်နေခြင်းတော့ မရှိ။ အပြင်မှာ အပူရှိန်ရှိနေသော်လည်း ဂူအတွင်းမှာက အေးနေ၏။ နံရံတွေက ကျောက်ပြားတွေ ကပ်ထားသလို ပြောင်ချောနေ၏။ အဝင်လမ်းမှာလည်း ပြေပြစ်၏။ လမ်းလျှောက်ရသည်မှာ အနှောင့်အယှက်ကင်းသလို အနံ့အသက်လည်း မရှိ။

ဂူက အတွင်းပိုင်းသို့ ရှည်လျားသွားခြင်း မရှိ။ လိုဏ်ဂူအတိုကလေးသာ ဖြစ်၏။ ဂူအဆုံး၌ နံရံကို ကျောပြုလျက် ကျောက်တုံးကြီးပေါ်၌ ဆင်းတုတော်တစ်ဆူကို တွေ့ရ၏။ ကျောက်ဆင်းတုဖြစ်၏။ လွန်စွာ သပ္ပာယ်၏။ ဆင်းတုတော်ရှေ့တွင် ပန်းအိုးများ၊ သောက်တော်ရေခွက်များနှင့်အတူ ဆီမီးထွန်းလျက် တွေ့ရသည်။ ဖယောင်းတိုင်များ၏ မီးကို ကြည့်၍ မကြာမီကမှ ထွန်းညှိပူဇော်သွားကြောင်း ခန့်မှန်းရသည်။

ဆင်းတုတော်ရှေ့ ကြမ်းပြင်၌ အဝတ်ခင်းထိုင်ရာကို တွေ့ရသည် ဖြစ်ရာ ဤနေရာ၌ တစ်စုံတစ်ဦးသည် တရားထိုင်ခြင်း၊ ပုတီးစိပ်ခြင်းများ ပြုပုံရ၏။ ဆရာတော်ပေလား၊ ကိုထွန်းစပဲလား၊ တခြားတစ်စုံတစ်ယောက်လားမှ မသိ။

ကျွန်တော်တို့လည်း ဂူကြမ်းပြင်၌ ထိုင်ကာ ဘုရားဖူးကြသည်။ ဘုရားဖူးပြီးမှ –

"ဒီထဲမှာလည်း ကိုထွန်းစ မရှိပါလား" နသန်က ပြောသည်။

"ဒါဆို အပြင်မှာ ပြန်ရှာကြည့်တာပေါ့"

ကျွန်တော်က အကြံပြုလိုက်သည်။

ကျွန်တော်တို့ လိုဏ်ဂူတွင်းမှ ပြန်ထွက်လာကြသောအခါမှ စေတီငယ်လေးဘက်မှ ကူးလာသော လူတစ်ယောက်ကို တွေ့လိုက်ရသည်။ ယောဂီဝတ်စုံနှင့် ဖြစ်သောကြောင့် ကိုထွန်းစဖြစ်မည်ဟု ခန့်မှန်းမိ၏။





ကျွန်တော်တို့ အနား ရောက်သည်နှင့် –

"ဒီက ဧည့်သည်တွေဟာ ရန်ကုန်က ထင်တယ်။ ကျွန်တော်က ထွန်းစပါ။ ဆရာတော်က မောင်တို့ကို ပြောနိုင်းလိုက်လို့ ခင်ဗျားတို့ကို ကျွန်တော် လိုက်ရှာတာ" ဟု ပြောသည်။ ပြောဟန် ဆိုဟန်မှာ ပျော့ပျောင်းသည်။ အရပ်အမောင်း ကောင်း၍ မျက်နှာက ကြမ်းတမ်းသော ရုပ်ရည်အသွင်ကို ယခင်က ကိုထွန်းစ၏ မိုက်ပဲသော စရိုက်လက္ခဏာများသည် တရားဓမ္မ၏ အောက်တွင် ညင်သာနူးညံ့သွားခြင်း ဖြစ်ပေလိမ့်မည်။

"ဟုတ်ပါတယ်၊ ကျွန်တော်က နေသော်ပါ၊ သူက မေစံရှားပါ။ သူကတော့ ဒီရွာက နသန်ပါ"

ကျွန်တော်က မိတ်ဆက်လိုက်သည်။

ရှားကမူ ကိုထွန်းစကို အကဲခတ်နေ ပုံရ၏။ ဘာမျှ ဝင်မပြော။

"ဝမ်းသာပါတယ်ဗျာ၊ ဟိုတစ်ခေါက်က ကျွန်တော် ရွာပြန်သွားလို့ပါ။ ကျွန်တော် မနေ့ကမှပြန်ရောက်ပါတယ်။ အင်း ... ဆရာတော် ပြောပြလို့ ကိုနေသော်ရဲ့ သေရွာပြန် အဖြစ်အပျက်တွေကို သိရပါတယ်။ ကျွန်တော့် အဖြစ်နဲ့ မခြားပါဘူး"

"ကျွန်တော်ကလည်း အဲဒါကြောင့် ကိုထွန်းစကို တွေ့ချင်နေတာပါ။ ကိုထွန်းစအကြောင်းတော့ ဆရာတော်က ပြောပြခဲ့ပါတယ်"

"အရင်က ဆိုးခဲ့ မိုက်ခဲ့တာတွေ ရှိတာပေါ့ဗျာ။ ဒါပေမယ့် သေရွာပြန်ပြီး နောက်မှ ကြောက်စိတ်နဲ့ ဘုရားတရား ဖက်ဖို့ ဖြစ်လာတာပါပဲ။ အဲဒါကြောင့် ဒီကို ရောက်လာတယ် ဆိုပါတော့"

"ကိုထွန်းစက အရင် ဘယ်မှာ နေခဲ့တာလဲ"

"မြစ်ဝကျွန်းပေါ်ဘက်ကပါ"

ထိုအဖြေမှာ သိပ်ပြီး လိုလိုလားလား မပါဘဲ ဝတ်ကျေဝတ်ကုန် ပြောလိုက်ခြင်း ဖြစ်သည်ဟု ကျွန်တော် ယူဆမိ၏။ ရှားနှင့် နသန်ကမူ ဘာမှ မွဲကြည့်မရှိသတိမထား။

"ခွင့်လွှတ်ဗျာ၊ ကျွန်တော် ဆေးလိပ်သောက်ချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



ကိုထွန်းစက စကားကိုလည်း လှိုးလွှဲ လိုပုံရ၏။ ကျွန်တော်တို့ကို ခွင့်တောင်းပြီး သူ၏ အင်္ကျီအိတ်ထဲမှ ဆေးလိပ်ကို နှိုက်ယူသည်။ ဆေးလိပ် ရော မီးခြစ်ပါ ပါလာသည်။ ဆေးလိပ်ကို မီးညှိဖွာရှိုက်ပြီး -

"သံယောဇဉ်တွေသာ ဖြတ်ခဲ့တာ၊ ဆေးလိပ်က မဖြတ်သေးဘူး ဗျ" ဟု ရယ်၍ ပြောသည်။

ကျွန်တော်က ကိုထွန်းစ သောက်နေသော ဆေးပေါ့လိပ်ကို အကြည့်ရောက်သွားသည်။ ကျွန်တော့်အာရုံများ နိုးကြားသွား၏။ မျက်လုံးတွေ ပြူးကျယ်သွားမလား၊ မပြောတတ်။ နှုတ်ခမ်းမှ အာမေဋိတ် လွှတ်မထွက် သွားအောင် မနည်းထိန်းလိုက်ရ၏။

ဆေးပေါ့လိပ်။

ဒေါ်မြမွှေး ဆေးပေါ့လိပ်ပါတကား။

ကိုသာရင် အခန်းရှေ့မှ တွေ့ခဲ့ရသည့် ဆေးပေါ့လိပ်တိုကလေးနှင့် တူညီသော ဒေါ်မြမွှေး ဆေးပေါ့လိပ်ပါတကား။

ကျွန်တော်က ရှားကို မျက်ခနဲ လှည့်ကြည့်လိုက်သည်။ ကျွန်တော့် ထက် ဉာဏ်ဆန်းတတ်သော ထွင်းဖောက်မြင်တတ်သော အကဲခတ်ကျွမ်းသော ရှား၏ မျက်လုံးများကလည်း ကိုထွန်းစ၏ ဆေးပေါ့လိပ်ထံမှာ။

နှသန်ကတော့ ဘာမှ မသိ။

ရှား ကျွန်တော့်ထံ မျက်လုံးရွှေ့လာသည်။ ကျွန်တော်က ခေါင်း ညိတ်ပြလိုက်သည်။ ကျွန်တော်လည်း ဆေးပေါ့လိပ်ကို သတိပြုမိသည်ဟု ဆိုသော သဘော။

"အခု ကိုနေသော်တို့က ရန်ကုန်က လာကြတာလား"

"ဟုတ်ပါတယ်၊ ဆရာတော်ကို လာကန်တော့တာပါ"

"ခင်ဗျားရော ကျွန်တော့်လို တရား အားမထုတ်သေးဘူးလား"

ကျွန်တော်က ပြုံးလိုက်သည်။

"ကိုထွန်းစရေ ဘယ်လို ပြောရမလဲ၊ ကိုထွန်းစလို သံယောဇဉ် တွေကို မဖြတ်နိုင်သေးဘူးလို့ပဲ ပြောရမယ် ထင်ပါရဲ့"





"ဒီမှာက အရမ်းအေးချမ်းတယ်၊ အပူတွေနဲ့ ဝေးတာကိုး၊ ဆရာ တော်ကလည်း တရားပြပေးမယ်။ ခင်ဗျား လာမယ် ဆိုရင်တော့ အမြဲကြို နေပါတယ်"

"ကျွန်တော် ကြိုးစားပါ့မယ်"

ကိုထွန်းစက ဆေးလိပ်ကို အတော်ကြိုက်သူ ဖြစ်ပုံရ၏။ စကား ပြောရင်းနှင့်ပင် ဆေးလိပ်က တဖွာဖွာ။

ထိုစဉ် ရှားက သူမ၏ သားရေအိတ် ကလေးထဲမှ တစ်ခုတစ်ရာကို ဆွဲထုတ်သည်။ ဓာတ်ပုံကလေး တစ်ပုံ ဖြစ်၏။

"ကိုထွန်းစက မြစ်ဝကျွန်းပေါ်ဘက်ကဆိုတော့ ကြုံတုန်းကြုံခိုက် တစ်ခုလောက် အကူအညီတောင်း ကြည့်ချင်တယ်"

ရှား၏ ပထမဆုံးသော စကား။

"ဘာများလဲ ပြောပါ"

"ဒီလူကိုများ ကိုထွန်းစ 'သိသလား"

ရှားက ဓာတ်ပုံကို ကိုထွန်းစအား လှမ်းပေးလိုက်သည်။ ကိုသာရင် ၏ ဓာတ်ပုံဖြစ်သည်။ ကိုသာရင် သေဆုံးနေပုံကို ရဲက မှတ်တမ်းတင်ရိုက်ထား သော ပုံဖြစ်၏။ ရဲဝန်းမှ ရှား တောင်းလာခဲ့ပုံရသည်။

ဓာတ်ပုံကို မြင်သောအခါ ကိုထွန်းစ တုန်လှုပ်သွားသည်။ မျက်နှာ ပျက်သွားသည်။ မျက်လုံးများ ပြူးကျယ်သွားကာ မျက်နှာမှ သွေးရောင်များ ဆုတ်သွားသည်။ သို့သော် ကိုထွန်းစသည် ယိုယွင်းပြိုပျက်သွားသော မျက်နှာကို ချက်ချင်း ဣန္ဒြေပြန်ဆည်လိုက်၏။

ရှားကို ဓာတ်ပုံပြန်ပေးသည်။ ဓာတ်ပုံ ပြန်ပေးသော ကိုထွန်းစ၏ လက်များ မသိမသာကလေး တုန်နေသည်။

"မ မသိဘူးဗျ"

နှသန်က ကျွန်တော်တို့ရှေ့မှ နေ၍ ဆရာတော်၏ ကျောင်းဆောင်သို့ ဦးဆောင် ထွက်သွားသည်။

ဆရာတော်ကို ကန်တော့ပြီး ပြန်လာရာလမ်းတွင် နှသန်က [illegible]ကို ခပ်သွက်သွက် မောင်းနေရင်းမှ -



www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းမှာ နောက်ထပ် လူတစ်ယောက် ရောက်နေတယ်" ဟု ပြောသည်။

"မင်း တွေ့လိုက်လား"

ကျွန်တော်က မေးလိုက်သည်။ ကျွန်တော်တို့ ကျောင်းသို့အရောက်တွင် တွေ့လိုက်ရသော သူကို နသန် ဆိုလိုခြင်း ဖြစ်ပေမည်။

"စောစောက ဆရာတော်ကို ဝင်ကန်တော့တုန်းက ကျောင်းနောက်ဘက်မှာ ကျွန်တော် တွေ့လိုက်တာ"

"လူက ဘယ်လိုပုံလဲ" ရှား ဝင်မေးသည်။

"အသားမည်းမည်း၊ အရပ်ဆိုးဆိုးပါပဲ"

ရှား ကျွန်တော့်ဘက်လှည့်ကာ –

"ကိုကို ဘာတွေ တွေးမိလဲ" ဟု မေးသည်။

"ဆရာတော့် ပြောစကားအရ ကိုထွန်းဝေဟာ မကြာခင်ကမှ ပြန်ရောက်တယ်။ အိမ်မဲ ဒေါ်မြမွေး ဆေးပေါ့လိုပ်၊ လူက ညာသန်။ အရပ်အမောင်းကလည်း ငါးပေရှစ်လောက်ရှိတယ်။ ရှားက ဓာတ်ပုံ ထုတ်ပြတော့ ဓာတ်ပုံလည်း မြင်ရော မျက်နှာ တော်တော် ပျက်သွားတယ်၊ ဓာတ်ပုံကို ပြန်ပေးတဲ့ လက်တွေလည်း တုန်နေတယ်။ အဲဒါတွေဟာ တွေးစရာတွေပဲ"

"မှန်တယ် ကိုကို၊ ရှားတို့နဲ့တွေ့တော့ လိုက်လိုက်လဲ့လဲ့ရှိတဲ့ ကိုထွန်းဝေဟာ ဓာတ်ပုံကိုလည်း တွေ့ပြီးရော ချက်ချင်းပဲ ရှောင်ထွက်သွားတယ်။ သူဟာ ကိုသာရင်နဲ့ ဆက်စပ်မှု ရှိနေမှာတော့ အမှန်ပဲ"

"ရှား ဘယ်လို ဆက်လုပ်မလဲ"

"ကွင်းဆက်လေးတွေ နည်းနည်း ရှာရဦးမယ် ကိုကို၊ ဆန္ဒသိပ်စောလို့တော့ မရဘူး"

ကျွန်တော့် ခေါင်းထဲမှာ အတွေးတွေ ပလုံစီနေ၏။

ကိုထွန်းဝေသည်ပင် ကိုသာရင်ကို သတ်ခဲ့လေသလား။

ဘုန်းကြီးကျောင်းသို့ နောက်ထပ် ရောက်နေသူသည် မည်သူနည်း

(၁၅)

ရန်ကုန်သို့ ပြန်ရောက်သောအခါ ကျွန်တော်နှင့် ရှားသည် ရဲအုပ်သီဟနှင့် သွား၍ တွေ့ဆုံသည်၊ ရဲအုပ်သီဟက ကျွန်တော်တို့ကို တွေ့တွေ့ခြင်း –

"လာဗျို့၊ ကျွန်တော်လည်း ဒေါ်မေစံရှားနဲ့ တွေ့ချင်နေတာ"

လိုက်လဲ့စွာ ဆီးကြိုနှုတ်ဆက်သည်။

"ဘာများ ထူးခြားလို့လဲ ကိုသီဟ"

"ကျွန်တော်တို့ ဦးဇေဝကို ပြန်လွှတ်ပေးလိုက်ပြီ။ ဒါပေမယ့် လိုအပ်ရင် ခေါ်လို့ ရအောင် အဝေးခရီးသွားရင် အကြောင်းကြားဖို့ မှာလိုက်တယ်"

ကျွန်တော် ဝမ်းသာသွားသည်။ လောလောဆယ်တွင် အပြစ်ရှိသူတစ်ယောက်ကို ကျွန်တော်တို့ မသိသေးသော်လည်း အပြစ်မဲ့သူတစ်ယောက်ကိုမူ ကျွန်တော်တို့ လွှတ်စေနိုင်ခဲ့လေပြီ။

"ဝမ်းသာစရာပါပဲ ကိုသီဟ"

"ဓာတုဗေဒဆရာဝန်ရဲ့ စစ်ချက်မှာ ကုတ်အင်္ကျီက သွေးတွေဟာ ဦးဇေဝရဲ့ သွေးနဲ့ အမျိုးအစားတူနေတာ တွေ့ရပြီး သေဆုံးသူ ကိုသာရင်ရဲ့ သွေးနဲ့ အမျိုးအစား မတူဘူး။ ဒါကြောင့် ပိုရှုပ်သွားပါတယ်၊ ဒေါ်မေစံရှား



www.burmeseclassic.com

www.burmeseclassic.com



ရှာဖွေတွေ့ရှိခဲ့တဲ့ အချက်တွေက ကျွန်တော်တို့ကို အမှုမှန်ပေါ်ပေါက်ရေးအတွက် တကယ့်ကို အထောက်အကူပေးခဲ့တာပါပဲ''

''အိမ်မဲကိုရော စုံစမ်းကြည့်သေးလား''

''စုံစမ်းတယ်၊ အိမ်မဲရုံခန်းရဲ့ ပြန်ကြားချက်မှာတော့ သေဆုံးသူ ကိုသာရင်နဲ့ ပတ်သက်လို့ ဘာမှ အတိအကျ မပြောနိုင်ဘူး၊ လူဆိုးမှတ်တမ်းတွေထဲမှာ မရှိဘူးလို့ ဆိုတယ်''

''ဒါဆို စဉ်းစားစရာပဲ''

''ဒေါ်မေစံရှားရော ဘာများ သတင်းထူးရခဲ့လဲ''

ရဲအုပ်သိဟာက မျှော်လင့်ချက်ဖြင့် မေးသည်။ ရှားက –

''ကျွန်မတို့က မေမေ့ဆီ သွားတယ်။ အဲဒီကတစ်ဆင့် ဘကြီးတွေနေတဲ့ မြို့သာကို သွားတယ်။ အဲဒီမှာ တရားလာပြီး အားထုတ်နေတဲ့ ကိုထွန်းစဆိုတဲ့ လူတစ်ယောက်ကို တွေ့ခဲ့ရတယ်။ သူဟာ တစ်ချိန်ကတော့ ထိုးခဲ့ပေခဲ့သူလို့ ဆရာတော်က မိန့်မှုတယ်။ သူ့ဆီမှာ ဒေါ်မြမွှေးဆေးပေါ့လိပ်တွေ့ရတယ်။ သေဆုံးသူ ကိုသာရင်ရဲ့ ဓာတ်ပုံကို ပြကြည့်တဲ့အခါ မျက်နှာပျက်သွားတယ်။ အမှုအရာတွေဟာ မသင်္ကာစရာ တွေ့ရတယ်။ ဒါပေမယ့် သူက ကိုသာရင်ကို မသိဘူးလို့ ပြောတယ်''

ရဲအုပ်ဆိက မျက်ဝန်းများ လက်ခနဲ ဖြစ်သွားသည်။

''အဲဒီက မြို့နယ်ရုံခန်းကို လှမ်းဆက်သွယ်ပြီး အဲဒီလူကို စုံစမ်းကြည့်နိုင်းလိုက်မယ် ဒေါ်မေစံရှား။ ဒေါ်ယုစစ်မေးတာမျိုး မလုပ်သေးဘဲ အခြေအနေကို စောင့်ကြည့်အကဲခတ်နိုင်းတာမျိုး လုပ်ချင်တယ်''

''ဒေါ်မေစံရှားကလည်း ကူညီပါဦးဗျာ''

''ဟုတ်ကဲ့ စိတ်ချပါ။ ကျွန်မ တတ်စွမ်းနိုင်သရွေ့ ကူညီပါမယ်''

ရဲအုပ်သိဟာကို နှုတ်ဆက်ပြီး ကျွန်တော်တို့ ရုံခန်းမှ ပြန်လာကြသည်။ ရှား ရုံးခန်းရှိရာသို့။

ရုံးခန်းကို ရောက်တော့ ရုံးခန်းရှေ့မှာ စောင့်နေသူတွေကို တွေ့ရသည်။ အခြားသူများ၊ မဟုတ်ပါ။ ရှားမိတ်ဆွေများ။ ဖိုးသက္ကရယ်၊ မောင်မြင့်အောင်ရယ်၊ ဦးဒေဝရယ်။





''ဟော ဘယ်တုန်းက ရောက်နေကြလဲ''

ရှားက ပြုံးချိုစွာ ခွန်းဆက်ရင်း ရုံးခန်းတံခါးကို သော့ဖွင့်သည်။

''နာရီဝက်လောက်တော့ရှိပြီ မမရှား'' ဖိုးသက္ကက ဖြေ၏။

ရုံးခန်းထဲ ရောက်ချိန်၌ –

''ကျွန်တော်တို့ ဆရာတို့ကို လာကန်တော့တာပါ''

ဦးဒေဝ ပြောသည်။

''အို... မဟုတ်တာ၊ မလုပ်ပါနဲ့''

ရှားက ငြင်းသည်။ သူတို့ကို ကျွန်တော်က ထိုင်ခုံများ ချပေးရသည်။

''မမရှားကလည်းဗျာ၊ သူတို့က ကျေးဇူးတင်လို့ပါ''

ဖိုးသက္ကက ကြားဝင်၍ ပြောပြန်၏။

''မမရှားလည်း၊ ဘာမှ ပင်ပင်ပန်းပန်း ခက်ခက်ခဲခဲ ကြိုးစားပေးရတာ မဟုတ်ပါဘူး။ ရဲတပ်ဖွဲ့ဝင်တွေပဲ လုပ်နေကြတာပါ။ တရားခံတောင် မမိသေးဘူး'

''ဒါပေမယ့် ဆရာမတို့ ကြိုးစားပေးလို့ ရဲတွေက ကျွန်တော့်ကို သံသယရှင်းပြီး ပြန်လွှတ်တာပါ။ ရဲအုပ်ကြီးကလည်း၊ အဲဒီလို ပြောခဲ့ပါတယ်''

မောင်မြင့်အောင်က –

''ဟုတ်ပါတယ် ခင်ဗျာ။ အန်တီက အဖေ အဖမ်းခံနေရချိန်မှာ ကျွန်တော်တို့လည်း စောင့်ရှောက်ပေးခဲ့တာ၊ အဖေ့ကိုလည်း ကျွန်တော် ပြောပြခဲ့ပါတယ်'' ဟု ဝင်ပြောပြန်သည်။

ကျွန်တော့် ရင်မှာ ပီတိတွေဖြင့် တသိမ့်သိမ့်။ ရှား မျက်နှာမှာလည်း ကြည်နူးခြင်းတွေ ပြည့်ပြည့်လျှံလျှံ။

''ဒါလေးတော့ လက်ခံပါ၊ အဖိုးမတန်ပေမယ့် ကျွန်တော်တို့ ကျေးဇူးဆပ်တာပါ''

ဦးဒေဝဟာ စာအုပ်ပေါ်သို့ အကျီ လုံချည်များနှင့် ငွေစက္ကူထုပ်ကို တင်လိုက်သည်။

''ခုကွရှားလို့ ဦးဒေဝရယ်၊ ဦးဒေဝမှာ ရုံခန်းမှာ ရှော် အတော်ကြာ



www.burmeseclassic.com

www.burmeseclassic.com



ကြာ နေခဲ့ရတာ ပင်ပန်းနေပါပြီ။ ဒါတွေ အခုလို စိတ်ညစ်စရာ မလိုပါဘူး။ ကျွန်မတို့အနေနဲ့ကလည်း ကူညီခွင့်ရတာကို ကျေနပ်နေတာပါ။ ဦးဒေဝတို့ အဆင်ပြေသွားတာကိုပဲ မျှော်လင့်ပါတို့”

“မရှား၊ အဲဒီလို မရှားက ကူညီတတ်တာကို ကျွန်တော်က ပြောပြထားလို့ ဦးဒေဝက မရှားကို သိပ်လေးစားကြည် ညိုနေတာဗျ”

“ဖိုးသက္ကရာ မင်း၊ လျှောက်ပြီး ဟုတ်တာရော မဟုတ်တာရော အမွှမ်းတင်နေတာ နေမှာပါ၊ မင်းအကြောင်း ငါ သိပါတယ်”

“မှန်တာ ပြောတာပါဗျာ”

သူတို့က ထိုင်ကန်တော့ကြမည်ပြုသောအခါ ကျွန်တော်က ဦးဒေဝကို ဆွဲထားပြီး ဖိုးသက္ကတို့ မောင်နှမ်ငြင်းအောင်တို့ကိုပဲ ကန်တော့စေရသည်။

“နောက်ကို ဘာပဲဖြစ်ဖြစ် ဆရာမ အကူအညီလိုတာရှိရင် ပြောပါဗျား ကျွန်တော်လုပ်ပေးနိုင်တာ အားလုံး လုပ်ပေးပါ့မယ်။ မိုင်းဝေရာရှိရင်လည်း နိုင်မယ်၊ အားမနာပါနဲ့”

ဦးဒေဝ၏ ရင်ထဲကလာသော ဟန်ဆောင်ခြင်းမဲ့ လှိုက်လှဲသော စကား။

“ကျေးဇူးတင်ပါတယ် ဦးဒေဝ၊ ကျွန်မတို့ကိုလည်း ညီအစ်ကို မောင်နှမတွေလိုပဲ သဘောထားပါ”

“ကျွန်တော်တို့က ကျေးဇူးတင်ရမှာပါ မရှားရာ”

လှသွက်ကလေး ဖိုးသက္က၏ စကား။

သူတို့တစ်တွေ နှုတ်ဆက်ပြန်သွားချိန်တွင် ရုံးခန်းမှာ ရှားနှင့် ကျွန်တော်နှစ်ဦးတည်း ကျန်ခဲ့သည်။

“တရားခံ မဟုတ်တဲ့သူတော့ လွတ်အောင် လုပ်ပေးလိုက်နိုင်ပြီ တရားခံတော့ မမိသေးဘူး။ ရှား ဘာဆက်လုပ်ဦးမလဲ”

ကျွန်တော်က မေးခွန်းထုတ်လိုက်သည်။ ရှားက အပြုံးဖြင့် –

“လောလောဆယ် ရှား လုပ်ချင်တာကတော့ ကိုကို ကျွေးတဲ့ ထမင်းစားချင်တယ်။ ချစ်တီးထမင်းသွားစားရအောင် ရှား ဗိုက်ဆာတယ်”

“အိုကေ သွားမို့ ကိုကိုလည်း ချစ်တီးထမင်း မစားရတာ ကြာပြီ”

[၁၆]

လက ဆုတ်သွားပြီ။

လကွယ်ဖို့ နှစ်ရက်လောက်ပဲ လိုတော့၏။ လဝန်းက ကမ္ဘာလောက၏ မြင်ကွင်းမှာ ပျောက်လုလု အခြေအနေ။ အလင်းရောင်က ပြည့်ပြည့်ဝဝ မရှိတော့။ မှုန်တော့တော့ မှုန်ပျပျ။

ဒီညမှာ လမ်းဘာ ပျက်နေသည်။ လမ်းတစ်ဘက်တစ်ချက်လည်း သစ်ပင်ကြီးများက ထိုးထိုးထားထားရှိ ယှဲ့ယှဲ့မျှရှိသော အလင်းရောင်နှင့် ကြယ် အလင်းရောင်တို့က လမ်းမပေါ်သို့ တစ်ပြောက်စ နှစ်ပြောက်စသာ ရောက်သည်။ အမှောင်ကို မဖြိုခွင်းနိုင်ရှာ။ အမှောင်ကို ဖုံးမထားနိုင်ရှာ။

အချိန်ကလည်း သန်းခေါင်ယံနား ချဉ်းကပ်ပြီဖြစ်၍ ရပ်ကွက်ကလေးက အိပ်မောကျနေပြီ။ တစ်နေ့တာ ပြေးလွှားရုန်းကန်ခဲ့သူတို့ နောက်တစ်နေ့အတွက် အနားယူ အိပ်စက်ကုန်ကြပြီ။

လမ်းမမှ ဖွဲ့ဆင်းလာသော မြေလမ်းကလေးအတိုင်း လူတစ်ယောက် ဒယိမ်းဒယိုင် လျှောက်လာနေ၏။ သူ လျှောက်နေပုံက ခိုင်းကွက် နင်းနေသည့်ပမာ။ အရက်ကလေး တော်တော်သွေးလာပုံရသည်။ တစ်လမ်း



www.burmeseclassic.com

www.burmeseclassic.com



လုံးကို သူတစ်ယောက်တည်း အပိုင်စီး၍ ကွေ့ကွေ့ကောက်ကောက် လျှောက်နေရာက တစ်နေရာမှာ ထိုင်ချပြီး ထိုးအန်လိုက်သေးသည်။

အန်ပြီးနောက် ပြန်ထကာ ခြေလှမ်းယိုင်ယိုင်တွေကို ဆက်လှမ်းသည်။ လမ်းဘေးအိမ်တစ်အိမ်မှာ ခွေးတစ်ကောင်က သူ့ကို တဝုတ်ဝုတ် ထိုးဟောင်သည်။

''ဟေ့ကောင် မင်းက ငါ့ကို ဘာအောက်မေ့လို့ ဟောင်တာလဲ၊ ငါ မူးသေးဘူးကွ။ ငါ့ကို မင်း လမ်းပြဖို့ မလိုဘူးအေ့''

ခွေးက ထွက်၍တော့ မလိုက်။ အဟောင်လည်း မရပ်။

အမူးသမားကလည်း သူ့လမ်း သူ ဆက်သွားသည်။

ရပ်ကွက်အနေအထားက စနစ်ကျမှု မရှိ။ အိမ်တွေကလည်း ပုံစံအမျိုးမျိုး။ အရွယ်အစား အသွယ်သွယ်။ လှည့်ချင်သည့် ဘက်လှည့်။ ဆောက်ချင်သလိုဆောက်။ လမ်းတွေကလည်း ကွေ့ကွေ့ကောက် ကောက်။

ထိုလမ်းကြို လမ်းကောက်အတိုင်း ကွေ့ကောက်သွားတော့ အမူးသမားသည် ရပ်ကွက်အစွန် အိမ်တစ်လုံးရှေ့မှာ ဂိတ်ဆုံးသွားသည်။ အိမ်က သုံးပင်အိမ်၊ ဝန်းမိုး၊ ထရံကာ နှစ်ခန်းတွဲ။ အိမ်က မှောင်နှင့် မည်းမည်း ဖြစ်၏။ ဘေးအိမ်တွေကလည်း ခပ်လှမ်းလှမ်း။

''ငါမိန်းမကတော့ကွာ၊ သူ့အမေ အိမ် သွားနေပြန်ပြီ ထင်တယ်။ တံခါးကြီးလည်း ပိတ်လို့''

အမူးသမားသည် တစ်ယောက်တည်း ပြောရင်း အိမ်လှေကားကို လှမ်းတက်သည်။ လှေကားအတက်မှာ လူက ယိုင်သွားသဖြင့် လဲကျမလို ဖြစ်သွားသေးသည်။ လက်တစ်ဘက်က တံခါးဘောင်ကို လှမ်း၍ ကိုင်လိုက်မိ၍သာ လဲကျမသွားခြင်း ဖြစ်သည်။

''မိန်းမရေ မိန်းမ''

မူးသံနှင့် အော်ခေါ်လိုက်သေးသည်။ အိမ်ထဲမှ ဘာသံမျှ မကြားရ။

သူသည် တံခါးကို လက်နှင့် ဖိ၍တွန်းလိုက်သည်။ တံခါးက တကျွီကျွီ မြည်ကာ ပွင့်သွား၏။ ပွင့်သွားသောတံခါးမှ သူ ယိုင်ထိုးထိုးဖြင့် အထဲသို့ တိုးဝင်လိုက်သည်။





ထိုခဏ၌

ဂျစ်ခနဲ အသံနှင့်အတူ ထောက်ခနဲ မီးရောင်လေး မှင့်လာပြီး အခန်းတွင်း၌ လက်ခနဲ လင်းသွားသည်။ ရှဲခနဲအသံနှင့်အတူ ဖယောင်းတိုင် တစ်တိုင် မီးညှိပြီးဖြစ်နေ၏။

အမူးသမား ရုတ်တရက် ကြောင်သွားသည်။

ဘယ်သူ မီးထွန်းလိုက်တာလဲ၊ သူ့ မိန်းမလား။

ရီဝေသော မျက်လုံးများဖြင့် အလင်းရောင်ရှိရာသို့ သူ့အား စိုက် ကြည့်လိုက်သည်။ မဟုတ်။ သူ့မိန်းမ မဟုတ်။

လူစိမ်းတစ်ဦး၊ ယောကျ်ားတစ်ဦး။ သူ မသိသော သူတစ်ဦး။

ကုတ်ကျိုအမည်းကြီးကို ဝတ်ထားသည်။ တောင်ဆောင်း ဦးထုပ် တစ်လုံးကို ခပ်ငိုက်ငိုက် ဆောင်းထားသည်။ ဘောင်းဘီရှည်မှာလည်း အနက် ဖြစ်သည်။

ထိုသူက အခန်းနံရံထရံကို မှီ၍ ရပ်နေ၏။ ရပ်နေပုံက ပမာမခန့်။ သူ ဘယ်သူလဲ၊ ဘယ်လို အခန်းထဲ ရောက်နေတာလဲ၊ သူခိုးလား၊ ဓားပြလား။

''မင်း ဘယ်သူလဲ''

အမူးသမားက မေးလိုက်သည်။

လူစိမ်းက ဟက်ခနဲ ရယ်လိုက်သည်။

''ငါ့ကို မမှတ်မိဘူးလား၊ မင်းတို့ မိတ်ဆွေကြီးလေကွာ''

အသံကို အမူးသမား ကျက်မိလိုက်၏။ အမှောင်တစ်ခြမ်းနှင့် ဦးထုပ် ခပ်ငိုက်ငိုက်အောက်မှာ မျက်နှာကို သူ မြူးတူးပြတဲ ကြည့်သည်။

''ဟာင် မင်း မင်း''

အံ့အားတသင့် ရေရွတ်သံ။ အလန့်တကြား နောက်ဆုတ်လိုက်မှု။

သို့သော် နောက်ကျသွားပြီ။ လူစိမ်းက လှပ်ရှားမှု စတင်လိုက်၏။ ကုတ်အင်္ကျီအိတ်ထဲမှ လက်ကို ထုတ်လိုက်သောအခါ ဖယောင်းတိုင် မီး ရောင်မှာ လက်ခနဲ မြင်လိုက်ရသည်။ ဓား။

အမူးသမား အမူးပြေသွားသော်လည်း အသိဝင်လာမှုက နှောင်း

www.burmeseclassic.com



ခဲ့ပြီဖြစ်တော့။ လှစိမ်း၏ လက်မြောက်လာသည်။ မီးရောင်မှာ ဓားသွားက တဖျတ်ဖျတ် လက်သွားသည်။ အရှိန်ဖြင့် ဝင်လာသော ဓားသည် အမှုသမား၏ ရင်ဝဆီသို့။

"အ"

နာကျင်မှုနှင့်အတူ အော်ညည်းလိုက် သံသဲ့သဲ့။ လူက ရှေ့သို့ ငိုက်ကျသည်ကို လှစိမ်းက ရှေ့မှနေ၍ ပခုံးကို ဆီးတွန်းထားသည်။ ထို့နောက် ဓားကို ပြန်ဆွဲနှုတ်သည်။ ပြီးနောက် နောက်တစ်ချက် –

"ခွပ်"

"အီး"

အမှုသမား ခွေကျသွားသည်။ လှစိမ်းက သူ့ကိုယ်ကို မှီလာသည်ကို ရှောင်တိမ်းရန် နောက်သို့ ဆုတ်လိုက်တယ်။ အမှုသမား.. လက်များက လှစိမ်း၏ ကိုယ်ကို လှမ်းဆွဲရင်း ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲ လဲကျသည်။

လှစိမ်းကို မျက်လုံးအပြူးသားနှင့် မော့ကြည့်ရင်း တွန့်ခနဲ နှစ်ချက် ဖြစ်သွားကာ ငြိမ်သက်သွားတော့။ သွားပြီ။ လူ့လောကနှင့် အဆက်ပြတ်သွားခဲ့ပြီ။

လှစိမ်းက ရပ်နေရာမှ သူ့ဓားကို ငုံ့ကြည့်သည်။ ဓားတွင် ပေ စွန်းနေသော သွေးများ။ ဓားဦးမှ ကြမ်းပြင်သို့ ကျနေသော သွေးစက်များ။

လှစိမ်းသည် ဓားမှ သွေးများကို လဲကျသေဆုံးနေသူ အမှုသမား၏ ကိုယ်မှ အင်္ကျီနှင့် ပွတ်သုတ်လိုက်ပြီးနောက် သူ၏ ကုတ်အင်္ကျီအိတ်ထဲသို့ ပြန်ထည့်လိုက်သည်။

ထို့နောက်

လဲကျသေဆုံးနေသူ အမှုသမား၏ ဘေးတွင် ဒူးထောက်ထိုင်ချလိုက်ကာ ရင်ဘတ်မှ စီးကျနေသော သွေးများ လက်ညှိုးနှင့် တို့ယူကာ ထိုင်ရာမှ ပြန်ထသည်။ အိပ်ခန်း ခန်းဆီးထရံပေါ်တွင် ကပ်ထားသော စက္ကူဖြူများပေါ်တွင် သွေးဖြင့် ရေးလိုက်သည်။ တစ်ကြိမ်တည်းဖြင့် သူ ရေးသော စာက မပြီးသဖြင့် နောက်တစ်ကြိမ် အမှုသမား၏ ကိုယ်မှ သွေးကို လက်ညှိုးဖြင့် တို့ယူရပြန်တော့။





ပြီးမှ စာလုံးကို ပီအောင်ဆက်ရေးသည်။

ရေးပြီးသွားပြီ။

စာမှာ ဤသို့ဖြစ်တော့။

ဗြ

ပြီးလျှင် လူသတ်သမား လှစိမ်းသည် သေဆုံးသူအမှုသမားအား ထွီခနဲ တံတွေးဖြင့်ထွေးကာ အနားမှ ထွက်လာပြီး ဖွင့်နေသောတံခါးမှ အိမ်အောက်သို့ ဆင်းသွားတော့သည်။ အိမ်ကလေးက အမှောင်ထဲမှာ တလှုပ်မယှက်။

အိမ်ပေါ်မှာကား ဖယောင်းတိုင်တစ်တိုင်နှင့် သေဆုံးနေသူလူတစ်ယောက်။

လူသတ်သမားလှစိမ်း အမှောင်ထဲ၌ ပျောက်ကွယ်သွားပြီး ငါး မိနစ်ခန့် အကြာတွင် အိမ်ရှေ့သို့ လူရိပ်တစ်ခု ရောက်လာပြန်တော့။ လူရွယ် တစ်ယောက်၏ ပုံသဏ္ဍာန် ဖြစ်သည်။

ထိုသူသည် ဖွင့်နေသော တံခါးမှ အိမ်ပေါ်သို့ လှမ်းကြည့်တော့။

"ဟင်း… ဟင်း မူးပြီးတော့ အိပ်နေတာ ဖယောင်းတိုင်မီးတောင် ငြိမ်းနိုင်ဘူး"

နှုတ်မှ ခပ်တိုးတိုး ရေရွတ်သည်။ ပြီးလျှင် လှေကားမှ အိမ်ပေါ်သို့ လှမ်းတက်သည်။ သူ့လက်မှာလည်း ဓားမြှောင်တစ်လက်နှင့်ပါတကား။

ထိုဒုတိယလူစိမ်းသည် အိမ်ပေါ်ထပ်သို့ ရောက်ပြီးနောက် ဖယောင်းတိုင်မီးရောင်နှင့် လဲကျနေသူ အမှုသမားကို ငုံ့ကြည့်လိုက်သည်။

"ဟာ"

သူ့နှုတ်မှ အထိတ်တလန့်သံ ထွက်သွားသည်။ သို့မဟုတ် တအံ့တသြ အာမေဋိတ်သံ။

ထိုစဉ်

"ညည်းယောက်ျား ပြန်ရောက်နေပါပြီအေး။ အိမ်ပေါ်မှာ မီးရောင် မြင်ရတယ်"

အိမ်ရှေ့မှ အသံ။ မိန်းမသံ။



www.burmeseclassic.com

www.burmeseclassic.com



"ခါတိုင်းလို မူးလာပြန်တာနေမှာပဲ"

နောက်မိန်းမတစ်ဦး၏ အသံ။

"ကဲ ညည်းဝင်သွားတော့။ ငါ ပြန်မယ်"

"အင်း ... မနက်ဖြန်ကျမှ ကျွန်မ အိမ်ကို လာခဲ့မယ် မယ်"

"အေးပါ"

အိမ်ပေါ်တွင် ရောက်နေသော ဒုတိယလူစိမ်းသည် မိန်းမသံများ ကြောင့် ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။ အိမ်နောက်တက် ဝင်ပြေးရလည်း မဖြစ်။ အိမ်ပေါ်မှာ ဒီအတိုင်း ဆက်နေရလည်း မဖြစ်။

မိန်းမတစ်ယောက်က ထွက်သွားသံ ကြားရပြီး နောက်မိန်းမတစ် ယောက်က အိမ်ဆီသို့ လျှောက်လာသံကြားရသည်။

ထိုအချိန်၌ အိမ်ပေါ်မှ လူသည် လှေကားမှ ဒရောသောပါး ပြေးဆင်းလိုက်သည်။ အိမ်ရှေ့သို့ ရောက်နေပြီး အိမ်ပေါ်သို့ လှမ်းတက်ရန် ပြင်နေသည့် မိန်းမက အိမ်ပေါ်မှ ပြေးဆင်းလာသောသူကို အထိတ်တလန့် ကြည့်လိုက်ပြီး

"ဟင် အစ်ကို"

အံ့အားသင့်စွာ လွှတ်ခနဲ ခေါ်လိုက်သည်။

အစ်ကိုဟု အခေါ်ခံရသူ၊ ဓားကိုင်ထားသည့် လူစိမ်းသည် မိန်းမကို တွန်းလိုက်ကာ တဟုန်ထိုးပြေးထွက်သွားသည်။

မိန်းမက ယိုင်သွားသော ခန္ဓာကိုယ်ကို ပြန်ထိန်းကာ အိမ်ပေါ်သို့ အသော့တက်လိုက်၏။ လဲကျသေဆုံးနေသော အမူးသမားကို မြင်သည်နှင့်

"ဘုရား.. ဘုရား ကိုညွန့် သေပြီ" ဟု ရင်ကို ဖိ၍ ရေရွတ်လိုက် သည်။

ထို့နောက် –

"အမယ်လေး လာကြပါဦးတော်၊ ကျွန်မ ယောကျ်ားကို ဓားနဲ့ ထိုး သတ်သွားလို့"

တိတ်ဆိတ်ငြိမ်သက်နေသော ညသန်းခေါင်ယံတွင် ကြောက်လန့် တကြား ဆော်ဟစ်လိုက်သံက ဝှင်းဖောက်ထွက်လာသည်။



(၁၇)

နံနက်တိုင်း ပြုမြဲဖြစ်သည့်အတိုင်း ဘုရားရှိခိုးပြီး တရားထိုင်သည်။ အလေ့အကျင့်ကလေး ရလာသည်ကတစ်ကြောင်း ပြီးခဲ့သော အတွေ့အကြုံ များအရ သေရွာသို့အလည်ရောက်သွားခဲ့ရသည့်ဖြစ်ရာ လောက၏ မကောင်း မှုတို့ကို ပိုမိုကြောက်လန့်လာခဲ့မိသည်ကတစ်ကြောင်းမို့ တရားထိုင်မှု၌ ဟိုယခင်ကထက်ပိုမို နှစ်ခြိုက်မွေ့လျော်သည်။

အာရုံ၏ တည်ငြိမ်မှုကလည်း ပိုကောင်းလာ၏။ သမာဓိ ပို၍ ရ လာသည်ဟု ဆိုနိုင်၏။ ပျံ့လွင့်စိတ်ကို ထိန်းလာနိုင်၏။ ခန္ဓာကိုယ်တွင်းရှိ ဖြစ်ပျက်တို့ကို ပညာမျက်စိဖြင့် ကြည့်တတ်လာ၏။

တရားထိုင်သဖြင့် ညောင်းကိုက်ထုံကျင်မှုတို့ကို သည်းခံမှတ် ကျော်ဖြတ်နိုင်ခဲ့ပြီး အေးငြိမ်းမှု အရသာကိုလည်း တွေ့လာရ၏။ သက် ဆောင့်စိတ် သို့မဟုတ် အိပ်သည့်စိတ်ကို မြဲအောင် သတိဖြင့် စည်းနှောင် နိုင်သဖြင့် ညှိုးသည့်စိတ်ဟုခေါ်သော ဖလောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပဟူသည့် ကိလေသာ မီးများကို တစ်စထက်တစ်စ ပိုမိုချုပ်ငြိမ်းနိုင်လာမည်ဟု ယုံကြည်၏။

www.burmeseclassic.com



တရားပြုတ် မေ့ပွားဝိုး အမှုဝေ စသည့်ပြုပြု ပရိကံများ ပြီးဆုံး၍ ထိုင်ရာမှ ထလိုက်သောအခါတွင် ကျွန်တော့် နောက်ဝည့်ခန်းဆက်တိုင်၌ ထိုင်နေသော မိန်းမကြီးတစ်ဦးကို တွေ့ရ၏။ ကျွန်တော်တို့ ရပ်ကွက်ထဲကပင် ဖြစ်သည်။ လူချင်း မရင်းနှီးလှသော်လည်း လမ်းတွင် တွေ့ဆုံ၊ ပြုံးပြ နှုတ်ဆက်နေကျ။ အမေနှင့်ကမူ ရင်းနှီးကျွမ်းဝင်ပုံရှိသည်။ အမေနှင့် ယှဉ်လျက် ထိုင်နေ၏။

"ဒီမှာကွယ် သားကို တွေ့ချင်လို့ စောင့်နေတာ၊ သား ဘုရားရှိခိုး မပြီးသေး တာနဲ့"

အမေက စတင်၍ ပြောသည်။ အမေ အပြောအရ ဆိုလျှင် ကျွန်တော့်ထံ ကိစ္စတစ်ခု ရှိ၍ ရောက်လာပုံပေါ်၏။ ဘာအ ကြောင်းများပါ နည်း။

"ဟုတ်ကဲ့ ဘာများပါလိမ့်"

အမေတို့နှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်ရန် ကျွန်တော်က လမ်းခင်းပေး လိုက်ရသည်။ အသက် ခြောက်ဆယ်ဝန်းကျင်ရှိမည်ဖြစ်ပြီး လောက၏ ပင်ပန်းဆင်းရဲမှုဒဏ်ကို ခံစားခဲ့ရဟန်တူသည့် အိုမင်း နွမ်းဖျော့ခြင်းများ၏ ပိုင်ရှင် မိန်းမကြီးသည် ရုတ်တရက် ဘယ်ကစ၍ ပြောရမှန်းမသိ ဖြစ်နေပုံရှိလေ၏။

အမေကပင် ကြားဝင်၍

'ဒေါ်ညိုတဲ့၊ ဟိုဘက်တစ်လမ်းကျော် ကလေ၊ အဲဒါကွယ် ညက သူ့သား မောင် သိန်းဇော် အဖမ်းခံရလို့ သားကို ပြောပြ တိုင်ပင်ချင်လို့တဲ့' ဟု နိဒါန်းပျိုးပေးသည်။ ဒီတော့မှ

'အဒေါ်တို့က ဘာမှ နားမလည်လို့ ငါတို့ကို အကူအညီလာ တောင်းတာပါ။ ဒီက အမေက ငါတို့ရဲ့ ချစ်သူ ရှေ့နေမလေးကလည်း ခုရှ ရောက်နေသူတွေကို ကူညီ ဖြေရှင်းပေးတတ်တယ်လို့ ပြောမှုလို့ပါ'

ဒေါ်ညိုက ဝင်ပြောသည်။ အပြောမှာ အားတုံ့အားနာဟန်များ ပါဝင်နေပြီး မျက်လုံးများ သောကများက ပြည့်လျှံနေသည်။





"တတ်နိုင်သလောက်တော့ ကျွန်တော်တို့ အကူအညီပေးပါတယ်။ ကျွန်တော့်အနေနဲ့ရော မေမေ့ရှားအနေနဲ့ရောပေါ့။ ဒါပေမယ့် ထိစ်ခုတော့ ရှိတယ်။ တကယ်ပြစ်မှုကျူးလွန်သူ တစ်ယောက်အနေနဲ့က ဥပဒေရဲ့ အပြစ် ပေးမှုကို ခံရမှာ မမှာတာပါပဲ။ သူ့ကို အပြစ်လွတ်အောင်တော့လုပ်လို့ မရ ဘူးနော် အဒေါ်။ အဲဒီတော့ အဒေါ် သဘောပေါက်ပေးပါ"

ကျွန်တော်က နားလည်သင့်သည်ကို နားလည်လက်ခံရေးရန် ကြို တင်၍ စကားစလိုက်ရသည်။ သို့မဟုတ်ပါက နောက်ပိုင်းတွင် အထင်အမြင် လွဲမှားများ ဖြစ်လာတတ်၏။ ဖြစ်ခဲ့သော အတွေ့အကြုံများကလည်း မနည်းပြီ အပြစ်ကို ကျူးလွန်ပြီးမှ အပြစ်မှ ကွင်းလုံးကျွတ်လွတ်လိုသူတွေက အနမတာ။

"အဲဒါတော့ အဒေါ် နားလည်ပါတယ်ကွယ်။ အခုဟာက သား လေးက မကျူးလွန်ရဘဲ အဖမ်းခံရတာပါ"

"ဘာမှုနဲ့ ဖမ်းတာလဲ"

"လူသတ်မှုတဲ့"

"ဝင်ဗျာ"

ကျွန်တော် တုန်လှုပ်သွားသည်။ လောက၊ ဒေါသ၊ မောဟ တန်ခိုးမာနတွေကြောင့် လိမ်ကြ၊ ကောက်ကြ၊ ရိုက်ကြ၊ နှက်ကြ၊ လုယက်ကြ၊ သတ်ဖြတ်ကြသည်များကို ကျွန်တော်နေ့စဉ်နှင့်အမျှ ကြားနေရသည်။ ကျွန် တော်တို့ မဂ္ဂဇင်းတိုက်မှာက မှုခင်းသတင်းကွာနယ်လည်းရှိသည်လေ။ နေ့စဉ် ဆိုကလို့ ခိုးမှု၊ ရိုက်မှု၊ မုဒိမ်းမှု၊ လူသတ်မှု သတင်းများက ဝင်လာမြဲ တသဲသဲ။

ယခုလည်း ကြားရပြန်ပါပြီ။

"ဒါပေမယ့် သားလေးက သူ မသတ်ဘူးလို့ ပြောပါတယ်။ သူ သတ်တာနဲ့ အဖမ်းခံရတာလို့ ပြောပါတယ်"

"ရဲတွေကတော့ အကြောင်းအချက် မနိုင်လုံဘဲ၊ မဆက်စပ် တော်သက်ဘဲ မဖမ်းပါဘူး အဒေါ်။ တစ်ခုခုတော့ အကြောင်းရှိလို့ နေမှာပါ"

"အဲဒါတော့ အဒေါ်၊ သေသေချာချာ မသိပါဘူးကွယ်။ သားလေး ကတော့ သူ မသတ်ရကြောင်း ကျိန်တွယ်ပြီး ပြောပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူ မကျူးလွန်တာ အမှန်ဆိုရင်တော့ ကျွန်တော်တို့ ကြိုးစား ကယ်ထုတ်လို့ ရနိုင်ပါတယ်။ သူ ကျူးလွန်တာ မှန်ရင်တော့ မရနိုင်ပါဘူး"

"ကဲပါ သားရယ်၊ ဒေါ်ညိုကတော့ သားကို ရေလည်အောင် ရှင်းပြတတ်မှာ မဟုတ်ဘူး။ ဒီတော့ သားနဲ့ မေစံရှားနဲ့ ရဲစခန်းလိုက်သွားပြီး ရဲအရာရှိကို မေးစမ်းကြည့်ပြီးမှ ဘာဆက်လုပ်ရမယ်၊ ဘယ်လို အခြေအနေ ရှိတယ်ဆိုတာကို စဉ်းစားဆုံး ဖြတ်ကြပါလား"

အမေက ဖြစ်စေချင်သည်၊ ဖြစ်သင့်သည်ကို ဝင်၍ အကြံပေးသည်။

"အမေ ပြောတာ မှန်ပါတယ်။ ရဲအရာရှိနဲ့ တွေ့ပြီးမှပဲ အကျိုး အကြောင်း အကုန်သိမှာပါ၊ ဒါနဲ့ အဒေါ့်သားနာမည်က ဘယ်သူ"

"မောင်သိန်းဇော်"

"ဟုတ်ကဲ့၊ ဒီလို လုပ်ပါ အဒေါ်၊ ကျွန်တော် ဒီနေ့ မေစံရှားနဲ့ တွေ့ပြီး ရဲစခန်းကို သွားပါ့မယ်၊ ရဲအရာရှိနဲ့တွေ့ပြီး ဆွေးနွေးကြည့်ပါ့မယ်။ ကိုသိန်းဇော်က ကျူးလွန်မှု မရှိဘူးလို့ ယူဆနိုင်စရာတွေ ရှိရင် ကျွန်တော်တို့ ကိုသိန်းဇော်အတွက် လုပ်သင့်တာတွေ ဆက်လုပ်ပါ့မယ်"

"ကျေးဇူးတင်ပါတယ်ကွယ်၊ အဲဒါနဲ့ တစ်ခုတော့ ကြိုပြီး"

ဒေါ်ညို့အသံ ရပ်သွားသဖြင့် –

"ဘာများလဲ အဒေါ် ပြောပါ"

"ရွှေငွေငှားတယ်ဆိုတော့ ရွှေနေသက"

ကျွန်တော်က ပြုံးလိုက်ပြီး –

"အဲဒီအတွက်တော့ ခေါင်းထဲ မထည့်ပါနဲ့ဦး၊ မေစံရှားက ငွေချ အုပ်လိုက်မယ်ဆိုတဲ့ ရှေ့နေ မဟုတ်ပါဘူး။ ကူညီသင့်တဲ့ လူကို ကူညီမှာပါ၊ ဒီအတွက် စိတ်ချပါ" ဟု ပြောလိုက်ရသည်။

အမေကလည်း –

"သမီးလေးက တရားရုံးမရောက်ခင် ပြီးပြတ်လွှတ်မြောက်အောင် ကူညီနိုင်မှာပါ မညိုရယ်။ သူ အဲဒီလို ကူညီခဲ့တာတွေ များပါပြီ။ ပြီးတော့ သားပြောသလို သူက ငွေရဖို့ တစ်ခုတည်း ကြည့်ပြီး အလုပ်လုပ်တဲ့သူ မဟုတ်ဘူးကွယ်။ အဲဒါကြောင့်လည်း ကျုပ်တို့က သားနဲ့ သဘောတူပြီး





အရမ်းကို ချစ်နေကြတာ၊ မြန်မြန်လက်ထပ်ဖို့ တိုက်တွန်းနေကြတာ' ဟု ဖြည့်စွက်သည်။

"ကျေးဇူးကြီးပါပေ့ကွယ်၊ အဒေါ်လည်း ကျေးဇူးမမေ့တတ်ပါဘူး။ အဒေါ့်မှာ ဒီသားလေးတစ်ယောက်ပဲ အားကိုးပြီး နေနေရတာမို့ပါ"

ဒေါ်ညိုက ပြောရင်း စို့လာသော မျက်ရည်ကို အင်္ကျီလက်မောင်းဖြင့် ပင့်သုတ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

[၁၀]

ရှားနှင့် ကျွန်တော်အား ရဲအရာရှိက စုံစမ်းအကဲခတ်ပြီး –

'ခင်ဗျားတို့က မောင်သိန်းဇော်နဲ့ ဘာတော်လို့လဲ' ဟု မေးသည်။ အကြည့်မှာ စိမ်းသလောက် စကားသံတွေမှာလည်း မပျော့ပျောင်း မညှင်သာလှပေ။

ရှားကမူ ဤသို့သော အတွေ့အကြုံများကို များစွာ ရင်ဆိုင်ခဲ့ဖူး သူပီပီ အပြုံးမပျက်ဘဲ အဖြေပေးသည်။

"ကျွန်မက ရွှေနေပါ မေစံရှားပါ။ သူက စုံထောက်မဂ္ဂဇင်းက အယ်ဒီတာပါ ကိုနေသော်ပါ။ ကျွန်မတို့က ကိုသိန်းဇော်နဲ့ အိမ်နီးချင်း မိတ်ဆွေတွေပါ"

"မောင်သိန်းဇော်က လူသတ်တရားခံနဲ့ ဖမ်းထားတာပါ။ ခင်ဗျား တို့က ဘာသိချင်လို့လဲ"

ရဲအရာရှိက ကျွန်တော်တို့ မေစံရှားတို့ အကြောင်းကို ကြားဖူးဟန် မရှိပေ။ နယ်မှ ပြောင်းရွှေ့ရောက်ရှိ တာဝန်ထမ်းဆောင်နေသူလည်း ဖြစ်နိုင်၏။ ဒီဝန်းမှာ ယခင်က သူ့ကို မမြင်ဖူးပါ။





ထိုစဉ်

"ဟော ဒေါ်မေစံရှားတို့ စုံတွဲပါလား။ ဘာကိစ္စရှိလို့များပါလိမ့်"

တရင်းတနှီး နှုတ်ဆက်လိုက်သံ ကျွန်တော်တို့နောက်ဘက်မှ ပေါ် လာသည်။

ကျွန်တော်ရော ရှားပါ လှည့်ကြည့် လိုက်မိကြ၏။ ဝန်းမှူး ဦး အောင်လွင် ဖြစ်သည်။ ပြုံးပြုံးကြီး ရယ်လျက် ကျွန်တော့် ပခုံးကိုပင် လှမ်း၍ ပုတ်လိုက်သေးသည်။

"ဟော ဆရာ ဦးအောင်လွင်"

ကျွန်တော်တို့က လေးစားမှုဖြင့် ထိုင်ရာမှ ထဟန်ပြင်လိုက်သည် တွင် ဦးအောင်လွင်က လက်ဟန်ခြေဟန်ဖြင့် ပြုရင်း –

"နေ နေ ကိုနေသော်နဲ့ မမေစံရှား ကဲ.. ပြော ကျွန်တော်တို့ ဘာကူညီရမလဲ" ဟု နွေးထွေးစွာ ပြောလေသည်။

ဝန်းမှူး ဦးအောင်လွင်၏ ရင်းနှီးကျွမ်းဝင်စွာ နှုတ်ဆက်ပြောဆို မှုကြောင့် တာဝန်ကျစားပွဲမှ ကျွန်တော်တို့နှင့် စကားပြောနေသော ရဲအုပ်ကြီးမှာ ကျွန်တော်တို့ကို အားတုံ့အားနာစွာ ကြည့်သည်။

"ကျွန်တော်တို့ မိတ်ဆွေတစ်ယောက် အဖမ်းခံနေရလို့ ခဏ လာတွေ့တာပါ၊ အမှုအကြောင်းလေးလည်း သိချင်လို့ပါ"

"ဒါလား ရပါတယ်။ ကိုမျိုးဝင်းရေ ဒီက စုံထောက်ဝတ္ထုရေးဆရာကြီးနဲ့ စုံထောက် စာရေးဆရာမကြီးကို အကူအညီ ပေးလိုက်ပါဦးဗျာ။ ခင်ဗျား ည က ဖမ်းလာတဲ့ အမှုပဲဖြစ်မှာပါ။ ကဲ... ကိုနေသော်နဲ့ မမေစံရှား လိုအပ် တာအားလုံး ကိုမျိုးဝင်းကို ပြော၊ အားမနာနဲ့။ ကျွန်တော့်ကိုတော့ ခွင့်ပြုဦး။ မြို့နယ်မှာ အစည်းအဝေးရှိလို့ သွားလိုက်ဦးမယ်"

"ဟုတ်ကဲ့ ကျေးဇူးပါပဲ"

ဝန်းမှူး ဦးအောင်လွင်မှာ ကျွန်တော်တို့ကို ပြောဆိုပြီး ခြေကြီး သုတ်ပျာဖြင့် ဝန်းတွင်းမှ ထွက်ခွာသွားသည်။ တာဝန်ကျေတတ်သလောက် သဘောမနော ကောင်းသော၊ သဘောမနော ဖြူစင်သလောက် တာဝန်ကို လေးစားတတ်သော ဦးအောင်လွင်က လေးစားသမှု ပြုသွားခဲ့သောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ထင်ထား ရဲအုပ်မှူးဝင်းဇော် မျက်နှာမှာလည်း အနည်းငယ် ပျော့ပျောင်းချိုသာ သွားပေသည်။

"ကဲ ကျွန်တော် ဘာကူညီရမလဲ"

ရှားက

"ဒီလိုပါ အမှုအကြောင်းကို ကျွန်မတို့က သေသေချာချာ မသိပါဘူး။ ကိုသိန်းဇော်အမေ ရောက်လာပြီး ပြောပြလို့ သိရတာပါ။ အကျိုးအကြောင်း သိပြီး လိုအပ်တာလေးတွေ ကူညီပြီး လုပ်ပေးရအောင် လာခဲ့တာပါ" ဟု ပြေပြစ်ချောမွေ့စွာ ပြောသည်။ ရှေ့နေမို့လားမသိ အပြောက လိမ္မာပါးနပ်လှပေသည်။ ထို့ကြောင့်ပင် ရဲအုပ် မှူးဝင်းဇော် အမူအရာမှာ ပို၍ပင် နမ်လို့မှ စိမ်ပြေကျလာလေသည်။

"ကိုသိန်းဇော်ကို ဖမ်းရတာက ဒီလိုပါ။ ညက ကျွန်တော်တို့ ဒေသက နယ်ထိန်းနဲ့ အဖွဲ့က ညဘက် ပတ်တရောင်ကင်းလှည့်စဉ်မှာ လာကြပါဦး။ ကျွန်မရဲ့ ယောက်ျားကို ဓားနဲ့ ထိုးသတ်သွားလို့ဆိုတဲ့ အော်သံကြားတာနဲ့ အသံကြားရာအိမ်ကို ကျွန်တော်တို့ရဲ့အဖွဲ့က ပြေးသွားကြပါတယ်။ အဲဒီအချိန်မှာ လူတစ်ယောက်က ဓားတစ်ချောင်းနဲ့ ထွက်ပြေးလာတာမြင်လို့ ရဲတွေက ဆီးပြီး ဖမ်းလိုက်ပါတယ်။ အဲဒီလူက ကိုသိန်းဇော်ပါ။ အခင်းဖြစ်တဲ့ အိမ်ကို ရောက်သွားတော့ ဓားဒဏ်ရာလို့ ယူဆရတဲ့ ထိုးသွင်းဒဏ်ရာနှစ်ချက်နဲ့ ယောက်ျားတစ်ယောက် သေဆုံးနေတာ တွေ့ရပါတယ်။ သေဆုံးသူရဲ့ အမည်က ကိုဘညွှန့်ပါ။ ဘေးနားမှာ ငိုနေတဲ့ သူ့ဇနီး မမြဝေကို တွေ့ရပါတယ်။ မမြဝေက ကိုသိန်းဇော်ကို မြင်တာနဲ့ အဲဒီလူပါ။ အဲဒီလူ ကျွန်မ ယောက်ျားကို ဓားနဲ့ ထိုးပြီး ပြေးဆင်းသွားတာလို့ ပြောပါတယ်။ ကိုသိန်းဇော်ကတော့ မဟုတ်ဘူးလို့ ငြင်းတယ်။ ကျွန်တော်တို့လည်း လုပ်စရာရှိတာတွေ ဆက်လုပ်ကြပါတယ်။ နယ်ထိန်းအဖွဲ့က အကြောင်းကြားလို့ ကျွန်တော်ကိုယ်တိုင် လိုက်သွားပြီး အခင်းဖြစ်နေရာကို စစ်ဆေးမှတ်တမ်းတင်ပြီး သေဆုံးသူ ကိုဘညွှန့်ရဲ့အလောင်းကို ဆေးရုံကို ပို့ပါတယ်။ ကိုသိန်းဇော်ကိုတော့ ဖမ်းလာခဲ့ပါတယ်။ ကိုသိန်းဇော်ဆီက ဓားကို သိမ်းပြီး လက်ဗွေ





ပါရှုဆီကို ပို့ထားပါတယ်။ ဓားကို စစ်ဆေးပေးဖို့ သိပ္ပံစစ်ဆေးရေးဌာနကို လည်း အစီရင်ခံထားပါတယ်"

"ကိုသိန်းဇော်ကို စစ်မေးပြီးပြီလား ရှင်"

"မေးပြီးပါပြီ သူ့အပြောအရတော့ သူ သတ်တာ မဟုတ်ပါဘူးတဲ့။ ဒါပေမယ့် သူကလည်း ကိုဘညွှန့်ကို သတ်ဖို့ သွားတာတော့ အမှန်ပါပဲတဲ့။ အဲ... သူ အိမ်ပေါ် ရောက်သွားတဲ့အချိန်မှာ ကိုဘညွှန့်က သေနေပါပြီတဲ့။ သူလည်း ကိုဘညွှန့် ဓားဒဏ်ရာနဲ့ သေနေလို့ အံ့သြနေလို့ ကိုဘညွှန့် ဇနီး မမြဝေ ရောက်လာတာနဲ့ အိမ်ပေါ်က ဆင်းပြေးခဲ့တာပါတဲ့"

"အချိန်က"

"အချိန်ကတော့ ညဆယ့်တစ်ခွဲလောက် ရှိမှာပါ။ မှုခင်းဆရာဝန်ကြီးဆီက သေဆုံးချိန် ခန့်မှန်းချက်ရရင် ချိန်ဆကြည့် လို့ရနိုင်ပါပြီ"

"ကိုသိန်းဇော်ကလည်း ကိုဘညွှန့်ကို သတ်ဖို့သွားတာဆိုတော့ သူတို့မှာ ရန်ငြိုး ရှိခဲ့တာတော့ အမှန်ပဲ ဖြစ်မှာပါပဲ"

"သေဆုံးသူ ကိုဘညွှန့်ရဲ့ဇနီး မမြဝေကို စစ်တဲ့အခါကျတော့ ကိုဘညွှန့်နဲ့ ကိုသိန်းဇော်က အဲဒီနေ့မနက်ကပဲ ရန်ဖြစ်ခဲ့ကြတယ်လို့ ဆိုတယ်။ စကားများကြရာကနေ ကိုဘညွှန့်ကနေ လက်သီးနဲ့ထိုးလို့ ကိုသိန်းဇော် တော်တော်နာသွားခဲ့တယ်လို့ ဆိုတယ်။ အဲဒီကိုသိန်းဇော်က ခင်ဗျား သိမယ်၊ ခင်ဗျားကို သတ်မယ်လို့ ကြိမ်းသွားတာတွေကို ဘေးအိမ်တွေကလည်း ကြားတယ်။ အဲဒီဘေးအိမ်က လူတွေကိုလည်း သက်သေအဖြစ်နဲ့ စစ်ချက်ယူ ထားပါတယ်"

"ဒါဆိုရင် ကိုသိန်းဇော်က ကိုဘညွှန့်ကို သတ်ဖို့အကြောင်းရင်း Motive က လည်း ခိုင်လုံနေ၊ အခင်းဖြစ်ရပ် Sence of Crime မှာကလည်း ကိုသိန်းဇော်ကို ဓားနဲ့အတူ ရဲက တွေ့ရှိဖမ်းမိတာရယ်၊ ဇနီးဖြစ်တဲ့ မမြဝေ ကိုယ်တိုင် ကိုသိန်းဇော် ဓားကိုင်ပြီး ပြေးဆင်းလာတာရယ်ကို မျက်မြင် သက်သေရှိနေမယ်ဆိုတာ ကိုသိန်းဇော်က ကိုဘညွှန့်ကို သတ်တာ သေချာ သလောက် ရှိနေတာပေါ့နော်"

"ဟုတ်ပါတယ် ဒေါ်မေစံရှား"



www.burmeseclassic.com

www.burmeseclassic.com



"ဓားမှာတော့ သွေးတွေ ဘာတွေများ တွေ့ရလား"

"လောလောဆယ် မျက်စိနဲ့ကြည့်တာတော့ သွေးမတွေ့ရဘူး။ ဒါကလည်း ကိုသိန်းဇော်က သွေးကို တစ်ရှူးနဲ့ သုတ်ခဲ့တာ ဖြစ်နိုင်ပါတယ်"

"သုတ်ရုံနဲ့ လုံးဝတော့ မပျောက်နိုင်ဘူး ထင်တယ် ကိုမျိုးဝင်း"

"အဲဒါကို ဓာတုဗေဒဝန်ရုံးက အဖြေက သက်သေခံမှာပါ"

"မပြုတော့ ကိုသိန်းဇော် ကိုဘညွန့်ကို ဓားနဲ့ ထိုးနေတာကို တွေ့တယ်လို့ ပြောသလား"

"မပြောပါဘူး အိမ်ပေါ်က ပြေးဆင်းလာတာလို့ပဲ ပြောပါတယ်"

"ဥပဒေမျက်စိနဲ့ ပြောရရင်တော့ ကိုသိန်းဇော်မှာ ကယ်ပေါက် အဲ.. ထွက်ပေါက်တွေ ရှိနေတယ်။ သံသယအကျိုး ခံစားခွင့် ရှိနေတယ် ဆိုရမယ်။ ကိုသိန်းဇော် သတ်တာကို မျက်မြင်သက်သေမှ မရှိတာ"

"မျက်မြင်သက်သေ မရှိတာကိုတော့ မပြောနဲ့လေဗျာ။ ဒီလို ရာဇဝတ်မှုမျိုးက မျက်မြင်သက်သေမရှိအောင် စီမံကျူးလွန် သတ်တာမျိုးပဲ။ အဲဒီအခါမှာ ကျွန်တော်က ပတ်ဝန်းကျင်သက်သေ၊ သက်မဲ့သက်သေတွေနဲ့ အမှုကို တည်ဆောက်ယူ ရပါတယ်။ အဲဒီလို သက်သေတွေ ခိုင်လုံနေရင် အမှုကို ကောက်ချက်ဆွဲလို့ ရပါတယ်"

"ဓားမှာ သွေးမတွေ့တာက"

"ပြောခဲ့ပြီးပါပြီ ဓာတုဗေဒဝန်ရုံးရဲ့ အဖြေက စကားပြောမှာပါ။ အဲဒီမှာ သေသူနဲ့ သွေးကပ်ငြိနေတာ ရှိနိုင်ပါတယ်။ အဲဒီသွေးဟာ ကိုဘညွန့်ရဲ့ သွေးနဲ့တူနေရင် သေချာပါပြီ"

"အဲဒီဓားမှာ သွေးလုံးဝ မတွေ့ရှိရဘူး ဆိုရင်ရော ရှင်"

"အဲ အဲဒါတော့"

ရဲအုပ်မျိုးဝင်း ရုတ်တရက် အဖြေပြန် မပေးနိုင်ဘဲ ရှားကို မျက်လုံး ပြူး ကြည့်နေသည်။ အတန်ကြာမှ –

"ဒေါ်မေစံရှားက တရားရုံးမှာ တရားခံဘက်က လျှောက်လဲနေသလို လာမေး လာပြောနေတာလားဗျာ။ အမှုကို ရှင်းနေတာ ရှုပ်အောင် မလုပ်ပါနဲ့"





ကျွဲမြီးတိုနေဟန်ရှိတော့ ကော။

ကျွန်တော်က ဘာမှ မပြောဘဲ ပွဲကြည့်ပရိသတ်ပင် လုပ်နေလိုက်၏။ ဤလိုအချိန်မျိုး၌ ရှားက အမှုအခင်းကို အာရုံအကြည့်နှင့် နစ်နစ်ခံခံ တွေးဆပြော တတ်လေ့ရှိရာ တော့မှန်နေ၍ ဝင်ပြောခြင်းမှာ အနှောင့်အယှက် ဖြစ်နိုင်သောကြောင့်ပင် ဖြစ်သည်။

ရှားက ရှိမြဲ အပြုံးဖြင့်ပင် –

"ကိုမျိုးဝင်းတို့ အမှုတည်ဆောက်ရာမှာ တရားခွင်ကျရင် တရားခံ ရှေ့နေဘက်က မေးလာနိုင်တဲ့မေးခွန်းတွေကို ကြိုတင် စဉ်းစားပြင်ဆင်လို့ရအောင်ပါ။ ရှင်းနေတာကို ရှုပ်အောင် လုပ်တာ မဟုတ်ပါဘူး" ဟု ချေချွင်း ပြန်ပြောသည်။

ရဲအုပ်မျိုးဝင်း တစ်ခုံတစ်ရာ မတုံ့ပြန်။

"အခင်းဖြစ်အချိန်မှာ တခြား ဘာထူးခြားတာတွေများ တွေ့မိသေးလဲ"

ရဲအုပ်မျိုးဝင်းက ရှားမေးမှ သတိရ ဟန်ဖြင့်

"ကိုဘညွန့်တို့ရဲ့ အိမ်ခန်းထဲမှာ ကပ်ထားတဲ့ စက္ကူပြားပေါ်မှာ စာလုံးတစ်လုံး တွေ့တယ်ဗျ။ ပြီ တဲ့" ဟု ပြောသည်။

"ရှင်"

"ဗျာ"

ရှားနှင့်ကျွန်တော် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိကြလေသည်။ လာပြန်ပြီ ပြီတဲ့။

သို့ဆိုလျှင် ကိုဘညွန့် သေဆုံးမှုသည် ကိုသာရင် သေဆုံးမှုနှင့် ဆက်စပ်နေလေမလား။ ကိုဘညွန့်ကို သတ်သွားသူသည် ကိုသာရင်ကို သတ်သွားသူပေပဲလော။

www.burmeseclassic.com

www.burmeseclassic.com

[၁၉]

အချုပ်ခန်းထဲရှိ ကိုသိန်းဇော်ကို ကျွန်တော်တို့ သွားတွေ့ခွင့်ရကြသည်။ ကိုသိန်းဇော်မှာ အသားဖြူဖြူ ပိန်ပိန်ပါးပါး လူလတ်လေး ဖြစ်သည်။ ကြမ်းတမ်းသော ရုပ်ရည် မရှိ။ လူပျော့ကလေးတစ်ဦး၏ ပုံပန်းလက္ခဏာ ရှိသည်။

မျက်လုံးများမှာ ကြောက်ရွံ့တုန်လှုပ်နေဟန် အထင်သား။ မျက်နှာငယ်ကလေးနှင့် စကားပြောတော့လည်း ခပ်အေးအေး။

"ကိုသိန်းဇော်က ဘာကြောင့် ကိုဘညွန့်ကို သတ်ဖို့ သွားရတာလဲ"

ကိုသိန်းဇော်သည် ရှုံ့အမေးကြောင့် မျက်နှာ ပြောင်းသွားသည်။ အနာဟောင်းတစ်ခုကို လာ၍ အဆွဲခံလိုက်ရသည့်ပမာ။ တင်းသွားသော ညှို့မှောင်သွားသော မျက်နှာနှင့် ဒေါသရောင်လက်လာသော မျက်လုံးများကို ကျွန်တော် သတိပြုမိလိုက်သည်။

"ဒီလူက လူယုတ်မာ၊ သူ့ကို ကျွန်တော် သတ်ချင်လို့"

အံကြိတ်၍ ပြောသော စကား။





"ကျွန်မတို့ နားလည်အောင်ပြောပြပါလား"

"ကျွန်တော် ခရီးသွားနေတုန်း ကျွန်တော့် ချစ်သူကို သူ အတင်းလက်ထပ်ယူတယ်ဗျာ။ ကျွန်တော် ကြားတာကတော့ သူ့ အဓမ္မပြုကျင့်တာ ခံရလို့ မြဝေက ရှက်ပြီး သူ့ကို ယူလိုက်ရတာတဲ့"

ကျွန်တော်တို့ မထင်မှတ်ထားသော မြှုပ်ကွက်တစ်ခုက ပေါ်လာသည်။ နာကျည်းဖွယ် နှလုံးသားရေးရာ။ ဒီအချက်ကတော့ ကိုဘညွန့်ကို သတ်ဖို့ လုံလောက်သည့် အကြောင်းရင်းပင်။

"ကိုသိန်းဇော်နဲ့ မမြဝေတို့က ချစ်သူတွေလား"

"ဟုတ်ပါတယ်၊ ကျွန်တော်တို့ ချစ်သူ ဖြစ်တာ နှစ်နှစ်ကျော်ပါပြီ။ လက်ထပ်ဖို့ ကြိုးစားနေကြတာပါ။ မပြေလည်သေးလို့ အချိန်စောင့်နေကြရင်း ကျွန်တော့် သူငယ်ချင်းတစ်ယောက်က ငါးဖမ်းစက်လှေမှာ လစာကောင်းကောင်းရမယ်ဆိုလို့ ကော့သောင်းကို လိုက်သွားတာပါ။ ရည်ရွယ်ချက်က စက်လှေမှာ လုပ်ဖြစ်ရင်လုပ်၊ အဆင်ပြေရင် အရောင်းအဝယ်လေးပါ လုပ်ပြီး ငွေရှာဖို့ပါ။ ဖြစ်ချင်တော့ အဆင်မပြေပါဘူး။ ကျွန်တော်တို့ ပါသွားတဲ့ စက်လှေ မုန်တိုင်းမိပြီး မြုပ်ပါတယ်။ ကျွန်တော့် သူငယ်ချင်း သေသွားပါတယ်။ ကျွန်တော်က ကံကောင်းပြီး တခြားစက်လှေ တစ်ခုက ကယ်လို့ အသက်ရှင်ခွင့်ရခဲ့တာပါ။ ငွေကလည်း ပြတ်လို့ ရန်ကုန်ကို မပြန်နိုင်ဘဲ ကြာသွားခဲ့ပါတယ်၊ အခု ပြန်လာတော့ မြဝေနဲ့ ဟိုလူကြီးသတင်းက ကျွန်တော့် ရင်ကို ဆီးပြီး ကန်တော့တာပါပဲ"

"ဒါ့ကြောင့် ကိုသိန်းဇော်နဲ့ ကိုဘညွန့် စကားများကြတာလား"

"ဟုတ်ပါတယ်၊ ကျွန်တော် ပြန်ရောက်တာ မကြာသေးပါဘူး။ မြဝေကို တွေ့ပြီး အကျိုးအကြောင်း မေးချင်ပေမယ့် ရင်မဆိုင်ရဲဘဲ ရက်အနည်းနည်း ကြာသွားတယ်။ မနေ့ကတော့ မြဝေကို တွေ့ချင်တာရယ်၊ သူ ဘာကြောင့် ကျွန်တော့်ကို မစောင့်ဘဲ ဟိုလူကို ယူတာလဲဆိုတာရယ် မေးမယ်ဆိုပြီး သူတို့အိမ်ကို သွားတာပါ။ အိမ်မှာ ဟိုလူက ရှိနေလေတော့ တွေ့ပြီး စကားများရာက သူက ကျွန်တော့်ကို ထိုးကြိတ်ပါတယ်။ သူနဲ့ ကျွန်တော် လူချင်းက မမျှတော့ ကျွန်တော် ခံရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



“ရပ်ထဲက နာကျည်းရယ် ကျွန်တော့်ကို နှိုက်နှိုက်ချွတ်ချွတ် ပြောပြီး ထိုးကြိတ်တာရယ်ကြောင့် ကျွန်တော် မခံနိုင်ဖြစ်သွားတာပါ။ ဒါကြောင့် ခင်ဗျားကို သတ်မယ်လို့ ကြိမ်းခဲ့ပါတယ်။ မနေ့က တစ်နေ့လုံး အဲဒီအကြောင်း တွေ တွေးပြီး ညဘက်ကျတော့ အရက်နဲ့ ရဲဆေးတင်ပြီး သူ့ကို စောင့်နေ ခဲ့ပါတယ်။ လမ်းထိပ်ကနေ စောင့်နေပြီး သူ့အိမ်ပြန်လာတာ မြင်မှ အချိန် နည်းနည်း ခွာပြီး လိုက်လာခဲ့ပါတယ်။ ရည်ရွယ်ချက်ကတော့ သူ့အိမ်ကျမှ သတ်ဖို့ပါ။ ဒါပေမယ့် ကျွန်တော် သူ့အိမ် ရောက်သွားတော့ သူက သေနေပြီ။ ကျွန်တော် မသတ်လိုက်ရပါဘူး။ တခြားတစ်ယောက်က သူ့ကို သတ်သွားပါ ပြီ”

ကိုသိန်းဝေ ပြောပြနေတာမှာ တကယ်ခံစားချက်များကို မှန်ဘုံချ နေပုံ ပေါ်ပေါက်ပြီး မျက်ရည်များပင် လည်လျက် ရှိ၏။ တစ်ခါတစ်ရံ အံ ကြိတ်ပြီး တစ်ခါတစ်ရံ တောက်ပင် ခေါက်လိုက်လေ၏။

“ကျွန်တော်ကိုယ်တိုင် မသတ်လိုက်ရတာ နာတယ်ဗျာ” ဟူ၍ ပြောလိုက်သံမှာ နာနာကျည်းကျည်း။

“ကဲ... ဘာမှ သိပ်ပြီးတော့ စိုးရိမ်ကြောင့်ကြမနေပါနဲ့။ ကို သိန်းဝေ မကျူးလွန်ဘူးဆိုရင် အမှုမှန် ပေါ်လာမှာပါ။ ကျွန်မတို့ ပြန်ဦးမယ်”

ကိုသိန်းဝေ့ကို နုတ်ဆက်ပြီး အချုပ်ခန်းထဲမှ ထွက်လာရာ ရဲအုပ် မြို့ဝင်းက “ကျွန်တော် ဘာကူညီရဦးမလဲ” ဟု မေးသည်။

“ကျေးဇူးတင်ပါတယ် ကိုမြို့ဝင်း။ ကျွန်မတို့ကို ကိုတာညွှန့် မပြေဝေ တို့အိမ် လိပ်စာလေး”

“ရပါတယ်ဗျာ ရပါတယ်”

[၂၀]

ရဲအုပ်မြို့ဝင်း ပေးလိုက်သော လိပ်စာကို ကျွန်တော်တို့ ရှာဖွေပြီး ရောက်ရှိသွားကြသည်။ ဆင်းရဲသားရပ်ကွက်လေး ဖြစ်ပြီး အိမ်ကလေးများ ပုပုကုပ်ကုပ် ဖရိုဖရဲရှိနေ၏။ ကိုတာညွှန့် မပြေဝေတို့အိမ်မှာ လမ်း၏ အဆုံးဖြစ်ပြီး ကန်စွန်းခင်းကလေးအစပ် ဖြစ်သည်။ သုံးပင့်အိမ်ဟု ဆိုရသော်လည်း တဲ သာသာကလေးဖြစ်၏။ ဓနိမိုး၊ ထရံကာ၊ ဝါးကြမ်းခင်း။

ဘေးအိမ်များနှင့် အနည်းငယ် လှမ်းသည်ကို ကျွန်တော်တို့ သတိ ပြုမိ၏။

“ဒါကြောင့် ညက အခင်းဖြစ်တာကို ဘေးအိမ်က မသိတာဘဲ” ဟု ရှားက ကောက်ချက်ပြုသည်။

မပြေဝေက အိမ်ပေါ်သို့ တရင်းတနှီး ခေါ်၍ နေရာထိုင်ခင်းဖြင့် ပေးသည်။ အသက် နှစ်ဆယ်ကျော် အစိတ်ပင် မသိသေးသည့်အရွယ် ရုပ်ပုံက ခပ်နွမ်းနွမ်း ခပ်နိုးနိုးကလေးဖြစ်သော်လည်း အသားကလေး ဖြူ ဝင်းဝင်းနှင့် မျက်နှာအကျက ပြေပြစ်သည်။ ကိုယ်လုံးကိုယ်ထည်က ကျစ်လျစ် ပြောင်စင်းသည်။ လှပသော ရုပ်ရည်ကလေးရှိသည်ဟု ဆိုသော် ရနိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



"မမတို့က ရှေ့နေပါ၊ ကိုသိန်းဇော်ရဲ့ ရှေ့နေဆိုပါတော့၊ ဖြစ်ခဲ့တဲ့ကိစ္စနဲ့ ပတ်သက်ပြီး ကိုသိန်းဇော်နဲ့ ရဲစခန်းမှာ တွေ့ခဲ့ပြီးပြီဆိုပါတော့"

"အစ်ကိုနဲ့ တွေ့ခဲ့ပြီးပြီ ဟုတ်လား"

မမြဝေ၏ အမေး၊ သူမ၏ အမေးမှာ တစ်တခုံတစ်ခုသော ကြောင့် ကြဟန်ပါသည်။ ယောက်ျားဖြစ်သူကို သတ်သဖြင့် မုန်းတီးနာကျည်းနေပုံမျိုး မမြင်ရ။ ရှားက သူမကို အကဲခတ်ကြည့်နေရာမှ -

"သူကတော့ သူ ရင်ဖွင့်ချင်တာတွေ ဖွင့်ပြလိုက်တယ်ပေါ့ကွယ်။ အဲဒါကြောင့်လည်း ညီမဆီ ရောက်လာရတာပါပဲ" ဟု မမြဝေ၏ ရင်ထဲကိုလည်း နိုက်ယူကြည့်ရန် စကားခင်းလိုက်သည်။

"သူ ဘာ ဘာတွေ ပြောလိုက်လဲ"

မျက်လုံးအဝိုင်းသားနှင့် စူးစူးစိုက်စိုက် အကြည့်ကြ ရှားမျက်နှာပေါ်မှာ ကွန်းခိုလျက်။

"ဪ... သူနဲ့ မမြဝေ ချစ်သူ ဖြစ်ခဲ့တာ၊ လက်ထပ်ဖို့ ကြိုးစားခဲ့ကြတာ၊ မမြဝေကို လက်ထပ်ဖို့ ငွေစုချင်တာနဲ့ ကျောက်သောင်းကို သူ စက်လှေလိုက်ဖို့ ထွက်သွားတာ၊ သူ့စက်လှေ မုန်တိုင်းမိပြီး မှောက်တာ"

"ဟင် သူ့စက်လှေ မှောက်တယ်။ အို ... ဘုရား ဘုရား။ သူ ဒါကြောင့် သတင်း အစအန ပျောက်သွားတာကိုး"

"ညီမက သူ့စက်လှေမှောက်တာ မသိဘူးလား"

"မသိဘူးလေ၊ အခုမှသိတာ၊ သူ့ရော သူ့သူငယ်ချင်းရော ဘာသတင်းမှ မကြားရတော့လို့ ဘာဖြစ်သလဲ ဘယ်ရောက်နေလဲ၊ သေလား ရှင်လား ကျွန်မ ဘာမှ မသိခဲ့ဘူး"

"အင်း အဲဒါကြောင့် လွဲလွဲချော်ချော်တွေ ဖြစ်ကုန်တာပဲပေါ့"

မမြဝေထံမှ ရှိုက်သံ အင့်ခနဲ ထွက်လာသည်။

"မမရယ် ကျွန်မ အမှန်အတိုင်း ပြောပြောပါရစေတော့၊ သူနဲ့က ကျွန်မလေ ချစ်သူမကဘူး မမရဲ့။ အဲဒါကြောင့် သူ ထွက်သွားပြီးနောက်မှ ကျွန်မ သိခဲ့ရတာ၊ ကျွန်မမှာ သူ့ရဲ့ ရင်သွေး"

"အို"





"ဟုတ်ပါတယ် မမရယ်၊ ကျွန်မလည်း ဘာလုပ်လို့ လုပ်ရမှန်းမသိ၊ သူ့ သတင်းလည်း မရ၊ သူ့ကို မျှော်တော့လည်း ပြန်ရောက်မလာ၊ တစ်ဘက်နိုင်ငံ ရောက်ချင်လည်း ရောက်မယ်လို့ သူပြောသွားခဲ့တာလည်း ရှိတော့။ ကျွန်မ ခေါင်းမီး တောက်ရတော့တာပါပဲ။ ဒီကိုယ်ဝန် ပေါ်လာရင် ကျွန်မ ဘယ်လိုလုပ်ရမလဲ၊ ဖျက်ချဖို့လည်း ကျွန်မ မလုပ်ချင်ဘူး။ ကြောက်တာရော သူ့ကိုယ်ဝန်မို့ လိုချင်တာရောပေါ့လေ။ အဲဒီမှာပဲ ကိုဘညွန့်က ကျွန်မတို့ဆောင်က အခန်းကို လာငှားနေရာက ကျွန်မကို အတင်းအဓမ္မကြံစည်တာ ခံလိုက်ရပြန်တယ်၊ အဲဒါနဲ့ မထူးဘူးဆိုပြီး ကိုဘညွန့်ကိုပဲ မျက်စိမှိတ်ပြီး ကျွန်မ ယူလိုက်ရတာ"

အဖြစ်အပျက်များကား စိတ်ကူးယဉ်ထက် ဆန်းကြယ်၏။ တကယ့်ဘဝတွေထဲက ဘဝတစ်ခု။ သနားစရာ မိန်းကလေး တစ်ယောက်၏ ဘဝနှင့် နလုံးသားကို ကျွန်တော်တို့ မြင်လိုက်ရသည်။ ကံကြမ္မာရိုင်းအောက်မှာ မြေဇာပင်ကလေး။

ကရုဏာဖြင့် ကျွန်တော်ရော ရှားပါ မမြဝေကို ကြည့်နေမိကြ၏။ သူမ၏ ကိုယ်ဝန်ကလေးက သိသာ၏။

"ကိုဘညွန့်က ညီမနဲ့ ကိုသိန်းဇော်အကြောင်းကို မသိဘူးပေါ့"

"မသိပါဘူး မမ"

"ဒါဆို ကိုဘညွန့်က ညီမရဲ့ ကိုယ်ဝန်ဟာ သူ့ကိုယ်ဝန်ပဲ ထင်မှာပေါ့"

မမြဝေ ခေါင်းမဖော်ဘဲ ခေါင်းညိတ်၏။

"ကိုဘညွန့်က ဘယ်လိုလူစားလဲ"

မမြဝေ ခေါင်းပြန်မော့လာသည်။

"လူဆိုး လူကြမ်းကြီးပါ မမရယ်၊ အရက်သောက်၊ ဖဲရိုက် လုပ်တယ်။ အလုပ်ကျတော့ လက်ကြောမတင်းဘူး။ ကျွန်မကိုလည်း ရိုက်တယ် နှက်တယ် လုပ်တယ်။ ကျွန်မ အင်မတန် စိတ်ဆင်းရဲရပါတယ်၊ ဒါပေမယ့် သည်းခံပြီးနေလာခဲ့ရတာက ဒီကိုယ်ဝန်ကြောင့်ပါ။ အခုတော့ ကိုယ်ဝန်က သိသာလာပြီဆိုတော့ မထူးဘူး လှသိခံနိုင်တယ်ဆိုပြီး ကိုဘညွန့်ကို ပြန်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကွာလို့တောင် စဉ်းစားနေတာပါ။ ပြောရရင်ညက အဲဒီအကြောင်းတွေကို ကျွန်မ မမနဲ့ သွားပြီး တိုင်ပင်တာပါ။ အဲဒါကြောင့် ကိုဘသွန့် ပြန်ရောက်လာတော့ ကျွန်မ မရှိတာ

"ဒါပေမယ့် ညက ညီမက ကျွန်မ ယောက်ျားကို တားနဲ့ ထိုးသတ်သွားတယ်လို့ အော်တယ် မဟုတ်လား။ ကိုသိန်းဇော် ဆင်းပြေးသွားမှန်း သိလျက်နဲ့ အော်တာလေ။ အဲဒါက ဘာကြောင့်လဲ ကိုသိန်းဇော် အဖမ်းခံရအောင်လား"

ရှား၏ ကတ်သီးကတ်သတ်အမေး။

မမြဝေ ခေါင်းခါသည်။

"မဟုတ်ပါဘူး မမ။ ကိုသိန်းဇော်ကို မီမယ် မထင်လို့ အော်တာပါ။ ပြီးတော့ အဲဒီလို မအော်ရင် ကျွန်မက ကိုဘသွန့်ကို သတ်မလို့ ဖြစ်နေမှာစိုးလို့ပါ"

"ဟုတ်ပါပြီ ဒါ ထားပါတော့ မမ တစ်ခုမေးချင်တာက ကိုဘသွန့် ဒီရပ်ကွက်ကို ပြောင်းလာတာ မကြာသေးဘူးဆိုတော့ သူ့အရင်က ဘယ်မှာ နေခဲ့ဖူးတယ်တဲ့လဲ မမြဝေကို ပြောပြဖူးလား"

မမြဝေ ခေါင်းညိတ်သည်။

"ဟုတ်ကဲ့ ပြောပြဖူးပါတယ်၊ သူ့ ဇာတိက အိမ်မဲကတဲ့"

ကျွန်တော်တို့ နှစ်ယောက်၏ အကြည့်များ ဆုံသွားကြပြန်သည်။ အိမ်မဲကတဲ့။

ရှားက သူမ၏ စလင်းဘတ်ထဲမှ တစ်စုံတစ်ရာကို နှိုက်ယူသည်။ ဓာတ်ပုံကလေး တစ်ပုံပင် ဖြစ်၏။ သေဆုံးသူ ကိုသာရှင်၏ ပုံ မှိုင်သာဘုန်းကြီးကျောင်းသွားစဉ်က ကိုထွန်းစက်ကို ပြခဲ့သည့်ပုံ။

"ညီမ သူ့ကို တွေ့ဖူးလား"

ရှားက ဓာတ်ပုံကို မမြဝေအား လှမ်းပေးရင်း မေးလိုက်သည်။

မမြင်ဝေသည် ဓာတ်ပုံကို ယူကြည့်ပြီး သေဆုံးနေပုံဖြစ်သော ကြောင့် အံ့အား သင့်သွားဟန်ပေါ်လာရာက ရှားက မှတ်ခနဲ ပြန်မော့ကြည့်သည်။





"ဒီလူက သေသွားပြီလား"

မေးလည်း မေးသည်။

"ဟုတ်တယ် နှစ်ပတ်လောက်ရှိပြီ ဆိုပါတော့"

"ကျွန်မ မြင်ဖူးတယ်"

"ဘယ်မှာ မြင်ဖူးတာလဲ"

"ကျွန်မ ယောက်ျား ကိုဘသွန့်ဆီကို လာတာ နှစ်ခေါက်တွေ့ဖူးတယ်။ တစ်ခေါက်က ကျွန်မတို့ ဟီလာဆောင်တုန်းက နောက်တစ်ခေါက်က တစ်လလောက်ရှိပြီ"

"သူတို့နှစ်ယောက် တော်တော် ရင်းနှီးလား"

"ယယ်သူငယ်ချင်းတွေလို့ ပြောတာပဲ၊ တော်တော် ခင်မင်ကြပုံပေါ်တယ်"

"သူတို့ အိမ်မဲမြို့ပေါ်ကလား"

"မြို့ပေါ်ကတော့ မဟုတ်ဘူး။ ရွာတစ်ရွာကပဲ"

"ဘာရွာလဲ"

"အဲဒါတော့ ကျွန်မ မသိဘူး မမ"

"ကဲ ... မမတို့ကို ဟိုညက ကိုဘသွန့် သေဆုံးနေတဲ့ နေရာကို ပြပါဦး"

"ဟုတ်ကဲ့ မမ"

မမြဝေက ထိုင်နေရာမှ ထသည်။ သို့သော် သူမတို့အိမ်က ကျဉ်းကျဉ်းလေးမို့ ကျွန်တော်တို့ ထိုင်သောနေရာနှင့် အခင်းဖြစ်နေရာမှ ဘာမျှ မဝေးကွာလှပေ။

"ဒီနေရာပဲ မမ"

မမြဝေ ညွှန်ပြသော ကြမ်းပြင်မှာ ခြောက်နေသော သွေးစက်ကလေးများပင် ရှိနေသေးသည်။ ညိုနေသော အစက်ကလေးအချို့။

ရှားအကြည့်က အိမ်ခန်းနံရံရှိ ဝင်္ကပါပြူပေါ်မှ တလုံးဆီသို့ ရောက်သွားသည်။ ရှားက ထိုတလုံးကို အနီးသို့ ကပ်ပြီး ကြည့်သည်။

www.burmeseclassic.com



ကိုသာချင် သေဆုံးစဉ်က နံရံမှာလည်း ဤစာလုံးမျိုးပင် တွေ့ခဲ့ရသည်။ သွေးနှင့် ရေးထားသော စာလုံး။

''ဟိုမှာတုန်းကလိုပဲ တစ်ကြိမ်နဲ့ ရေးတာမပြီးလို့ နှစ်ကြိမ်ရေးရတာပဲ။ လက်ညှိုးနဲ့ တို့ပြီး ရေးပုံပဲ၊ စာလုံးရဲ့ အနေအထားကို ကြည့်ရတာ ဟိုတစ်ခါကလိုပဲ အရပ် ငါးပေရှစ်လောက်ရှိမယ်။ ပြောရရင် တစ်ယောက်တည်းဖြစ်ဖို့ သေချာသလောက်ပဲ။ နေပါဦး၊ တခြား သက်သေခံလေးတွေ ဘာများတွေ့ရသေးလဲ ကြည့်ရအောင်''

ရှားက ကျွန်တော့်ကို ပြောရင်း အခန်းကလေးအတွင်း ဟိုဟိုဒီဒီ လိုက်လံကြည့်ရှုနေသည်။ မပြောကတော့ ဘာမျှမပြော။ ကျွန်တော်သည်လည်း ရှားနှင့် အတူ အခန်းတွင်း ဝေ့ဝဲကြည့်နေမိ၏။

''ဟော''

ရှားက အခန်းထောင့်ကလေးမှ ထိုင်လိုက်သည်ကို တွေ့ရ၏။

''ဘာတွေ့လို့လဲ''

ကျွန်တော်က ရှားအနားသို့ ချဉ်းကပ် သွားပြီး ကြည့်လိုက်သည်။

ဆေးလိပ်တိုတလေး။

ဒေါ်မြမွှေး တံဆိပ်၊ ဆေးပေါ့လိပ်တို ကလေး။

(၂၁)

ရှားက အိမ်မဲသို့ လိုက်သွားချင်သည်ဟု ပြောသည်မှာ မှန်ကန်သော ရည်ရွယ်ချက် ဖြစ်ကြောင်း၊ ကျွန်တော် သဘောပေါက်ခဲ့သော်လည်း၊ ကျွန်တော်ကိုယ်တိုင်သည်ပင် ရှားနှင့်အတူ လိုက်သွားချင်သည့် ဆန္ဒရှိသည့်အမှန် ဖြစ်သော်လည်း၊ လက်တွေ့တွင်မူ ကျွန်တော် လိုက်မသွားနိုင်ခဲ့ပါ။

တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော့်တွင် အရေးတကြီး ကိစ္စတစ်ရပ်က ပေါ်နေခဲ့သောကြောင့် ဖြစ်သည်။

အခြားမဟုတ်။

ကျွန်တော့်မိတ်ဆွေ ကျောင်းဆရာတစ်ဦးက အကူအညီ တောင်းသောကြောင့် သူ့ဇာတိရွာ သင်ပြင်ရုံတွင် စာကြည့်တိုက်တစ်ခုဖွင့်ရန် ကျွန်တော် တတ်စွမ်းသမျှ ပါဝင်ခဲ့ရသည်။ ရန်ကုန်ရှိ ခင်မင်ရင်းနှီးသော စာအုပ်တိုက်များတွင် စာအုပ်များ အလှူလိုက်၍ ခံပေးခဲ့ရာ စာပေတိုက်များ၏ ပံ့ပိုးမှုတာ မျှော်လင့်သည်ထက်ပင် ပိုခဲ့သည်။

ရရှိသော စာအုပ်များကို ရွာသို့ ပို့ပေးပြီးနောက် စာကြည့်တိုက် ဖွင့်ပွဲကို ရွာမှ စာကြည့်တိုက် ဖြစ်မြောက်ရေး ကော်မတီက စီစဉ်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မြို့နယ်နှင့် ညှိနှိုင်းပြီး ဖွင့်ပွဲရက်ကို သတ်မှတ်နိုင်ခဲ့ရာ ရန်ကုန်မှ စာရေးဆရာများကိုပါ ဖိတ်ကြားခဲ့ကြသည်။ ဖိတ်ခေါ်ကာများဆရာက ကျွန်တော်သည် စာကြည့်တိုက်ဖြစ်မြောက်ရေးအတွက် တစ်တပ်တစ်အား ပါဝင်ခဲ့သူ ဖြစ်သောကြောင့် ဖွင့်ပွဲကို မဖြစ်မနေလိုက်ပါရန် မေတ္တာရပ်ခံခဲ့ရာ ကျွန်တော်ကလည်း လိုက်ပါမည်ဟု ကတိပေးလိုက်သည်။

ထိုစာကြည့်တိုက်ဖွင့်ပွဲအတွက် ကျွန်တော် လိုက်ပါရမည့် ရက်မှာ ရှား အိမ်ပဲသို့ လိုက်ရန် သတ်မှတ်လိုက်သည့် ရက်နှင့် တိုက်ဆိုင်နေခဲ့၏။

"ရှားကို စိတ်မချဘူး။ ကိုကို ပြန်လာမှ သွားပါလား"

ရှား ခေါင်းယမ်းသည်။

"မဖြစ်ဘူး၊ ကိုကို၊ မဖြစ်တာက အကြောင်း၊နှစ်ချက်ရှိတယ်။ တစ်ကြောင်းက အမှုအတွက် အချိန်က အရေးကြီးနေတဲ့ အချိန်ရောက်နေတယ်။ နောက်တစ်ကြောင်းက ရှားကလည်း ၃ ရက်ပဲ အားချိန်ရတာ၊ နောက်အပတ်တွေဆိုရင် အမှုရုံးချိန်းတွေ ရှိနေတယ်"

"ရှားတစ်ယောက်တည်း၊ အဆင်ပြေပါ့မလား"

"မပူပါနဲ့ ကိုကို၊ အိမ်ပဲမှာ ရှား သူငယ်ချင်းတစ်ယောက်ရှိပါတယ်။ သူက တရားရေးဝန်ထမ်းတစ်ဦးပါ"

"နေဦး ... ဒါဆိုရင် ကိုကိုစိတ်အေး ဆရာဦးကိုလည်း အကူအညီ တောင်းကြည့်မယ်။ သူ့မိသားစုက အိမ်ပဲမှာဆိုတော့ အကူအညီ ပေးနိုင်ကောင်းပါရဲ့"

ဆရာဦးနှင့် တွေ့သောအခါ ကျွန်တော် ပြောပြသော တစ်ခါက ဆေးပေါ့လိပ်တိုက်တော်လယ်ကို သိထားသူပီပီ သူက စိတ်ဝင်တစား အကူအညီ ပေးရန် သဘောတူပါ၏။ အိမ်ပဲရှိ သူ၏ နေအိမ်လိပ်စာနှင့်တကွ သူငယ်ချင်းများ၏ လိပ်စာများပါ ပေးကာ လိုအပ်သည့် အကူအညီ ပေးရန် စာများပါ ရေးပေးလိုက်သည်။

ရှား အိမ်ပဲသို့ ထွက်ခွာသောနေ့မှာ ကျွန်တော် ကြို့ပင်ကောက် သမြပ်ရုံသွားဖို့ လိုက်ပါသောနေ့ ဖြစ်ပေသည်။





သမြပ်ရုံတွင် တစ်ညအိပ်ပြီးနောက် တစ်နေ့မနက်မှာ စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပသည်။ ရွာနှင့် ဝန်းကျင်ကို ကျွန်တော်တို့ လှည့်လည်ပတ်ခွင့်ရသည်။ ညရထားနှင့် ရန်ကုန်ပြန်ဆင်းသည်။

ကျွန်တော် ရန်ကုန်ပြန်ရောက်သည့် နေ့က ရှား အိမ်ပဲမှ ပြန် မရောက်သေး။ နောက်တစ်နေ့မှ ရှား ပြန်ရောက်လာခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

[၂၂]

"အဆင်ပြေတယ် ကိုကို"

ရှားက ကော်ဖီကို တစ်ငုံသောက်ပြီး ပြန်ချကာ စကားစသည်။ ခရီးသွားခဲ့၍ ထင့်။ ရှားမျက်နှာကလေး အနည်းငယ် ချောင်ကျနေ၏။ သို့သော် ရှားမျက်နှာ၌ တက်ကြွမှုတို့ဖြင့် လန်းဆန်းနေသည်။

"ပြောပါဦး။ ခရီးရဲ့ အတွေ့အကြုံ"

"ရှား သူငယ်ချင်း ချိုချိုက အားလုံး အကူအညီ ပေးပါတယ်။ သူ့အိမ်မှာလည်း ရှား တည်းတယ်လေ။ ကိုညွှန့်ဦး သူငယ်ချင်း ကိုဝင်းနိုင်နဲ့လည်း တွေ့တယ်။ သူ့မိတ်တွေ အိမ်ကိုတော့ အားနာလို့ မသွားတော့ဘူး။ ရှား ကိုကိုအတွက် တာဝန်တွေ ပိုမှာ စိုးလို့ပါ"

"ရှား စုံစမ်းချင်တာတွေကော"

"ပြောမယ်လေ ကိုကိုရဲ့၊ အဲဒါက ဖြည်းဖြည်းပြောမှ ဇာတ်ရည်လည်မှာ။ ချိုချိုရော၊ ကိုဝင်းနိုင်ကပါ ရှား ပြောပြတဲ့ ကိုထွန်းစ ဇာတ်ကြောင်းကို အခြေခံပြီး ကိုထွန်းစတို့ ရွာကို အရင်ဆုံး နည်းနာရှာရတာပေါ့။ ကိုထွန်းစရဲ့ သေရွာပြန် ဇာတ်လမ်းကို ကိုဝင်းနိုင်က ကြားဖူးတယ်။ သူက စာအုပ်ဆိုင် ရှိတယ်။ အပေါင်းအသင်း၊ စုံတယ်၊ သူ စုံစမ်းပေးတာနဲ့ ကိုထွန်းစရဲ့ ရွာကို သိရပြီး၊ ရှားရယ်၊ ချိုချိုရယ် လိုက်သွားကြတယ်"





"အိမ်မဲနဲ့ ရွာက ဝေးလား"

"ဝေးတယ်၊ မော်တော်လေးနဲ့ သွားရတယ်။ ရွာကတော့ စည်တယ်။ အဲဒီရွာမှာ မမျှော်လင့်ဘဲ ချိုချိုနဲ့ မိတ်ဆွေတွေ တွေ့ရတယ်။ ချိုချိုက တရားရေးဝန်ထမ်းဆိုတော့ ရွာကလူကြီးတချို့က သိတယ်လေ။ သူတို့ဆီကတစ်ဆင့် သိရတာက ရှားတို့ ဟိုပြင်သာတောင်ခြေက ဆရာတော် ပြောပြခဲ့တဲ့ ဇာတ်လမ်းပဲ။ ကိုထွန်းစတို့ရယ်၊ မစံပယ်ရယ်၊ မောင်ညိုရယ် ဇာတ်လမ်းကို ပြန်ကြားရတယ်။ ဆရာတော် ပြောခဲ့တာနဲ့ တစ်ထပ်တည်းပါပဲ"

"ဒါဆို ကိုထွန်းစဟာ ဆရာတော်ကို အမှန်အတိုင်း ပြောခဲ့တယ်ဆိုတာ ထင်ရှားတာပေါ့"

ကျွန်တော်က တစ်ချက်ဝင်၍ မှတ်ချက်ပေးလိုက်သည်။ ရှား ခေါင်းညိတ်သည်။

"မှန်တယ် ကိုကို၊ ကိုထွန်းစတို့ ဆိုးတာ၊ မစံပယ်ကို ကိုထွန်းစက ကြိုက်တာ၊ မစံပယ်က မောင်ညိုနဲ့ မေတ္တာမျှတာ၊ နောက် မောင်ညို ပျောက်သွားတာ၊ မစံပယ်ကို ကိုထွန်းစက ယူလိုက်တာ၊ မစံပယ် သေဆုံးတာ နောက်ဆုံး၊ ကိုထွန်းစ သေရွာက ပြန်လာတာ အားလုံးဟာ ရှားတို့ သိခဲ့ရတဲ့ အတိုင်းပါပဲ"

"ကိုထွန်းစရဲ့ သူငယ်ချင်းတွေ နာမည်က"

"မှန်ကြီးရဲ့ ဘညွန့်တို့"

"ဘညွန့်ဆိုတာ မမြဝေရဲ့ ယောကျ်ား၊ အသတ်ခံလိုက်ရတဲ့သူ ဖြစ်မယ် ထင်တယ်"

"ဖြစ်နိုင်ဖို့ ရာနှုန်းပြည့်ပါပဲ"

"ဒါဆို ဘုန်းကြီးကျောင်းမှာ အသတ်ခံရတဲ့ ကိုထာရင်က မမြဝေရဲ့ စကားအရ ကိုဘညွန့်ရဲ့ သူငယ်ချင်းဆိုလေတော့ မှန်ကြီး ဖြစ်နေမလား"

"အဲဒါလည်း၊ ကိုကိုနဲ့ရှား အယူအဆ တူတယ်။ မှန်ကြီးက ကိုသာရင်ဆိုတဲ့ နာမည်နဲ့ ရန်ကုန်တက်လာပုံရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့် သူတို့ရွာကနေ ထွက်လာကြတာပဲ"

"ရှား တွေးမိတာကတော့ သူတို့သုံးယောက်မှာ ကိုထွန်းဝေက ခေါင်းဆောင်လေ။ ပစ္စည်းလည်း ရှိတယ်၊ ဥစ္စာလည်း ရှိတယ်။ အဲဒီကိုထွန်းဝေက မစံပယ် ဆုံးသွားပြီး သေရွာက ပြန်လာချိန်မှာ မကောင်းတာ လုပ်ခဲ့တာတွေကို ကြောက်ပြီး တရားဘက်လိုက်ဖို့ ကြိုးစားတယ်။ စ, ချင်း ရဟန်း မဝတ်နိုင်သေးလို့ ယောဂီ ဘဝနဲ့ နေတယ်။ မြိုင်က တောင်ခြေက တောထွက် ဝတင်ဆောက်တည်ပြီး တရားအားထုတ်နေတဲ့ ဆရာတော်ဆီကို ပြေးတယ်။ အဲဒီဆရာတော်က ကိုထွန်းဝေတို့ မိဘတွေက ကိုးကွယ်တဲ့ ဆရာတော်တစ်ပါး ဖြစ်ပုံရတယ်။ ကိုထွန်းဝေကို သူ့မိဘတွေက ပို့ပေးလိုက်တာလို့ ပြောကြတယ်။ အဲဒီလို ကိုထွန်းဝေလည်း မရှိရော ကိုထွန်းဝေကို အားကိုးပြီး မှီခိုနေကြတဲ့ ဘာကျောထောက်နောက်ခံမှ မရှိတဲ့ မှန်ကြီးနဲ့ ဘညွန့်ဟာ ရွာမှာ မနေရဲတော့ အဲ ရန်ကုန်ကို နောက်ကြောင်း ပျောက်ပြီး တက်လာကြပုံရတယ် ကိုကို"

ကျွန်တော် လက်ခံသည်။

"ရှား ပြောတာ သဘာဝကျတယ်"

ရှားက လက်ဖက်ရည်ဆိုင်၏ အပြင်သို့ တစ်ခဏ ငေးသွားပြီးမှ တွေးတွေး ဆဆဖြင့် -

"အစောပိုင်းက ကိုသာရင်နဲ့ ကိုဘညွန့် အသတ်ခံရတာကို ကိုထွန်းဝေ လက်ချက်များလားလို့ သံသယရှိခဲ့တယ်။ ရှားက ကိုသာရင်ရဲ့ ဓာတ်ပုံပြတော့ သူ မျက်နှာပျက် အမူအယာပျက်သွားတာကြောင့်လေ။ ပြီးတော့ ဆေးလိပ်တိုကလေးကြောင့်။ အခုတော့ ကိုထွန်းဝေကို ဘေးဖယ်ပြီး ရှား စဉ်းစားတယ်"

"ဘာကြောင့်လဲ ရှား"

"ရှား ထပ်ပြီး သိခဲ့ရတာက မောင်ညိုအကြောင်းပဲ"

"မောင်ညို ဟုတ်လား"

ရှား ခေါင်းကို ဆတ်ခနဲ ညိတ်ပြသည်။

"မစံပယ်နဲ့ ချစ်ဦးသူ မောင်ညိုလေ"

"မောင်ညိုက ရွာက ပျောက်သွားတာ မဟုတ်လား"





"ဟုတ်တယ်၊ ရွာက ပျောက်သွားတယ်။ မောင်ညို ပျောက်သွားတာ မစံပယ်ကို ကိုထွန်းဝေ မင်္ဂလာဆောင်လည်း ပြန်မလာဘူး။ ကိုထွန်းဝေ သေရွာက ပြန်လာပြီး၊ ရွာက ထွက်လာတဲ့အထိ ပျောက်နေခဲ့တာ"

"အဲဒါ ကိုကို သိတယ်လေ"

"ရှား စဉ်းစားကြည့်မိခဲ့တာက မောင်ညို ဘာကြောင့် ပျောက်သွားရတာလဲ။ အဲဒါကို ရှား သံသယရှိတယ်။ ရွာကနေ တခြားကို ထွက်သွားရအောင် မောင်ညိုက ဘယ်လိုမှ စိတ်ကူးမှာ မဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ မစံပယ်ကြောင့်၊ သူ့ ချစ်တဲ့ မစံပယ်ကို ဘာကြောင့်စွန့်ခွာမလဲ။ အဲ မစံပယ်ကို လက်ထပ်ယူဖို့ မြို့တက် အလုပ်လုပ်ဖို့ဘာတို့ဆိုရင်လည်း မစံပယ်ကို အသိပေးသွားရမယ်၊ သူ့ရဲ့ မွေးစားဖခင်ဖြစ်နေတဲ့ ဆရာတော်ကို လျှောက်ပြီး သွားရမယ်၊ ခုတော့ ဒီလို မဟုတ်ဘူး။ ရုတ်တရက် ပျောက်သွားတာ။ ဒါကြောင့် မြိုင်သာက ဆရာတော် ပြောစဉ်ကတည်းက ရှားက ကိုထွန်းဝေတို့ လက်ချက်များလားလို့ သံသယ ရှိခဲ့တယ်"

"ဟော အဲဒါ ဖြစ်နိုင်တာပေါ့"

"ရှား အတွေး မှန်နိုင်တယ်လို့ ယူဆစရာ အချက်တစ်ခု ရှား ရခဲ့တယ်။ အဲဒါကတော့ ကိုထွန်းဝေတို့ ရွာက ထွက်သွားပြီးနောက်မှာ ရွာကို မောင်ညို တိတ်တိတ်ကလေး ပြန်ရောက်လာတယ်ဆိုတာပဲ"

"ဟင် မောင်ညို ပြန်ရောက်လာတယ်"

"ဟုတ်တယ် ကိုကို မောင်ညို ပြန်ရောက်လာတာကို တော်တော် များများ မသိကြဘူး၊ သူနဲ့ ရင်းနှီးတဲ့သူကို အမြဲ ကူညီပေးတဲ့ ဦးကြီးကောင်းခံ ဆီကိုပဲ ညကြီးမင်းကြီး ရောက်လာတာ၊ မစံပယ်ရဲ့ သတင်းကို လာစုံစမ်းတာတဲ့"

"မစံပယ် သေတာ မသိဘူးပေါ့"

"မသိဘူး မစံပယ်ကို ကိုထွန်းဝေ လက်ထပ်ယူတာလည်း မသိဘူး၊ မစံပယ် သေတာလည်း မသိဘူး"

"သူက ဘယ်ရောက်နေလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကို မောင်ညိုက ဘာမှ ပြောမသွားဘူးတဲ့။ ဦးကြီးကောင်း ခံဆီက မစံပယ်ရဲ့ သတင်းကိုလည်း ကြားရရော အရမ်းကို နာကျည်းသွား ပုံရတယ်တဲ့၊ တောက်တစ်ချက် ပြင်းပြင်းခေါက်ပြီး ထွက်သွားတော့တာပဲတဲ့။ သူ့အကြောင်းတွေ ဘာမှ ပြောမသွားဘူးတဲ့"

ကျွန်တော် မောင်ညိုနေရာမှာ ဝင်၍ ခံစားကြည့်သည်။ နာကျည်း ပေမပေါ့။ ချစ်သူကို မရအရယူ။ ပြီးတော့ မေတ္တာ ကရုဏာ မပေး။ အနိုင် အထက်နှင့် ပေါင်းသင်းတော့ မစံပယ် စိတ်သောကနှင့် လုံးပါးပါးခဲ့ရ။ တစ်ခါ မစံပယ်မှာ ချစ်သူနှင့်ဝေး မချစ်မနှစ်သက်သူနှင့် ပေါင်းဖော်ရသည့် ဒုက္ခ။ ဒုက္ခတရားတွေ၊ သောက ဝေဒနာတွေဖြင့် ပစံပယ်၊ လူ့လောက ကျော့နိုင်ခဲ့ရသည်မှာ သူမ၏ ချစ်သူ မောင်ညိုအဖို့ နာကျည်းခံပြင်းစရာ အမှန်ပင်။

"ရှား ပြောသလိုဆိုရင် မောင်ညို ရွာက ပျောက်သွားတာကလည်း ကိုထွန်းစတို့ စနက်ဖြစ်နိုင်တာ အမှန်ပဲ။ သူ့ချစ်သူ လိုချင်လို့ သူ့ကို ရွာ က ထွက်သွားအောင် လုပ်ခဲ့တာ နေမှာ။ ရွာက ဘယ်သူမှ မသိလိုက်ကြလို့ သာ နေမှာ"

ရှားက သက်ပြင်းတစ်ချက်ချသည်။

"ရှား အထင် ကိုထွန်းစတို့ဟာ မောင်ညိုကို ရွာက ထွက်သွား အောင် လုပ်ခဲ့ကြတာ မဟုတ်ဘူး"

ရှားကို နားမလည်စွာ ကျွန်တော် ကြည့်လိုက်မိ၏။

"ဘယ်လို"

"ကိုထွန်းစတို့က မောင်ညိုကို လူ့လောကကြီးက ထွက်သွားရ အောင် လုပ်ခဲ့တာ ဖြစ်မယ် ကိုကို"

"ဟင်"

"မောင်ညို ရွာကို ပြန်ရောက်လာတော့ မောင်ညိုရဲ့ ရုပ်ဟာ မှတ်မိနိုင်စရာ မရှိဘူးလို့ ဆိုတယ်။ မျက်နှာမှာ အမာရွတ်ကြီး နှစ်ခုနဲ့တဲ့။ ပြီးတော့ မောင်ညို ဘယ်လက်ဟာ အတုကြီးနဲ့တဲ့"

"အို"





"ဒါကြောင့် ရှား မှန်းဆကြည့်တာ မောင်ညိုဟာ ကိုထွန်းစထို့ ကြောင့် ဒီဒဏ်ရာတွေ ရခဲ့တာ ဖြစ်မယ်၊ ဖြစ်နိုင်တာက ကိုထွန်းစတို့က မောင်ညိုကို အပြတ်ရှင်းခဲ့ ပုံပါပဲ။ ဒါပေမယ့် အကြောင်းကြောင်းကြောင့် မောင်ညိုဟာ ကံကောင်းပြီး မသေခဲ့ဘူး။ ဒါပေမယ့် မျက်နှာမှာ ရုပ်ပျက် ဆင်း ပျက် ဖြစ်ခဲ့တယ်။ လက်တစ်ဘက် ဆုံးရှုံးခဲ့ရတယ်၊ ဒါကြောင့် အချိန် တိုတိုအတွင်း မောင်ညိုရွာကို ပြန်ရောက်မလာနိုင်တာ"

"ရှား ပြောသလိုဆိုရင် မောင်ညိုဟာလည်း သေရွာက ပြန်လာ တာပေါ့နော်"

ခေါင်းတဆတ်ဆတ်ညိတ်ရင်း ရှားက ရေနွေးကြမ်းတစ်ခွက်ကို ယူသောက်သည်။ ကျွန်တော်သည်မူ ရှားထံမှ ရင်နာဖွယ်ဇာတ်လမ်းကို ကြားပြီး ရင်ထဲ၌ ခံစားနေရသောကြောင့် လက်ဖက်ရည်ကိုပင် မတို့မထိမိ သေး။

"အဲဒါတွေကို ဆက်စပ်လိုက်တဲ့အခါ မှန်ကြီး ခေါ် သာရင် သေဆုံးခဲ့ရတာ၊ ဘညွန့် သေဆုံးရတာရယ်၊ ကြွေးဆိုတာကို သွေးနဲ့ ရေသွား တာရယ်၊ မြို့ဆိုတာ ပါဠိစကားမို့ ဘုန်းကြီးကျောင်းသားဖြစ်ခဲ့တဲ့ မောင်ညို ရဲ့ဘဝရယ်၊ စာစာခံမြေဇာပင် ဖြစ်ပြီး ကြေကွဲစွာ ဘဝသိမ်းခဲ့ရတဲ့ မစံပယ်ရယ်၊ ဇာတ်လမ်းပုံပေါ်လာတယ်လို့ ရှား ထင်တယ်။ ဒီအတိုင်းဆိုရင် ကိုထွန်းစ ဆီကိုလည်း မောင်ညို ရောက်လာလိမ့်မယ် ကိုကို"

"ဟာ ... ဒါ အမှန်ပဲ၊ အဲဒါတွေကို ရှား ရဲအရာရှိတွေကို ပြော ပြသင့်တယ်"

"ရှား ပြောပြမှာပါ၊ ကိုသာရင် သေဆုံးမှု ကိုဘညွန့် သေဆုံးမှုမှာ လက်သည်ဟာ မောင်ညို ဖြစ်နိုင်မှုယ်ရှိတာကို ရှား သူတို့ကို တင်ပြမှာပါ၊ ဖြစ်နိုင်ရင် ကိုထွန်းစရဲ့ အသက်ကိုလည်း ကယ်ရင်း တရားခံကိုလည်း ဖမ်းရင်း ကိုထွန်းစဆီကနေ ကြံပြီး စောင့်သင့်တယ်လို့ ရှား ထင်တယ်။ အကြံပြုချင်တယ်"

"ရဲအရာရှိတွေက အဲဒီ ရှား အကြံပြုချက်ကို လက်ခံပါ့မလား၊ စိတ်ကူးယဉ်တွေလို့ ယူဆနေမလားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို တွေးသလို ရှားလည်း တွေးပါတယ်။ တစ်နေရာစီမှာ ဖြစ်တဲ့ လူသတ်မှုတွေကို အဲဒီနေရာမှာ ရှိတဲ့တာဝန်ရှိ ရဲအရာရှိကတော့ သူ့အမှုဖြစ်နောက်ခံ ဘောင်ကျဉ်းကျဉ်းလေးထဲမှာပဲ အဖြေရှာနေမှာ သဘာဝ ကျပါတယ်။ သူ တို့ဘာသာ မြင်ကွင်းကျယ်ကြီးကို ကြည့်မြင်နေရလို့ ဒီလို တွေးမိတာပါ။ တစ်ခု ခက်တာက ရှား တွေးဆချက်တွေက ထုတ်ယူဆင်ခြင် နည်းတွေအရ မှန်နေနိုင်ပေမယ့် တိကျခိုင်လုံတဲ့ အထောက်အထား အမြဲ အမည်းကို ရော ပစ္စည်းမြား ရော နဂါးရယ်လို့ တရားခံနဲ့ သက်သေလဲပြ မပြနိုင်တာပဲ"

ကျွန်တော် ရင်မောစွာ လေပူများ မှုတ်ထုတ်မိသည်။

"နောက်တစ်ခုက ရှားဟာ ရှေ့နေသာ ဖြစ်ပြီး ရှားနဲ့ ပတ်သက် ဆက်နွယ်နေတဲ့ အပြစ်မဲ့သူတွေကို ဝင်ရောက်ကာယတင်ဖို့ အနေအထား မှာသာ ရှိတယ်။ ရဲအရာရှိတွေလို လုပ်ပိုင်ခွင့်တွေ မရှိဘူး ကိုကို။ ရှား အကြံပြုရုံပဲ တတ်နိုင်မယ်။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ရှားယူဆချက်ကို သူတို့ လက်ခံပြီး စဉ်းစားနိုင်အောင်တော့ ကြိုးစားရမှာပဲ"

"ကိုကို ရှား ဘေးမှာရှိတယ်။ ရှား မမှားနိုင်ဘူး ကိုကိုပါ ရှားနဲ့အတူ ပါဝင်မယ်"

ကျွန်တော်က စားပွဲခုံပေါ်တင်ထားသော ရှားလက်ကလေးကို လှမ်းဆုပ်ကာ အားပေးလိုက်သည်။ ရှားက လက်ကို ရုန်းဖယ်ခြင်း မပြု ကြည်လင်တောက်ပသော မျက်ဝန်းတစ်စုံဖြင့် ကျွန်တော့်အား ယေမှုကို အသိ အမှတ်ပြုကြောင်း တုံ့ပြန်သည်။

"ကိုကို ရှိနေလို့လည်း ရှားက ဘာမဆို ရင်ဆိုင်ရဲဖို့ သတ္တိတွေ အားအင်တွေ အပြည့်ရှိနေတာပေါ့"

"ရှား"

"ဟင် ဘာလဲ ကိုကို"

"ဒီပွဲဟာ သေရွာပြန် မောင်ညိုနဲ့ သေရွာပြန်ကိုတွန်းစတို့ရဲ့ ကြေး ရှင်းပွဲပဲပေါ့နော်။ ဒီပွဲမှာ သေရွာပြန် ကိုကိုလည်း ပါဝင်ခွင့်ရတဲ့အတွက် ကိုကို ဂုဏ်ယူပါတယ်"

[၂၃]

ရဲအုပ်သီဟက ရှား၏ ထင်မြင်ချက်များကို ဖြစ်နိုင်မှုယ် ရှိသည်ဟု လက်ခံမှတ်ချက် ပေးခဲ့သော်လည်း ရဲအုပ်ကမူ ရှား၏ အတွေးကို လက်တွေ့ မကျဟု ယူဆပုံရလေသည်။

"ဒီမှာ လက်ဆုပ်လက်ကိုင် မိထားတဲ့ လူလည်း ရှိတယ်။ သက် သေခံတားလည်း ရှိတယ်။ မျက်မြင်သက်သေ မပြဝေလည်း ရှိတယ်။ သေ ဆုံးသူ ဘညွှန့်က မပြဝေကို အရယူခဲ့တာမို့ သဝန်တိုချင်လောက်တဲ့ စိတ်သန္ ကလည်း ခိုင်လုံတဲ့ Motive ဖြစ်တယ်။ ဒီတော့ အမှုက စင်းနေရှင်းနေပါ တယ်။ ဟိုဘက်က လူသတ်မှုနဲ့ ရောထွေးပြီး စဉ်းစားဖို့ မလိုဘူးလို့ ထင် ပါတယ်"

ရှား ပြောသမျှမှာ သဲထဲရေသွန်ပမာသာ။

ကျွန်တော်က ရှားကို လက်ကုတ်လိုက်သည်။ ရှားသည်လည်း သဘောပေါက်ပုံရသည်။ ဘာမျှ ထပ်မပြောတော့။

စခန်းမှ ထွက်လာပြီးနောက် ကျွန်တော်တို့ အစီအစဉ် ဆွဲကြရ သည်။

"မြိုင်သာကို လိုက်မှ ဖြစ်မယ် ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"ရှား ရုံးချိန်းတွေရှိတယ်ဆို"

"ရှိတယ်၊ ဒါပေမယ့် အရေးကြီး၊ လျှောက်လဲရမယ့် ရက်တွေ မဟုတ်သေးလို့ တစ်ယောက်ယောက်ကို အကူအညီ တောင်းပြီး ရွှေ့ခဲ့ရမှာပဲ"

"ဟိုရောက်ရင်"

"အရင်ဆုံး မြိုင်သာစခန်းကို ဝင်ပြီး အကူအညီ တောင်းရမှာပဲ။ ရဲအုပ်သီဟကတော့ စာရေးပေးလိုက်မယ် ပြောတယ်။ ဖုန်းဆက်လို့ မလွယ် လို့လို့ ပြောတယ်၊ ရဲအုပ်သီဟရဲ့စာရယ်၊ ရှား ရှင်းပြမှာရယ် ပေါင်းရင်တော့ မြိုင်သာမှာ အဆင်ပြေ ကောင်းပါရဲ့"

▪

စခန်းမှူးမှာ ယာယီစခန်းမှူးဖြစ်၍ ဒုရဲအုပ်အဆင့်ရှိ ရဲအရာရှိ ဖြစ်သည်။ အသက်အရွယ်ကလည်း ငယ်ရွယ်သည်။ တက်ကြွမှုတော့ ရှိပုံ ရသည်။ ရဲအုပ်သီဟ၏ စာကို ဖတ်၍ ရှား တင်ပြပေ... ဇာတ်လမ်းပမာကို နားဆင်ပြီး စိတ်ဝင်စားပုံလည်း ရှိသည်။

"ဒေါ်မေစံရှား ပြောတာကို ကျွန်တော် သဘောပေါက်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ စခန်းက အင်အားနည်းတယ်။ တောင်ခြေကို လိုက်ပြီး အချိန်ပေးစောင့်နိုင်ဖို့ လူ အခက်အခဲရှိတယ်။ မဖြစ်သေးတဲ့ အမှု အခင်းကို ကာကွယ်ဖို့ထက် လက်ရှိ ဖြစ်နေတဲ့ အမှုတွေအတွက် လုပ်စရာတွေ က အများကြီး ဖြစ်နေတယ်။ ဒေါ်မေစံရှားကိုလည်း ကျွန်တော် ကူညီချင်ပါ တယ်။ ဒါပေမယ့် ဒီနေ့တော့ စီမံချက်တာဝန်တွေ ရှိနေလို့ အဆင်ပြေမယ် မထင်ဘူး။ မနက်ဖြန်မှာတော့ ဖြစ်နိုင်မှာပါ"

ဒုရဲအုပ်ဝင်းသိန်းမှာ စကားပြောလည်း ပြေပြစ်ချောင်၏။

ရှားက ခေါင်းညိတ်ပြီး "ကျေးဇူးတင်ပါတယ်ရှင်၊ ဒါဆို ကျွန်မတို့ ရွာကို သွားနှင့်ပါ့မယ်။မနက်ဖြန်မှာ ရွာကို လိုက်လာစေချင်ပါတယ်။ အသေး စိတ် အစီအစဉ်ကိုတော့ ဟိုကျမှ ထပ်ပြီး ချရမယ် ထင်တယ်။ ရဲအုပ်ကြီး လိုက်လာနိုင်ရင်တော့ အကောင်းဆုံးပါပဲ"

"ကျွန်တော် ကြိုးစားပါ့မယ်"

ရှားနှင့် ကျွန်တော်တို့ ရွာသို့ ခရီးဆက်ရပြန်ပါသည်။





မြိုင်သာကို ရောက်တော့ နေ့လယ်ပိုင်း ဖြစ်သည်။ သတင်းမပေး ဘာမပေး ရောက်လာသော ကျွန်တော်တို့ကို ရှား၏ ဦးကြီးဖြစ်သော ဦးကြီးရွှေလှနှင့် ဇနီး ဒွေးလေးခတို့ ဇနီးမောင်နှံက အံ့အားသင့်နေသည်။

"ဘယ်လို ဖြစ်လာကြတာတုန်း။ ပြန်သွားတာကလည်း မကြာ သေးဘူး။ အခု ရောက်လာပြန်တော့လည်း ဆိုင်းမဆင့် ဗုံမသင့်"

ဦးကြီးရွှေလှ၏ အရယ်နှောသော စကား။

"ကဲ ... ပင်ပန်းလာကြတာ၊ ခဏနားဦး။ နားပြီးရင် ထမင်းစားကြ၊ နေတောင် ကျော်နေပြီ" ဟု ဒွေးလေးခက ဝင်ပြောသည်။

"ဆိုစမ်းပါဦး၊ ကိစ္စကို"

ထမင်းစားရင်း ဦးကြီးရွှေလှ၏ အမေးကို ရှားက တိုတိုကျဉ်းကျဉ်း ရှင်းပြပြောဆိုရပြန်သည်။

"တူမကြီး ပြောသလိုဆိုရင် ယောင်္ကျ ကိုထွန်းဝေဟာ အန္တရာယ်ရှိနိုင် တယ်ပေါ့ ဟုတ်လား"

"ဟုတ်တယ် ဦးကြီးရဲ့"

"ဒါဆို ကိုထွန်းဝေကို သတိပေးထားသင့်တာပေါ့"

"ဟုတ်ကဲ့ ... ဒါကြောင့် ကျွန်မတို့ လာကြတာလေ ကိုထွန်းဝေကို လည်း သတိပေးရင်း ဟိုလူသတ်သမားလာရင်လည်း ဖမ်းရအောင်ပေါ့"

"ရဲစခန်းကို အကြောင်းမကြားခဲ့ဘူးလား"

"ကြားခဲ့ပါတယ်၊ မနက်ဖြန်မှာ သူတို့ လိုက်လာကြမယ်"

"ဒါဖြင့် တူမတို့လည်း မနက်ဖြန် မနက်မှာ တောင်ခြေကို သွားကြ မှာပေါ့ ဟုတ်လား"

ရှား ခေါင်းခါသည်။

"ကျွန်တော် ခုပဲ ခရီးဆက်ချင်တာ ဦးကြီးရဲ့"

"ဘာဖြစ်လို့လဲ တူမရယ်၊ လောလိုက်တာ"

"ကိုထွန်းဝေအတွက် စိတ်ပူလို့ပါ။ ပြီးတော့ လူသတ်သမားက ကောက်ဦးပြီး ကိုထွန်းဝေကို သတ်ပြီး ရှောင်သွားရင် ကျွန်မတို့ ညည်းငွယ်ရက် ...က်သွားမှာ"



www.burmeseclassic.com

www.burmeseclassic.com



''ဟော အစ်ကိုလေးတို့ မမလေးတို့ ရောက်နေတာကိုး''

အသံနှင့်အတူ လှေကားမှ တက်လာသူမှာ နသန် ဖြစ်သည်။ အင်္ကျီမပါဝလာ ကိုယ်ထီးနှင့်မို့ ခွန်အားဗလကို ပြနေသည်နှင့်ပင် တူ၏။ လယ်လုပ်၊ ယာလုပ်၊ ထင်းခုတ် စသည်ဖြင့် အလုပ်ကြမ်း လုပ်ရသူမို့ ကျန်းမာသန်စွမ်းသည်က သူ၏ လာဘ်တစ်ပါးဟု ဆိုရမည်။ အသားညိုညိုနှင့် ကွမ်းစားထားသဖြင့် နီရဲနေသော သွားများပေါ်အောင် ပြုံးရယ်နေသော သူ့မျက်နှာက ရိုးခင်းပြီး ချစ်ခင်ဖွယ်ကောင်း၏။

ကျွန်တော်တို့ဘေးနားတွင် သူ ဝင်ထိုင်ပြီး –

''အစ်ကိုတို့ တောင်ခြေသွားဖို့ ဟိုစွဲပေါ်လာပြန်ပြီလား'' ဟု မေးသည်။

''အေး ... ဟုတ်တယ်ကွ နသန်ရ၊ မင်း အကူအညီလည်း လိုတယ်''

ကျွန်တော် တုံ့ပြန်ပြောလိုက်ရာ –

''ပြောလေ ကျွန်တော် ဘာလုပ်ပေးရမလဲ၊ တောင်ခြေကို လိုက်ပို့ရမလား''

''ဒါပေါ့''

''ဒါတင်မကဘူး နသန်ရဲ့ လူဆိုးကိုပါ နင် ဝင်ဖမ်းပေးရမှာ''

ရှားကပါ ဝင်ပြောသည်။ နသန်က တဟဲဟဲ ရယ်သည်။

''လူဆိုးလောက်များတော့ မမလေးရယ်၊ ကျွန်တော့် သိုင်းပညာက အပျော့ပါ''

ဦးကြီးရွှေလှက –

''တော်ပါကွာ၊ ရွာမှာ ရန်ဖြစ်ရင် မင်းချည်းပဲ ခံလာရပြီးတော့''

ကျွန်တော်နှင့် ရှား ရယ်မောလိုက်မိကြ၏။

နသန်က ရုတ်တရက် သတိရဟန်ဖြင့် –

''တောင်ခြေဆိုလို့ ပြောရဦးမယ် မမလေးရဲ့'' ဟု တည်တည်ကလေး ပြောသောကြောင့် ရှားနှင့် ကျွန်တော် သူ့ကို စိတ်ဝင်စားစွာ ကြည့်လိုက်မိကြ၏။





''ဘာများလဲကွ နသန်ရ''

''လူတစ်ယောက် ခုမနက်ပဲ တောင်ခြေဘက်ကို သွားတယ်။ ကျွန်တော့်ကိုတောင် လမ်းမေးလို့ ပြလိုက်သေးတယ်''

ရှား မျက်လုံးဝိုင်းသွားသည်။ အဆောတလျင် မေးခွန်းတစ်ခု ထွက်လာ၏။

''အဲဒီလူက ဘယ်လိုပုံပန်းလဲ''

''အရပ်ဆိုးဆိုးကြီးပါဗျာ၊ မျက်နှာမှာ အမာရွတ်ကြီးနဲ့''

''ဘယ်လို''

''ကုတ်အင်္ကျီအမည်းကြီးနဲ့ဗျ။ ခေါင်းမှာလည်း ဦးထုပ်ပည်းကြီး ဆောင်းလို့''

''ဟာ''

www.burmeseclassic.com

[၂၄]

နသန်က မြင်းတစ်စီး၊ ရှားနှင့် ကျွန်တော်က မြင်းတစ်စီး
ကျွန်တော်တို့ တောင်ခြေသို့ ခရီးပြင်းနှင်လာခဲ့ကြသည်။

တောင်ခြေသို့ လှည့်ဖြင့် သွားလျှင် ခရီးက ဖင့်နွှဲ့နေမည်
မြင်းနှင့် သွားရန် ရွေးချယ်ခဲ့ခြင်းဖြစ်၏။ ကျွန်တော်တို့အတွက် နသန်
လာသော မြင်းမှာ ပထမဆုံး အခေါက်က ကျွန်တော် စီးခဲ့သော မြင်း
ဖြစ်သည်။ ရှားက ရှေ့မှာ ကျွန်တော်က နောက်မှာ။ တစ်နည်းအား
ပြောရလျှင် ရှားက ကျွန်တော့်ရင်ခွင်မှာ။ ရှား ကိုယ်သင်းနံ့ပျံ့ပျံ့က
ကျွန်တော့်ကို ဖမ်းစားထား၏။ ကိုထွန်းဧကို အမှုကိစ္စနှင့်သာ ပတ်သက်မှု
ဒီခရီး သည် အလွန်ပျော်ရွှင် ကြည်နူးစရာ ကောင်းသောခရီး ဖြစ်မည်

ယခုတော့ ကျွေနေအောက်မှာ ကျွန်တော်တို့ မြင်းများကို အ
နှင်နေကြရ၏။ စိတ်ကား စောနေသည်။

နသန် ပြောသောသူသည် ကိုသာရင် ခေါ် မှန်ကြီးနှင့် ဘ
သတ်ခဲ့သော လူသတ်သမား ဖြစ်နိုင်သည်။ ရှား ပြောသော
ဖြစ်နိုင်သည်။ ရှား မှန်းသလို ကိုထွန်းဧအား သေးကြေးဆပ်ရန် နော
ရောက်လာခြင်း ဖြစ်ပေ လိမ့်မည်။





လယ်ကွင်းများကို ဖြတ်ရသည်။ အရိပ်အာဝါသ ကင်းမဲ့သဖြင့်
ညနေ နေခြည်၏ အပူဒဏ်ကို အကာအကွယ်ကင်းစွာ မျက်နှာမူထားရ၏။
ချွေးတွေ နစ်နေသည်။ ခေါင်းတွင် ဆောင်းလာသော လျှာထိုး ဦးထုပ်ပျော့
များမှာ နေရောင်ကို အပြည့်ကို ကာကွယ်မပေးနိုင်။

ရှားမျက်နှာကလေး နီရဲနေသည်။ နေပူရှိန်ကြောင့်လည်း ပါသည်၊
စိတ်စောနေသော ခံစားမှုကြောင့်လည်း ပါလိမ့်မည်။

သက်ပြင်းချသံတစ်ချက် ရှား ထံမှ နှုတ်ထွက်လာသည်။

"ရှားတို့များ နောက်ကျနေပြီလား၊ မသိဘူး"

စိုးနောင့်စွာ ထွက်လာသည့် ရှား စကား။

မြင်းကို အရှိန်လျှော့မသွားစေရန်နှင့် ရှေ့မှ သွားနေသူ နသန်ကို
မျက်ခြည်မပြတ် အမီလိုက်နိုင်ရန် ဂရုစိုက်၍ မြင်းကို စီးနေရင်းမှ ကျွန်တော်က
မရှင်းသည့် အချက်တစ်ခုကို မေးသည်။

"ကိုထွန်းဧဟာ တစ်ချိန်က ဆိုးခဲ့တယ်။ သူ မတရားပြုခဲ့တာတွေ
ကြောင့် သူ့နောက်က အရိပ်မည်းလိုက်လာတာ။ ရှားက ဘာကြောင့်
စိတ်ပူနေရတာလဲ"

ရှား ကျွန်တော့် ဖျတ်ခနဲ လှည့်ကြည့်သည်။

"အဲဒါ နှစ်ပိုင်းရှိတယ် ကိုကို၊ ဟိုတစ်ချိန်က မောင်ညိုဟာ
လူကောင်းဖြစ်ပြီး ကိုထွန်းဧက လူဆိုးဖြစ်နေတယ်။ အခု အချိန်မှာတော့ ကိုထွန်းဧက
လူကောင်း ပြန်ဖြစ်နေပြီး မောင်ညိုက လူကြမ်း လူသွမ်းဖြစ်နေတယ်။ဒါ
က တစ်ပိုင်း။ နောက်တစ်ပိုင်းက ဥပဒေမဲ့ နိုင်ထက်စီးနင်းပြုခဲ့ကြတာကို
မောင်ညိုက အခုလို လက်တုံ့မပြန်သင့်ပါဘူး။ တရားဥပဒေအရ ကြိုးစားသင့်
တယ်။ အဲဒါဆိုရင် မောင်ညိုက အမှန်တရား ဖြစ်မယ်၊ အခုကျတော့
မောင်ညိုက ကလဲ့စားလိုက်ချေနေတယ်။ နှစ်ယောက်ကို သတ်ခဲ့ပြီး အခု
နောက်တစ်ယောက်ကို သတ်ဦးမယ်။ အဲဒါ သူ့အမှားပဲ၊ ဒါကို ဥပဒေက
ခွင့်မလွှတ်ဘူး။ တစ်ချိန်က သူ ခံခဲ့ရတာမို့လို့ဆိုပြီး သူ့ကို ဥပဒေပြင်ပက
ဆိုင်ချင်တာ လုပ်ဖို့ ခွင့်မပြုဘူး။ ဒါက နောက်တစ်ပိုင်းပေါ့"

ရှားကို ကျွန်တော် လေးစားသွားမိပြန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှားသည် ဥပဒေဘက်တော်သား ပီသလှပါပေတော့။ ဥပဒေကို လေးစားလိုက်နာသလို အမှန်တရားကိုလည်း နှိုင်းချိန် ဆုံးဖြတ်နိုင်ပါပေတော့။

"လောလောဆယ်မှာ ကိုထွန်းဇေဆိုတဲ့ လူသားတစ်ဦးရဲ့ အသက်ကို ထပ်ပြီး မဆုံးရှုံးစေချင်သလို မောင်ညိုကိုလည်း ပြစ်မှုတစ်ခု ထပ်ပြီး မကျူးလွန်စေချင်ဘူး။ အဲဒါဟာ ရှား ရည်ရွယ်ချက်ပဲ ကိုကို"

"ရှား မှန်ပါတယ်"

ကျွန်တော်တို့ မြင်းများကား အရည်အသွေးကောင်းလှသည်ဟု ဆိုရမည်။ ခရီးဝေးကို နေ့မှတ်မှာ နှင်လာသော်လည်း မြင်းများကား ခြေမကျ။

ယခုအခါ လယ်ကွင်းများကို ကျော်ပြီ။ တောင်ခြေသို့ နီးကပ်လာပြီ ဖြစ်သည်။ တောအုပ်ကလေးထဲသို့ ဖြတ်သန်းဝင်ရောက်ခဲ့ပြီ ဖြစ်သည်။ နသန်က ရှေ့မှနေ၍ လမ်းပြအဖြစ် ဦးဆောင်သွားနေသူဖြစ်ရာ အတိုဆုံး လမ်းကို ရွေးချယ်ပြီး နှင်နေ ပုံရ၏။ ကျွန်တော်တို့ မြင်းက သူ့နောက်မှ။

ချုံနွယ်များ၊ ဝါးဖိုပင်များ ရှုပ်ထွေးရာ တောအုပ်တန်းကလေးကို ကျော်လိုက်လျှင် အပင်ကြီးများ ပေါက်ရာ တောထဲသို့ ရောက်လာသည်။ တောင်ကုန်းကလေးများကို တက်လာရသည်။ ဟိုအဝေးတွင် ထုံးဖွေးဖွေး စေတီလေးကို သစ်ပင်ကြီးများအကြားမှ တစ်ချက်တစ်ချက် လှမ်းမြင်ရသည်။

"ရောက်တော့မယ် အစ်ကိုလေးရေ"

ရှေ့မှ နသန်က လှည့်ပြောသည်။ တောင်ကုန်း တောင်စောင်းများ ကို ပတ်ရသော လမ်းဖြစ်၍ လမ်းကလည်း အနည်းငယ် ကျဉ်းသောကြောင့် နသန်က မြင်း၏ ပြေးနေသော အရှိန်ကို လျှော့ချလိုက်သည်။

"ကိုကို အရင်တစ်ခါ မြင်းပေါ်က လိမ့်ကျတာ ဟိုရှေ့က နေရာ မဟုတ်လား"

ရှားက ရှေ့တစ်နေရာကို လက်ညှိုး ညွှန်ပြ၍ ပြောသည်။

မှန်သည်။ တစ်ဘက်က တောင်၏ အမြင့်ပိုင်း၊ တစ်ဘက်က ဆင်ခြေလျှော အနိမ့်ပိုင်း၊ မြေလမ်းမာမာက ကမူများ၊ ချိုင့်များဖြင့် မညီမညာ။

ဟိုစဉ်မှာပင် ဝိုးခနဲ လေထုကို ဖြတ်၍လာသော အန္တရာယ်၏အသံ ကို ရှားရော ကျွန်တော်ပါ ကြားလိုက်ရ၏။ နှစ်ယောက်စလုံး တိုင်ပင်ထား





သလို ခေါင်းများကိုငုံ့ ကိုယ်များကို မြင်းကိုပေါ် ဝပ်ချလိုက်ကြသည်။ မြင်း၏ အရှိန်ကိုလည်း ဇက်ကြိုးဆွဲ၍ သတ်လိုက်သည်။

ကျွန်တော့် ဘယ်ဘက်ခြမ်း အနည်းငယ် ကျန်ခဲ့သော အပင်ကြီး တစ်ပင်တွင် ဓားမြှောင်တစ်ချောင်း စိုက်ဝင်လျက်ရှိသည်။

ညာဘက်ခြမ်း သစ်ပင်ကြီးများကြားမှ ရိပ်ခနဲ ဖြတ်ပြေးသော လူတစ်ယောက်။

ကျွန်တော်တို့ ထိုလူရိပ်ကို မြင်လိုက်သလို နသန်သည်လည်း မြင်လိုက်ပုံရသည်။ နသန်သည် မြင်းကို ချက်ချင်း ဇက်သတ်ကာ မြင်းပေါ်မှ ခုန်ချလိုက်သည်။ မြေပြင်ပေါ် ဖတ်ခနဲ ကျသည်နှင့် နသန် ထိုသူ နောက်သို့ ပြေးလိုက်သည်။ သစ်ပင်ကြီးများအကြား နသန်တို့ ဝင်သွားသည်။

ကျွန်တော်ကလည်း မြင်းကို ငြိမ်နေအောင် တန်းရပ်ထားလိုက် သည်။

"နသန်ကို စိတ်မချဘူး ကိုကို၊ ရှားတို့ပါ လိုက်သွားရအောင်"

ရှား ဆန္ဒ ကျွန်တော် ခေါင်းညိတ်လိုက်သည်။

မြင်းပေါ်မှ ကျွန်တော်တို့နှစ်ယောက် ဆင်းပြီး နသန် လိုက်သွား ရာဆီသို့ ပြေးလိုက်ခဲ့ကြသည်။ မကြာပါ။ တွေ့ရပါပြီ။ နသန်နှင့် လူတစ် ယောက်၏ တိုက်ခိုက်ပွဲ။

လက်ရည်က ညီနေသည်။

နသန်နှင့် ထိုသူ ဘာတစ်ပြန် ကျားတစ်ပြန်။

လက်သီးတွေ၊ တံတောင်တွေ၊ ခြေများတွေ တဖတ်ဖတ် တဒုန်းဒုန်း တဒိုင်းဒိုင်းနှင့်။

ရှားက အခြေအနေကို ရပ်ကြည့်ရင်းက –

"အဲဒီလူဟာ တစ်ခါတုန်းက ရှား အိမ်အပြန်မှာ ရန်မူခဲ့တဲ့ သူပဲ"

ကျွန်တော့်ဘက်သို့ လှည့်၍ ပြောသည်။

"ဒီလူက မောင်ညို မဖြစ်နိုင်ဘူး ထင်တယ်"

"ဟုတ်တယ် ကိုကို"

"ဒါဖြင့် မောင်ညိုက ဘယ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com

## (၂၅)

လိုဏ်ဂူထဲမှာ ငြိမ်သက်နေသည်။ အပြင်မှာ နေရှိန်က ပြင်းနေသေးသော်လည်း လိုဏ်ဂူထဲမှာက အေးမြစိုစွတ်နေသည်။ အလင်းရောင်က လိုဏ်ဂူ ကျဉ်းကျဉ်းထဲမှာ လင်းလင်းချင်းချင်း ရှိနေသေးသည်။

ဆင်းတုတော်ကလေးက သပ္ပာယ်လှသည်။

ဆင်းတုတော်ရှေ့မှာ ပန်းတွေ၊ ဆီမီးတွေ၊ အမွှေးတိုင်တွေ ဝေဝေဆာဆာ။ ဤနေရာသည် တရားဝမှုဖြင့် အေးချမ်းရာ နေရာ။

ဆင်းတုတော်ရဲ့ ဘေးကြမ်းပြင်၌ လူတစ်ဦး ရှိနေ၏။ ယောဂီဝတ်စုံနှင့် ဖြစ်၏။ ပုတီးစိပ်လျက်ရှိ၏။ ဂုဏ်တော်မှာ သမာဓိ ဝင်စားပွားများနေပုံရ၏။ ငြိမ်သက်နေသည်မှာ ကျောက်ရုပ်တစ်ရုပ်ပမာ။ ပုတီးလုံးကလေးများမှလွဲလျှင် ခန္ဓာကိုယ်က အသက်မရှိသည့်ပမာ။ မျက်နှာကလည်း တည်ငြိမ်ရှင်းသန့်လှ၏။ ကြည်လင်ဝင်း ပလှ၏။

ထိုအချိန်တွင်

ဂူဝမှ လူရိပ်တစ်ခု ပေါ်လာသည်။ အရိပ်မည်းမည်းက အမြင့်မှ အလင်းရောင်ဖြင့် အတွင်းသို့ ရှည်မျော မျော ထိုးကျလာ၏။





ပြီးတော့ လူတစ်ယောက်၏သဏ္ဌာန် ပေါ်လာသည်။ အရပ်အမောင်း ကောင်းကောင်း၊ ဆောင်ဘီနက်၊ ကုတ်အင်္ကျီနက်၊ ဖောဆောင်ဦးထုပ်ပျော့ အမည်းရောင်ဖြင့် သူ့ညာလက်မှာ တုတ်ချောင်းတစ်ချောင်း၊ သူ့နှုတ်ခမ်းမှာ ဆေးပေါ့လိပ်တိုတစ်ခုတွဲလွဲ။

သူ့မျက်နှာကြီးမှာ ကြောက်စရာသွင်ပြင်။ အမာရွတ်ကြီးနှစ်ခုက ဘယ်ဘက်ပါး ပြင်နှင့် နှာခေါင်းကို ဖြတ်လျက်။ ကုတ်အင်္ကျီအနက်အောက်မှ ဘယ်ဘက်လက်မှာမူ တွဲလောင်းကျနေသည့် ဟန်သာရှိ၏။ လှုပ်ရှားနိုင်ပုံမရ။

သူ့မျက်လုံးတွေမှာ နာကျည်းရိပ်များ၊ မုန်းတီးရိပ်များ၊ မကျေချမ်းမှုများ၊ ဒေါသများ စွန်းထင်းပေကျံနေသည်။ သူ့နှုတ်ခမ်းမှာ အပြုံးတစ်မွှင်း၊ သရော်ပြုံး၊ အောင်နိုင်ပြုံး၊ နာကျင်ပြုံး။

သူက ကိုထွန်းဝေ ပုတီးစိပ်နေသည်ကို ရပ်၍ ကြည့်နေသည်။ အနှောင့် အယှက် မပေးလိုဟန်ဖြင့် ငြိမ်ငြိမ်ကလေး ရပ်နေသည်။ ငြိမ်နေသည်မှာ ပုတီးစိပ်နေသော ကိုထွန်းဝေလိုပင်။

လိုဏ်ဂူထဲက လူနှစ်ယောက်။

တစ်ယောက်က စိပ်ပုတီးကိုင်လျက်၊ တစ်ယောက်က တုတ်ကိုင်လျက်၊ တစ်ယောက် ကြည်လင်ဝင်းပသော မျက်နှာ၊ တစ်ယောက် ဒေါသဖြင့် ညှိုမှောင်သော မျက်နှာ၊ တစ်ယောက်ခမ္မ၊ တစ်ယောက်က အာယာတ။

ဆန့်ကျင်ဘက်။

သို့သော် တစ်ချိန်ကတော့ သူတို့ နှစ်ယောက်သည် ယခုအခြေအနေနှင့် ဆန့်ကျင်ဘက်ဖြစ်ခဲ့သည်။ ယခု တရားသမားက ဟိုတုန်းက တားကိုင်ခဲ့ပြီး ယခု တားသမားက တရား၏ အရိပ်အောက်မှာ ခိုလှုံနေသူ။

အဘယ်ကြောင့်များ ဤသို့ ပြောင်းပြန်ဖြစ်ခဲ့ရပါသနည်း။ ရင်နာဖွယ် သင်ခန်းစာတစ်ရပ်၊ လောက၏ လှည့်ဝဲမှုတစ်ရပ်။

ကိုထွန်းဝေ ပုတီးစိပ်ခြင်း ပြီးသွားသည်။ အမျှဝေ မေတ္တာပို့သည်။

တားသမားက ပြုံးလိုက်သည်။ ရှေ့တစ်လှမ်း၊ နှစ်လှမ်း တိုးလာပြီး ရပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုထွန်းစ မျက်လုံးများ ဖွင့်လိုက်၏။ နောက်သို့ လှည့်မကြည့်သေး။ ဆင်းတုတော်ကို အာရုံပြုဖူးမြော်နေလိုက်သေးသည်။ ပြီး မျက်လွှာပြန်ချသည်။ သက်ပြင်းတစ်ချက်ကို ရှိုက်လိုက်သည်။ သူ့ နှုတ်မှ စကားသံတစ်ခု ဝင့်ထွက်လာသည်။

''မင်း ရောက်လာပြီကိုး မောင်ညို''

''ဟား ဟား ဟား''

မောင်ညိုက အော်ရယ်လိုက်သည်။ သူ့ရယ်သံတွေ လိုဏ်ဂူထဲမှာ ဟိန်းထသွားသည်။ ဆေးလိပ်တိုကလေးကို ပစ်ချလိုက်သည်။

''ဒီအဖြစ်ကနေ ငါ ရှောင်ပြေးလို့ မရဘူးဆိုတာ သိလို့ ငါ မင်းကို စောင့်နေတာပါ မောင်ညို''

ကိုထွန်းစက ထိုင်လျက်မှ မထဘဲနှင့် မောင်ညိုဘက်သို့ လှည့်လိုက်သည်။ မောင်ညိုကို ကြည့်၍ ပြောလိုက်သည်။

''ဟား ... ဟား အခုမှ သွေးရူးသွေးတန်းတွေ လျှောက်ပြောမနေပါနဲ့ ထွန်းစ ရ။ မင်း လုပ်ခဲ့တာတွေ ကြည့်ပါဦး။ ကြည့်လေကွာ ... ငါ့ကို ဒီပါးက မာဂျာရာကြီးနှစ်ချက် ကျောက တာဂျာရာတွေ ဒီတော့ ဘယ်လက်တစ်ဘက်၊ ဘဲဥတွေ မင်းအခု အလျော်ပြန်ပေးရမှာ။ ကိုယ့်အလှည့်ကျတော့ ကြောက်နေပြီလား''

''မကြောက်ပါဘူး မောင်ညိုရာ။ ငါ ဝဋ်ကြွေး ငါပေးဆပ်ရမှာပါ။ ငါ ကျေနပ်ပါတယ်၊ မင်း စိတ်တိုင်းကျ လုပ်ပါ''

မောင်ညိုက မဲ့လိုက်သည်။

''အဲဒီလို ပျော့ပျောင်းညင်သာတဲ့ စိတ်ဓာတ်တွေ မင်း ဟိုတုန်းကတည်းကရှိရင် ငါ ဒီလို ဘယ်ဖြစ်မလဲကွာ။ မင်းတို့ ငါ့ကို ရွာပြင်ချောင်းစပ်ကို ခေါ်ပြီး ဓားနဲ့ ခိုင်းခုတ်ကြတုန်းက ဒီလေသံ ဒီဟန်ပန်တွေလား ပြောခဲ့ပါဦး၊ ထွန်းစရဲ့။ ငါ့ကို ဓားနဲ့ ခိုင်းခုတ် ရေထဲချပြီး အပြတ်ရှင်းခဲ့ကြတုန်းက ဒီပုံစံလား။ သေကံမရောက်လို့ သက်မပျောက်ခဲ့တာ ရေထဲမျောသွားတဲ့ ငါ့ကို ငါးဖမ်းလှေက ကယ်သွားလို့ ငါ အသက်ရှင်ခဲ့ရတာ။ ဒါပေမယ့် ဘယ်လိုမှ ဖယ်ရှားလို့ မရတဲ့ မျက်နှာက ဒဏ်ရာရယ်၊ ဘယ်ဘက်တစ်ဘက်





မရှိတော့တာရယ် ငါ့ဘဝက ဘယ်လောက် အရုပ်ဆိုးသွားလဲဟင်။ မင်းတို့ကြောင့်''

ကိုထွန်းစ ဘာမျှ ပြန်မပြော။

''ဘဝပျက်သွားရတဲ့လူတစ်ယောက် လူပြစ်ရှုံးသွားရတဲ့ လူတစ်ယောက်ရဲ့ အဖြစ်ကို မင်း စာနာသိလို့လား။ အထူးသဖြင့်တော့ မစံပယ်ပဲ။ မစံပယ်ဟာ မင်းကို မချစ်မနှစ်သက်ဘဲ ယူလိုက်ရတယ်။ မစံပယ်ကို ယူပြီးတော့ မင်းနှိပ်စက်တယ်၊ မစံပယ် သေရတယ်၊ ကြည့်စမ်း၊ မင်းလုပ်ခဲ့တာ တစ်ယောက် ဘဝပျက်၊ တစ်ယောက်က အသက်ဆုံး။ မင်းကို ငါ ဘယ်လိုမှ ခွင့်မလွှတ်နိုင်ဘူး၊ ထွန်းစ''

မောင်ညိုက ပြောရင်း ဒေါသတွေ ထန်လာသည်။

''မင်း မှန်ပါတယ်၊ ငါ မငြင်းပါဘူး''

ကိုထွန်းစ၏အသံက တည်တည်ငြိမ်ငြိမ်ကလေး ပေါ်ထွက်လာသည်။

''ငါဟာ မြောင်းမြမြို့နယ်ထဲက ကြာကန်ရွာမှာ အချိန်အကြာကြီး သေမင်းနဲ့ တိုက်ပွဲဆင်ပြီးမှ သေရွာက ပြန်လာရတာ။ ငါ ရွာကို ပြန်သွားတော့ မစံပယ်က သေပြီ၊ မင်းတို့က ရွာမှာ မရှိတော့ဘူး။ ဒါကြောင့် မင်းတို့ကို ငါ မြေလှန်ရှာခဲ့တာ၊ ပထမဆုံး မှန်ကြီးကို တွေ့တယ်၊ သွေးကြွေးဆပ်တယ်၊ နောက် ဘညွန့်ကို တွေ့တယ်၊ သွေးကြွေးဆပ်တယ်၊ ခုတော့ မင်းအလှည့်ပဲ၊ ဘုရားတရားသာ အာရုံပြုပေတော့''

မောင်ညို၏ နိဂုံးချုပ် စကား။

ကိုထွန်းစက သွေးမပျက်ဘဲ ကြည်နူးရဖြင့်ပင် –

''ငါ ဘုရားတရားကို အာရုံပြုပြီး ငါ့ မိုက်ပြစ်တွေကို ဆေးကြောနေတာ ကြာပါပြီကွာ။ ပြုသူအသသ်၊ ဖြစ်သူ အဟောင်းဆဲ့။ အဟောင်းကြွေးကို ငါက ကျေကျေနပ်နပ် ဆပ်မှာပါ၊ မင်းလည်း အသစ်ကြွေးကို ဆပ်နိုင်အောင် ကြိုးစားပါ သူငယ်ချင်းရယ်။ ကြွေးမရှင်းသမျှ ငါတို့ဟာ လောကကြီးမှ တဝဲလည်လည် ဖြစ်နေကြရမှာပဲ။ ကဲ ... ကဲ မင်း ဆန္ဒအတိုင်း''

ခေါင်းကို အနည်းငယ် ငုံ့လိုက်သည်။ ကိုထွန်းစ လည်ပင်းမျှပေးပြင်ပေးလာ။ ဆင်းတုတော်ရှေ့မှ ဖယောင်းတိုင်မီးက ဝုတ်ခနဲ ငြိမ်းသွားသည်။

www.burmeseclassic.com

www.burmeseclassic.com

[၂၆]

ကျွန်တော်တို့ လိုဏ်ဂူထဲသို့ အမောတကော ပြေးဝင်လာခဲ့ကြသော်လည်း မြင်ကွင်းက အနည်းငယ်နောက်ကျသွားခဲ့ပြီကို ဆီးကြို၍ အသိပေးလိုက်မည်သို့ ရှိသည်။

ကြည့်ပါ။

ကိုထွန်းစသည် ဆင်းတုတော်ရှေ့၊ ဂူကြမ်းပြင်တွင် လဲလျက်ရှိ၏။ မျက်နှာမှာ ဓားဒဏ်ရာ နှစ်ချက်၊ ရင်ဘတ်နှင့် ဝမ်းဗိုက်မှာ ဓားဒဏ်ရာများ။ ပက်လက်ဖြစ်နေသော ကိုထွန်းစ၏ မျက်လုံးများက ခပ်ဟဟ။ ရင်ဘတ်မှာ၊ မျက်နှာမှာ ကြမ်းပြင်မှ သွေးတွေ ချင်းချင်းနီလျက်။

ဂူကြမ်းပြင်တစ်နေရာမှာ ဆေးပေါ့လိပ်တိုကလေး။ ဒေါ်မြမွေး ဆေးပေါ့လိပ်တိုကလေး ဂူနံရံတစ်နေရာမှာတော့ သွေးဖြင့် ရေးထားသော စာလုံးတစ်လုံး။ မြ တဲ့။ ပြီးတော့

ကိုထွန်းစ၏ ကိုယ်မှထွက်သော သွေးများကို နင်းသွားသည့် သွေးပေနေသော ခြေရာအချို့။

''ဟာ ရှားတို့ နောက်ကျသွားပြီ''

ရှားက မျက်နှာကို လက်ဝါးနှင့် အုပ်လိုက်ကာ ခေါင်းတွေကို စိတ်ပျက်စွာ ယမ်းရင်း ခပ်တိုးတိုး ညည်းညူလိုက်သည်။

''ဟိုကောင် ဝင်ရှုပ်လို့ ကျွန်တော်တို့ နောက်ကျသွားတာနေမှာ''





နသန်က ဝင်ပြောသည်။

လမ်းတွင် ကျွန်တော်တို့ကို ဆီးကြို ရန်ပြုခဲ့သော သူကို နသန် ပြောခြင်းဖြစ်၏။ ထိုသူကား၊ တစ်ချိန်က လုယက်မှုတစ်ခုအတွက် ရှားဖမ်းပေးခဲ့သော တရားခံတစ်ယောက် ဖြစ်သည်။ ထောင်မှ ထွက်လာပြီး နိုက်စိတ်ကို ခဝါမချဘဲ ရှားကို အန္တရာယ် ပြန်ပေးရန် ကြိုးစားသူ ဖြစ်သည်။ ရှားကို တစ်ကြိမ်က လမ်းတွင် အန္တရာယ်ပြုခဲ့သူမှာလည်း ထိုသူပင်။

လမ်းတွင် သူနှင့် နသန် တိုက်ခိုက်နေသည်မှာ အချိန်အနည်းငယ် ကြာ၏။ ရှားက ''အချိန်မရတော့ဘူး။ ပွဲက ကြာနေတယ်၊ ရှား ဝင်လိုက်မယ်'' ဟု ပြောကာ နသန်နှင့် ထိုသူကြားသို့ဝင်ကာ တိုက်ခိုက်ခဲ့သည်။ နှစ်ကွက် သုံးကွက်မျှဖြင့်ပင် ထိုသူ မှောက်သွားသည်။ နသန်က ထိုသူအား နွယ်ကြိုးဖြင့် သစ်ပင်တစ်ပင်တွင် တုပ်နှောင်ထားခဲ့၏။

ရှားသည် ကိုထွန်းစ၏ အလောင်းဘေးတွင် ဒူးထောက်ထိုင်လိုက်ကာ လေ့လာကြည့်ရှုသည်။ ခန္ဓာကိုယ်ကို လက်ခုံဖြင့် ထိကြည့်သည်။

''သွေးတွေရဲ့ အနေအထားအရ ခန္ဓာကိုယ်ရဲ့ အနေအထားအရ ကိုထွန်းစ သေဆုံးတာဆယ့်ငါးမိနစ်လောက်ပဲ ရှိဦးမယ် ထင်တယ်၊ မောင်ညို ဝေးဝေး မရောက်နိုင်သေးဘူး။ ရှားတို့ လိုက်ရအောင်၊ ကိုကိုက ဆရာတော်ကို အလျင်ဝင်လျှောက်ပါ''

ကျွန်တော်သည် လိုဏ်ဂူမှနေ၍ ဆရာတော်ကျောင်းရှိရာသို့ ပြေးသွားပြီး ကိုထွန်းစ သေဆုံးနေကြောင်း ဆရာတော်ထံ အမောတကော လျှောက်တင်လိုက်သည်။ ဆရာတော်သည် ကျွန်တော်၏ စကားကို ကြားသောအခါ မျက်နှာအိုမင်သွားသည်။ သက်ပြင်းချတော်မူသည်။ ဝမ်းနည်းကြေကွဲခြင်းကို သံဝေဂတရားဖြင့် ဆင်ခြင်ဟန်ကို ကျွန်တော် တွေ့လိုက်ရသည်။

''အနိစ္စ … အနိစ္စ … အနိစ္စ၊ အင်း … ဘယ်သူမဖြု မိပြုပါပဲ ဒကာ။ ကိုယ်ပြုခဲ့သမျှ အရိပ်တွေဟာ ကိုယ့်နောက်လိုက်လာတာပါပဲ။ လောဘမြိုက်နေတဲ့ အတ္တမီးလျှံတွေရဲ့ ကြွေးရှင်းပွဲကတော့ ဇာတ်သိမ်းမလှပဘူးပေါ့ကွယ်၊ ဘုန်းကြီးတို့က ကြွေးကို မမွေနဲ့ ရှင်းကြဖို့ ဒကာရဲ့''



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်၏ စကားမှာ မရှည်လျားလှသော်လည်း ကျယ်ဝန်းနက်နဲလှသည်။ ကျွန်တော့် နှလုံးသားထဲသို့ စိမ့်ဝင်လာသော စကားများဖြစ်သည်။

''ကဲ ... ကဲ ... ဒကာတို့သည် လုပ်စရာရှိတာ ဆက်လုပ်ကြ။ ဘုန်းကြီးလည်း မောင်ထွန်းစ ရှိရာသို့ လာခဲ့မယ်''

''တင်ပါ့ ဘုရား''

ဆရာတော်ရှေ့မှောက်မှ ကျွန်တော် ဦးချပြီး ပြန်၍ ပြေးဆင်းခဲ့သည်။ လိုဏ်ဂူဝ၌ ရှားနှင့် နသန်က စောင့်နေသည်။ မြင်းနှစ်ကောင်အဆင့်သင့်။

''အချိန်သိပ်မရှာ ကိုကို၊ မောင်ညို့ နောက်ကို အမီလိုက်ကြစို့၊ မိုးမချုပ်ခင် သူ့ကို တွေ့မှ ဖြစ်မယ်။ မိုးချုပ်သွားရင် မလွယ်တော့ဘူး''

ရှားက ဆီးကြိုပြောသည်။

''ကောင်းပြီ ရှား''

နသန်က မြင်းပေါ် ခုန်တက်လိုက်သည်။ ကျွန်တော်ကလည်း ကျွန်မြင်းတစ်စီးကို ဆွဲကာ ရှားကို တင်လိုက်သည်။ ပြီးမှ ကျွန်တော် မြင်းပေါ်တက်သည်။ ကျွန်တော့် ရင်ခွင်ထဲမှာ ရှား။

''ကျွန်တော် ရှေ့ကသွားမယ် မမလေး''

ပြောပြောဆိုဆို နသန် မြင်းက ရှေ့မှ ပြေးထွက်သွား၏။ ကျွန်တော်ကလည်း မြင်းကို ဖနောင့်နှင့် ဆတ်တို့ကာ၊ နသန် မြင်းနောက်သို့ လိုက်ပါခဲ့သည်။

ကျွန်တော်တို့ နင်လာသော ခရီးလမ်းကြောင်းမှာ လာလမ်းအတိုင်းဖြစ်သည်။

''နောက်ဘက်က တောင်ကြောတွေ ခံနေလို့ မောင်ညိုဟာ မြို့ဘက်ကို ပြန်တဲ့လမ်းကိုပဲ ရွေးမှာပဲ ကိုကို။ သူ့ ရွေးစရာကလည်း တစ်လမ်းပဲ ရှိတယ် သူက ခြေလျင်ဆိုတော့ ရှားတို့ သူ့ကို မီမှာပါ''

''အလာတုန်းက ကိုကိုတို့ ဖမ်းထားခဲ့တဲ့ ပိတ်ဆွေပေါင်းကြီးရော ဘယ်လိုလုပ်မလဲ''





''သူ့ကို နောက်မှပဲ ရှလက်အပ်ရမယ်၊ ရှားတို့ရဲ့ ပထမ ပစ်မှတ်က မောင်ညိုပဲလေ''

ကျွန်တော်တို့ မြင်းနှစ်စီးသည် သစ်ပင်အုပ်ကြားသို့ အပြင်းတိုးဝင်လျက် ရှိသည်။ လမ်းက လူသွားလမ်း လမ်းကျဉ်း။ လမ်းက မြေလမ်း။ တောင်စောင်းများကို ပတ်ထားသည့်လမ်း။ ပထမဆုံးတစ်ခေါက်က ကျွန်တော်နှင့် နသန် လာခဲ့ရာလမ်း။

နသန် မြင်းနှင့် ခပ်လှမ်းလှမ်းမှ မျက်ခြည်မပြတ်အောင် ခရီးနှင့်ရင်းပတ်ဝန်းကျင်ကိုလည်း မျက်စိလျင်လျင်ဖြင့် ကြည့်လာရသည်။ ရှား မျက်လုံးများက သိန်းငှက်သည် ကောင်းကင်တွင် ဝဲ၍ မြေပြင်မှ သားကောင်ကို ရှာနေသည့်ပမာ။

သည်မှာပင် မမျှော်လင့်ထားသော အရာတစ်ခုက ပေါ်လာသည်။

''အား''

နသန် မြင်းသည် အရှိန်ဖြင့် ပြေးနေရာမှ ရှမ်းပစ်ကာ ရှေ့သို့ လဲကျသွားခြင်း ဖြစ်သည်။ မြင်း ရုတ်တရက် ရှမ်းပစ်လဲခြင်း အရှိန်ကြောင့် မြင်းပေါ်မှ နသန်မှာလည်း မြင်းမှ လွင့်စင်ကာ ရှေ့မြေပြင်သို့ ပုံပျက်ပန်းပျက် ပစ်ကျသွားခဲ့သည်။ နသန်ထံမှ အလန့်တကြား အော်သံနှင့် မြင်းဟီလိုက်သံမှာ တောအုပ်ကလေးထဲတွင် ပဲ့တင်ရိုက်သွားသည်။

''ကိုကို သတိထား''

ကျွန်တော်သည်လည်း မြင်းကို ရုတ်တရက် ဇက်ကြိုး တင်းတင်းဆွဲကာ ရပ်ပစ်လိုက်ရသည်။ ကျွန်တော်နှင့် ရှား စီးလာသော မြင်းကြီးသည်လည်း ဟီလိုက်ကာ ပတာပ်ရပ်လိုက်၏။ ပြီး ရပ်တန့်သွားသည်။

မြေပြင်သို့ မကျသွားခဲ့သော နသန်မှာ သစ်ပင်တစ်ပင်၏ ခြေရင်းတွင် မလှုပ်မယှက်ရှိနေပြီး နသန်၏ မြင်းကြီးမှာ ခြေထောက် နာသွားခဲ့ပုံရသည်။ လဲကျနေရာမှ လူးလဲထကာ လန့်ကြောက်စိတ်ဖြင့် တောနင်းတောနင်း ထပြေးသွားခဲ့၏။

ကျွန်တော်က မြင်းပေါ်မှ အလျင်စလို ခုန်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှားသည်လည်း မြေပြင်ပေါ်သို့ ကြောင်ကလေးတစ်ကောင်ကို ပေါ်ပါးစွာ ခုန်ဆင်းလာသည်။

"နသန် ဘာဖြစ်သွားလဲ မသိဘူး"

ကျွန်တော့်နှုတ်မှ မိုးရိပ်ကြီးစွာ ထွက်လာသော စကားနှင့်အတူ နသန်ရှိရာသို့ ကျွန်တော့် ပြေးသွားရန် ပြင်လိုက်သည်။ ရှားက ကျွန်တော့် လက်မောင်းကို ဖျတ်ခနဲ လှမ်းဆွဲသည်။

"မလောနဲ့ ကိုကို"

ရှား၏ တားမြစ်စကား။

"ဘာဖြစ်လို့လဲ၊ ဟိုမှာ နသန်၊ မေ့သွားသလား၊ မသိဘူး။ မလှုပ်တော့ဘူး"

"အဲဒါ ရှားသိတယ် ကိုကို"

"ဒါဖြင့်"

"ရှားတို့ အလစ်အငိုက် အတိုက်ခံလိုက်ရတာကိုကို။ ရန်သူက ဒီအနားပဲ ရှိနေတယ်"

"ဟင်"

မှန်ပါသည်။

လျှပ်တစ်ပြက်ကာလအတွင်း၊ ကျွန်တော်က စိတ်လောကြီးစွာ နသန် လဲကျသွားသည်ကိုသာ အာရုံရောက်နေခဲ့သည်၊ သို့သော် ရှားသည်မူ အဖြစ်အပျက် တစ်ခုလုံးကိုမြင်၍ တွေးတောဆင်ခြင်ပြီး ဖြစ်နေပုံရ၏။ သတိတွေကို စုစည်းလျက် ရှား ပတ်ဝန်းကျင်ကို အကဲခတ်နေသည်။

သည်တော့မှ ကျွန်တော် သတိပြုလိုက်မိသည်။

ကျွန်တော်တို့ မြင်းများ စီးလာရာလမ်းမှာ နွယ်ကြိုးတစ်ချောင်း။ သစ်ပင်ကြီးနှစ်ပင်ကို ချည်နှောင်ထားသော နွယ်ကြိုးက လမ်းကို ကန့်လန့်ဖြတ်၍ ထားသည်လေ။ ထိုနွယ်ကြိုးကို နသန်၏ မြင်းက ဝင်တိုက်ပြီး၊ လဲကျသွားခြင်း ဖြစ်၏။

ယင်းထောင်ချောက်ကို မည်သူ ဆင်သနည်း။

မောင်ညိုပဲလား။ သို့မဟုတ်။





ကျွန်တော်က နသန့်ကို လှမ်းကြည့်မိပြန်၏။ နသန်ကား လုံးဝ မလှုပ်ဘူး။ လဲကျရာ နေရာကား သစ်ပင်ကြီး၏ မြစ်ဆုံကြီး ရှိနေသည်။ ယင်းသစ်ဆုံကြီးနှင့်ပင် နသန်၏ ခေါင်းထိနိုက်မိလေသလားမသိ။

"ရှားတို့ ဖမ်းထားခဲ့တဲ့လူ လွတ်သွားပြီ ကိုကို။ ဝကျွန် မောင်ညိုနဲ့ တွေ့ပြီး မောင်ညို ကယ်သွားတာ ဖြစ်မယ်"

ရှား ပြောပြသည်မှာလည်း၊ အမှန်ဖြစ်၏။

ကျွန်တော်တို့ အလာမှာတုန်းက ရှန်ပြူ၍ ဖမ်းဆီးကာ သစ်ပင်တွင် နွယ်ကြိုးနှင့် တုပ်ထားခဲ့သော ရှား၏ မိတ်ဆွေဟောင်း၊ ထောင်ထွက်မှာ ကျွန်တော်တို့ တုပ်ထားခဲ့သော သစ်ပင်တွင် မရှိတော့။

"ဟား ... ဟား ... ဟား".

ရုတ်တရက် ကျယ်လောင်သော ရယ်သံများ ဟိန်းထွက်လာသည်။ ရှားနှင့် ကျွန်တော် သတိကို ပို၍ စုစည်းလိုက်ကြသည်။ ရယ်သံများက သစ်ပင်တွေကြားမှ။

ညနေစောင်းခဲ့ပြီမို့ အလင်းရောင် အားပျော့သွားခဲ့ပြီ ဖြစ်၏။ အထူးသဖြင့် သစ်ပင်ကြီးများ အုပ်မိုးနေရာ သည်တစ်ဝိုက်မှာ အမှောင်က ရှည်းနှင်း၍ပြုလာခဲ့လေပြီ။ ထို့ကြောင့်လည်း ရယ်သံကိုသာ ကြားရ၏၊ လူကို မတွေ့ရသေး။ သစ်ပင်များ၊ ခြုံများ၊ နောက်တွင် ပုန်းနေခြင်းလည်း၊ ဖြစ်နိုင်၏။

ထိုအခိုက်မှာပင်

ကျွန်တော်တို့ ရှေ့သို့ မည်းမည်း သတ္တဝါကြီးနှစ်ကောင် ခုန်၍ခနဲ ကျလာသည်။ အမှန်တော့ မည်းမည်းသတ္တဝါကြီးဟု ဆိုလိုရသည်မှာ မှောင်ရိပ်၍ချိန်လည်းဖြစ်၊ ဝတ်ဆင်ထားသည်ကလည်း အမည်းရောင်များ ဖြစ်သောကြောင့်သာပါ။ သက်ရှိ လူသားနှစ်ဦးသား ဖြစ်ပါသည်။ သူတို့သည်ကား အခြားသူများ မဟုတ်ပါ။

ကျွန်တော်တို့ ဖမ်းထားခဲ့သော ထောင်ထွက်နှင့် အခြားတစ်ယောက်။ ထိုအခြားတစ်ယောက်မှာ မောင်ညိုဖြစ်မည်ဟု ကျွန်တော် တွေးမိသလိုက်သည်။ ကုတ်အင်္ကျီမည်းကြီးနှင့်၊ ဘောင်းဘီမည်းနှင့် တောင်းဆောင်ပြီး ထုပ်ပျော့ ညိုညစ်ညစ်နှင့်၊ ပါး၌ အမာရွတ်ကြီးနှင့် နှုတ်ခမ်းမွေး သေးသေး



www.burmeseclassic.com

www.burmeseclassic.com



လိပ်တစ်လိပ်နှင့်။ ညာလက်တွင် ဓားမြှောင်တစ်လက်နှင့် ထောင်ထွက်ကမူ တုတ်တစ်ချောင်းကို ကိုင်ထားသည်။

''ကိုကို သတိမလစ်စေနဲ့နော်၊ သူတို့က ရှောင်မပြေးဘဲ ရင်ဆိုင်လာတာ၊ ပေါ့ပေါ့ဆဆ မဟုတ်ဘူး။ ရှားတို့ကို လက်စဖြတ် ရှင်းသွားချင်ပုံပဲ''

ရှားက သူတို့ကို အလစ်မပေးဘဲ ကြည့်နေရာက ကျွန်တော်ကို တိုးတိုးပြောသည်။

''ဟုတ်တယ် ရှား၊ ကိုကိုတို့တစ်ယောက်ချင်း ရင်ဆိုင်ရမှာပဲ''

''ရှားအတွက်မပူနဲ့၊ ကိုကို့အတွက်သာ ဂရုစိုက်''

ကျွန်တော်တို့နှစ်ယောက်မှာ ကံအားလျော်စွာ ခနိုးကြမ်းဖြစ်သည့် ပုဆိုးများ၊ ထဘီများနှင့် မဟုတ်ဘဲ ရှားရော ကျွန်တော်ပါ၊ ဘောင်းဘီများ ဝတ်ခဲ့ကြသည် ဖြစ်ရာ ယခုအနေအထား၌ အဆင်ပြေသွားသည် ဆိုရမည်။ ကျွန်တော်က စတိုင်ဘောင်းဘီ။ ရှားက ဂျင်းဘောင်းဘီနှင့်။

''မဆိုင်ဘဲ ဝင်ရှုပ်ချင်တဲ့လူတွေကို ထိုက်တန်တဲ့ ဂုဏ်ပြုမှုတွေ ပေးရမှာပေါ့''

ထောင်ထွက်၏ စကား။ လှောင်သံ၊ ထေ့သံနှင့်အတူ ရယ်သံပါ ပါသည်။

''ကျုပ်ရဲ့ ဒွေးကြေးဆပ်ပွဲကို လာပြီး တားဆီးတာ အန္တရာယ်ကို လာဖိတ်ခေါ်တာပဲ။ ဒါပေမယ့် ကျုပ်က ကျုပ်ဆန္ဒပြည့် သွားပြီ၊ ကိုထွန်းစကို ရှင်းပြီးတော့ ကျုပ် ရည်မှန်းချက် ပြီးမြောက်သွားပြီ။ ဒီတော့ ကျုပ်က သေမထူး နေမထူးဘဲ''

မောင်ညို၏ စကား။ ပါးစပ်မှ ဆေးပေါ့လိပ်ကို လွှင့်ပစ်သည်။ ဓားကိုင်လက်ကို တဆဆ လုပ်သည်။ ရှေ့တိုးလာသည်။ သူ့ဘယ်လက်ကမူ တန်းလန်းတန်းလန်းကဗွီ မသန်စွမ်းသည်လား။ လက်အတုပဲလား။ တစ်ခုခုပဲဟု ကျွန်တော် တွေးလိုက်မိ၏။

ထောင်ထွက်က ကိုင်ထားသော တုတ်ကြီးကို မြှောက်ကာ ကျွန်တော်တို့ထံ ပြေးဝင်လာသည်။ ရှားနှင့်ကျွန်တော် လူချင်းခွဲလိုက်ကြသည်။ ကျွန်တော်က ထောင်ထွက်ကို ရင်ဆိုင်လိုက်သည်။





အမှန်ကို ဝန်ခံရမည်ဆိုလျှင် ကျွန်တော်သည် ရှားကဲ့သို့ ကိုယ်ခံပညာမတတ်ပါ။ ရန်သူကိုရင်ဆိုင်ရသည်မှာ ယောက်ျားတစ်ယောက်၏သတ္တိ ခွန်အားနှင့် သတိကိုသာ အဖော်ပြု၍ ရင်ဆိုင်ရခြင်း ဖြစ်ပါသည်။

ရှားက မောင်ညိုကို မျက်နှာချင်းဆိုင်လိုက်သည်။

ကျွန်တော်သည် မိုက်မိုက်မဲမဲ ပြေးဝင်လာပြီး ရိုက်ချလိုက်သော ထောင်ထွက်၏ တုတ်ချက်ကို ခေါင်းငုံ့၍ သတိကြီးစွာ ရှောင်တိမ်းလိုက်ရ၏။ တုတ်က ခေါင်းပေါ်မှ ဝီးခနဲ ဖြတ်သွားကာ လေထဲတွင် ဝဲသွားသည်၊ တုတ်ရိုက်ချက်လွဲသွား၍ ထောင်ထွက်၏ ခန္ဓာကိုယ်မှာလည်း ဟန်ချက်ပျက်သွားသည်။

ဒါသည် ကျွန်တော့်အဖို့ အခွင့်ကောင်း။

တုတ်ချက်လွဲသွားသည်နှင့် ငုံ့လိုက်သော ခေါင်းကို ပြန်မော့ကာ ခန္ဓာကိုယ်ကို ဆန့်လျက် ထောင်ထွက်၏ မျက်နှာဆီသို့ ကျွန်တော် ညာလက်သီးတစ်ချက် ပစ်သွင်းလိုက်သည်။ လက်သီးချက်မှာ သူ့ မျက်နှာကို ထိပါသော်လည်း၊ လက်သီးအားမှာ ပျော့လှ၍ပဲလား။ သူကပဲ ခံနိုင်ရည်ကောင်း၍လား မသိ။ အနည်းငယ် ယိုင်သွားသည်မှအပ လဲပြိုသွားခြင်း မရှိ၊ နောက်ထပ် လက်သီးတစ်ချက်ထပ်၍ ပစ်သွင်းပါသော်လည်း သူက ပြန်၍ ရှောင်တိမ်းလိုက်သဖြင့် သူ့မျက်နှာနှင့် လွဲသွားကာ ကျွန်တော်ပင် ရှေ့သို့ အနည်းငယ် ထိုးဖြစ် ယိုင်ကျသွား၏။

ထိုအချိန်၌ တဖိုဖိုး တဝှစ်ဝှစ်ဖြင့် ရှားနှင့် မောင်ညိုတို့ တိုက်ခိုက်သတ်ပုတ်နေသံများကို ကြားရ၏။ ရိုပ်ခနဲ ရိုပ်ခနဲ လှုပ်ရှားနေသည်ကိုလည်း မျက်လုံး ထောင့်စွန်းမှာ မြင်နေရ၏။ သို့သော် ရှားအတွက် ကျွန်တော် စိတ်ချပါသည်။ ပုပန်မှ ရှိသည်မှာ မှန်သလို ရှား၏ ကိုယ်ခံပညာကို ကျွန်တော် ခြွင်းချက်မရှိ ယုံကြည်ပါသည်။ ခါးပတ်နက်ရပြီး ကျောင်းတော်က ဆုတံဆိပ်များ ရရှိခဲ့သော ယခုတိုင် အလေ့အကျင့် မပျက်သော ကရာတေး သမားတစ်ဦး မဟုတ်ပါလား။

ထောင်ထွက်က ထပ်၍ မဲလာပြန်သည်။

သူ၏ တုတ်အားကိုးဖြင့် ဝင်ကြမ်းလာ၏။ တုတ်ကို ယမ်း၍ ကျွန်တော့်ကို ဆတ်ခနဲ ဆတ်ခနဲ ရိုက်သည်။ ပထမတစ်ခါလို တစ်ချက်တည်း



www.burmeseclassic.com

www.burmeseclassic.com



အားကုန်ရိုက်ခြင်းမျိုး မဟုတ်။ တစ်ချက်ပြီးတစ်ချက် သွေးတိုးစမ်းသလို ခပ်ဆတ်ဆတ် ရိုက်ခြင်းမျိုး။

ကျွန်တော်က နောက်သို့ ဆုတ်၍ ဆုတ်၍ ရှောင်နေရင်း သူ့ကို ပြန်၍မတိုက်နိုင်။ ဆုတ်ရင်း ဆုတ်ရင်းနှင့် ကျွန်တော့် ကျောက သစ်ပင်တစ်ပင်နှင့် ကျောကပ်သွားသည်။

သူက ဤအနေအထားကို အပိုင်တွက်လိုက်ပုံရ၏။ ပွဲသိမ်းတုတ်ချက်ကို သူက အားကုန်သုံး၍ ရိုက်လိုက်သည်။ နောက်မဆုတ်နိုင်တော့သော ကျွန်တော်၏ ဦးခေါင်းကို ရှစ်စိတ်ကွဲအောင် သူ ရည်ရွယ်ပုံရ၏။ ကျွန်တော့် ဦးနောက်ကို လျက်ပြက်သလို အသုံးချလိုက်သည်။ မရှောင်နိုင်လျှင် ကွဲမည်ပါ။

ရုတ်တရက် ဆုံးဖြတ်ချက်နှင့်အတူ ကျွန်တော် ဘေးသို့ လိမ့်ချလိုက်သည်။ မြေပြင်မှာ ကျွန်တော် လိမ့်သွားသည်။ သူ၏ တုတ်ချက်က ကျွန်တော့် ခန္ဓာကိုယ်အစား၊ သစ်ပင်ပင်စည်ပေါ် ကျရောက်သွားသည်။ သူ့ရိုက်ချက်၊ သူ့အားနှင့် သစ်ပင်၏ မာကျောမှုတို့ ထိတွေ့ကာ သူ့လက်များ နာကျင်သွားပုံရ၏။ တုတ်က သူ့လက်မှ လွတ်ကျသွားသည်။

ယခုအခါမှာတော့ သူနှင့် ကျွန်တော်က တန်းတူရည်မျှ ဖြစ်သွားလေပြီ။

ကျွန်တော် မြေပြင်မှ လူးလဲထကာ သူ့ကို ရင်ဆိုင်လိုက်သည်။ သူ ကျွန်တော်ထံ ရုတ်တရက် အရဲတိုး ဝင်မလာရဲဘဲ ကျွန်တော့် အားနည်းချက်ကို ရှာဖွေနေပုံ မျိုးခြေကို ရှေ့နေသည်။

ကျွန်တော့် မျက်ဝန်းထောင့်၌ကား ရှားနှင့် မောင်ညိုတို့ အပြတ် အသတ် တိုက်ခိုက်နေသည်ကို မြင်နေရ၏။ မောင်ညို၏ ကိုယ်ခံပညာကို လည်း ကျွန်တော် သတိထားလိုက်မိသည်။ တော်ရုံလူဆိုလျှင် ရှားနှင့် ရေရှည် မတိုက်နိုင်။ နှစ်ကွက်သုံးကွက်မျှဖြင့် မိနစ်ပိုင်းမျှဖြင့် မြေပြင်ကို နမ်းကာ ပွဲသိမ်းသွားရမြဲ ဖြစ်သည်။ ယခုမူ မောင်ညိုက ရှားတို့၏ တိုက်ခိုက်မှုကို တန်ပြန်၍ပင် တိုက်ခိုက်နေသေးသည်။ သူ့လက်ထဲမှ ဓားကလည်း မှောင်ရိုပ်မျိုးမှုမှာပင် လက်ခနဲ လက်ခနဲ။ ဒီဓားက သွေးသောက်ပြီးသော ဓား၊ လူသုံးယောက်၏ အိပ်ဝိန်ကို ခြွေခဲ့ပြီးသော ဓား။





တစ်ဆက်တည်း ကျွန်တော် သဘောပေါက်လိုက်ရပြန်သည်မှာ ရှားက မောင်ညိုကို ရေရှည်ဆွဲကာ မောင်ညို၏ သက်လုံကို ခြွေချနေသော ရည်ရွယ်ချက်။ အဘယ်ကြောင့်ဆိုသော် ရှားထက် မောင်ညိုက ကိုယ်လုံး ကိုယ်ထည် ကြီးမားတုတ်ခိုင်ရုံမက လက်တွင် ဓားက ရှိနေသည်။ ပြီး ကိုယ်ခံပညာကလည်း ရှိနေသည်လေ။ ရှား၏ လက်ဝါးစောင်းများက မောင် ညို၏ ဓားတွက်ချက်မှုများကို ဖယ်ပြီး ခြေကန်ချက်များက မောင်ညိုကို အထိနာစေသည် မှန်သော်လည်း မောင်ညိုက လဲပြိုမသွား။ ဓားလည်း လွတ်ကျမသွား။

"သေပေတော့ကွာ"

ထောင်ထွက်က ကျွန်တော့်ကို အတင်းဝင်ပြီး ထိုးဖို့ ကြိုးစားလာပြန်သည်။ သူ့လက်သီးချက်များကို ကျွန်တော်က ပြန်လည် ခုခံရင်း ရှောင်ရင်း အကြိုတုတ်ရပြန်သည်။ ယခုထိ ကျွန်တော်သည် ခံစစ်အနေအထားဖြင့်သာ ရှိနေဆဲ။ တစ်ကြိမ်မျှ မိမိရရ တိုက်စစ်မဆင်နိုင်သေး။ ခေါင်းထဲတွင် လက်ခနဲ တစ်ချက်လင်းပြက်သွားသည်။

သူ့လက်သီးကို ရှောင်၍ ကျွန်တော်က ဒူးကွေးထိုင်ချလိုက်သည်။ အရှိန်ဖြင့် လွန်လာပြီး ပွင့်နေသော သူ့ရင်ကို ကျွန်တော်က ဒူးကွေးရာမှ ပြန်ဆန့်ကာ ခေါင်းဖြင့် ပစ်ဆောင့်လိုက်သည်။

"အင့်"

မချိမဆန့် အော်သည်ညည်းသံ သူထံမှ ထွက်လာသည်။ နာကျင်မှုကြောင့် ရှုံ့မဲ့သွားသော မျက်နှာနှင့်နောက်ကို အနည်းငယ် လန်သွားသော သူ့မျက်နှာဆီသို့ ကျွန်တော်က အားကုန်ထည့်၍ ညာဖြောင့်လက်သီးကို ထိုးသွင်းလိုက်သည်။ လက်သီးချက်က သူ့မျက်နှာကို မိမိရရထိကာ သူ လည်ထွက်သွားသည်။ ကျွန်တော် အသာစီးရသွားပြီ။

လက်သီးများ အတွဲလိုက် အဆက်မပြတ် ပစ်သွင်းလိုက်ပြီးနောက သူ မင်ထိုင်လဲကျသွားတော့၏။

ကျွန်တော်က သည်မျှဖြင့် မရပ်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ခုန်အုပ်လိုက်ပြီး အပေါ်မှခွကာ ဘယ်ညာလက်သီးများ ဆက်၍ ဆက်၍ တရစပ် ထိုးနှက်လိုက်သည်။ သူ လုံးဝ ခုခံနိုင်ခြင်း မရှိတော့။ သူ့လက်တွေ ကွယ်ကာနေရာမှ မြေပြင်ပေါ် ပြုတ်ကျသွားသည်။ သူ သတိလစ်သွားပေပြီ။

သူ့ကို ခွထိုင်လျက်သားဖြင့် ကျွန်တော် ရှားနှင့် မောင်ညိုထံသို့ လှမ်းကြည့်လိုက်သည်။

ရှားက အေးဆေးတည်ငြိမ်စွာဖြင့်ပင် မောင်ညိုအား တိုက်ကွက် တစ်ကွက်ပြီး တစ်ကွက်ဆင်နေသည်။ ဆိုက်ကင် မာဝါရှိအုချီဟု ခေါ်သော ညာဝိုက်လက်သီး၊ အုရာကင်ရှိမင်အုချီဟုခေါ်သော ရှေ့ပင့်လက်သီး၊ ရှုတိုဂါမင်အုချီဟုခေါ်သော လက်ဝါးစောင်း၊ အိုက်ဂျိုဂျိုဒန်အာဝါဇီဟု ခေါ်သော အပေါ်တံတောင်၊ ထိုးချက်၊ ရိုက်ချက်၊ ခုတ်ချက်များဖြင့် မောင်ညိုမှာ ရှား၏ တိုက်ကွက်များအောက်တွင် အလူးအလဲဖြစ်ကာ နောက်သို့ ယိုင်ထိုးယိုင်ထိုး ဆုတ်ခွာနေရ၏။ လဲတော့ မကျသေး။ ဓားကိုလည်း မလွှတ်သေး။

ရှားက ခြေကန်ချက်ကို ဆက်၍ ဆင်လိုက်သည်။ ရှား၏ ဘယ်ခြေက တည့်မြောက်တက်သွားကာ ခြေများက မောင်ညို၏ ရင်ဝသို့ ဝင်သွားသည်။ မေဂါရီ ကန်ချက်။

''ဂွတ်''

မောင်ညို ခေါင်းညွတ်သွား၏။

တစ်ဆက်တည်းမှာပင် ရှား၏ ညာခြေက လေတွင် ဝဲသွားပြီး မောင်ညို၏ မေးများကို ညာခြေခုံအောက်ပြင် ဖင့်ကန့်လိုက်သည်။ ယိုကိုဂါး ဆဲ ကန်ချက် ဖြစ်၏။

''အား''

မောင်ညို နောက်လန်ကာ ပစ်ကျသွား၏။ သူ ပစ်ကျလာရာမှာ ကျွန်တော်က ထောင်ထွက်ကို ခွ၍ ထိုးနှက်နေရာ ဘေးသို့ဖြစ်၏။ ကျွန်တော်က မောင်ညို ပြန်ထမလာနိုင်ဟု ထင်၍ အေးဆေးစွာ ကြည့်နေလိုက်မိသည်မှာ ကျွန်တော့် အမှား။

ခံနိုင်ရည်က ကောင်းလှသော မောင်ညိုမှာ လဲကျနေရာမှ ဒယိမ်း





ဒယိုင် လူးလဲထလိုက်၏။ သို့သော် သူ့ပစ်မှတ်သည် ရှား မဟုတ်တော့။ ရှားကို သူ ရရှည် မယှဉ်နိုင်ပြီဆိုသည်ကို သူ သိသွားခဲ့ပြီ။

သူ ဥာဏ်များပြီး အလွတ်ရုန်းပြေးဖို့ ကြံစည်လိုက်ခြင်း ဖြစ်၏။ အခြားမဟုတ်။

သူက ကျွန်တော့်ကို နောက်မှ ဆွဲပက်လိုက်ကာ ညာလက်မှ ဓားမြှောင်ဖြင့် ကျွန်တော်၏ လည်မျိုကို ထောက်ထားလိုက်ခြင်းပင် ဖြစ်သည်။

ရုတ်တရက် မောင်ညို လုပ်လိုက်သောအကွက်မှာ ရှား မျှော်လင့်ထားပုံမရသော အခြေအနေ ဖြစ်သည်။ ရှား၏ ရှေ့တိုးလာပေသော ခြေတွေ တန့်သွား၏။ မျက်လုံးတွေ ဝိုင်းသွား၏။ နှုတ်ခမ်းမွှေးမှတ်တွေ မြင့်တက်သွား၏။

''ရှေ့မတိုးနဲ့ ဒီမှာ တွေ့လား''

တဦးက ကျွန်တော့်လည်မျိုကို အနည်းငယ် ရှဝင်လာ၏။ သူ၏ ဓားကိုင်လက်ကို ကျွန်တော်က လက်နှစ်ဖက်ဖြင့် ဆုပ်၍ ဆွဲခွာသော်လည်း မရ။

ရှားက ကျွန်တော်နှင့် မောင်ညို၏ အနေအထားကို မျက်တောင်မခတ်ကြည့်နေ၏။ ရှားအဖို့ တိုက်ခိုက်ရန် မလွယ်ကူလှပါ။ ဓားဦးက ကျွန်တော့် လည်မျိုကို အချိန်မရွေး ဖောက်ထွင်းဝင်သွားနိုင်သလို ရှားနှင့် ကျွန်တော်တို့ကလည်း အတန်ငယ် လှမ်းနေသည်။ ရှားအတွက် လှုပ်ရှားဖို့ အချိန်မမီနိုင်။

မောင်ညိုက ကျွန်တော်ကို ဆွဲကာ နောက်သို့ တစ်လှမ်းချင်း ဆုတ်နေ၏။ သူ ဘာကြံနေပါလိမ့်။ ကျွန်တော် တွေးမရ။ ကျွန်တော့်ကို ဓားစာခံလုပ်၍ သူ ပြေးဖို့ပဲလား။ ကျွန်တော်တို့ တစ်လှမ်းဆုတ်နှင့် ရှားက ရှေ့တစ်လှမ်း တိုးလိုက်လာသည်။ တိုက်ခိုက်ရန် အသင့်အနေအထား။ ရှား မျက်လုံးတွေက စွန်ရဲလို။

မောင်ညိုအကြံကို ကျွန်တော် သိသွားသည်။ သိသော်လည်း ကျွန်တော် မဟန့်တားနိုင်။ ကျွန်တော့် လည်မျိုတွင် သူ၏ ဓားဝင်မလာစေရန် အလိုက်သင့် သူ ဆွဲခေါ်ရာသို့ ပါနေရ၏။

ကျွန်တော်နှင့် ရှား စီးလာခဲ့သော မြင်းကြီးနှစ်သို့ ရောက်လာသော



www.burmeseclassic.com

www.burmeseclassic.com



အခါ မောင်ညို့က ကျွန်တော့်ကို နောက်မှ ဆောင့်တွန်းပစ်လိုက်သည်။ အရှိန်ဖြင့် ကျွန်တော် မြေပြင်သို့ လဲကျသွားချိန်တွင် မောင်ညို့က မြင်းကြီးပေါ်သို့ ခုန်တက်သွားသည်။ သူ မြင်းနှင့် ပြေးတော့မည်။

"ရှား သူ ပြေးတော့မယ်"

ကျွန်တော်က စိုးရိမ်တကြီး လှမ်းအော်လိုက်သည်။

"ဟိတ်"

ရှား၏ အော်သံနှင့်အတူ လှုပ်ရှားမှု တစ်ခုက လျှပ်ပြက်သလို လျင်မြန်စွာ ပေါ်လာသည်။ ရှားက သူမ၏ နောက်နားဆီရှိ သစ်ပင်ကြီးပေါ်မှ တွဲလောင်းကျနေသော နွယ်ကြိုးကို ကိုယ်ကိုလှည့်၍ ခုန်ဆွဲလိုက်ခြင်း ဖြစ်၏။ ရှား ဘာရည်ရွယ်ချက်နှင့် လုပ်ပါလိမ့်။ ကျွန်တော် တွေးမရ။

မောင်ညို့က မြင်းကို ဖနောင့်ဖြင့် ဆတ်ကာ အပြင်းနှင်ဖို့ စတင်လိုက်ပြီ ဖြစ်၏။

ရှားသည် ဆွဲထားသော နွယ်ကြိုးကို အရှိန်ဖြင့် လွှဲပြီး နွယ်ကြိုးကျနေရာ သစ်ပင်ကြီး၏ ပင်စည်ကို ခြေဖြင့် တွန်းကန်လိုက်သည်။ ယင်းသို့ တွန်းကန်လိုက်သော အရှိန်ကြောင့် နွယ်ကြိုးကို ခိုထားသော ရှား ခန္ဓာကိုယ်မှာ လေတွင်ပျံ့ဝဲထွက်လာပြီး မောင်ညို့ စီးသွားရာ မြင်းဆီသို့ အရှိန်ဖြင့် ဝင်သွားသည်။

ရှား၏ လှုပ်ရှားချက်က ကွက်တိကျလှသည်။

နွယ်ကြိုးကို ခိုတွယ်လျက် သစ်ပင်ကြီးမှ ကန်ထွက်လာသော ရှားသည် လေတွင် လွှဲရာမှ မြင်းပေါ်ရှိ မောင်ညို့အား ကိုယ်တစ်ပတ်လှည့်၍ ခြေနှံဖြင့် လည်ပင်းဆီသို့ ကန်လိုက်သည်။ မာဝါရှိကူဆီဂါရီ ဝိုက်ကန်ချက် ဖြစ်၏။ ကန်ချက်၏ ချိန်သားကိုက်မှု၊ လွှဲအားနှင့် အရှိန်ပြင်းမှု၊ မြင်း၏ ပြေးနှုန်းများ ပေါင်းကာ မောင်ညို့ မြင်းပေါ်မှ ပြုတ်ကျသွားသည်။

"အား"

မောင်ညို့ မြေပြင်တွင် သုံးလေး ပတ်လည်ကာ လိမ့်သွားပြီး ငြိမ်ကျသွား၏။ တုပ်တုပ်မျှ မလှုပ်တော့။ မြင်းကတော့ ကြောက်လန့်၍ ဆက်ပြေးသွားသည်။

---

စိတ်ကူးသစ်စာပေ



ရှားကမူ နွယ်ကြိုးပေါ်မှ မြေပြင်သို့ ကြောင်တစ်ကောင်လို ပေါ့ပါးစွာ ခုန်ဆင်းလာပြီး အသင့်အနေအထားဖြင့် ရပ်လျက် ရှိသည်။

"ရှား ဘာဖြစ်သွားသေးလဲ"

"ကိုကို ဘာဖြစ်သွားသေးလဲ"

ရှားထံ ကျွန်တော် ပြေးသွားသည်။ ရှားက ကျွန်တော့်ထံ ပြေးလာသည်။ ကျွန်တော်တို့ တစ်ယောက်နှင့် တစ်ယောက် ပွေ့ဖက်လိုက်မိကြသည်။

"အခု အခန်းတွေထက် ဒီအခန်းက ပိုကောင်းတယ်ဗျို့"

အသံ ကျွန်တော်တို့နောက်မှ အသံ။ နသန့်အသံ။

ကျွန်တော်တို့ လူချင်းခွာလိုက်ကြသည်။

"ဟင် နသန့် မင်း သတိရလာပြီ"

"အင်း ... သတိရတာ ကြာပါပြီ၊ အစ်ကိုလေးတို့ မရှားတို့ ဖိုက်တင်ချနေတာကို ကြည့်ကောင်းကောင်းနဲ့ ကြည့်နေတာ"

"ဟာကွာ မင်းက ငါတို့ကို ဝင်မကူဘဲနဲ့"

"အစ်ကိုလေးတို့ နိုင်မှာ သေချာလို့ ကြည့်နေတာပေါ့ဗျာ။ မဟုတ်ရင် ဝင်ချမှာပေါ့"

"ဟို မြင်းတစ်ကောင်က ပြေးသွားပြီး ဘယ်လိုလုပ်မလဲ"

'မပူပါနဲ့ အစ်ကိုလေးရာ၊ ကျွန်တော့် မြင်းကြီးတွေက လိမ္မာပါတယ် ဝေးဝေး မသွားပါဘူး။ ခြေနာသွားတဲ့ ကောင်ကြီးကိုတော့ ရွာကျမှပဲ ဆေးကုရမှာပဲ'

"ကဲ ... ကိုကိုရေ မောင်ညို့နဲ့ ဟိုလူကို နွယ်ကြိုးနဲ့ပဲ တုတ်ကြရအောင်။ ပြီးမှ ရဲ စခန်းကို အကြောင်းကြားရမယ်"

www.burmeseclassic.com

www.burmeseclassic.com

## ၂၇

''သမီးရယ် ရှေ့နေအလုပ်ဝတောင် မေမေတို့က သိပ်ပြီး နှင့်ပြုချင်တာ မဟုတ်ဘူး။ ဆိုတာ သမီး သိပါတယ်။ ခုလို လူဆိုးသူခိုးတွေနဲ့ ယှဉ်ပြိုင်ရတဲ့ အလုပ်မျိုးကို မလုပ်နဲ့တော့ကွယ်။ မေမေ စိတ်မချလို့ပါ''

''ဟုတ်တယ် သမီးရဲ့၊ အန္တရာယ်များလွန်းလို့ ပြောတာပါ''

ရန်ကုန်ကို ထွက်မည့်ကားက မထွက်သေး။ အချိန်အနည်းငယ် စောသေးသည်။ ထို့ကြောင့် ကျွန်တော်နှင့် ရှားကို လိုက်ပို့ကြသော ရှား၏ ဖေဖေ၊ မေမေ၊ နှသန်တို့နှင့် ကျွန်တော်တို့ လက်ဖက်ရည်ဆိုင်တွင် ထိုင်ကာ စကားပြောနေကြခြင်း ဖြစ်သည်။

ပြီးခဲ့သော မောင်ညို၏ အမှုကိစ္စမှာ ရှင်းလင်းသွားပြီဖြစ်၏။ မောင်ညိုကို စစ်ဆေးသောအခါ မောင်ညိုက ကိုညာရင် ကိုတည့်န်းနှင့် ကိုထွန်းဝတို့ကို သူ သတ်ခဲ့ကြောင်း၊ သွေးကြွေးဆပ်ခြင်းဖြစ်ကြောင်း။ သွေးကြွေးဆပ်ပြီးဖြစ်၍ သူ ကျေနပ်ပြီးဖြစ်ကြောင်း။ ဝယောက်ျားပီပီ သူ့အပြစ်ကို သူ ဝန်ခံ





ကြောင်း၊ ဥပဒေက ပေးသမျှအပြစ်ကို သူ ခံယူမည် ဖြစ်ကြောင်း ဝန်ခံထွက်ဆိုခဲ့သည်။

''အငြိုးတွေ၊ အမုန်းတွေ၊ အာဃာတတွေကို ဘာကြောင့်များ ရှင်က သွေးကြွေးအဖြစ် ပြောင်းလဲရတာလဲရှင်၊ အဲဒီ သွေးကြွေးဆပ်ပွဲကြောင့် ဟိုလူသုံးယောက်သေပြီး ရှင်ကရော ကျေနပ်ပီတိ ဖြစ်နေနိုင်ပြီလား။ မကြာခင်မှာ ရှင်က ဥပဒေရဲ့ အပြစ်ပေးခြင်းကို ခံရတော့မှာ။ တကယ်တော့ တစ်ကြိမ်ခံခဲ့ရတာကို ခွင့်လွှတ်ခြင်းနဲ့သာ ချေဖျက်ပစ်နိုင်ခဲ့ရင် ရှင် ဒုတိယအကြိမ် ပြန်ခံရစရာ မရှိတော့ဘူး၊ မဟုတ်လား။ ရှင်ဟာ တရားဓမ္မ အသိမှာနေပြီး ကြီးပြင်းလာခဲ့သူပါ။ ဘာကြောင့်များ စိတ်ရိုင်းတွေ အဝင်ခံခဲ့ရတာလဲရှင်။ ရှင့်အတွက် ကျွန်မ နှမျောတာသဖြစ်လို့ မဆုံးဘူး။ အဲဒီအငြိုး။ အမုန်း၊ အာဃာတက သံသရာ မဆုံးဘူး၊ ရှင်ရဲ့။ မေတ္တာနဲ့ ခွင့်လွှတ်စိတ်နဲ့ သွေးကြွေးကို ဆက်ခဲ့ရင်၊ အခုဆို ရှင် တကယ် ကြွေးရှင်းသွားပြီပေါ့။ အခုတော့ ရှင် ထပ်ပြီး ကြွေးဆပ်ရပေဦးမယ်''

ရုံးခန်းတွင် မောင်ညိုအား ရှားက ဤသို့ ပြောခဲ့သည်။

ရှား စကားကို ကြားပြီးနောက် မောင်ညို ငိုင်သွားသည်။ မျက်နှာပေါ်မှ အမာရွတ်ကြီးနှင့် အရုပ်ဆိုးလှစွာသော မောင်ညို၏ မျက်နှာမှာ ပြန်လည်ပျော့ပျောင်းသွားသည်။ မျက်ရည်ဥငွေ့ငွေ့တွေ ဝဲနေသည်ကိုလည်း မြင်ရ၏။

အသံတုန်တုန်ဖြင့် –

''ကျွန်တော်တို့ မတရား လုပ်ခဲ့တာတွေ၊ မစပယ်ကို အနိုင်ထက်ကျင့်ခဲ့တာတွေကို မခံနိုင်လွန်းလို့ပါဗျာ''ဟု မောင်ညိုက ပြန်ပြောသည်။ ထိုစကားတွေမှာ နောင်တသံတွေ လွှမ်းနေသည်။

''ရှင် မခံမရပ်နိုင်အောင် ခံစားခဲ့ရမှာကို ကျွန်မ ကိုယ်ချင်းစာပါတယ်။ ရှင့်နေရာမှာ ကျွန်မဆိုရင်လည်း ဒီလို ခံစားရမှာပါပဲ၊ ဒါပေမယ့် ကျွန်မသာ ရှင့်ဆိုရင် ရှင် ရှင်းခဲ့တဲ့ သွေးကြွေးပုံစံမျိုး၊ ကျွန်မ မရှင်းဘူး။ ကျွန်မ ထပ်ပြီး ရှင့်လို မရှုံးမခံဘူး။ ကျွန်မက အနိုင်ပြန်ရအောင် လုပ်မှာ။ အနိုင်ပြန်ရတဲ့ နည်းနဲ့ ကျွန်မက ကြွေးရှင်းမှာ''

www.burmeseclassic.com



''ခင်ဗျားက ဘယ်လို ရှင်းမှာလဲ''

မောင်ညို ပြန်မေးသည်။

ရှား ပြုံးသည်။ ပန်းပွင့်လေးများလို ဝင်းဝင်းပြက်သော အပြုံး။

''တရား ဥပဒေနဲ့ ရှင်းမှာပေါ့။ ရှင့်ကို သူတို့သုံးယောက် ချောင်းစပ်မှာ တအနဲ့ ဝိုင်းနှက်ပြီး ရေထဲ တွန်းချ လက်စဖျောက်ခဲ့တာကို ဥပဒေကြောင်းအရ သူတို့ကို အရေးယူနိုင်အောင် လုပ်မှာပေါ့''

''ထားပါ ကျွန်တော့်ကို မတရား လုပ်ခဲ့တာတွေကို ဥပဒေတရားစီရင် အပြစ်ပေးနိုင်ခဲ့တယ်ထား။ မဲပယ်ကို ပြုခဲ့တဲ့ မတရားမှုတွေကို ဘယ်လို ကလဲ့စားချေမလဲ။ သူ အပြစ်ရအောင် ဘယ်လိုလုပ်မလဲ''

ရှား သယ်မံ၍ ပြုံးပြန်ပါသည်။

'ကိုညိုရယ်၊ အဲဒါ ရှင် တွေးပူရမယ့် အရာမှ မဟုတ်တာ။ ဒီဘဝမှာ မကောင်းတာ လုပ်တဲ့သူဟာ နောင်ဘဝမှာ သူ့အပြစ် သူခံရမှာပဲပေါ့။ သူ ဒီဘဝမှာ ယူသွားတဲ့ အကြွေးကို သူ နောင်ဘဝမှာ ပေးဆပ်ရမှာပဲပေါ့။ ဒါဟာ ဓမ္မပဲ။ ကောင်းတာလုပ်ရင် ကောင်းတဲ့ အကျိုးခံစားရမယ်၊ မကောင်းတာလုပ်ရင် မကောင်းတဲ့ ဆိုးကျိုး ခံစားရမယ်လေ''

ရှား၏ ညင်သာနူးညံ့သော စကားလုံးများက မောင်ညို၏ နှလုံးသားတိုင် စီးဝင်သွားခဲ့ပုံရပါသည်။

မောင်ညိုသည် မျက်နှာကို လက်ဝါးဖြင့် အုပ်လိုက်ကာ ယောကျ်ားတန်မဲ့ တသိမ့်သိမ့် ငိုကြွေးရှိုက်ရှာသည်။

ရှားက မောင်ညိုနား ထပ်မံတိုးကပ်ပြီး –

''ရှင့်အတွက် အချိန်တွေ အများကြီး ရှိပါသေးတယ် ကိုညို။ ရှင့်အများတွေအတွက် ရှင် ချွေးနဲ့ ပေးဆပ်ရသည်ဖြစ်စေ၊ သွေးနဲ့ ပေးဆပ်ရသည်ဖြစ်စေ စင်ကြယ်အောင် ပေးဆပ်ရင်း ဓမ္မကို နှလုံးသွင်းပါ။ ရှင်ဟာ ဖိနှိပ်ခံရလို့ ထွက်ပေါက် မှားခဲ့တာ၊ နောက်ဆုံးထွက်ပေါက်တော့ အမှန်ဆုံး ဖြစ်နိုင်အောင် ကြိုးစားပါရှင်''

ဟု တိုးညင်စွာ ပြောသည်။ ရှား အသံတွေပင် အများခပ်တုန်တုန်ယင်နေ၏။ ကရုဏာနှင့် ဝေ့သော မျက်ရည်တစ်စက မျက်လုံးအိမ်ထောင့်စွန်းမှာ။





''ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော်...ဲ့ ခွင့်လွှတ်ပါ''

မောင်ညို၏ နောက်ဆုံးစကား။ တစ်ချက်မော့အကြည့်မှာ တကယ်ပင် လေးစားသော ၎တောင်းပန်မှုတွေ ပါသည်ကို တွေ့ရ၏။

''ကျွန်မတို့ သွားမယ်နော်''

ကျွန်တော်တို့ ရုံးခန်းမှ ထွက်ခဲ့သော်လည်း၊ မောင်ညို ပုံရိပ်တွေက ကျွန်တော်တို့ ရင်မှာ ကပ်ညိပါလာ၏။ ယခုတိုင်။

''သမီးက ဖေဖေ မေမေတို့ရဲ့ သမီးပါ၊ နူးညံ့သိမ်မွေ့မှုနဲ့ ဘဝကို ဖြတ်သန်းချင်တာပါ။ လူဆိုးသူခိုးတွေနဲ့လည်း၊ မဆုံချင် မတွေ့ချင်ပါဘူး။ ဒါပေမယ့် သမီးက လူဆိုးသူခိုးနဲ့ မတွေ့ချင်သလို တခြားလူတွေကိုလည်း မတွေ့ဆုံစေချင်ဘူး။ ဒါကြောင့် ဥပဒေအလုပ်ကို လုပ်ရတာပါ။ အမှားတရားတွေကို တားနိုင်သလောက် တားချင်ပါတယ်။ အမှန်တရားတွေ ဖော်နိုင်သလောက် ဖော်ပေးချင်ပါတယ်။ သမီးကို နားလည်ပေးပါ''

ရှား စကားက ကျွန်တော့် အတွေးကို ဖြတ်သန်းထွင်းဖောက်လာသည်။ ရှား ဖေဖေနှင့်မေမေ သက်ပြင်းချသည်။ သူတို့သည် ရှေ့နေမလေးကို နိုင်အောင် ပြောနိုင်ပုံမရ။ ဈစ်၍ အလိုလိုက်ရသည်လည်း၊ ပါမည်ပင်။

''နသန် မင်း၊ မြင်းကြီးကိုလည်း၊ ဂရုစိုက်ဦးနော်''

ကျွန်တော်က နသန့်ဘက် လှည့်ပြောလိုက်၏။

''မကြာခင် သက်သာသွားမှာပါ၊ ကျွန်တော် ဂရုစိုက်ပါတယ်''

''မင်းလည်း ကံကောင်းလို့နော်၊ မင်း အစ်ကိုလေးလို သေရွာကို အလည်သွားရတော့မလို့''

ရှားက ရယ်စရာ ဝင်ပြောသည်။ ကျွန်တော် မြင်းပေါ်မှ ကျခဲ့သည်ကို ရှားက ပြန်လည်ရည်ညွှန်းခြင်း ဖြစ်၏။

ထိုအခိုက်

''ခါးပိုက်နှိုက် ခါးပိုက်နှိုက်၊ အိတ်ယူသွားတယ်''

အဝေးတစ်နေရာ ခရီးသည်များ နားနေရာမှ မိန်းမအော်သံ တစ်သံ ထွက်ပေါ်လာသည်။ ပြီး ကျွန်တော်တို့ဘက်သို့ ပြေးလာသော လူတစ်ယောက်၊ သူ့လက်မှာ သားရေအိတ်တစ်လုံး။ ပိုက်ဆံအိတ် ဖြစ်ပုံရ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှား ထိုင်ရာမှ ဆတ်ခနဲ ထရပ်လိုက်သည်။

``ဟဲ့ ... သမီး ဘာလုပ်မလို့လဲ''

ရှားမေမေ၏ ဟန့်တားမှုပါသော စကား။

ရှား အမြေပြန်မပေးအား။

နေရာမှ လှစ်ခနဲ ပြေးထွက်သွားကာ ပြေးလာသောသူကို ရင်ဆိုင်လိုက်သည်။ ပြေးလာသူက ရှားကို မြင်သော်လည်း မိန်းကလေးမို့ အထင်သေးပုံရသည်။ ဂရုစိုက်ဟန်မရှိ၊ ပြေးရင်လွှားရင်း ရှားကို ဝင်တိုက်ကာ ရှင်းပစ်မည့်ဟန်ဖြင့် အရှိန်ကိုမလျှော့၊ သူ ပြေးရမည့် ထွက်လမ်းကလည်း သည် တစ်လမ်းသာ ရှိသည်လေ။

ထိုသူက ဓါးကို လွှဲလိုက်ကာ ရှားကို ရိုက်ဟန် ပြင်လိုက်၏။ ရှားက ပြေးလာသော လူ၏အဟုန်ကို ကိုယ်ကို နှိမ့်၍ တိမ်းရှောင်ရင်း ဓါးကို ဖျတ်ခနဲ ဆွဲယူလိုက်သည်။ တစ်ဆက်တည်းမှာပင် ပြေးလာသူ၏ခြေကို အောက်မှနေ၍ သူမ၏ ခြေဖြင့် သိမ်းရိုက်လိုက်သည်။ ရိုက်သည်မှာ ပျော့ပျော့ဖြစ်သော်လည်း၊ ပြေးလာသူမှာ သူ၏အရှိန်နှင့်သူ ပစ်ကျသွားသည်။

ကျွန်တော် အနားသို့ ရောက်သွားချိန်တွင် ရှားက လဲကျသွားသူ၏ လည်ကုတ်ကို ဆွဲမ.လိုက်သည်၊ ထိုသူက အဖမ်းမခံလိုဟန်ဖြင့် ရှားလက်ကို ပုတ်ချကာ ရှားအား လက်သီးဖြင့် ပြန်ထိုးသည်။

ရှားသည် ထိုသူ၏ လက်သီးကို ဘယ်လက်ဖျံဖြင့် ပက်ထုတ်ပြီး ညာလက်ဖနောင့်ဖြင့် ထိုသူ၏ မေးရိုးကို ပင့်ရိုက်လိုက်သည်။

``အင့်''

ထိုသူ နောက်သို့ လန်အသွားတွင် ရှားက အနေအထားကိုမြင်ကာ မေဂါရိုကစ်ဖြင့် ထိုသူ၏ ရင်ဝသို့ ဆင်းကန်လိုက်သည်။ ရှား၏ ခြေဖျားကန်ချက်ကြောင့် အလစ်သုတ်သမားမှာ မြေပြင်သို့ အရှိန်ဖြင့် ပစ်ကျသွားတော့သည်။

``အွတ်''

သူ ချက်ချင်း ပြန်မထနိုင်တော့။

အိမ်ရှင်မိန်းမကြီးအနားသို့ အပြေးရောက်လာသည်။





``ဒါ အခေါ်အိတ်လား''

``ဟုတ် ... ဟုတ်ပါတယ်ကွယ်၊ ကျေးဇူးတင်ပါတယ် တူမရယ်။ အခေါ်သားလေး ရှင်ပြုဖို့ စုထားတဲ့ ပိုက်ဆံတွေပါ။ ကံကောင်းလို့ ပြန်ရတာ ဘုရား သိကြား မ.တာပါပဲ''

တာဝန်ကျ ရဲနှစ်ဦး ရောက်လာသည်။ ရှားက အလစ်သမားကို ထိုရဲများ၊ လက်သို့ အပ်လိုက်သည်။ ရဲများ ဆွဲခေါ်ရာသို့ အလစ်သမား ဆုတ်ကန် ဆုတ်ကန်ပါသွားသည်။

ရှား မေမေနှင့်မေမေမှာ သမီး၏ လှုပ်ရှားမှုတွေကို ရင်တမမဖြင့် ကြည့်နေရသည်ဖြစ်သော်လည်း၊ အဆုံးသတ်ရလာဒ်ကိုမူ ကြည့်ရှုသွားကြပုံ ပေါ်သည်။ အပြုံးကိုယ်စီ မှုမှုဝေဝေဖြင့်၊ ရှားနှင့်ကျွန်တော် လူကြီးများကို ထိုင်ကန်တော့လိုက်ကြသည်။

``အင်း ... သမီး ပြောတာလည်း ဟုတ်ပေတာပဲ''

ရှား မေမေ၏ စကားမှာ ရှား စောစောက တင်ပြချက်ကို လက်ခံသည့်သဘော။

``ကား ထွက်တော့မယ်''

ယာဉ်နောက်လိုက်၏ အော်သံကြောင့် ကျွန်တော်တို့ လှုပ်လှုပ်ရွရွ ဖြစ်သွားကြသည်။ ပစ္စည်းများကို နသန်က ဆွဲပြီး ကားပေါ်လိုက်ပို့သည်။ ရှားနှင့် ကျွန်တော် နေရာယူပြီးသည်ထိ ရှား၏ မေမေနှင့် မေမေက ကား ဘေးမှာ။

ကားက စက်နှိုးနေလေပြီ။

ရှားမေမေက ကျွန်တော့်ကို လှမ်းကြည့်ပြီး –

``သမီးကို မောင်သော့ လက်ထဲအပ်ထားတယ်နော်၊ စောင့်ရှောက်ပါကွယ်'' ဟု ပြောသည်၊ သမီးကို ချစ်သော မိခင်၏ မေတ္တာငွေ့။ ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။

``မြန်မြန်သာ လက်ထပ်ကြပါကွာ''

ရှား မေမေကလည်း တစ်ခွန်းထပ် ပြောသည်။ ထိုစကားကြောင့် ကျွန်တော်က ပြုံးလိုက်သော်လည်း ရှားက ``ခါးတကယ် မတို့ခင်က ယား



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို တွန့်နေသူကိုမှ ကလိတိုးနေပြန်ပြီ'' ဟု ရယ်၍ ပြန်ပြောသည်။ ရှားမေမေနှင့် နုသန်က ရယ်သည်။

''အစ်ကိုလေးနဲ့ မမရှား မင်္ဂလာဆောင်မှာ ကျွန်တော် ရန်ကုန်လာရမှာဗျ၊ မြန်မြန် မင်္ဂလာဆောင်ဗျာ'' ဟုလည်း နုသန်က နှောက်သည်။

ကား ထွက်ပေပြီ။

ပြတင်းမှနေ၍ မိဘများကို ငုံကာ၊ ငဲ့ကာ၊ လှည့်ကာ ကြည့်ရင်း လက်ပြနေသော ရှား မျက်ဝန်းမှာ မျက်ရည်ကြည်တွေဖြင့် ကျွန်တော်က ရှား၏ ပေါင်ပေါ်တင်ထားသော ကျွန်လက်တစ်ဘက်ကို ဆုပ်ကိုင်လိုက်သည်။

နံနက်နေခြည်က မြင့်တက်လာပြီ ဖြစ်၏။

အဝေးတွင် ကျန်ခဲ့ပြီဖြစ်သော မြို့ကလေးကို မမြင်ရတော့သဖြင့် ရှား၏ဦးခေါင်း အတွင်းသို့ ပြန်လှည့်လာသည်။ ကျွန်တော့်ကို တစ်ချက်ကြည့်သည်။ နှလုံးသားချင်း နားလည်သော အဓိပ္ပာယ်များစွာ ပါသည့်အကြည့်။

ပြီးနောက် ကျွန်တော်၏ ပခုံးပေါ်သို့ ရှား၏ ပါးကလေး လာ၍ မှီနွဲ့သည်။ ပါးကလေးက နွေးနေသည် ထင်၏။ ကျွန်တော် ဆုပ်ထားသော လက်ကို ရှားက တစ်ဖန်ပြန်၍ တင်းတင်းဆုပ်လိုက်သည်။ အပေါ်စီးမှ မြင်နေရသော ရှား၊ နှုတ်ခမ်းနီထွေးထွေးကလေးမှာ အပြုံးရိပ်ကလေး လဲ့လဲ့ လင်းလင်း။

နေစိုးသော်

www.burmeseclassic.com